www.burmeseclassic.com

အင်ပါယာစာပေ

မေမေ့ဒိုင်ယာရီ



www.burmeseclassic.com

www.burmeseclassic.com

အင်ပါယာ
စာပေ

EMPIRE
PUBLISHING CENTER

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကမ္ဘရတနာအော့ဖ်ဆက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

BURMESE CLASSIC .com

- တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။
ဖုန်း-၅၈၁၇၃၃-၄၄၄
- တိုက် ၉၊ တတိယထပ် (ဝ)၊
ယုဇနလမ်း၊ စမ်းတောင်းရိပ်မွန်၊
ယုဇနဥယျာဉ်မြို့တော်
ဖုန်း-၁၉၃၂၆၅
- E-mail-EPC@mail2world.com
- P.O Box - 234

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၃၆၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၁၈၀၅၁၀

ထုတ်ဝေခြင်း
ပထမအကြိမ်
၂၀၀၅ခုနှစ်၊ အောက်တိုဘာ။

အုပ်ရေ
၅၀၀

တန်ဖိုး
၁၀၀ ကျပ်

## ပြည်သူ့သဘောထား

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

*စည်းကမ်းလိုက်နာ ဘေးကင်းကွာ*
*စည်းကမ်းရှိမှ တိုးတက်မည်။*
*စည်းကမ်းကိုက်ညီ ဘေးကင်းသည်။*

*နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်*
*ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။*

## ပြည်သူ့သဘောထား

- ❑ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- ❑ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- ❑ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ❑ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံရေးဦးတည်ချက် [၄] ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် [၄] ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် [၄] ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။


<u>စာရေးသူ၏ထုတ်ဝေပြီးလုံးချင်းဝတ္ထုများ</u>

၁။ ခရမ်းလွန်ရောင်ခြည်အနမ်း
၂။ သူ့ရဲ့ကောင်းရဲ့ချစ်သူ
၃။ မုန်တိုင်းတွေလည်းငို
၄။ သူငယ်ချင်းရဲ့လက်ထပ်မင်္ဂလာ
၅။ နှင်းကျွမ်းသစ်ပင်
၆။ ကွက်လပ်ဖြည့်သူ
၇။ ဤရင်ခွင်မှတစ်ပါး
၈။ တိတ်တိတ်ကလေးကြွေ
၉။ ကိုယ့်နှလုံးသားကို မုန်းသူများ
၁၀။ ဖြတ်သန်းသွားလာခွင့်မရှိ
၁၁။ ပန်းမပွင့်တဲ့ရင်ခွင်

၁၂။ မိုးကောင်းကင်ကိုလွင့်ပစ်လိုက်

<u>ယခု</u>

၁၃။ **စမစမှဒိုင်ယာရီ**

<u>ဆက်လက်၍</u>

၁၄။ အသည်းကွဲပြတိုက်

www.burmeseclassic.com

# မေမေ့ဒိုင်ယာရီ



မိုးနိုရွင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

ဤဝတ္ထုကို မဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်အဖြစ် ခုနစ်လ ဆက်တိုက် ရွေးချယ်ဖော်ပြပေးခဲ့သော ရွှေအောင်လံ မဂ္ဂဇင်း အားလည်းကောင်း၊ လစဉ်ဖတ်ရှုအားပေးခဲ့ကြပြီး လုံးချင်းအဖြစ် တစ်စုတစ်စည်းတည်း ဘယ်တော့ဖတ်ရ မှာလဲဟု မေးမြန်းစောင့်စားခဲ့ကြသော ပရိတ်သတ်အား လည်းကောင်း အမှတ်တရ ကျေးဇူးတင်ရှိပါကြောင်း ဤနေရာမှ မှတ်တမ်းတင်အပ်ပါသည်။

BURMESE CLASSIC .com

မေတ္တာတရား ...

သို့မဟုတ် ...

သေခြင်းတရား ...

သို့မဟုတ် ...

သန္ဓေသားတစ်ခု ...။



www.burmeseclassic.com

www.burmeseclassic.com

## ၁



သားရေ....။

မေမေငယ်ငယ်တုန်းက မေမေနဲ့ သိကျွမ်းရင်းနှီးပတ်သက်ခဲ့ဖူးတဲ့ လူကြီးတချို့ အမြဲတမ်းမေးတဲ့ မေးခွန်းလေးတစ်ခု ရှိတယ်။

"သမီး...ကြီးလာရင် ဘာလုပ်ချင်သလဲ...၊ မင်း...ကြီးလာရင်...ဘာဖြစ်ချင်သလဲ"...ဆိုတဲ့ မေးခွန်းမျိုးပေါ့။

အဲဒီတုန်းက မေမေကလည်း အမြဲတမ်းပြန်ဖြေတတ်တဲ့ အဖြေလေးတစ်ခုရှိပါတယ်။ မေမေပြန်ဖြေမိတာက "ကျွန်မ..ယောက်ျားလေး ဖြစ်ချင်တယ်" ဆိုတဲ့...အဖြေပဲ။ မေမေ့ရဲ့အဖြေစကားကို ကြားရသူတိုင်းက ရယ်မောသွားကြတယ်။ တစ်ချို့ကတော့ ပြုံးရုံလေး ပြုံးတတ်တယ်။ တဟားဟား ရယ်မောသွားကြတဲ့ သူတွေလည်း ရှိတယ်။ သေချာတာကတော့ မေမေ့ရဲ့ အဖြေဟာ သူတို့အတွက် ဟာသဖြစ်နေတယ်...ဆိုတာပဲ။

သူတို့ဆိုလိုချင်တဲ့သဘောက မေမေ့ရဲ့ဆန္ဒဟာ မဖြစ်နိုင်ဘူးပေါ့။ မေမေ လိုချင်တာကို မေမေဘယ်လိုနည်းနဲ့မှ လုပ်ယူလို့ မရနိုင်ဘူးပေါ့။ တချို့... စိတ်ရှည်ပုံရတဲ့ လူကြီးတချို့ကတော့ မေမေ့ကို ရှင်းပြ...ဖြောင်းဖြဖို့ ကြိုးစားခဲ့ဖူးပါတယ်။ ယောက်ျားနဲ့ မိန်းမဆိုတာ မွေးရာပါသတ်မှတ်ချက်တစ်ခုပဲ...တဲ့။ ဒါဟာ ပြုပြင်ပြောင်းလဲပြီး လုပ်ယူဖန်တီးလို့ မရနိုင်တဲ့အရာ...တဲ့။ သူတို့ လိုချင်တဲ့ အဖြေက မေမေဟာ ကြီးလာရင် ဆရာဝန်တစ်ယောက် လုပ်မှာလား၊ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်ချင်တာလား...ဆိုတဲ့ အဖြေမျိုးပါ...တဲ့။

မေမေ...အဲဒီတုန်းက ခေါင်းခါမိခဲ့တယ်။





သူတို့ ရှင်းပြတာကို နားမလည်ခဲ့ဘူး။ မေမေသိတာ...မေမေလိုချင်တာ မေမေဖြစ်ချင်တဲ့ ဆန္ဒဟာ ယောက်ျားလေးတစ်ယောက်ရဲ့ဘဝကို ရချင်တာ တစ်ခုတည်းပဲ။ မေမေ အဲဒီတုန်းက သိပ်ငယ်သေးတာကိုး။ လူမှန်းသိတတ်စ အရွယ်ပေါ့။ ဂါဝန်အနားစလေးကို လက်ထဲမှာ စုကိုင်ပြီး နှပ်တရှုံ့ရှုံ့ဖြစ်နေသေးတဲ့ ကောင်မလေးအရွယ်ပေါ့။ လူ့ဘဝကြီးရဲ့အကြောင်းကို မေမေဘာဆို ဘာမှ မသိသေးဘူးလေ။

ဒါပေမယ့် မေမေ အသက်နည်းနည်းကြီးလာတဲ့အချိန်...အလယ်တန်းကျောင်းသူဘဝလည်းရောက်ရော မေမေ သူတို့မေးတဲ့ မေးခွန်းကို နားလည်းလည်ခဲ့ပြီ၊ ဖြေလည်း ဖြေတတ်ခဲ့ပြီ သားရဲ့။ သူတို့က မေမေ့ကိုတွေ့ရင် မေးတတ်ကြတယ်။ ဟေ့...မင်းငယ်ငယ်တုန်းကလို ယောက်ျားလေး ဖြစ်ချင်တုန်းပဲလားကွ....တဲ့။

အဲဒီလိုမေမေ အမေးခံရတဲ့အခါ ပြတ်သားတိကျစွာ မေမေ အဖြေတစ်ခုကိုပဲ အမြဲတမ်းပေးခဲ့တာပါပဲ။

"ကျွန်မရဲ့အဓိကရည်မှန်းချက်က နောက်ဘဝမှာ ယောက်ျားတစ်ယောက် ဖြစ်လာဖို့ပဲ"...လို့ မေမေပြန်ဖြေခဲ့တယ်လေ။

မေမေ့ အဖြေကိုကြားရတဲ့အခါ တချို့ကမျက်ခုံးတွေပင့်ပြီး အံ့သြသွားတဲ့ပုံပြတယ်။ တချို့ကတော့ မေမေ့မျက်လုံးထဲကို သေသေချာချာ စိုက်ကြည့်ပြီး ခေါင်းညိတ်ပြကြတယ်။ သူတို့မေမေ့ကို မရယ်ကြတော့ဘူး။ သိလား...သား၊ လူတစ်ယောက်ကဆို မေမေရဲ့ အဖြေစကားကို ကြားရတော့..."မင်းဟာ ဉာဏ်ထက်တဲ့မိန်းကလေးပဲ..."လို့တောင် ကောက်ချက်ချသွားသေးတယ်။

မေမေဟာ သူပြောသလို တစ်ကယ်ပဲ ဉာဏ်ထက်ရဲ့လား။ ဒါမှမဟုတ် ဒါဟာ ခေါင်းမာမှုတစ်ခု သက်သက်ပဲလား။ မေမေကိုယ်တိုင်တောင် ဝေခွဲမရပါဘူးသားရယ်။

အဖြစ်နိုင်ဆုံးကတော့ ဒါဟာ မေမေရဲ့စွဲလမ်းမှုတစ်ခုပါပဲလေ။ ဟုတ်တယ်။ မေမေ စွဲလမ်းခဲ့တယ်။ မေမေဟာ ယောက်ျားတစ်ယောက်ရဲ့ ဘဝကိုရဖို့ အကြီးအကျယ် ရူးသွပ်ခဲ့ဖူးတယ်။

မေမေ့ရဲ့ အစွဲအလမ်းဟာ ဘယ်ကစခဲ့သလဲ။ ဘယ်လိုဖြစ်ပြီး ပေါ်ပေါက်လာခဲ့သလဲ။ သားသိချင်မှာပေါ့နော်။

အို...ဒါဟာ ယောက်ျားတွေရဲ့ဘဝက မိန်းမတွေရဲ့ဘဝထက် သာလွန်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်မှု၊ ခွန်အားနဲ့ ဉာဏ်ရည်တွေ ကြီးကျယ်ခမ်းနားမှု...ဒါတွေနဲ့ ဘယ်လိုမှ မသက်ဆိုင်ခဲ့ပါဘူး။ မေမေဟာ လူတွေ မကြာခဏ ငြင်းကြခုန်ကြသလို ယောကျ်ားအဖြစ်ကိုရမှ မြင့်မြတ်တယ်၊ ကုသိုလ်ထူးတယ်...ဆိုတဲ့ အယူအဆတွေနဲ့ဘာမှမသက်ဆိုင်စွာ ယောကျ်ားတစ်ယောက်ရဲ့ဘဝကို လိုချင်ခဲ့တာပါ။

အဲဒါ မေမေ့ရဲ့ ဘဝနဲ့ပဲ သက်ဆိုင်ပါတယ်...သား။ မေမေ့ ဘဝတစ်လျှောက်လုံး တွေ့ကြုံခဲ့ရတဲ့ အဖြစ်တွေ၊ သင်ခန်းစာတွေ၊ အမှားတွေ၊ အဖြစ်အပျက်တွေနဲ့ ရင်းပြီးမှ အဲဒီစွဲလမ်းမှုတစ်ခုကို မေမေရခဲ့တာပါလို့ မေမေ သားကို ပြောရလိမ့်မယ်။

ဟုတ်တယ်...သား။ မေမေ့ဘဝမှာ မေမေဖြစ်ချင်တာ၊ လိုချင်တာ၊ ပိုင်ဆိုင်လိုတာ...အဲဒါတွေအားလုံးလိုလိုဟာ မေမေသာ တကယ်လို့ ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ရင် အဲဒီဆန္ဒတွေပြည့်အောင် မေမေကိုယ်တိုင် ကြိုးစားလုပ်ယူနိုင်မှာမို့လို့ပဲ။ မေမေဟာ ယောကျ်ားတစ်ယောက်ဆိုရင် မေမေ့ရဲ့ ဘဝကို မေမေလိုချင်တဲ့အတိုင်း ပုံသွင်းယူနိုင်မယ်လို့ ထင်ခဲ့တာပဲ...သား။

အခုတော့ မေမေက မိန်းမတစ်ယောက် ဖြစ်နေခဲ့တယ်လေ။ ကိုယ့်ဘဝကိုယ် မချင့်မရဲနဲ့ အလိုမပြည့်တဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့ဖူးတာပေါ့။

ဥပမာပြောရရင် မေမေငယ်ငယ်က လေယာဉ်မောင်းသမားတစ်ယောက်သိပ်ဖြစ်ချင်တာပဲ။ သားမရယ်နဲ့နော်။ မေမေ တကယ်ပြောတာ။

မေမေဟာ တိမ်တွေကိုငေးကြည့်ပြီး ကိုယ့်ကိုယ်ကို ဝေဟင်ထဲမှာ ရောက်နေတဲ့ခံစားမှုမျိုး အရမ်းလိုချင်ခဲ့တာ။ ပြီးတော့ မေမေက လေယာဉ်မှူးကြီးတွေဝတ်တတ်တဲ့ အနက်ရောင်အနောက်တိုင်း ဝတ်စုံရယ်...အဲဒီဝတ်စုံလက်အနားပေါ်က အစင်း ကြားလေး...လေးခုရယ်...၊ ပြီးတော့ သူတို့ဆောင်းတဲ့ ဦးထုပ်ရယ်ကို သိပ် သဘောကျတာ။

မေမေက လေယာဉ်မှူး ဖြစ်ချင်တာလေ။ ဒါပေမယ့် လူကြီးတွေက မေမေ့ကို ပြောပြခဲ့ကြတယ်။ မိန်းမလေယာဉ်မှူးဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး...တဲ့။

မေမေ လက်လျှော့လိုက်ရတာပေ့ါ။ ရယ်စရာလည်းကောင်းတယ်နော်...သား။

ဒါပေမယ့် မေမေလေ....လေယာဉ်မောင်းသမား တစ်ယောက် မဖြစ်ခဲ့ရလို့ ဝမ်းမနည်းခဲ့ပါဘူး။ ဘယ်တုန်းကမှ ဝမ်းမနည်းခဲ့ပါဘူး သားရယ်။ မေမေ့





ဘဝမှာ ဝမ်းနည်းစရာတွေ၊ ကြေကွဲစရာတွေ၊ မျက်ရည်ကျခဲ့ရတာတွေဟာ တကယ်တော့ မေမေ့ရဲ့ မိန်းမတစ်ယောက် ဖြစ်နေရတဲ့ ဘဝကြောင့်လို့ပဲ မေမေ ယူဆခဲ့ပါတယ်။ မေမေ့ဆန္ဒတွေ မပြည့်ဝခဲ့တာ...၊ မေမေလိုချင်တာကို မရခဲ့တာတွေအားလုံးဟာ မေမေ...မိန်းမတစ်ယောက်ဖြစ်နေလို့ပဲလို့ မေမေ ထင်ခဲ့ပါတယ်။

မေမေ့ဘဝတစ်လျှောက်လုံး မှတ်သားနာယူခဲ့ရဖူးတယ်လေ။ ဒီဟာကတော့ မိန်းကလေးတွေအတွက် မသင့်တော်ဘူး၊ ယောကျ်ားကလေးတွေနဲ့သာ သင့်တော်တယ်၊ ဒီနေရာကို မိန်းကလေးတွေ မသွားသင့်ဘူး၊ ယောကျ်ားတွေသာ သွားသင့်တယ်၊ ဟိုအလုပ်ကတော့ မိန်းမတစ်ယောက် မလုပ်သင့်ဘူး၊ ယောကျ်ားတွေသာ လုပ်ရမယ့်အလုပ်၊ မိန်းကလေးဆိုတာ ဘယ်လိုနေ၊ ဘယ်လိုစား၊ ဘယ်လိုသွား အစစအရာရာ ယောကျ်ားတွေနဲ့တန်းတူ ကိုယ့်ဘဝကိုယ် ထူထောင်ခွင့် မရခဲ့တဲ့ မေမေဟာ မိန်းမတစ်ယောက်ရဲ့ ဘဝကို နာကျည်းမိခဲ့တယ်၊ မုန်းမိခဲ့တယ်။

အဲဒီလို မုန်းမိတာ ဆန်းသလား...ဟင်၊ သား။ မေမေဟာ မွေးဖွားလာကတည်းက လောကထဲမှာ တစ်ယောက်တည်းရှင်သန်ဖို့ လူဖြစ်လာရတဲ့သူလေ။ မေမေ့ဘေးနားမှာ ဘယ်သူမှ မရှိခဲ့ပါဘူး။ မေမေ့ရဲ့ဘဝဟာ တစ်ယောက်တည်း ထူထောင်လာခဲ့ရတာ။ မေမေရဲ့ဘဝဟာ တစ်ယောက်တည်း ဖြစ်တည်နေခဲ့တာ၊ အထီးကျန်ဆန်စွာ အသက်ရှင်သန်ခဲ့ရတာ။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ မေမေဟာ တစ်ဦးတည်း အပြင်းအထန် ကြိုးစားခဲ့ရတဲ့ ဘဝတစ်လျှောက်လုံးမှာ မိန်းမတစ်ယောက် ဖြစ်နေခဲ့တဲ့အတွက် မေမေ တွေ့ခဲ့ရတဲ့ အန္တရာယ်တွေ။ မေမေ ကျခဲ့ရတဲ့ မျက်ရည်တွေ။ မေမေ ဆုံးရှုံးလိုက်ရတဲ့ မေမေ အမြတ်နိုးဆုံးအရာတွေ။ မေမေ စွန့်လွှတ်လိုက်ရတဲ့ ဆန္ဒတွေ။ မေမေ ရရှိခဲ့တဲ့ ရှုံးနိမ့်မှုတွေ အများကြီးပေါ့ သားရယ်၊ အများကြီးပေါ့။ အဲဒါတွေကို မေမေ ပြောမပြချင်တော့ပါဘူး၊ သားသိဖို့လည်း မလိုအပ်ဘူးလို့ မေမေထင်ပါတယ်၊

သားကို မေမေသိစေချင်တာက...သားကို မေမေပြောပြချင်တာက မေမေဟာ မိန်းမတစ်ယောက်ရဲ့ဘဝကို ဘယ်တုန်းကမှ လိုချင်ခဲ့တာ မဟုတ်ဘူး ဆိုတာပါပဲ။

အဲဒါကြောင့် မေမေ့ရဲ့ဝမ်းထဲမှာ သားလေး သန္ဓေစတည်လာကတည်း



www.burmeseclassic.com

www.burmeseclassic.com



က…၊ မေမေ့ရဲ့ဝမ်းထဲက ရင်သွေးကလေးဟာ ယောကျ်ားကလေးလား၊ မိန်းကလေးလားဆိုတာ မေမေ မသိခင်ကတည်းက…ငါမွေးဖွားရမှာ ယောကျ်ားကလေးပဲ။ ငါ…သား တစ်ယောက်ကိုပဲ မွေးဖွားမယ်လို့ အမြဲတမ်း တွေးတောရေရွတ် နေခဲ့မိတာပဲ။ သားကို သားမှန်း မေမေ မသိခင်ကတည်းက သား…သား…လို့ တဖွဖွခေါ်ပြီး ကြည်နူးနေခဲ့ရတာပဲ။

မေမေက စိတ်ကူးယဉ်ကြည့်တယ် သားရဲ့။ မေမေက တစ်ယောက်တည်း မဟုတ်လား။ တစ်ယောက်တည်းဆိုတော့ သား ကို အားကိုးချင်တယ်။ မေမေကြီးပြင်းပြီး အိုမင်းလာတဲ့အခါ သားရှာကျွေးတဲ့ ထမင်းကို စားချင်တယ်။ မေမေ့ခြေထောက်တွေ အားအင်ချိနဲ့လာတဲ့အခါ သားရဲ့သန်မာတဲ့ လက်မောင်းတွေကိုတွဲပြီး မေမေ လမ်းလျှောက်ချင်တယ်။

မေမေလိုချင်တာက မေမေ့အပေါ်ကျရောက်လာမယ့် အန္တရာယ်တွေကို ရဲရဲရင့်ရင့်တားဆီးပေးနိုင်မယ့် သားတစ်ယောက်။ မေမေ့ရဲ့ဘဝမှာ မေမေ မရရှိခဲ့တာတွေ…၊ မေမေ မပြည့်ဝခဲ့ရတဲ့ ဆန္ဒတွေကို ဖြည့်ဆည်းရယူပေးမယ့် သားတစ်ယောက်၊ မေမေ့ရဲ့ရှုံးနိမ့်မှုတွေကို အောင်မြင်မှုအဖြစ် ပြောင်းလဲပေးမယ့် သားတစ်ယောက်ကို မေမေ လိုချင်ခဲ့တာလေ။ မေမေ သိပ်လိုချင်ခဲ့တာပေါ့ကွယ်။

မေမေ့ရဲ့ဘဝထဲက ကွက်လပ်တွေကို ဖြည့်ဆည်းပေးနိုင်မယ့် စွမ်းရည်အပြည့်နဲ့ သားတစ်ယောက်ကို မေမေ သိပ်အားကိုးချင်ခဲ့တာပေါ့။

မေမေက တစ်ယောက်တည်းလေ။ တစ်ယောက်တည်း မဟုတ်လား…. သားရဲ့။ မေမေ့မှာ အားကိုးရာ၊ ခိုကိုးရာဆိုတာ သိပ်ရှားပါးလွန်းခဲ့တာ။

မေမေချစ်တဲ့သူတွေအားလုံးက မေမေ့ကို တစ်ယောက်တည်း ထားရက်ခဲ့ကြတာ။ လောကထဲမှာ မေမေ့ကို အထီးကျန်စွာ ရှင်သန်ဖို့ ထားရစ်ခဲ့ကြတာ၊ အနည်းဆုံး သူတောင် မေမေ့ကိုထားရစ်ခဲ့တာပဲ။

သူဆိုတာ….။

သူဆိုတာ မေမေ့ကို ရက်ရက်စက်စက် ချန်ထားရစ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်လေ။ မေမေချစ်ခဲ့တဲ့….အင်း….ချစ်ခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက်ပေါ့။ ပြီးတော့ အဲဒီ သူဟာ မေမေ့ရဲ့ဝမ်းထဲက မေမေ့ရဲ့ရင်သွေးကလေးကို သူ့ရဲ့သွေး…ရယ်လို့တောင် အသိအမှတ်ပြုခဲ့တဲ့သူ မဟုတ်ဘူး သားရဲ့။ မေမေ့ရဲ့ဝမ်းကြာတိုက်ထဲက သန္ဓေသားကလေးရဲ့ ဖခင်အဖြစ် ဝန်ခံဖို့ကို





တောင် ငြင်းပယ်ခဲ့တဲ့သူ…။

ဟုတ်တယ်သား။ သူဟာ သားရဲ့ ဖခင်အရင်းတစ်ယောက်ဖြစ်ခွင့်ကို သူကိုယ်တိုင် ငြင်းပယ်ခဲ့တဲ့သူပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

၂

လူတစ်ယောက်ဟာ သူအသက်ရှင်နေထိုင်သမျှ ကာလပတ်လုံး အတ္တ… ဆိုတာကို တည်ဆောက်ပြီးမှ နေထိုင်နိုင်ကြတယ်…တဲ့။ အဲ့ဒီစကားကို သား ယုံကြည်သလားဟင်။

သား…ယုံကြည်ရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေကိုယ်တိုင် မေမေ့ရဲ့ဘဝတစ်ခုလုံးကို ဒီနေ့ထက်ထိ အတ္တတစ်ခုနဲ့ ထူထောင်ထားခဲ့ရ လို့ပဲ။ ဟုတ်တယ်…။

မေမေဟာ မေမေ့ရဲ့အတ္တနဲ့ပဲ ဘဝတစ်လျှောက်လုံး အသက်ရှင်နေထိုင် ခဲ့တယ်။ မေမေ့ရဲ့ အတ္တနဲ့ မေမေက ပညာတွေသင်ခဲ့တယ်။ ကိုယ့်ဘဝကိုယ် ထူထောင်နိုင်ဖို့ကြိုးစားခဲ့တယ်။ ကမ္ဘာကြီးပေါ်က မေမေ့အတွက် ရနိုင်မယ်လို့ ထင်သမျှအရာတွေ မေမေအကုန်ယူခဲ့တယ်။

'ယမင်းခင်'….ဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ အသက်(၂၃)နှစ် အရွယ် ရောက်တဲ့ အထိ အတ္တတစ်ခုကို အခြေပြုပြီးတော့ပဲ နေထိုင်အသက်ရှင် ခဲ့တယ်…သား။

အဲဒီအတ္တနဲ့ပဲ မေမေဟာ ယောကျ်ားတစ်ယောက်ကို ချစ်ခဲ့ပြန်တယ်။ ပြီးတော့ အဲဒီအတ္တကြောင့်ပဲ မေမေဟာ သူ့ကိုပိုင်ဆိုင်ဖို့ ကြိုးစားမိခဲ့ပြန်တယ်။

တကယ်တော့ မေမေ မှားယွင်းခဲ့တာပါ။ အတ္တဆိုတာ လူတစ်ယောက်ကို မွေးဖွားသည်ကစပြီး သေဆုံးတဲ့အချိန်အထိ အလှောင်ကျွမ်းနိုင်ဆုံး မီးတောက် တစ်ခုပဲ။ ဒါကို မေမေ…မသိခဲ့ဘူး သားရဲ့။ မေမေ မသိခဲ့ဘူးလေ။





မေမေဟာ အဲဒီယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ချင်တဲ့ စိတ်နဲ့ ကိုယ့် ဘဝတစ်ခုလုံးကို သူ့ဆီပုံအပ်ရဲတဲ့ မိုက်မိုက်မဲမဲ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့တယ်။ မေမေဟာ ကိုယ့်ဘဝတစ်ခုလုံးကို ရင်းနှီးပြီး သူ့ကိုချည်နှောင်ဖို့ ကြိုးစားခဲ့တယ်။ သူ့ကိုချည်နှောင်ဖို့ ကြိုးတစ်ချောင်းကို မေမေမိုက်မဲစွာ ရှာဖွေ မိခဲ့ပါတယ်…သား။

ဒါပေမယ့် တကယ်တမ်းကျတော့ အချည်နှောင်ခံလိုက်ရသူဟာ သူ မဟုတ်ဘဲ မေမေကိုယ်တိုင် ဖြစ်နေခဲ့တယ်လေ။ မေမေကိုယ်တိုင်ပဲ ကြိုး တစ်ချောင်းနဲ့ အချည်နှောင်ခံလိုက်ရပါတယ်။

အဲဒီကြိုးကလေးက သားပေါ့…။ သားပဲပေါ့။

မိုးရာသီရဲ့အစပိုင်း နေ့ရက်တစ်ရက်မှာ မေမေဟာ နောက်ဆုံးအကြိမ် အဖြစ် သူ့ကို လိုက်ရှာဖွေခဲ့ပါတယ်…သား။

အဲဒီနေ့က မိုးတွေသည်းသည်း ထန်ထန်ရွာတဲ့ နေ့တစ်နေ့ပေါ့။

ရန်ကုန်မြို့လယ်က အသွယ်သွယ်သော လမ်းတွေပေါ် ဆူညံပြေးလွှား နေတဲ့ မိုးသီးမိုးပေါက်တွေကို မေမေအံတုရင်း သူ့ကိုရှာဖွေဖို့ မိုက်မိုက်မဲမဲ ကြိုးစားနေမိတယ်။ သူနေတဲ့လမ်းဟာ ရန်ကုန်မြို့လယ်က ခေတ်မီတိုက်သစ် ကြီးတွေနဲ့ မြင့်မားမွန်းကျပ်လွန်းတဲ့ လမ်းတစ်ခုပါပဲ။ အဲဒီလမ်းထဲကို မေမေဟာ ယိုင်နဲ့နဲ့ထီးတစ်ချောင်းနဲ့ ကိုယ့်ကိုယ်ကိုကာကွယ်ရင်း တစ်ယောက် ဘည်း လျှောက်လာမိခဲ့တယ်။

ကမ်းနားဖက်ကနေ အရှိန်ပြင်းစွာ တိုက်ခတ်လာတဲ့ လေနဲ့မိုးစက်တွေဟာ မေမေရဲ့ ပါးလုပ်လုပ်ခန္ဓာကိုယ်ကို လွင့်မျောပါသွားအောင် လုပ်နေသလိုပါပဲ။ ရေစိုနေတဲ့ မေမေ့လုံချည် အနားစတွေကလည်း မေမေ့ ခြေထောက်ကို လေးလံ အောင် လုပ်နေကြတယ်။

ဒါပေမယ့် မေမေ ဆက်လျှောက်နေတုန်းပဲ။

မေမေ့ မျက်နှာတစ်ခုလုံးလည်း မိုးစက်လေးတွေမှန်လို့ စိုထိုင်းစပြ နေပါပြီ။ ဟင့်အင်း…မေမေမငိုသေးပါဘူး။ မေမေ အဲဒီအချိန်အထိ မငိုသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



...သားရဲ့။ မေမေ လက်မလျှော့ချင်သေးဘူး။ မေမေ အရှုံးမပေးချင်သေးဘူး။

မေမေ့ကို သူထားခဲ့တယ်ဆိုတာ အဲဒီအချိန်အထိ မေမေ ယုံကြည်ရခက်နေတုန်းပဲ။

မေမေဟာ သူနေတယ်ဆိုတဲ့ ခေတ်မီသုံးထပ်တိုက်ကြီးရဲ့ အိမ်ရှေ့ကိုရောက်တော့ မေမေ့ကိုယ်ခန္ဓာလေးဟာ ကြွက်စုတ်မလေးတစ်ကောင်လို ဖြစ်နေခဲ့ပြီ။ မေမေ ရင်တစ်ခုလုံးလည်း ပူလောင် ဆို့နင့်နေခဲ့ပါပြီ။ ဒါပေမယ့် မေမေက မေမေ့မျက်နှာကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ပြုပြင်ရင်း လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်ပါတယ်။ မေမေ့မျက်လုံးတွေကတော့ အဲဒီအချိန်မှာ မျှော်လင့်ချက်တွေနဲ့ အစွမ်းကုန်တောက်လောင်နေမှာပဲနော်။

မေမေ ချစ်ခဲ့ဖူးတဲ့ အဲဒီသူဟာ ဟောဒီသုံးထပ်တိုက်ကြီးပေါ်မှာ နေထိုင်တဲ့သူလေ။ ဒီတိုက်ကြီးတစ်ခုလုံးကို သူ့ရဲ့မိဘတွေက ပိုင်ဆိုင်ကြတာတဲ့။ သူနေတယ်ဆိုတဲ့ အဲဒီတိုက်ကြီးကို အရင်က မေမေ အဲဒီလမ်းထဲ ဖြတ်သွားဖြတ်လာလုပ်တုန်း မေမေရဲ့မိတ်ဆွေတစ်ယောက်က ပြောပြထားလို့ သိနေခဲ့တာပါ။ သူ့အိမ်ကို သူက တစ်ခါမှ မေမေ့ကို မဖိတ်ခေါ်ခဲ့ပါဘူး။ သူနဲ့မေမေ ချစ်သူဘဝတုန်းက မေမေ သူ့အိမ်ကိုတစ်ခါမှ မရောက်ခဲ့ဖူးပါဘူး။ အဲဒီအတွက် သူ့မှာအကြောင်းပြချက် ကောင်းကောင်းတစ်ခု ရှိနေခဲ့တယ်လေ။

'ကိုယ်နဲ့ယမင်းကို အိမ်က သဘောမတူကြဘူး'...ဆိုတဲ့ အကြောင်းပြချက်တစ်ခုပေါ့ သားရယ်။ အဲဒါပဲပေါ့။

မေမေဟာ အခုထက်ထိ သူ့အိမ်ရှေ့အပေါက်ဝမှာ မာနကင်းမဲ့စွာ ရပ်တန့်ရင်း မေမေ့ကိုယ်မေမေ ဘယ်လောက်မှားယွင်းနေပြီမှန်း မသိခဲ့သေးပါဘူး။ မေမေလိုချင်တာ သူပဲ။ မေမေတွေ့ချင်တာက သူ့မျက်နှာပဲ။ ကျန်တာတွေအားလုံးကို မေမေ မျက်ကွယ်ပြုထားခဲ့ပါရဲ့...။

မေမေ ခလုပ်နှိပ်လိုက်တဲ့ လူခေါ်ခေါင်းလောင်းရဲ့အသံကြောင့် အိမ်ထဲက မိန်းမတစ်ယောက်ထွက်လာတယ်။ သူက မေမေ့မျက်နှာကို အိမ်ရှေ့သံဘာဂျာတံခါးကြားက တွေ့ရတယ်ဆိုရင်ပဲ မျက်လုံးတွေ အရောင်ပြောင်းသွားလေရဲ့။ သူ့မျက်လုံးတွေက မေမေ့ကို ကြင်နာတဲ့ ကရုဏာအရောင်ပါပဲ။

အဲဒီမိန်းမတစ်ယောက်သာ မေမေ ဒီအိမ်ကိုလာတိုင်း ထွက်တွေ့ပြီး မေမေတွေ့ချင်တဲ့သူ မရှိကြောင်း ပြောပေးတဲ့သူလေ။ အကြိမ်ကြိမ်အခါခါ ငြင်းဆိုတိုင်း အဲဒီမိန်းမရဲ့ မျက်နှာဆီက မေမေရရှိလိုက်တဲ့ ကရုဏာအရိပ်





သေးသေးလေးကို မေမေဖမ်းဆုပ်ဆွဲရင်း ဒီအိမ်ကနေ လှည့်ပြန်ရတဲ့ အခေါက်တွေ မနည်းတော့ဘူး မဟုတ်လား။

မေမေဟာ ဒီအိမ်ကိုလာတိုင်း မေမေချစ်တဲ့သူရဲ့မိခင်၊ ဖခင်တွေကို တွေ့ရဖို့နေနေသာသာ ဟောဒီ သံတံခါးမကြီးကိုတောင် ကျော်ပြီး အိမ်ထဲ ခြေချခွင့်ရခဲ့တဲ့သူ မဟုတ်ဘူးလေ။

အခုတစ်ခေါက်မှာတော့ မိုးရေစက်တွေနဲ့ရွဲစိုပြီး အင်မတန် နွမ်းလျနေမယ့် မေမေ့မျက်နှာကို အဲဒီမိန်းမတစ်ယောက်က ကြင်နာတဲ့ မျက်နှာထားနဲ့ တစ်ချက်စိုက်ကြည့်ပြီး "မယမင်းခင် မဟုတ်လား၊ ဟိုလေ ...." ဆိုပြီး စကားစ တစ်ချို့တစ်ဝက်အရောက်မှာ ရပ်တန့်သွားတော့တယ်။

သူ့မျက်လုံးတွေ၊ နှုတ်ခမ်းတွေက မေမေ့ကို အားနာသနားတဲ့ အမူအရာတွေ ဖော်ပြနေကြတယ်။

မေမေ တုန်လှုပ်သွားပါပြီ။ မေမေ့ အသည်းနှလုံးတွေ အဲဒီအချိန်မှာ နာကျင်ကိုက်ခဲကုန်ကြပြီ။ မေမေ့စိတ်ထဲမှာ သိနေပါပြီ။ မေမေ ညတွေ၊ ညတွေမှာ အိပ်မက်ဆိုးတွေမက်ရင်း ကြုံခဲ့ဖူးတဲ့ မေမေ့ဘဝလေး ပျက်တဲ့နေ့ဟာ ဒီနေ့ပဲဖြစ်တော့မယ်ဆိုတာ မေမေ ကြိုသိလိုက်သလိုပါပဲ။

ခုနက မိန်းမက မေမေ့ကို ရုတ်တရက်..."ကလေးမ...ခဏစောင့်ဦး၊ ငါ...မေမေကြီးကို ခေါ်ပေးပါ့မယ်..."လို့ပြောပြီး လှည့်ထွက်သွားတဲ့အခါ မေမေ့ အသည်းနှလုံး တဒုန်းဒုန်းလှုပ်ခါရင်း ကျန်ရစ်ခဲ့တယ်...သားရဲ့။

မေမေ ငိုချလိုက်မိတော့မလိုပဲ။ ဒါပေမယ့် မေမေလုပ်မိတာက မေမေ့နှုတ်ခမ်းတွေကို ဖိချေနင်းကိုက်ထားနေမိတာပဲ။

ဒီလောက် မိုးတွေသည်းထန်နေတဲ့လမ်းမပေါ်က တစ်ကိုယ်လုံးရွှဲစိုမောဟိုက်အောင် လျှောက်လှမ်းလာခဲ့တဲ့ မေမေ့လို မိန်းမသားငယ်လေးတစ်ဦးကို ဒီအတိုင်း အိမ်အပြင်ဖက်မှာ အချိန်ကြာမြင့်စွာ ရပ်နိုင်းထားကြတယ်...သား။ မယုံမရှိနဲ့။

အေးစက်ချမ်းဟုန်ပြီး ခြေထောက်အောက်မှာ ရေအိုင်ငယ်လေး ဖြစ်တဲ့အထိ မေမေဟာ သူတို့အိမ်ရှေ့က ပိတ်ထားတဲ့သံဘာဂျာတံခါးကြီးရဲ့ တစ်ဖက်မှာ မတ်တပ်ရပ်နေခဲ့ရတယ်။ မေမေ ရပ်နိုင်ပါတယ်။ မေမေ အခုအချိန်မှာ ဘာမဆို လုပ်ရဲပါတယ်။ ဘာမဆို ရင်ဆိုင်ရဲပါတယ်။

အဲဒီလိုရင်ဆိုင်ရဲအောင် မေမေ့ကို တစ်စုံတစ်ရာက သင်ကြား ပေးလိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



လေ။ မေမေ့ဘဝကို တစ်စုံတစ်ရာက အစမှအဆုံး ပြောင်းလဲပေးပစ်လိုက်ပြီပဲ။

ဆယ်မိနစ်လောက် မေမေရပ်စောင့်ပြီးတော့မှ မေမေဟာ ခုနက မိန်းမ ပြောသွားတဲ့ မေမေကြီးဆိုတဲ့ အသက်ငါးဆယ်အရွယ် ခန့်ခန့်ထည်ထည် မိန်းမကြီးတစ်ဦးကို တွေ့ခွင့်ရတော့တယ်..သား။ မေမေတွေ့လိုက်တာနဲ့ အဲဒီ မိန်းမကြီးဟာ မေမေတွေ့ချင်တဲ့ မေမေ့ချစ်သူရဲ့မိခင်ပဲဆိုတာ ချက်ချင်း ရိပ်မိလိုက်ပါတယ်။

အဲဒီမိန်းမကြီးရဲ့မျက်နှာမှာ သူ့ရဲ့မျက်လုံးတွေ...၊ သူ့ရဲ့နှာတံတွေ...၊ သူ့နှုတ်ခမ်းတွေကို မေမေ ပြန်တွေ့လိုက်ရတယ်လေ။

သူက မေမေ့ကို အံ့ဩတဲ့ မျက်နှာထားနဲ့ လှမ်းကြည့်ရင်း မေးတယ်။

"သားကို တွေ့ချင်တာလား..."တဲ့။

မေမေ့ခမျာ အဲဒီမိန်းမကြီးရဲ့ အမေးရိုးရိုးလေးတစ်ခုကို ပြန်ဖြေတာ တောင်..."ဟုတ်...ဟုတ်ကဲ့"... ဆိုပြီး စကားထစ်သွားခဲ့သေးတယ်။ အဲဒီအခါ မေမေ့ကို သူက ပြန်ပြောတယ်။

"သား...မရှိဘူးကွဲ့..." တဲ့။

မေမေ မအံ့ဩပါဘူး။ အဲဒီအဖြေဟာ မေမေ့အတွက် အံ့ဩစရာစကား တစ်ခု မဟုတ်တော့ဘူးလေ။ ဒီလိုအဖြေစကားမျိုးကို မေမေ အရင်အခေါက် တွေ ဒီအိမ်ကိုလာတိုင်း ကြားခဲ့ရတာပဲ။ 'သူမရှိဘူး၊ သူအပြင်ထွက်သွားတယ်၊ သူ...ဘယ်မြို့ကို ခရီးထွက်သွား တယ်'...ဆိုတာ မေမေ့အတွက် ရိုးနေခဲ့ပါပြီ။ အဲဒီအတွက် မေမေ တုန်လှုပ်မှာ မဟုတ်ပါဘူး။ ဒါပေမယ့်...။

အဲဒီ မိန်းမကြီးက မေမေ့နားစည်တွေကို ပေါက်ကွဲသွားစေမယ့် စကား တစ်ခု ထပ်ပြောခဲ့ပါတယ်။

"သားက စင်ကာပူကို တမြန်နေ့မနက်ကပဲ ထွက်သွားပြီ မိန်းကလေးရဲ့" တဲ့။ မေမေ အံ့ဩလွန်းလို့ နှုတ်ခမ်းတွေ ပွင့်ဟကုန်ကြလိမ့်မယ် ထင်ပါရဲ့။ မေမေ့မျက်လုံးတွေလည်း ပြာဝေကုန်ပါပြီ။ မေမေ့ နားထဲမှာလည်း မိုးခြိမ်းသံ တွေလိုပဲ ဆူညံကုန်ပါပြီ။ မေမေဟာ တုန်လှုပ်စွာနဲ့ မျှော်လင့်ချက်တစ်ခုခုကို ဖမ်းဆွဲဖို့ ကြိုးစားမိပါသေးတယ်။

"သူ...ဘယ်တော့ပြန်လာမှာလဲဟင်..."လို့ မေမေ မေးလိုက်မိပါတယ်။ မေမေ ကြားရတဲ့ အဖြေက...။

"မသေချာဘူးကွယ်၊ နှစ်နှစ်ဖြစ်ချင်လည်းဖြစ်မယ်၊ သုံးနှစ်ဖြစ်ချင်





လည်းဖြစ်မယ်၊ သားက အဆက်အသွယ်ကောင်းရင် အမေရိကားကိုတောင် သွားဦးမှာတဲ့၊ အဲဒါဆိုရင် ပြန်လာဖို့တောင် မသေချာတော့ဘူး၊ သူက ဟိုကနေ အန်တီတို့ကိုတောင် ခေါ်နိုင်ဖို့ကြိုးစားဦးမယ်...လို့ ပြောသွားသေးတယ်"

ဟင့်အင်း...ဟင့်အင်း။ ကျွန်မ...မကြားပါရစေနဲ့တော့။

ဒါ တကယ်မဟုတ်ပါဘူး။ မေမေဟာ ရူးသွပ်သူတစ်ယောက်လို အော် ဟစ်လိုက်မိပါတော့မယ်။ အဲဒီအချိန်က မေမေ့နားထဲမှာ ဘာကိုမှ မကြားနိုင် လောက်အောင် ဓွမ်းအင်တွေ ကုန်ခမ်းသွားပါပြီ သားရယ်။

မေမေ ရှုံးနိမ့်သွားပြီ။ မေမေ လောကကြီးကို ထပ်ပြီး၊ ထပ်ပြီး ရှုံးနိမ့်ပြန် ပါပြီ။ ဒါဟာ မေမေချစ်တဲ့သူတစ်ယောက်က မေမေ့ကို ထားရစ်ခဲ့တဲ့ အဖြစ် အပျက်တစ်ခုပဲ။ သူက မေမေ့ကို ငြင်းပယ်လိုက်ပြီတဲ့။ သူက မေမေ့ကို စွန့်ပစ် လိုက်ပြီတဲ့။ သူ့အတွက် မာနတရားတွေ၊ ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့်တရား တွေ ဖြိုချဖျက်စီးခံရတဲ့ မိန်းမတစ်ယောက်ကို ရက်ရက်စက်စက် ချန်ရစ်ခဲ့ပြီတဲ့။

ဒါဟာ မေမေ့ကို တစ်ချိန်ကသိပ်ချစ်တယ်လို့ တဖွဖွပြောခဲ့တဲ့ ယောကျ်ား တစ်ယောက်ရဲ့ လုပ်ရပ်ပဲလား။ အဲဒါယောကျ်ားတွေရဲ့ လုပ်ရပ်တစ်ခုပဲလား။

မေမေ ဘယ်လိုလုပ် သိနိုင်မှာလဲကွယ်။ မေမေဘယ်သိမှာလဲ။ သူဟာ မေမေ့ဘဝထဲမှာ ပထမဆုံးရင်းနှီးခဲ့ရပြီး ချစ်ခဲ့မိဖူးတဲ့ ယောကျ်ားတစ်ယောက်ပဲ။

"ခလေးမ...အန်တီက သူ့အမေပါ၊ စက်ာပူကို ဖုန်းဆက်တဲ့အခါ အန်တီ ဘာပြောပေးရမလဲ...၊ ဒါနဲ့...ခလေးမ နာမည်က..."

အို...အဲဒီမေးခွန်းကို မေမေက ဘယ်လိုဖြေရမတဲ့လဲ။ မေမေ ဘယ်လို ဖြေရမှာလဲ သားရယ်။ ပြောစမ်းပါဦး။

ကိုယ့်ကို လက်မထပ်နိုင်ဘူး...လို့ပြောတဲ့ ယောကျ်ားတစ်ယောက်၊ ကိုယ်က တွေ့ဆုံဖို့ကြိုးစားတိုင်း အမြဲရှောင်ပြေးနေတဲ့ ယောကျ်ားတစ်ယောက်၊ ကိုယ့်မှာ ရင်သွေးလေး လွယ်ထားပါပြီလို့ အသိပေးလိုက်ရက်နဲ့ ငွေငါးသောင်း ကို လှကြဲ့နဲ့ ပေးခိုင်းဖူးတဲ့ ယောကျ်ားတစ်ယောက်...။ သူ့အတွက် မေမေ ဘယ်လိုများ ရှုံးနိမ့်ခံရဦးမှာလဲဟင်။ ဘယ်သူ့ကိုများ ခယဝပ်တွားရဦးမှာလဲ၊

'အန်တီ...အန်တီ့သားရဲ့ ရင်သွေးကလေးကို ကျွန်မလွယ်ထားပါပြီ' လို့ မေမေထုတ်ပြောအော်ဟစ်လိုက်ရတော့မှာလား။ မေမေ့ကိုလည်း တစ်ခါမှ မတွေ့ဖူးတဲ့...၊ မေမေ့နာမည်ကိုလည်း တစ်ခါမှ မကြားဖူးတဲ့၊ မေမေ့ရှေ့က မိန်းမသားကြီးတစ်ဦးကိုလေ...။ မေမေပြန်ပြောသင့်တာ အဲဒါပဲလား။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တမ်း မေမေထုတ်ပြောလိုက်မိတဲ့ စကားက...။

"ကျွန်မ...သွားတော့မယ်..." တဲ့။

ဒီလိုဆို မေမေဟာ ရိုင်းစိုင်းတဲ့ မိန်းမတစ်ယောက် ဖြစ်သွားရောပေါ့နော်။ ဘယ်သူ့ကိုမှ မကြည့်ဘဲ၊ ဘယ်အရာကိုမှလည်း မမြင်တော့ဘဲ မေမေဟာ အဲဒီအိမ်ရှေ့က ဝရန်းသုန်းကား ပြေးထွက်လာမိပါတော့တယ်။

ဒါ...နောက်ဆုံးပါပဲ။ အဲဒီအိမ်ရဲ့အရိပ်ကို မေမေနင်းမိတာ ဒီဘဝအတွက်တော့ ဒါနောက်ဆုံးပါပဲ။ မေမေ အဲဒီအချိန်က ငိုကျွေးပြီး ထွက်ပြေးလာခဲ့သလား...။ မေမေ မမှတ်မိတော့ဘူး သားရဲ့။

သေချာတာကတော့ မေမေ ဒီလိုပြေးလာမိတဲ့အခါ တခဏအတွင်း မေမေ့ မျက်နှာပေါ်မှာ မိုးရေတွေ ရွှဲစိုသွားတယ်ဆိုတာပါပဲ။



သားရေ...။

ကိုယ်ငိုကြွေးနေတဲ့အချိန်မှာ မျက်ရည်သုတ်ပေးမယ့်သူ မရှိတဲ့အဖြစ်ကို အထီးကျန်ခြင်းရယ်လို့ ခေါ်သလားဟင်။

ဒါဆိုရင်တော့ မေမေဟာ အထီးကျန်ခြင်းများထဲမှာ မွေးဖွားခဲ့တယ်လို့ ပြောရမယ်ထင်ပါရဲ့။ မေမေ့ဘဝတစ်လျှောက်လုံးမှာ မျက်ရည်တွေကျခဲ့တဲ့အချိန်တိုင်း၊ အချိန်တိုင်း...မေမေ့မျက်ရည်တွေကို သုတ်ပေးမယ့်သူ မေမေ့အနားမှာ မရှိခဲ့ပါဘူးကွယ်။ တစ်ယောက်မှ မရှိခဲ့ပါဘူး။ အင်း...ပြောရရင်တော့ ယနေ့ထက်အထိပေါ့။

ဒီနေ့ထက်ထိ မေမေဟာ တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျိတ်မှိတ်ငိုကြွေးနေရဆဲပါပဲ။ အခုလည်းပဲ မေမေတစ်ယောက်တည်း ငိုရပြန်တာပေါ့သားရယ်။ သူနဲ့ပတ်သက်ပြီး မေမေ ငိုကြွေးရတော့လည်း တစ်ယောက်တည်းပဲပေါ့။ မေမေ ဘယ်သူ့ကိုများ ဖွင့်ပြောပြဖို့ ရဲဝံ့တော့မှာလဲနော်။ မေမေ့ရဲ့အဖြစ်က...။

ဒီတော့လည်း မေမေဟာ မေမေနေထိုင်တဲ့ တိုက်ခန်းကျဉ်းကျဉ်းလေးတစ်ခုရဲ့ထပ်ခိုးပေါ်က မေမေ့အိပ်ခန်းငယ်လေးထဲမှာ တစ်ယောက်တည်း ငိုနေတော့တာပါပဲ။ မေမေ့ရဲ့မျက်ရည်တွေကို နားလည်ပေးနိုင်ဖို့ကတော့ မေမေ့ရဲ့အိပ်ရာလေးရယ်၊ မေမေ့အိပ်ရာဘေးက မီးတိုင်လေးရယ်၊ မေမေ သိပ်ချစ်တဲ့...မေမေ့ချွေးနည်းစာနဲ့ဝယ်ထားတဲ့ မိုနီကက်ဆက်ကလေးတစ်လုံးရယ်၊ ပြီးတော့ တိုက်ခန်းရှေ့က လူသွားလူလာ ရှုပ်ထွေးတဲ့ လမ်းကျဉ်းကျဉ်းလေးတစ်ခုကို ဆီးမြင်ရမယ့် ထပ်ခိုးပေါ်က ပြတင်းပေါက်သေးသေးလေးတစ်ခုရယ်...၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ရှိနေပါတယ်လေ။ အဲဒါတွေသာ မေမေ့ရဲ့ဖွင့်ဟဝန်ခံစရာ။ တမ်းတငိုရှိုက်စရာ။ တိုင်တည်မှီခိုရာ အဖော်ကောင်းလေးတွေပါပဲ။

ဒါပေမယ့် မေမေ့မှာ အဲဒီလိုသက်မဲ့အဖော်တွေအပြင် သက်ရှိလူသားအဖော်ကောင်းတစ်ယောက် ကံကောင်းထောက်မစွာ ရှိနေခဲ့ပါတယ်။ သူက 'မမမြ'ပေါ့။ မေမေက မမမြလို့ခေါ်တဲ့...၊ မေမေ့ထက် (၆)နှစ်လောက်ကြီးတဲ့ ခေတ်ဆန်ဆန် အမျိုးသမီးတစ်ဦးပေါ့။

မမမြကို သားမသိလို့ မဖြစ်ဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ မမမြဟာ မေမေ့အတွက် အင်မတန် ကျေးဇူးကြီးမားခဲ့တဲ့၊ ကျေးဇူးတင်ခံလောက်တဲ့ ကျေးဇူးရှင်တစ်ဦးပဲ။ မေမေ့ရဲ့ကျေးဇူးရှင်တစ်ဦးအကြောင်းကို သားသိထားသင့်တာပေါ့။

အထူးသဖြင့် သား...ဆိုတဲ့ မေမေ့ရင်သွေးလေးကို လောကထဲရောက်လာဖို့ ခက်ခက်ခဲခဲလှမ်းခဲ့ရတဲ့ မေမေ့ဘဝကြမ်းထဲမှာ သူဟာ မေမေ့အတွက် အရေးကြီးတဲ့ အမှီကောင်းတစ်ခု ဖြစ်ခဲ့လို့ပဲ။

သူ့နာမည်အရှည်က မမမြမြစိမ်းတဲ့။ ဒါဆိုရင်တော့ သူ့ကို သားသိလောက်ပြီပေါ့နော်။ တကယ်လို့များ အခုမေမေရေးနေတဲ့စာကို သားဖတ်နေရတဲ့အချိန်ထိ သူသက်ရှိထင်ရှား ရှိနေဦးမယ်ဆိုရင် သား...သူ့ကို သိနေနှင့်ရောပေါ့။ သား...သူ့အကြောင်းကို သိနေလောက်မှာပါ။ သားကသူ့ကို ဘယ်လိုခေါ်မှာလဲဟင်...။ အန်တီမြလား။ အန်တီစိမ်းလို့ ခေါ်မှာလား။

မမမြက အဲဒီအချိန်လောက်ဆိုရင် သားကို သားရဲ့မေမေ့အကြောင်း ပုံပြင်လေးတစ်ပုဒ်လို ပြောပြချင်လည်း ပြောပြနေမှာပေါ့နော်။ ဒါမှမဟုတ် သားကိုယ်တိုင်လည်း သူ့အနားကို အတင်းတိုးခွေ့ဝင်ပြီး အန်တီမြ...၊ အန်တီမြ သားကို သားမေမေအကြောင်း ပြောပြဦးလေ၊ ပြောပြပါဦးလို့များ ခဏခဏ ပူဆာနေရောလား။ သားက အဲဒီလိုတောင်းဆိုရင် သူက သားရဲ့နဖူးပေါ်က ဆံစလေးတွေကို သပ်လို့၊ သားရဲ့မျက်လုံးလုလုလေးတွေထဲ စိုက်ကြည့်လို့၊ မေမေ့အကြောင်းကို သားနှလုံးသားထဲထိ ရောက်အောင် ပြောပြနေမှာပေါ့နော်။

အဲဒီလို မေမေ့အကြောင်းကို သူပြောပြနေရင်းနဲ့ ငိုချင်လည်း ငိုနေမှာပါပဲ။ အန်တီမြ...အဲဒီလို မျက်ရည်ကျရင် သားကသုတ်ပေးလိုက်ပေါ့။ သားက သူ့ကို ချော့ပေါ့နော်...ဟုတ်လား။ မမမြက မျက်ရည်လွယ်တယ် သားရဲ့။ သူ့အသည်းနှလုံးက သိပ်ကို နူးညံ့ကြင်နာလွယ်တာ။





သူ့အကြောင်းကို အဲဒီအချိန်လောက်ကျရင် သားက မေမေ့ထက်တောင် ပိုသိနေမှာပါ။ သူဟာ မေမေ့အတွက် ခဏခဏ ငိုခဲ့ဖူးသူတစ်ယောက်ပဲ။

မေမေက မေမေ့ဘဝမှာ ကြေကွဲဝမ်းနည်းစရာတွေ များလွန်းလို့ ကိုယ့်ကိုကိုယ် တင်းမာပြတ်သားနိုင်အောင် ပြုပြင်ထားပြီး မျက်ရည်ထိန်းတတ်သလောက် မမမြကတော့ တစ်ခုခုကြေကွဲစရာနဲ့ကြုံရင် မျက်ရည်တွေ ဝဲတက်လာတတ်တာ။

မေမေနဲ့ပတ်သက်ပြီး သူက သိပ်ကိုကြေကွဲတတ်တာ။ မေမေ ငယ်ငယ်က မေမေ့ဘဝအကြောင်းတွေ၊ မေမေ့ခံစားချက်တွေ၊ မေမေ့ နာကျည်းချက်တွေကို ပြောပြရင် သူက မျက်ရည်တွေဝဲပြီး မေမေပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်ပေးတတ်တာပဲ။ သူက မေမေ့ကို သိပ်ချစ်တယ်လေ။

သူဟာ မေမေ့အသက်(၂၃)နှစ်အရွယ်အထိ မေမေတွေ့ဆုံရင်းနှီးခဲ့ရသူတွေထဲမှာ မေမေ့အပေါ် နားလည်နိုင်ဆုံး၊ မေမေ့ကို အကြင်နာနိုင်ဆုံး၊ မေမေ့အတွက် အကူအညီပေးနိုင်ဆုံး လူတစ်ယောက်ပဲ။ မမမြဟာ မေမေ့အတွက် မိတ်ဆွေကောင်းတစ်ယောက်ဆိုလည်း ဟုတ်တယ်၊ အစ်မရင်းတစ်ယောက်ဆိုလည်း ဟုတ်တယ်။ မိခင်တစ်ယောက်ဆိုလည်း ဟုတ်ခဲ့တယ်...သား။ တကယ်တော့ မမမြဟာ မေမေရဲ့မိသားစုတစ်ခုပဲ။

မမမြနဲ့မေမေ စတွေ့ခဲ့ကြတာ... ဆံပင်နဲ့မိတ်ကပ်အလှပြုပြင်ရေးသင်တန်းတစ်ခုကို မေမေစတက်ခဲ့တဲ့အချိန်က စလို့ပေါ့။ အဲဒီတုန်းက မေမေ့အသက်(၁၈)နှစ်တောင် မပြည့်တတ်သေးဘူး။

ကိုယ့်အတွက် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုကို သင်လိုက်ဖဟဲ့...ဆိုတဲ့ တက်ကြွလွန်းတဲ့ ဇောကလေးနဲ့၊ မျှော်လင့်ချက်တွေ ပြည့်လျှမ်းမို့မောက်နေတဲ့ မျက်လုံးလေးတစ်စုံနဲ့ ရန်ကုန်မြို့လယ်က နာမည်ကြီး အလှပြင်ဆိုင်တစ်ခုပေါ်ကို သင်တန်းသူအသစ်ကလေးတစ်ယောက်အဖြစ်နဲ့ ရောက်လာခဲ့တဲ့အချိန်ကပေါ့။ မမမြက အဲဒီဆိုင်မှာ လခစားဝန်ထမ်းတစ်ယောက်အဖြစ် လုပ်နေတဲ့ ဝါရင့်အလှပြင် ဆရာမတစ်ဦးလေ။

သူက ဒီအလုပ်မှာ လုပ်သက်(၅)နှစ်လောက်တောင် ရှိနေပြီဆိုတော့ ကျွမ်းလည်း ကျွမ်းကျင်နေပြီ။ ဆိုင်ကိုလာတဲ့သူတွေကလည်း..."မမမြနဲ့ညှပ်မယ်၊ မမမြနဲ့ပဲ ပြင်လိုက်မယ်"လို့ တောင်းဆိုခံရလောက်အောင် မမမြလက်ရာကို လူကြိုက်များနေကြပြီ။ ဒီတော့ အဲဒီဆိုင်မှာ မေမေတို့လို သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



သူတွေကို ပြန်သင်ပေးတဲ့ အလုပြင်ဆရာမတွေထဲမှာ မမမြလည်းပါတာပေါ့။ မမမြက မေမေတို့ရဲ့ သင်တန်းဆရာမပေါ့။

မေမေကလည်း မမမြကို ကျန်တဲ့ အခြားသင်တန်းဆရာမတွေထက် ပိုခင်ခဲ့တယ်။ ပိုအားကျတယ်။ မမမြသင်ပေးတဲ့ အလုပြင်နည်းစနစ်တွေ မမမြညှပ်တဲ့ ဆံပင်ပုံစံတွေကို ပိုကြိုက်တယ်။ ဒါကြောင့်လည်း မမမြညှပ်တဲ့ ပြင်တဲ့ထိုင်ခုံနားမှာပဲ မေမေအနေများပြီး မမမြသင်ပေးသမျှကို မေမေ အကုန် လိုက်နာမှတ်ယူခဲ့တယ်။

မေမေ့ရဲ့တက်ကြွထက်သန်လွန်းတဲ့စိတ်နဲ့ နားလည်သဘောပေါက်လွယ် တဲ့ ဉာဏ်ကြောင့်လည်း အတတ်မြန်ခဲ့တယ်။ မမမြကိုယ်တိုင်က ပါးစပ်က နေပြီး..."ခင်လေးကို သင်ရတာ အားရှိတယ်၊ အားရှိတယ်" နဲ့ ခဏခဏ ထုတ်ပြောတတ်တယ်။

မမမြပြောစကားအရတော့ မေမေရဲ့လက်တွေက အနုပညာလက်တွေ တဲ့။ မေမေရဲ့ ရိုလာလိပ်တွေကိုင်ပုံ၊ ကလစ်ညှပ်ပုံ၊ ဆံပင်ကိုဖြီးတဲ့ပုံ၊ ဘီးအမေ အထား၊ ကတ်ကျေးကိုင်ပုံတွေကအစ၊ မိတ်ကပ်လိမ်းတဲ့အခါ မျက်နှာပြင်ကို သပ်ပေးတဲ့ပုံ၊ မျက်ခုံးမွေးဆွဲ၊ နှုတ်ခမ်းနီဆိုးရင် လက်ငြိမ်ပုံတွေအဆုံး သိပ်ကို သေသပ်တိကျတာပဲတဲ့။ တကယ့်ကို ကျွမ်းကျင်သူဝါရင့်ကြီး တစ်ယောက်လို ပဲတဲ့။သူ့တုန်းကဆို ဒီလိုလက်မျိုးရဖို့ ခြောက်လလောက် စောင့်ခဲ့ရတာတဲ့ မေမေကတော့ နှစ်လခွဲလောက်အတွင်းမှာ ရခဲ့သတဲ့။

ဒီလိုနဲ့ပဲ မမမြကလည်း မေမေ့ကို "ခင်လေး...၊ ခင်လေး..."နဲ့ တဖွ ခေါ်ပြီး သူ့အတွက် လူယုံတစ်ယောက်လို ဆက်ဆံခဲ့တာ။ တစ်ခါတစ်လေ မမမြကလည်း "မင်းကိုကိုယ်...ဆရာစား မချန်ဘူးနော်၊ လက်ကုန်သင်ပေး ထားတာ..."လို့လည်း ရယ်ရယ်မောမောနဲ့ ဟာသလုပ်၊ ပြောတတ်သေးတယ်

မမမြက ပွင့်လင်းတယ်။ ဒီတော့ ပေါင်းရသင်းရတာ လွယ်ကူတယ်

ပြီးတော့ ဒီပညာရပ်မှာ မမမြကကျွမ်းကျင်တယ်။ မေမေက အားက တယ်။ ခဏတာအချိန်ကလေးအတွင်းမှာပဲ မမမြဟာ မေမေ့ဘဝအကြောင်းက အစမှအဆုံး သိအောင်လုပ်သွားတတ်တယ်။ မေမေ သူ့ကို သိပ်ပြီးခင်မ အားကိုးစွာနဲ့ ဘယ်သူ့ကိုမှ ဖွင့်မပြောဖြစ်ခဲ့တဲ့ အတွင်းရေးကိစ္စတွေကအ မေမေ နာကျင်ခဲ့ရတဲ့ ဝေဒနာတွေ၊ ခံစားချက်တွေကို မျှဝေပြောပြဖြစ်ခဲ့တယ် တိုင်ပင်ဆွေးနွေးမိတယ်။ ဒီလိုနဲ့ မမမြနဲ့မေမေဟာ တစ်ကယ့်ကို မိတ်ဆေ





ကောင်းတွေဘဝ ရောက်သွားခဲ့ရတယ်။

မမမြမှာက အစ်ကိုသုံးယောက်ရှိတယ်။ မိဘတွေလည်း အစုံအလင်ရှိ တယ်။ သိပ်ကို ပျော်ရွှင်စရာကောင်းပြီး ပြည့်စုံတဲ့ မိသားစု ဘဝလေးကို မမမြ ပိုင်ဆိုင်ထားတယ်။ ဒါပေမယ့် မမမြကတော့ မေမေ့ကို အမြဲတမ်း..."ကိုယ်က ညီမလေးတစ်ယောက် သိပ်လိုချင်တာကွ၊ ကိုယ်အခု ညီမလေးတစ်ယောက် ရပြီ"...လို့ ခဏခဏ ထုတ်ပြောနေတော့တာပဲ။

တစ်ကယ်လည်း မေမေတို့နှစ်ယောက်ဟာ သိပ်ချစ်ခဲ့ကြတယ်...သားရဲ့။

ဘယ်လောက်တောင် ချစ်ခဲ့သလဲဆို မမမြက သူများဆိုင်မှာ လခစား ဝန်ထမ်းဘဝနဲ့ လုပ်ကိုင်ရတာကို စိတ်ပျက်လာပြီး ကိုယ်ပိုင် အလုပြင်ဆိုင်လေး တစ်ဆိုင်ဖွင့်တော့မယ်လို့ လုပ်တဲ့အခါ မေမေ့ကို..."ခင်လေး...ကိုယ်နဲ့အတူ လိုက်လာရမယ်နော်.."လို့ ပြတ်သားစွာ ပြောခဲ့ဖူးတယ်လေ။

မမမြက တကယ်လည်း ကိုယ်ပိုင်အလုပြင်ခန်းလေးတစ်ခု ဖွင့်ဖြစ်ခဲ့ တယ်။ သူကအရင်ဆုံး စမ်းချောင်းက လူစည်ကားတဲ့ လမ်းကလေးတစ်လမ်း ထဲမှာ တိုက်ခန်းတစ်ခုကို အပိုင်ဝယ်ပစ်လိုက်တယ်။

အဲဒါအခု မေမေနေတဲ့တိုက်ခန်းကလေးပါပဲ။ အဲဒီ တိုက်ခန်းကလေးမှာ မြေညီထပ်ကို အလုပြင်ထိုင်ခုံလေး လေးခုံလောက်ချပြီး ဆိုင်ခန်းလေးတစ်ခု လုပ်လိုက်တာနဲ့ နေရာကအပြည့် ဖြစ်သွားတာ။ နောက်ဖက်မှာ မီးဖိုခန်းနဲ့ ထမင်းစားခန်းနေရာ နည်းနည်းလောက်ပဲ ကျန်တော့တယ်။ ဒါပေမယ့် ထပ်ခိုးပေါ်မှာကတော့ လူတစ်ယောက်၊ နှစ်ယောက်အိပ်စာ ရှိပါသေးတယ်။

ဖြစ်ချင်တော့ မမမြက ရွှေဂုံတိုင်ဖက်မှာ မိသားစုနဲ့အတူနေတာဆိုတော့ ဆိုင်မှာ ညစောင့်မအိပ်နိုင်ဘူးလေ။ ဒီတော့ သူက မေမေ့ကို ပြောပြန်ရော။

"ခင်လေး...ခင်လေးအခုနေတဲ့ အိမ်ကနေအပြီး ထွက်လာလိုက်တော့၊ ဒါ...ခင်လေးကို ကိုယ်ကကူညီတာ မဟုတ်ဘူး၊ ခင်လေးက ကိုယ့်ကို ကူညီတာ..." တဲ့။

မမမြက မေမေ့ကို နားဝင်အောင်လည်း လိမ္မာပါးနပ်စွာနဲ့ ပြောတတ်သေး တယ်။ ဟုတ်တော့လည်း ဟုတ်ပါတယ်။

ဆံပင်မိတ်ကပ်အလုပြင်ခန်းဆိုတာ တန်ဖိုးကြီးပေးရတဲ့ လျှပ်စစ်ပစ္စည်း တွေ၊ အလုကုန် အမျိုးပေါင်းသောင်းခြောက်ထောင်နဲ့ ပြည့်နှက်နေတာမို့ ညရေးညတာကို လူတစ်ယောက်တော့ ဆိုင်ခန်းမှာ စောင့်အိပ်ဖို့လိုတာ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ သူ့ကို ဘာပြင်းဖို့လိုဦးမှာလဲ…သားရယ်။ မေမေ သူ့ကို စကားတစ်ခွန်းတည်းနဲ့ပဲ ခေါင်းညိတ်လိုက်ရတော့တာပဲ။

"မမမြရယ်…ခင်လေး အခုနေတဲ့အိမ်က ခင်လေးအိမ်မှ မဟုတ်ဘဲ"…လို့ မေမေ သူ့ကို ပြန်ပြောခဲ့မိတယ်။

တကယ်တော့ မေမေဟာ အဲဒီအချိန်တုန်းက 'အိမ်…'ဆိုတဲ့ စကားလုံးလေးတစ်ခုကို သေချာကျနစွာ နားလည်ပြီးတော့မှ ပြောခဲ့တာပါ။ မမမြရဲ့ တိုက်ခန်း ကျဉ်းကျဉ်းလေးပေါ်က ထပ်ခိုးလေးတစ်ခုဟာ မေမေ့အတွက်တော့ အိမ်…ပါပဲ။ မမမြရဲ့ ဂရုဏာရယ်၊ မေတ္တာရယ် အပြည့်ဖြည့်ဆီးပေးထားတဲ့ အိမ်ကလေးတစ်လုံးပေါ့။

အဲဒီအိမ်ကို မေမေရောက်ခဲ့တဲ့ အချိန်ကစပြီး မေမေ့ဘဝဟာ ပြောင်းလဲခဲ့ပါတယ်။ တိတိကျကျပြောရရင် မေမေ့ဘဝဟာ အဲဒီအချိန်ကမှ စခဲ့တာပါ။ မေမေလိုချင်တဲ့၊ မေမေ့ကိုယ်မေမေပိုင်တဲ့၊ ဘဝလေးတစ်ခုကို မေမေ အဲဒီအချိန်ကျမှ ရခဲ့တာပါ…သား။

မေမေ ပျော်ခဲ့တယ်လေ…။ မေမေ ပျော်ခဲ့တယ်…သားရဲ့။ မေမေ့ဘဝမှာ မျှော်လင့်ရခဲလွန်းလှတဲ့ ပျော်ရွှင်မှုဆိုတာကို မမမြရဲ့ ဆိုင်ခန်းအသစ်လေးဆီ မေမေပြောင်းလာတဲ့နေ့ကစလို့ ရရှိခဲ့ပါတယ်။ မေမေက အဲဒီအလှပြင်ဆိုင်အသစ်လေးမှာ မမမြ ယုံကြည်အားကိုးရတဲ့ မမမြရဲ့လက်ထောက်ပေါ့။ မမမြရဲ့လူယုံပေါ့။

မေမေဟာ အဲဒီဆိုင်ခန်းကလေးရဲ့အကောင်းအဆိုး၊ အကျိုးအမြတ်တွေကို မမမြနဲ့ခွဲဝေခံစားရတဲ့ သူတစ်ယောက်ဖြစ်လာခဲ့တယ်။ အံ့သြစရာ ကောင်းတယ်နော်။

မေမေက မမမြကို အိမ်ခန်းငှားခပေးစရာမလိုတဲ့အပြင် (EVER GREEN)ဆိုတဲ့ အလှပြင်ခန်းကလေးရဲ့ မန်နေဂျာရာထူးကိုပါ ရခဲ့တဲ့ အဖြစ်လေ။

မမမြက မေမေ့ကို အလှပြင်ဆိုင်ရဲ့ လုပ်ငန်းတော်တော်များများကို လွှဲအပ်ပြီး မေမေ့စိတ်ကြိုက် လုပ်ကိုင်စေခဲ့တယ်။ မမမြလုပ်တာက ငွေကိုင်တာရယ်၊ ပစ္စည်းဝယ်ဖို့ရယ်၊ အပြင်ထွက်ပြီး မင်္ဂလာဆောင်လို(OUTDOOR) ထွက်ပြင်တာတွေကိုရယ်ပဲ လုပ်တယ်။ မေမေက ဆိုင်မှာ အချိန်ပြည့်နေပြီး ဆိုင်ကို ဦးစီးတဲ့အလုပ်ကို လုပ်ရတယ်။ ဆိုင်မှာ မမမြနဲ့မေမေ့အပြင် အလှပြင်





ဆရာမ နောက်ထပ်နှစ်ယောက်ကိုပါ ငှားထားတော့ မေမေက အဲဒီနှစ်ယောက်ကိုပါ အုပ်ချုပ်သင်ပြရတဲ့ အဆင့် ရောက်သွားတော့တာပေါ့။

မေမေက ဆိုင်မှာလိုအပ်မယ့် ပစ္စည်းတွေစာရင်းကို ပြုစုရတယ်။ မမမြကိုဝယ်ခိုင်းဖို့ သတိပေးရတယ်။ ညနေ ငါးနာရီထိုး…ဆိုင်ပိတ်ပြီဆိုရင် မေမေက ကလစ်တွေ၊ ဆက်တင်လိပ်တွေ၊ ရိုလာလိပ်တွေ၊ ခေါင်းပေါင်းတဘက်တွေ အပျောက်အရှ မရှိအောင် လိုက်စစ်ဆေးရတယ်။ ညနေဆိုင်ခန်း သန့်ရှင်းရေးကို မေမေပဲ လုပ်ရတဲ့အပြင် ညကျတော့လည်း လျှော်စရာရှိတဲ့ တဘက်တွေ၊ လိုက်ကာတွေ၊ ကုလားထိုင်ဖုံးတွေကအစ မေမေ လျှော်ပစ်၊ အသစ်လဲတန်တာ လဲပစ်…၊ လုပ်ရတယ်။

ဒါပေမယ့် မေမေ မမောဘူး သားရဲ့။ မေမေက ပျော်နေတာ။

မေမေက မေမေ့ကိုယ်ပိုင် အလှပြင်ဆိုင်လေးတစ်ခုလို သဘောထားပြီး အစစအရာရာ သေသေသပ်သပ်လုပ်တာ။ မမမြကဆို မေမေ့ကို ချီးမွမ်းမဆုံးဘူးပေါ့။ ဒီလိုနဲ့ပဲ မမမြနဲ့မေမေတို့ရဲ့ ရင်းနှီးချစ်ခင်မှုက အတိုင်းအဆမသိ ပိုခဲ့တယ်။

အစက မနက်ကိုးနာရီ ဆိုင်ဖွင့်ချိန်ရောက်မှလာပြီး အိမ်က ထမင်းဗူး ထည့်လာ တတ်တဲ့ မမမြဟာ မေမေ့ကို…။

"ခင်လေးရေ…မမမြ ထမင်းဗူးယူမလာတော့ဘူးကွာ၊ ခင်လေး စားဖို့ချက်တဲ့အခါ တစ်ယောက်စာ မချက်နဲ့၊ နှစ်ယောက်စာချက်တော့"…လို့ ပြောပြီး နေ့လည်စာကို မေမေနဲ့အတူ ပေါင်းစားခဲ့တာ ဆိုင်ဖွင့်ပြီး တစ်လခွဲလောက်ကတည်းက စခဲ့တာပဲ။ ပြီးတော့ မမမြက သူ့အတွက် နေ့လယ်စာ ထမင်းဖိုး၊ ဟင်းဖိုးယူပါဆိုပြီး မေမေ့ကို လခတွေတိုးပေးခဲ့ပြန်ရော။ နောက်တော့ ညနေပိုင်း လူကျလို့ ဆိုင်ပိတ်ချိန် နောက်ကျတဲ့ရက်တွေဆို ညနေစာပါ မေမေနဲ့အတူ ပေါင်းစားတဲ့အကျင့် မမမြရသွားပြန်ရော။

အဲဒီကျတော့ မမမြက မေမေ့ကို လခတိုးမပေးတော့ဘူး။ ဆိုင်ရဲ့အမြတ်ငွေကို မေမေက သုံးပုံတစ်ပုံအချိုးကျယူရမယ်။ မယူလို့မရဘူးဆိုပြီး အတင်းပြောတော့တာပဲ။ မမမြရဲ့စေတနာကို မေမေ နားလည်နေတော့ ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး…သားရယ်။ မေမေက အားနာလွန်းတော့…"မမမြရယ် လေးပုံတစ်ပုံပဲ ခင်လေး ယူမယ်နော်…"လို့ ပြတ်သားစွာ ငြင်းပြော ပြောလိုက်တော့မှ မမမြက ရယ်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေးက သိပ်ရိုးတာပဲကွယ်၊ ဒါကြောင့်...ခင်လေးကို လက်မလွှတ်နိုင်တာပေါ့..."ဆိုပြီး မေမေ့စကားကို လက်ခံခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး မမမြဟာ သူ့ရဲ့ရွှေဂုံတိုင်အိမ်မှာ ညပြန်အိပ်တာကလွဲလို့ မေမေနဲ့အတူ အဲ့မြဲစိမ်း...အလှပြင်ဆိုင်ခန်းလေးထဲမှာ အတူစား၊ အတူနေ၊ အတူအလုပ်လုပ်၊ အတူပျော်ရွှင်ခဲ့ကြတာ ဒီနေ့ထက်ထိပါပဲလေ။

မမမြဟာ မေမေ့အတွက် တိုးတိုးဖော်တိုးတိုးဖက်၊ တိုင်ပင်ဖော်တိုင်ပင်ဖက် အစ်မရင်းတစ်ယောက် ကောက်ရလိုက်သလိုပါပဲ။ အဲဒီအချိန်တွေတုန်းက မေမေဟာ မေမေ့ဘဝကို မေမေပြည့်စုံလိုက်တာ၊ ကံကောင်းလိုက်တာလို့တွေးပြီး အကျေနပ်ကြီး ကျေနပ်ခဲ့ တာပေါ့။ မေမေ ပျော်ရွှင်ခဲ့တာပေါ့။ တကယ်တမ်းပြောရရင် အဲဒီတုန်းကအချိန်ကလေးတွေဟာ မေမေ့ဘဝတစ်သက်တာအတွက် အပျော်ရွှင်ဆုံး အချိန်ကလေးတွေလို့ ပြောရင်တောင် ရပါတယ်...သား။

၅၂၈...လေ။ ၅၂၈ ဟာ သိပ်ကိုအေးမြတာပေါ့...သားရယ်။ မမမြဟာ မေမေ့ကို အင်မတန်အေးမြတဲ့ မေတ္တာရိပ်တစ်ခုပေးခဲ့သူပဲ။ မမမြဟာ မေမေ့အတွက်တော့ သစ်ပင်တစ်ပင်ပဲ။ ယမင်းခင်ဆိုတဲ့ နွယ်ရှင်ပင်လေးတစ်ပင် ခိုကပ်မှီတွယ်ပေါက်ဖွားဖို့ မားမားမတ်မတ် ရှင်သန်ခိုင်မာပေးခဲ့တဲ့ သစ်ပင်ကြီးတစ်ပင်ပဲ။ သူ့အရိပ်ဟာ မေမေ့ကို အေးမြစေခဲ့တာပေါ့ကွယ်။

ဒါပေမယ့်လေ...။

မေမေဟာ မှားယွင်းစွာနဲ့ပဲ နောက်ထပ် ခိုလှုံမှီဝင်စရာ သစ်ပင်ရိပ်တစ်ခုကို ရှာဖွေမိခဲ့ပြန်တယ်။ အဲဒါမှားယွင်းခဲ့တဲ့ မေမေရဲ့ လုပ်ရပ်တစ်ခုပါပဲ။ မေမေက...၁၅၀၀နဲ့ ရှာဖွေခဲ့မိတာကိုး။ တကယ်တော့ မေမေရှာဖွေတွေ့ရှိခဲ့တာဟာ သစ်ပင်ရိပ်တစ်ခုမှ မဟုတ်ပဲ။ အဲဒါ သစ်ပင်တစ်ပင်မှ မဟုတ်ခဲ့ပဲ။

အဲဒါ...မီးလျှံတစ်ခု ဖြစ်နေခဲ့ပါတယ်။

❏ ❏ ❏

## ၄

မမမြက ဆိုင်ကို မနက်ကိုးနာရီလောက်မှ ရောက်တဲ့သူဆိုတော့ မေမေ မနက်တိုင်း ဖြစ်ဖြစ်နေတတ်တဲ့ ကိုယ်ဝန်ရှိကာစ မူးဝေပျို့အန်တာတွေကို မသိသေးဘူး။ တစ်ခါမှ မမြင်တွေ့ခဲ့သေးဘူး။

ဒါပေမယ့် တစ်ရက်မှာတော့ မမမြကဆိုင်ကို မနက်ရှစ်နာရီမထိုးသေးခင် ရောက်လာတဲ့အခါ မီးဖိုခန်းထဲက လက်ဆေးကြွေကန်ထဲ ပျို့အန်နေတဲ့ မေမေ့ကို သူတွေ့သွားတာပေါ့။

ရုတ်တရက်တော့ မမမြက ထိတ်လန့်သွားတဲ့ပုံပဲ။

"ဟင်...ခင်လေး၊ နေမကောင်းဘူးလား၊ ဘာဖြစ်တာလဲ..." ဆိုပြီး သုတ်သုတ်ပျာပျာနဲ့ မေမေ့နောက်ကျောကိုလာပြီး အန်ရသက်သာအောင် လာဖိပေးနေတယ်။

တကယ်တော့ မေမေဒီလို မနက်တိုင်း ပျို့အန်နေကတ်တာ လေးရက်ဆက်တိုက်လောက်တောင် ရှိနေပါပြီ။ အန်ရင်လည်း တစ်ခါတစ်လေ မနက်စာ၊ ဒါမှမဟုတ် ညကစားထားတဲ့ အစာတွေပါ ပါသွားတတ်တော့ အန်ပြီးသွားတာနဲ့ မေမေ့မှာ မောဟိုက်နွမ်းနယ်ပြီး ကျန်ခဲ့တော့တာပဲ။

အခုလည်း မေမေအန်ပြီးသွားရော မမမြကို မှီတွဲပြီးတော့မှ မေမေ ကောင်းကောင်း ရပ်နိုင်တော့တယ်။ မမမြက မေမေ့ရဲ့မျက်နှာကို ကြည့်ပြီး "ခင်လေးရယ်...မျက်နှာကို ချောင်ကျသွားလိုက်တာ၊ ဒီလိုဖြစ်နေတာ ကြာပြီလားဟင်..." လို့ မေမေ့ကိုမေးတယ်။

မေမေလည်း ဘာပြန်ပြောရမှန်းမသိဘဲ၊ မမမြတွဲပြီးပို့တဲ့ ထပ်ခိုးပေါ်က



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ အိပ်ရာဆီပဲ လျှောက်သွားအိပ်ချလိုက်တော့တယ်။

မေမေ...မမမြကို ဖွင့်ပြောပြရပါတော့မယ်။ ဒီကိစ္စကိုမေမေ ဘယ်လောက်ကြာကြာ ဖုံးထားနိုင်မှာလဲ။ မေမေ့မှာ အားကိုးစရာ၊ တိုင်ပင်စရာဆိုလို့ မမမြပဲကျန်တော့တာပဲ။ မမမြ ဒါကိုသိသင့်တာပေါ့။ ပြီးတော့ မမမြ ဒီကိစ္စကို သိသွားတဲ့အခါ ဘယ်လိုပုံစံနဲ့များ မေမေ့ကို တုန့်ပြန်မှာပါလိမ့်။ မေမေ့ကို စိတ်များဆိုးမလား။ တအားများ မုန်းသွားမလား။ မေမေ့မှာ မမမြကို ဖွင့်ပြောရမှာတောင် ကြောက်ရွံ့တုန်လှုပ်လာရင်း ဝေခွဲမရ ဖြစ်လာမိတော့တယ်...သားရယ်။

မေမေလေ...စိတ်ပျက်လက်ပျက် အားအင်ကုန်ခမ်းစွာ အိပ်ရာထဲ မှိန်းနေတုန်း မမမြက မေမေ့ထပ်ခိုးပေါ်က ဆင်းသွားပြီး...။

“ခင်လေးရေ...လုံနေဦး၊ သက်သာသလိုနေဦး၊ မမမြ အသိဆရာဝန်တစ်ယောက်ဆီ ဖုန်းဆက်ခေါ်လိုက်ဦးမယ်...”လို့ လှမ်းအော်ပြီး တိုက်ခန်းအပြင်ဖက်ထွက်သွားရော...သားရဲ့။ မေမေလှမ်းတားမြစ်ဖို့တောင် အချိန်မရလိုက်တော့ဘူး။ ဖုန်းက မေမေတို့တိုက်ခန်းနဲ့ ကပ်လျက်တိုက်မှာ သွားဆက်ရတာကိုး။ မေမေလည်း ဘာမှ မတတ်နိုင်တော့ပဲ အိပ်ရာထဲကနေပြီး ဆရာဝန်ကို စောင့်နေလိုက်တော့တယ်။

မမမြက ခဏကြာတော့ ဆရာဝန်ရဲ့ဆေးအိတ်ကိုဆွဲပြီး ထပ်ခိုးပေါ်တက်လာတယ်။ အဲဒီအချိန်မှာ မေမေလေ...မမမြမျက်နှာကို မကြည့်ရဲတော့ဘူး။ ဆရာဝန်ကို မေမေဘာပြောရမလဲ။ ကံကောင်းချင်တော့ ဆရာဝန်ဆိုတာ မေမေတို့ဆိုင်မှာ အမြဲဆံပင်လာညှပ်ပုံသွင်းနေတဲ့၊ မေမေနဲ့လည်း ရင်းနှီးတဲ့ အမျိုးသမီး ဆရာဝန်တစ်ယောက် ဖြစ်နေတာပါပဲ။

မမမြက အောက်ဆင်းပြီး ရေနွေးဇလုံသွားယူနေတုန်း မေမေလည်း ဆရာဝန်ကို အဖြစ်မှန်အတိုင်း ဖွင့်ပြောပြဖို့ ကြိုးစားရတယ်။ မေမေ့မှာ မိန်းမသဘာဝ မမှန်တာမဖြစ်တာကိုပဲ နှစ်လကျော်ရှိနေပြီလေ။ ဆရာဝန်က မေမေ့ကို နောက်ထပ် အသေးစိတ်အချက်အလက်နည်းနည်းပဲ မေးပြီး ဗိုက်ကိုစမ်းပါတယ်။ ပြီးတော့ ကိုယ်ဝန်ရှိမရှိ စမ်းသပ်စစ်ဆေးတဲ့ စက္ကူအသင့်ပါနေတာမို့ မေမေ့ကို ချက်ချင်း ဆီးထသွားခိုင်းပါတယ်။ ပြီးတော့ မေမေ့ဆီးထဲကို အဲဒီ စက္ကူစလေး စိမ်ပြီး ချက်ချင်းစစ်ပေးပါတယ်။

မမမြက ဆရာဝန်ဘာတွေလုပ်နေပါလိမ့်...ဆိုပြီး အံ့ဩမှင်တွေတဲ့





မျက်လုံးတွေနဲ့ လိုက်ကြည့်နေခဲ့တယ်။ မမမြက ဒါတွေဘယ်သိမလဲ။ မမမြက အပျိုကြီးမမတစ်ယောက်ပဲ။ ပြီးတော့ အိမ်မှာက အစ်ကိုသုံးယောက်နဲ့ နေရတဲ့ သမီးအငယ်ဆုံး။ ဒီတော့ ဒါတွေကို သူဘယ်ရိပ်မိမလဲ။

ဆရာဝန်က ဆီးစစ်ပြီးတဲ့အဖြေကို စက္ကူစလေးပေါ်မှာ ဖတ်ရင်း ခေါင်းညိတ်တယ်၊ ပြီးတော့ မေမေ့ကို “Positive...နော်...” လို့ လှည့်ပြောတယ်။

မေမေ မအံ့ဩပါဘူးကွယ်။ မေမေက သိပြီးသားပဲ။ မေမေသိနှင့်တာ ကြာပြီပဲ။

မေမေချစ်တဲ့ မေမေ့သားလေး မေမေ့ ဝမ်းထဲ ရောက်ရှိလာတာကို မေမေမှ အရင်ဆုံးမသိရင် ဘယ်သူက ကြိုသိဦးမှာလဲ။ မေမေ ဝမ်းသာရမှာလား။ ဆရာဝန်ရဲ့ တိကျသေချာမှုအတွက် မေမေဟာ ဆရာဝန်ကို အပြုံးတစ်ခုနဲ့ တုန့်ပြန်လိုက်ရမလား။ အို...ကျွန်မဝမ်းသာလိုက်တာ ဒေါက်တာရယ်...လို့ မေမေ ပြဇ္ဇာတ်ဆန်ဆန် ထအော်လိုက်ရမှာလား။

သေချာတာကတော့ အဲဒီအချိန်တုန်းက မေမေ့ရဲ့မျက်နှာဟာ ကျောက်ရုပ်တုတစ်ခုရဲ့မျက်နှာမျိုးလို အေးခဲငိုင်တွေနေမှာပဲနော်။

ဆရာဝန်က ပြီးတော့ မေမေ့ကို အကြောဆေးတစ်လုံး ထိုးပေးတယ်။ အားဆေးတွေလည်း သောက်ဖို့ပေးထားတယ်။

□□“အန့်တာများလို့ သွေးပေါင်ကျနေတာပါ၊ မစိုးရိမ်ပါနဲ့၊ အအန့်ပျောက်ဆေးပါ ပေးခဲ့မယ်နော်...” လို့လည်း ပြုံးပြီးပြောတယ်။

အဲဒီနောက် ဆရာဝန်ကိုလိုက်ပို့ရင်း မမမြပါ ထပ်ခိုးပေါ်က ဆင်းသွားပါတယ်။ မမမြရဲ့မျက်နှာမှာတော့ ဝေခွဲမရတဲ့ဟန်ပန် ပေါ်နေတုန်းပါပဲ။ အောက်ထပ်မှာ ဆရာဝန်နဲ့မမမြ စကားပြောနေဆိုနေသံကို မသဲမကွဲ ကြားရတယ်။ ဆရာဝန်က ပြောသွားမှာပါ။ မမမြကို မေမေ့ရဲ့အကြောင်း ပြောပြသွားမှာပါ။ မမမြ အခုဆို သိနေလောက်ပါပြီ။ မေမေရဲ့ရောဂါဝေဒနာ မဟုတ်တဲ့ အဖြစ်မှန်ကို အံ့အားတသင့်ကြီးနဲ့ မမမြသိသွားပြီပေါ့။

အဲဒီနောက်တော့ မေမေလည်း ထပ်ခိုးပေါ်ကို မမမြပြန်တက် လာမယ့် အချိန်ကို ရင်တထိတ်ထိတ်နဲ့ စောင့်ဆိုင်းနေခဲ့ရတော့တယ်။ အဲဒီအချိန်လေးမှာ မေမေ့နားထဲ ဘာသံမှ မကြားရလောက်အောင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် သွားခဲ့ရတယ်။ ခဏပဲ ကြာပါတယ်။ မမမြ ထပ်ခိုးပေါ်ကို ပြန်တက်လာတဲ့ ခြေသံတစ်ထစ်ချင်း မေမေ ကြားလာရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မမမြ မေမေ့ဘေးနားကို ရောက်လာမှ မေမေ…သူ့မျက်နှာကို ကြည့်ရဲ ပါတယ်…သား။

မမမြ ရုတ်တရက်တိတ်ဆိတ်စွာ ဘာမှမပြောပဲ မေမေ့ကို ငုံ့ပြီးတော့ပဲ ကြည့်နေတယ်။ မမမြရဲ့မျက်မှောင်တွေက ကျုံ့နေကြတယ်။ ဟုတ်တယ်။ သေချာတယ်။ မမမြသိသွားခဲ့ပြီ။ မေမေ ဖွင့်ပြောစရာ မလိုတော့လောက်အောင် မမမြ အားလုံးသိသွားခဲ့ပါပြီ။ မမမြ ဘာပြောမှာလဲဟင်။ မေမေ ထင်လိုက်တာ မမမြ မေမေ့ကို အော်ဟစ်လိုက်တော့မယ်လို့ ထင်လိုက်မိတာ။

ဒါမှမဟုတ်…"မိုက်လိုက်တာ ခင်လေးရယ်…"လို့ နာနာကျည်းကျည်း မြည်တမ်းလိုက်တော့မယ်လို့ ထင်လိုက်မိတာ။

တကယ်တမ်း သူရေရွတ်လိုက်တဲ့စကားက…။

"မင်း…ဘာဖြစ်လို့ ကိုယ့်ကို စောစောစီးစီး မပြောတာလဲ…"တဲ့။ မေမေလေ… …။

မေမေ့မှာ စောစောကရှိနေတဲ့ အားငယ်မှုတွေ…၊ စိုးရွံ့မှုတွေ၊ ထိတ်လန့်မှုတွေ ဘာမှမရှိကြတော့ဘဲ မမမြရဲ့လက်ကို အားကိုးတကြီး ဆွဲယူဆုပ်ကိုင်လိုက်မိတော့တယ်။ မမမြက မေမေ့ကို မဆူဘူးသားရဲ့။ မေမေ့ကို လုံးဝ မဆူခဲ့ဘူး။ မေမေ့မျက်လုံးတွေထဲကို ဂရုစိုက် နွေးထွေးလွန်းတဲ့ အကြည့်တွေနဲ့ပဲ ကြည့်နေခဲ့တာ။

မေမေလေ ရင်ထဲမှာ ဘယ်လိုကြေကွဲဝမ်းနည်းလာမိမှန်း မသိဘူး။

မျက်ရည်တွေဝဲလာရင်း မမမြရဲ့လက်ကို ဆွဲကိုင်လှုပ်ရမ်းပြီး ပါးစပ်က အော်မေးလိုက်မိပါတယ်။

"မမမြရယ်…ခင်လေးကို ပြောပါဦး၊ မမမြ အစကတည်းက မပြောဘူးလားလို့ ခင်လေးကို ပြောပါဦး၊ ခင်လေးကို ဆူပါဦး"…လို့ မေမေလည်း ပြောလိုက်မိတယ်။

မမမြက ပြောခဲ့ဖူးတယ် မဟုတ်လား။

"ယောကျ်ားတစ်ယောက်ရဲ့ ချောမောလှပမှုဟာ မိန်းမတွေအတွက် အန္တရာယ်ပဲ"…တဲ့။ အဲဒီစကားကို မမမြပြောခဲ့တာ မေမေက သူ့အချစ်ကို လက်ခံလိုက်ပြီလို့ မမမြကို ဖွင့်ပြောပြလိုက်တဲ့ နေ့တုန်းကပေါ့။

မေမေ့ကို မမမြတားခဲ့ဖူးတယ်လေ။ မေမေ နားမထောင်ခဲ့ဘူး။ ခင်လေး ရွေးချယ်သင့်တဲ့ သူဟာ သူမဟုတ်ဘူးတဲ့။ မမမြပြောခဲ့ဖူးပါသေးတယ်။





ဒါလည်း မေမေနားမဝင်ခဲ့ပြန်ဘူးလေ။

"သူ့အကြောင်းကို ခင်လေးထက် မမမြပိုသိတယ်၊ ဒါပေမယ့် အခုအချိန်မှာတော့ ခင်လေးက ခင်လေးကိုယ်ခင်လေး ပိုသိတယ်လို့ ထင်နေဦးမှာပဲ…"တဲ့။ ဒါလည်း မမမြပြောခဲ့တဲ့ စကားတစ်ခွန်းပဲ။ အခုတော့ ခင်လေး နောင်တတွေများစွာနဲ့ မမမြစကားတွေကို သဘောပေါက်နေပါပြီ မမမြရယ်။ နားလည်းလည်နေခဲ့ပါပြီ။ အခုချိန်ကျတော့ မမမြက ခင်လေးကို ဘာဆိုဘာမှ မပြောတော့ဘူးနော်။ ခင်လေးရဲ့အမှားတွေကို မမမြပြင်ဆင်ဖို့ မကြိုးစားတော့ဘူးနော်။

ဟုတ်ပါတယ်လေ။ ခင်လေးရဲ့အမှားတွေက ပြင်လို့ရမယ့်အမှားတွေမှ မဟုတ်တာ။ အခုတော့ ခင်လေးသိပါပြီ။ ခင်လေးသိနေပါပြီ မမမြရယ်။ ခင်လေးဟာ ကိုယ်ဘာမှမသိတဲ့ လူတစ်ယောက်ကို ချစ်ခဲ့မိတယ်ဆိုတာ။ ခင်လေးမှားခဲ့ပြီ။ မမမြရဲ့စကားကို နားမထောင်မိတဲ့ခင်လေး…အခုတော့ လောကကြီးရဲ့ဒဏ်ခတ်မှုကို ခံရပြန်ပြီလေ။

မေမေလေ အဲဒီစကားတွေကို ရင်ထဲကနေပဲ ပြောနေမိပြီး၊ နှုတ်ဖျားက တစ်ခွန်းမှ ထွက်မလာနိုင်တော့ဘူး။ မမမြရဲ့မျက်လုံးတွေကို မေမေ တုန်လှုပ်စွာ ပြန်စိုက်ကြည့်နေဖို့ပဲ မေမေတတ်နိုင်ပါတော့တယ်။ ငြိမ်သက်အေးစက်နေတဲ့ မေမေ့ကို မမမြက တစ်ခွန်းတည်းပြန်မေးခဲ့ပါတယ်။

"ခင်လေး…အဲဒါ…သူသိပြီးပြီလား…"တဲ့။

မမမြရဲ့အဲဒီစကားတစ်ခွန်းက မေမေ့ရင်ထဲကို ဓားတစ်ချောင်းလို စူးနစ်ဝင်ရောက်သွားခဲ့ပါတယ်။

မေမေ နာကျင်လိုက်တာများ သားရယ်။ ပြီးတော့ မေမေ…ငိုလည်းငိုချင်တိတ် ပေါက်သွားခဲ့ရတယ်။ မမမြရယ်..မမမြလည်း တကယ်တော့ ခင်လေးလိုပဲ သူ့အကြောင်းကို ဂဃနဏ…မသိခဲ့သူပါပဲလား။ မမမြရေ…မမမြထင်တာထက် သူဟာ အဆပေါင်းများစွာ ပိုရက်စက်ခဲ့ ပြီးပြီလေ။

"သူ…သိပြီးပါပြီ"

မေမေက မေမေ့ရဲ့အဖြေစကားကို အတတ်နိုင်ဆုံးတည်ငြိမ်အောင် သတိထားပြီးပြောရတယ်။ မေမေ့စကားကိုကြားတော့ မမမြရဲ့မျက်လုံးတွေက ချက်ချင်း အေးစက်သွားကြတယ်။ ပြီးတော့မေးတယ်။

"သူက…ဘာပြောလဲ…"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မမေ ဘယ်လိုဖြေရမလဲ...သားရယ်။ မမေ့ဘဝမှာ ဒီတစ်ခါလောက် ဖြေရခက်တဲ့ မေးခွန်းမျိုးကို အမေးမခံဖူးဘူး ထင်ပါရဲ့။

ဒါပေမယ့် ဖြေရတော့မယ်။ မမေ ဘယ်လိုရဲဝံ့ပြတ်သားမှုမျိုးနဲ့ ဖြေရမှာလဲဟင်။ နောက်ဆုံးတော့ မမေ...မမမြဆီကအကြည့်ကို လွှဲပစ်လိုက်တယ်၊ ခေါင်းကိုငိုက်ထားရင်း မမမြကြားသာရုံ တိုးတိုးလေးပဲ မမေ ပြန်ဖြေမိတော့တယ်။

"သူက...သူက တာဝန်မယူနိုင်ဘူး..."ဆိုတဲ့အဖြေကို လည်း ကြားရော မမမြက "ဘာ...."ဆိုပြီး ထိတ်လန့်တကြီး အော်ဟစ်ခဲ့ပါတယ်။

မမေ့မှာ မမမြရဲ့အံ့ဩထိတ်လန့်မှုတွေကြားထဲကို စကားဖြတ်ပြောဖို့ မနည်းကြိုးစား အားယူခဲ့ရပါသေးတယ်။

"ပြီးတော့...သူက ခင်လေးကို လက်မထပ်နိုင်ဘူးတဲ့၊ ကလေးအတွက် ငွေ—ငွေ....ငါးသောင်းဆိုလောက်ပါတယ်...ဆိုပြီး လှကြဲနဲ့..."

"မိုက်ရိုင်းလိုက်တာ"

အဲဒါ မမမြရဲ့ပြတ်သားတဲ့ မှတ်ချက်ပါပဲ။ မမေဆက် ပြောပြရပါတယ်။

"ခင်လေး...ခင်လေး....သူ့ငွေတွေ ပြန်ပေးလိုက်တယ်"

"အဲဒါမှန်တယ်"

မမမြက အဲဒီလို တစ်ခွန်းတည်းပြန်ပြောပါတယ်။ ဒါပေမယ့် သားရယ်... မမေ့မှာ အဲဒီထက်ဆိုးဝါးတဲ့ ဇာတ်သိမ်းလေးတစ်ခုရှိနေတယ်ဆိုတာ မမမြကို ပြောပြရဦးမှာပေါ့။ မမမြ သိထားရဦးမှာပေါ့။

"မမမြ...ခင်လေးသူ့အိမ်ကို လိုက်သွားတယ်၊ သူ...သူ...စင်ကာပူကို ထွက်သွားတာ တစ်ပတ်ကျော်ပါပြီ၊ အနည်းဆုံးနှစ်နှစ်...နှစ်နှစ်ကြာမယ်တဲ့"

"အို...မဟုတ်တာ"

မမမြဆီက ပြတ်သားစွာ အကြောက်အကန်ငြင်းဆိုသံကို မမေကြားရတဲ့အပြင် မမမြမျက်ဝန်းထဲမှာလည်း မမေ အဓိပ္ပာယ်မဖော်တတ်တဲ့ အရိပ်တစ်မျိုး ဖြတ်ပြေးသွားတာ တွေ့လိုက်ရတယ်...သား။

မမမြရယ်...မမမြ မငြင်းဆန်ပါနဲ့တော့။ အဲဒါအမှန်တရားပါ။ ခင်လေး ရရှိလိုက်တဲ့ အမှန်တရားပါ။ ဒါ...သူနဲ့ပတ်သက်ပြီး နောက်ဆုံးရရှိလိုက်တဲ့ အမှန်တရားတစ်ခုပါ။

သားရေ...မမေဟာ အခုအချိန်မှာတော့ သူနဲ့ပတ်သက်ပြီး ဝမ်းမနည်း





တတ်လောက်အောင် အသည်းနှလုံးတွေ မာကျောနေပါပြီ။ မမေ့ရင်ထဲမှာ ဘာကိုမှ မကျန်တော့လောက်အောင် ရှင်းလင်းလွန်းနေခဲ့ပါပြီ။ ပြီးတော့ မမေရွေးချယ်ရမယ့် မမေ့ရှေ့ဘဝလမ်းကိုလည်း ပြတ်ပြတ်သားသား ဆွဲခဲ့ပါပြီ။ မမေဆုံးဖြတ်ပြီးပြီ...သားရဲ့။ မမေဟာ တိကျခိုင်မာတဲ့ ဆုံးဖြတ်ချက် တစ်ခုကို မမေ့ရင်ထဲမှာ ချမှတ်ပြီးနေပါပြီ။

အဲဒီဆုံးဖြတ်ချက်ကို မမမြသိအောင် မမေထုတ်ပြောပြဖို့ ကြိုးစားလိုက် ရပါတယ်။

"မမမြရယ်...အခုအချိန်ကျမှတော့ သူနိုင်ငံခြားကို တကယ်သွား သလား မသွားဘူးလားဆိုတာလည်း ခင်လေးမသိချင်တော့ပါဘူး၊ အခု အချိန်မှာ သူ— ခင်လေးရှေ့ လာရပ်ရင်တောင် ခင်လေး သူ့မျက်နှာကို မကြည့်ချင်တော့ပါဘူး၊ အချစ်ဆိုတာ မိုက်မဲခြင်းမဟုတ်ဘူးလို့ ခင်လေး သိနေ ခဲ့တာကြာပါပြီမွေ—"

အဲဒီစကားကို မမေပြောလိုက်တော့ မမမြက "ခင်လေးရယ်"...လို့ တစ်ခွန်းငြီးတွားခဲ့ပါတယ်။ ပြီးတော့ မမေ့လက်တွေကို စောစောကထက် ပိုတင်းကျပ်စွာ ဆုပ်ကိုင်ရင်း....။

"ခင်လေး....စိတ်မညစ်နဲ့၊ ခင်လေးဘက်မှာ မမမြရှိတယ်၊ ကလေး အတွက်လည်း စိတ်ပူမနေနဲ့၊ မမမြမှာ အဲဒါမျိုးလုပ်ဖူးတဲ့ မိတ်ဆွေ အမျိုးသမီး တစ်ယောက်ရှိတယ်၊ အဲဒါ ပိုက်ဆံသိပ်မကုန်..."

မမေလေ မမမြပြောနေတဲ့စကားတွေကို ဆုံးအောင်တောင် ဆက် နားမထောင်နိုင်ပဲ ထိတ်လန့်တကြားဖြတ်ပြောလိုက်မိတယ်။

"ဟင့်အင်း..."

မမေ့အငြင်းစကားကြောင့် မမမြက မမေ့ကိုပဟေဠိမျက်ဝန်းတွေနဲ့ ပြန်ကြည့်တယ်။

"ခင်လေး...မွေးမှာ....မမမြ"

မမေဆက်ပြောလိုက်တဲ့စကားကြောင့် မမမြမျက်လုံးတွေ ဝိုင်းစက်ကုန် ကြပါတယ်။ ပြီးတော့ အံ့ဩမှင်သက်လွန်းတဲ့ လေသံနဲ့...။

"အို...မဖြစ်နိုင်တာ ခင်လေးရယ်..."လို့ ထုတ်ညည်းတယ်။ မမေ အနည်းငယ်တောင် ပြုံးလိုက်မိပါတယ်။

"ကလေးမွေးတယ်ဆိုတာ သိပ်ခက်ခဲတဲ့ကိစ္စမှမဟုတ်ပဲ၊ ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ...မမမြရယ်၊ ခင်လေးမွေးရဲပါတယ်..."လို့ မမေကပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်။ မမမြကခေါင်းကိုတွင်တွင်ခါတယ်။ မေမေ့စကားကို လုံးဝလက်မခံနိုင်သလို ပြန်ငြင်းဖို့ကြိုးစားခဲ့သေးတယ်။

"ခင်လေး...အဲဒီအတွက် အများကြီး ပေးဆပ်ရလိမ့်မယ်"

အို...မေမေ့မှာ အဲဒီစကားအတွက် ဖြေရှင်းချက်တစ်ခု အဆင်သင့် ရှိပါတယ် သားရယ်။

"မမမြရယ်...မေတ္တာတရားအတွက် ဂုဏ်သိက္ခာကိုတော့ ခင်လေး ပေးဆပ်ရဲရမှာပေါ့"

မမမြက ခေါင်းကို တွင်တွင်ခါပြပြန်တယ်။ နှုတ်ကလည်း...။

"မဟုတ်သေးဘူး ခင်လေးရယ်၊ မဟုတ်သေးပါဘူး"...လို့လည်း မေမေ့ကို ငြင်းဆိုတယ် သားရဲ့။

"အဲဒါ...မေတ္တာတရားဟုတ်ပါ့မလား ခင်လေး၊ ဒါ...မိုက်မဲတာသက်သက်ပါ"

"ဟင့်အင်း...မမမြ၊ ခင်လေးဝမ်းထဲက သန္ဓေသားကလေးဟာ မိန်းမတစ်ယောက်ရဲ့မိုက်မဲခြင်းဆိုရင် ယောကျ်ားတစ်ယောက်ရဲ့ သစ္စာဖောက်မှုတစ်ခုလည်းဖြစ်တာပဲ၊ ယောကျ်ားတစ်ယောက်ရဲ့ယုတ်မာမှုလည်း ဖြစ်တာပဲ"

မေမေ နှာနှာကျည်းကျည်းနဲ့ အဲဒီလိုပြောလိုက်တော့ မမမြက မေမေ့မျက်နှာကို ငေးကြည့်နေခဲ့တယ်...သား။

မေမေ့စကားလုံးတွေထဲက ပြတ်သားခြင်းတွေ၊ ရဲရင့်ခြင်းတွေ၊ နာကျည်းချက်တွေ၊ ပြီးတော့ မေတ္တာတရားရယ်ကို သူရှာတွေ့သွားပြီ ထင်ပါရဲ့ကွယ်။ မေမေ့ကို သူတားမြစ်ဖို့ မကြိုးစားတော့ပါဘူး။ မေမေဆုံးဖြတ်ပြီးသွားပြီဆိုတာ သူသိလိုက်မှာပါ။ မေမေ...သူ့ကို နောက်ထပ်စကားတစ်ခွန်း ထပ်ပြောလိုက်မိပါသေးတယ်။

"မိခင်တစ်ယောက်က သူ့ရဲ့ရင်သွေးလေးကို လောကထဲ ရှင်သန်ခွင့်ပေးမယ့်အဖြစ်ဟာ မိုက်မဲခြင်းလို့ခေါ်မလားဟင်...မမမြ"

မမမြက ခေါင်းကို တစ်ချက်ခါတယ်။ ပြီးမှ...။

"အဲဒီရင်သွေးလေးဟာ ဖခင်မဲ့နေမယ်ဆိုရင်ကော...."တဲ့။ မေမေ့ကို ပြန်မေးတယ်။

မေမေလေ...အဲဒီမေးခွန်းကို ဖြေနိုင်ဖို့အတွက် ညပေါင်းများစွာ စဉ်းစားခဲ့ရပါတယ်...သား။ မေမေ စဉ်းစားခဲ့ပြီးပါပြီ။





"ခင်လေးရင်သွေးဟာ ဖခင်မဲ့မဟုတ်ဘူး မမမြ၊ ဖခင်ရှိတယ်၊ သူ့မှာ အဖေရှိပါတယ်၊ ပြီးတော့သူ့မှာ သူ့ကိုသိပ်ချစ်တဲ့ မိခင်တစ်ယောက်လည်း ရှိသေးတယ်လေ၊ အဲဒါ သူ့အတွက် မလုံလောက်လို့လားဟင်၊ သူ့အတွက် အဲဒါလုံလောက်ပါတယ် မမမြရယ်၊ ဖခင်ရောမိခင်ရော မရှိခဲ့တဲ့၊ မသိခဲ့တဲ့ ခင်လေးတောင် လောကထဲမှာ ရှင်သန်နိုင်ခဲ့သေးတာပဲ၊ ခင်လေး အသက်ရှင်ခဲ့ရသေးတာပဲ"

မေမေ့ရဲ့စကားအဆုံးမှာ မမမြကို မေမေလှမ်းကြည့်မိတော့ မမမြ့မျက်လုံးတွေဟာ မျက်ရည်တွေနဲ့ ရစ်ဝိုင်းနေတာကို မေမေ တွေ့လိုက်ရပါတယ်...သား။ မမမြငိုနေပါပြီ။ မမမြရဲ့မျက်ရည်တွေကို မေမေ မအံ့ဩပါဘူး သားရယ်။ မေမေ နားလည်နိုင်ပါတယ်။ မေမေ့ အသည်းနှလုံးနဲ့ရင်းပြီး နားလည်နိုင်ပါတယ်။ မမမြက မေမေ့ကိုချစ်တယ် မဟုတ်လား။

ခင်လေးရယ်...လို့ မမမြက မြည်တမ်းပြီး မေမေ့ ခေါင်းပေါ်က ဆံပင်တွေကို ညင်သာစွာ ပွတ်သတ်ပေးခဲ့ပါတယ်။ မမမြက မေမေ့အတွက် ကျလာရတဲ့ ကရုဏာမျက်ရည်တွေကို သုတ်မပစ်နိုင်သေးပဲ မေမေ့ကိုပြုံးပြတယ်။ ဟောဒီကမ္ဘာထဲမှာ မိန်းမသားနှစ်ယောက်ရဲ့ဘဝတွေ ပေါင်းစပ်သွားပြီလို့ မေမေ ယုံကြည်ပါတယ်...သား။

မမမြက မေမေ့ကိုပြောတယ်။

"မမမြလေ ခင်လေးကို လျော့တွက်ခဲ့မိတယ်"

မမမြရဲ့ဝန်ခံစကားကို မေမေပြုံးပြီး နားထောင်လိုက်မိပါတယ်။ မမမြက ဆက်ပြောပြန်တယ်။

"ခင်လေး...ခင်လေးအတွက် မမမြအစွမ်းကုန် ကူညီပါ့မယ်၊ အခုအချိန်ကစပြီး ခင်လေးဝမ်းထဲက ရင်သွေးလေးအတွက် အကောင်းဆုံးတွေ ကိုယ်တို့လုပ်ပေးနိုင်အောင် ကြိုးစားကြမယ်နော်၊ ပထမဆုံး ခင်လေးခေါင်းထဲမှာ ခွဲထားဖို့က ခုနက ဆရာဝန်မကို မမမြပြောလိုက်သလို ကလေးရဲ့ဖေဖေဟာ နိုင်ငံခြားသွားနေတယ်၊ တကယ်နိုင်ငံခြားသွားနေတယ်၊ အဲဒီအတိုင်း လူတွေကို ကိုယ်တို့ပြောပြကြမယ်နော်...ဟုတ်လား၊ တစ်ခါတစ်လေတော့လည်း မေတ္တာတရားဆိုတာ လိမ်ညာတတ်ရတယ် ခင်လေးရဲ့၊ ကိုယ်တို့ သူ့အတွက် လိမ်ညာပေးရတာပါကွယ်၊ သူ့အတွက် ညာပေးရတာပါ"

မေမေလေ...ဝမ်းသာလွန်းလို့ မမမြရဲ့လက်တွေကို တအားဆွဲဆုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိတယ်။

မေမေ သူ့ကို ပြန်ပြောလိုက်မိခဲ့ပါတယ်။

"သားအတွက်…မမမြရဲ့၊ သားအတွက်…၊ ခင်လေးက သားလိုချင်တာ"

မေမေက အဲဒီလို ပြောလိုက်တော့ မမမြက တအားအော်ရယ်ခဲ့တယ်။ မမမြက ငိုနေရင်းနဲ့ ရယ်မောခဲ့ပါတယ်။

မေမေတို့ မျက်ရည်တွေကြားမှာ ရယ်မောခဲ့ကြပါတယ်လေ။

၅

သားရေ…။

မေမေ့အသက် (၂၃)နှစ်အရွယ်အထိ မေမေ့ဘဝမှာ သိပ်ကို ကြီးကြီးမားမား လိုချင်တပ်မက်ခဲ့တဲ့အရာဆိုလို့ ဘာမှမရှိခဲ့ဖူးပါဘူး။

အဲဒါဘာကြောင့်လဲဆိုရင် မေမေ့ရဲ့ဘဝနဲ့ သက်ဆိုင်တယ်လို့ပဲ မေမေဖြေရလိမ့်မယ်။ မေမေ့ဘဝက မေမေလိုချင်တာကို ရအောင်ယူနိုင်ဖို့ အခွင့်အရေးတွေ မပေးခဲ့ဘူးလေ။ မေမေ့အတွက် ကံကြမ္မာက အခွင့်အရေးတွေ နည်းပါးစွာပဲ ဖန်တီးပေးခဲ့ပါတယ်။

မေမေ့မှာ အဖေမရှိဘူး။ အမေမရှိဘူး။ မိသားစုမရှိဘူး။ မေမေ့မှာ မှီတွယ်ခိုကပ်ပြီးနေစရာ တစ်ပါးသူရဲ့အိမ်တစ်လုံးပဲ ရှိတယ်။ အဲဒီအိမ်တစ်လုံးကလည်း မေမေ့အတွက် မျှော်လင့်ချက်တွေ ပေးစွမ်းနိုင်လောက်အောင် ဆွဲဆောင်အား မကောင်းခဲ့ပြန်ဘူး။ အဲဒီအိမ်မှာ နေခဲ့ရတဲ့ဘဝကို မေမေလုံးဝ မပျော်ပိုက်ခဲ့ဘူး။

မေမေအရွယ်ရောက်လာတဲ့အချိန်မှာ မေမေရဲ့အကြီးမားဆုံး မျှော်လင့်ချက်က မေမေမနေချင်တဲ့ အဲဒီအိမ်တစ်လုံးကနေဆင်းပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ အခွင့်အရေးပဲ။ ကံကောင်းထောက်မစွာ မေမေ အဲဒီ အခွင့်အရေးကို ရခဲ့တယ်။

မေမေဟာ အသက်မွေးဝမ်းကျောင်း ပညာရပ်အဖြစ် အလှပြုပြင်ရေးပညာကို သင်ခွင့်ရခဲ့တယ်။ အဲဒီပညာနဲ့ပဲ မေမေဟာ မေမေမနေချင်တဲ့ အိမ်ပေါ်ကဆင်းပြီး မမမြရဲ့တိုက်ခန်းကလေးပေါ် ရောက်ခဲ့တယ်။ အဲဒီပညာနဲ့ပဲ မေမေဟာ အမြဲစိမ်းအလှပြင်ခန်းက အလှပြင်ဆရာမ…ဆိုတဲ့ လူရိုသေ၊ ရှင်ရိုသေ ဘဝကလေးတစ်ခုကို ရရှိခဲ့တယ်။

အဲဒီကမှတစ်ဆင့် မေမေရဲ့ နောက်ထပ်မျှော်လင့်ချက် တစ်ခုဟာ ယောကျာ်းတစ်ယောက်ရဲ့အချစ်အပေါ်မှာ လုံးဝဥဿုံရောက်ရှိသွားခဲ့တယ်။ မေမေဟာ သူ့အချစ်ကို ယုံကြည်ကိုးစားခဲ့တယ်။ မက်မောတွယ်တာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ထာဝရပိုင်ဆိုင်လိုခဲ့တယ်။

ဒါပေမယ့် မေမေ့မျှော်လင့်ချက်က ဘာမှမဖြစ်လာခဲ့ဘူး သားရဲ့။ ဒီတစ်ခါတော့ ကံကြမ္မာက မေမေ့ကိုမျက်နှာသာမပေးခဲ့ဘူး။ မေမေ ရှုံးနိမ့်ခဲ့တယ်။ မေမေ့ရဲ့အဲဒီ ဒုတိယမျှော်လင့်ချက်တစ်ခုဟာ အစိတ်စိတ်အမွှာမွှာ ပြိုခွဲဖျက်စီးခံလိုက်ရတယ်။ မျှော်လင့်ချက်ကနေ အိပ်မက်တစ်ခုအဖြစ် ကူးပြောင်းသွားပါတယ်။

သားရေ...ခုတော့ မေမေ့မှာ အဲဒီအရင်က ရရှိပြည့်ဝခဲ့တဲ့ မျှော်လင့်ချက်တွေ။ ဆုံးရှုံးစွန့်လွှတ်ခဲ့ရတဲ့ မျှော်လင့်ချက်တွေထက် အဆပေါင်းများစွာကြီးမားပြီး ပြင်းထန်လွန်းတဲ့ မျှော်လင့်ချက်တစ်ခုကို ထားမိလိုက်ပြန်ပါပြီ၊ ဒီတစ်ခါ မေမေဟာ ဘဝတစ်ခုလုံးနဲ့ရင်းပြီး၊ အသည်းနှလုံးတစ်ခုလုံးနဲ့ရင်းပြီး မျှော်လင့်နေမိပြန်ပါပြီ။

မေမေ့ရဲ့မျှော်လင့်ချက်က...သား... သားပါပဲ။

မေမေ့ရဲ့ဝမ်းထဲက သန္ဓေသားကလေးကို လူသားတစ်ယောက်အဖြစ် လောကထဲကို မွေးဖွားပေးနိုင်ဖို့ မေမေတောင့်တစွာ မျှော်လင့်မိပါပြီ သားရေ။ မေမေ့ရင်သွေးကလေးတစ်ယောက်အပေါ် အရှုးအမူးမျှော်လင့်ချက် ထားခဲ့မိပါပြီ။

ဘယ်လောက် အံ့သြစရာကောင်းသလဲနော်။

လောကကြီးမှာ ပိုင်ဆိုင်ခြင်းထက် စွန့်လွှတ်ဆုံးရှုံးခံခဲ့ရတာတွေ ပိုများပြားလွန်းတဲ့၊ မျှော်လင့်ချက်တွေပြည့်ဝဖို့ အရာရာမှာ အခွင့်အလမ်းတွေနည်းလွန်းခဲ့တဲ့၊ ဘယ်သူကမှ အထင်မကြီး၊ ဂရုမစိုက်မယ့် သာမန်ပမွှားမိန်းကလေးတစ်ယောက်က ရင်သွေးလေးတစ်ဦးကို ပိုင်ဆိုင်ရတော့မှာလေ။ မေမေ...လို့ခေါ်မယ့် ချစ်စရာကလေးငယ်တစ်ဦးကို ပိုင်ဆိုင်ရရှိတော့ မှာပါ။

ဒါ...ဘယ်လောက်တမ်းတတွယ်ငြိချင်စရာကောင်းတဲ့ မျှော်လင့်ချက်တစ်ခုလဲ။

မိခင်တစ်ယောက်ရဲ့ဘဝလေ။ အဲဒါ မိန်းမသားတိုင်း ရရှိနိုင်လို့လား။ မိန်းမတိုင်းဟာ မိခင်ဖြစ်ခဲ့လို့လား။ အနည်းဆုံး မေမေ့ရဲ့မမမြတောင် မိခင်တစ်ယောက် ဖြစ်နိုင်သေးတာမဟုတ်။

ဟုတ်တယ်နော်...သား။

မေမေဟာ မေမေ့ကို "မေမေ..."လို့ခေါ်မယ့် သားအတွက်နဲ့ မေမေ့ရဲ့





ဘဝကို အသက်ဆက်ရှင်ခဲ့ရတယ် သားရဲ့။ အသက် (၂၃)နှစ်အရွယ်ကပြီး မေမေ့ မျှော်လင့်ချက်ဟာ...သား၊ မေမေ့ရဲ့ဘဝဟာ...သား၊ မေမေ့ရဲ့ရင်ခုန်သံဟာ...သားပါပဲ။

မေမေ ပျော်တာပေါ့။ မေမေပျော်အောင် သားက မေမေ့ဝမ်းထဲမှာနေနေကတည်းက လုပ်ပေးခဲ့တာပဲ။

တစ်စတစ်စ ဗိုက်ထဲမှာ တင်းကျပ်လာသလိုလို တဖြည်းဖြည်းလေးလံလာတဲ့ မေမေ့ခန္ဓာကိုယ်။ ပေါင်ချိန်စက်ပေါ်တက်တိုင်း ဟယ်...ကန်ဖြစ်ဖြစ်သွားအောင် တိုးလာတဲ့ မေမေ့ရဲ့ကိုယ်အလေးချိန်။ ခါးအနားမှာ တင်းရင်းပြီး ကြယ်သီးတပ်လို့ မရတော့ပဲ စွန့်ပစ်လိုက်ရတဲ့ မေမေ့ရဲ့ နှစ်ထည်၊ သုံးထည်သော ဗမာအင်္ကျီရင်စေ့၊ ရင်ဖုံးတွေ။ အဲဒါတွေကို ဂရုစိုက် စောင့်ကြည့်ရင်း မေမေ အရမ်းပျော်ရွှင်နေခဲ့တာပေါ့။ သိပ်ကို သဘောကျ နှစ်ခြိုက်ခဲ့တာပေါ့ သားရယ်။

အဲဒီလို ပျော်ရွှင်မှုတွေကို မေမေတစ်ယောက်တည်းတင် ခံစားနေရတာမဟုတ်ဘူး။ သားရဲ့အန်တီမြ၊ မေမေ့ရဲ့မမမြပါ မျှဝေရောနှောပြီး ခံစားခဲ့ရတာလေ။ မမမြကပါ မေမေ့လို ပျော်ရွှင်နေခဲ့တာ။

မမမြက ပြောတယ်။

"ကိုယ်ဝန်ဆောင်တွေဟာ မွေးလမ်းကြောင်းရှင်းဖို့ တစ်နေ့ကို လမ်းနည်းနည်းတော့ လျှောက်ရတယ်ပြောတယ် ခင်လေးရဲ့၊ ဒါပေမယ့် ကိုယ်တို့အလုပ်ကျတော့ တစ်နေကုန် မတ်တပ်ရပ်နေရတာ၊ ဒီအလုပ်နဲ့သာဆို ခင်လေးတော့ နေ့မစေ့ လမစေ့ပဲ မွေးဖို့ပိုများနေပြီ၊ မဖြစ်သေးပါဘူး၊ ဒီနေ့ကစပြီး ခင်လေးကို ကိုယ့်အလုပ်က ရပ်စဲလိုက်ပြီ"

"ဟင့်အင်း..."လို့ မေမေက ပျာပျာသလဲ ငြင်းတော့ မမမြက ရယ်တယ်။

"ခင်လေး အဲဒီလိုငြင်းမယ်ဆိုတာ ကိုယ်သိသားပဲ၊ အလကား နောက်တာ၊ ဒါပေမယ့် ခင်လေးကို ကိုယ်နေ့တစ်ဝက်ပဲ လုပ်ခွင့်ပေးနိုင်မယ်...ဟုတ်လား၊ ခင်လေး ပျင်းနေမှာစိုးလို့၊ မနက်ပိုင်းကို ခင်လေးမဝင်နဲ့၊ မနက်ပိုင်းက လူရှင်းတော့ ကျန်တဲ့ကိုယ်တို့သုံးယောက်နိုင်ပါတယ်၊ မွန်းလွဲပိုင်းကျမှ လူများတာဆိုတော့ ခင်လေး အဲဒီကျမှ ဝင်ညှပ်ပေါ့၊ မနက်ပိုင်းကို ခင်လေးက မီးဖိုလည်း ဝင်ရသေးတာ မဟုတ်လား၊ ဒါပဲနော်၊ မီးဖိုထဲမှာလည်း ခုံတစ်လုံးချပြီး...ထိုင်သာချက်၊ မတ်တပ်ရပ် မချက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



မမမြရဲ့ အဲဒီစိုးရိမ်စကားတွေကို ကြားရတော့ မေမေသဘောကျလွန်းလို့ ရယ်မိခဲ့တယ်။ မမမြပြောနေတဲ့ပုံက တစ်ကယ့်အဘွားကြီးအိုလေး ကျနေတာပဲ၊ ပြီးတော့ သူကိုယ်တိုင်ပဲ ကလေးတစ်ယောက်ယောက်ကို မွေးဖူးတဲ့ပုံနဲ့။ မမမြက မေမေ့ကို ဘာစားရမယ်။ ဘာမစားရဘူး၊ ဘယ်လိုနေရမယ်၊ ဘယ်လို မထိုင်ရဘူး...စသဖြင့် ဩဝါဒပေးသေးတာ သားရဲ့။

မေမေက သူ အဲဒီလိုဩဝါဒပေးတိုင်း ရယ်ကျဲကျဲလုပ်ပြီး

"မမမြ...ဒါတွေ ဘယ်ကတတ်ထားတာလဲ"လို့ပြောတဲ့အခါ မမမြက အိုးတိုးအမ်းတမ်းဖြစ်သွားတဲ့ မျက်နှာနဲ့ မေမေ့ကို မျက်စောင်းထိုးတယ်။ ပြီးတော့ ပြောသေးတယ်။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ကိုယ်ဝန်ဆောင်လက်စွဲဆိုတဲ့ စာအုပ်ကို ရှာဝယ်ပြီး ဖတ်တော့ထားရမယ်၊ ဒါမှ ညည်းကိုဆရာလုပ်ရင် ညည်းလက်ခံမှာ မဟုတ်လား၊ အခုတော့ငါ့ကို လှောင်သလို၊ ပြောင်သလို လုပ်ထားဦးပေါ့...ဟွန်း"လို့ တဗျစ်တောက်တောက်နဲ့ ပြောပြန်ရော။

ရီစရာလည်း ကောင်းတယ်နော်။ တစ်ခါမှ ကိုယ်ဝန်ဆောင်တာနဲ့ ပတ်သက်လို့ အတွေ့အကြုံမရှိခဲ့ဖူးတဲ့ မိန်းမသားနှစ်ယောက်ဟာ အဲဒီ ကိုယ်ဝန်အတွက်ပဲ ငြင်းရ၊ ခုံရ၊ စိမ်ကိန်းတွေ ချရနဲ့။

မမမြက ညနေပိုင်းဆိုင်မှာ ဆံပင်ညှပ်တဲ့လူများရင် ဝင်ဝင်ညှပ်တဲ့ မေမေ့ကို သိပ်ကြည့်မရတော့တာနဲ့ ပြောဖူးသေးတယ်။

"ကိုယ်လေ...တစ်ချိန်လုံး မတ်တပ်ရပ်ပြီးနေရတဲ့ ခင်လေးအတွက် ကြံကြံဖန်ဖန် စဉ်းစားကြည့်သေးတယ်၊ ဆံပင်ညှပ်တဲ့အခါ ထိုင်ညှပ်လို့ရအောင် မင်းအတွက် ခုံမြင့်မြင့်တစ်လုံးကို လက်သမားဆီမှာ အော်ဒါအပ်ပြီး လုပ်ခိုင်းမလားလို့ စိတ်ကူးသေးတယ်၊ ဒါပေမယ့် အဲဒီခုံက တင်းနစ်ကွင်းမှာ ဒိုင်လူကြီးထိုင်တဲ့ ခုံလောက်မြင့်နေမှ ထိုင်ရတာက နောက်၊ ပြုတ်ကျမှာက အရင်လို့ တွေးမိပြီး ကိုယ့်အကြံကိုယ် လက်လျှော့လိုက်ရတယ် ခင်လေးရဲ့..."တဲ့။

မမမြကပြောပြီး ရယ်တော့...မေမေလည်း ဝိုင်းရယ်ခဲ့မိသေးတယ်။ မမမြက အဲဒီလို...သားရဲ့။ မေမေ့ကို သူ့ရဲ့ညီမရင်းလေးတစ်ယောက်လို အစစအရာရာ ဂရုစိုက်စောင့်ရှောက်ခဲ့တာ။

ဒါ့အပြင် မမမြက မေမေ့ရဲ့ဂုဏ်သိက္ခာအတွက် ပတ်ဝန်းကျင်ကို မှသားသုံးပေးတဲ့နေရာမှာလည်း တကယ့်ကို ထိပ်တန်းပါပဲ။ မေမေတို့ အလှပြင်ဆိုင်





မှာလုပ်တဲ့ အခြားဝန်ထမ်းမိန်းကလေးနှစ်ယောက်ဆို မမမြပြောထားသမျှကို ယုံတော့တာပဲ။

ကံကောင်းချင်တော့ သူတို့နှစ်ယောက်ကို မေမေတို့ငှားထားတာ နှစ်လ ကျော်ကျော်လောက်ပဲ ရှိသေးတာဆိုတော့ မေမေ့ရဲ့ခင်ပွန်း၊ သားရဲ့ဖေဖေ နိုင်ငံခြားသွားနေတယ်ဆိုတဲ့စကားကို သူတို့အကြွင်းမဲ့ ယုံကြည်ကြတယ်လေ။

သူတို့နှစ်ယောက်ထဲက တစ်ယောက်ဆို မေမေ့ကိုလာပြောတယ်။

"ဟယ်...ကျွန်မဆိုင်စရောက်ကတည်းက မယမင်းကို အပျိုလေး အောက်မေ့နေတာ၊ မယမင်းက လျှို့ထားတယ်တော့၊ ကဲ...အခုတော့ လူမိပြီ၊ အထုပ်အထည်နဲ့ကို မိတာ" ဆိုပြီး မေမေ့ကို ရင်းရင်းနှီးနှီး လာနောက်နေသေးတာ။

နောက်တစ်ယောက်ကျတော့...။

"မယမင်းအမျိုးသားက ချောလားဟင်၊ မင်္ဂလာဆောင်တုန်းက ဓာတ်ပုံတွေမရှိဘူးလား၊ ကျွန်မကြည့်ချင်လိုက်တာ..."လို့ လာပြောတယ်။

အဲဒီအခါ မေမေ့မျက်နှာက အပျက်ပျက်အယွင်းယွင်းနဲ့ ဘာပြန်ပြောလို့ ပြောရမှန်းမသိလို့ ငြိမ်ဆိတ်သွားတဲ့အခါ မမမြက မေမေ့အစား ကမန်းကတန်း ဟာထေးပြီး ပြောတတ်သေးတယ်သားရဲ့။

"ဟဲ့...မယမင်းအမျိုးသားက ချောလည်းချောတယ်၊ အရမ်းလည်း ချမ်းသာတယ်...ဟဲ့၊ သူ့အိမ်ကတောင် သဘောမတူလို့ ယမင်းကို အတင်းနိုးခြေပြီး နိုင်ငံခြားမသွားခင်ကလေး လက်မှတ်ထိုး လက်ထပ်သွားရတာ၊ ဓာတ်ပုံ ဘယ်ရှိပါ့မလဲ၊ နင်တို့ကလည်း ယမင်းက အလှကြိုက်ဥစ္စာ၊ မလှရင် ယူပါ့မလား၊ အလှကြိုက်လို့ အခုတောင် အလှပြင်ဆရာမ လုပ်တာကြည့်..."

မမမြက အဲဒီလိုပြောတော့ မေမေ့ကိုမေးတဲ့ မိန်းကလေးနှစ်ယောက်စလုံး တဟားဟားနဲ့ သဘောကျပြီး ကျေနပ်သွားခဲ့တာပေါ့။

ရယ်ရင်းမောရင်းနဲ့ပဲ သူတို့က...။

"ဟယ်....မယမင်းတို့ဇာတ်လမ်းက ဝတ္ထုထဲကလိုပေါ့၊ တကယ့် Romantic ပေါ့၊ နောက်ကြုံမှ ဇာတ်လမ်းအစအဆုံး ပြောပြနော်" ဘာညာနဲ့ မေမေနဲ့သူနဲ့ စတွေ့တဲ့အကြောင်း၊ ဘယ်လို ချစ်သွား ကြတဲ့ အကြောင်းတွေ ကပ်မေးနေကြသေးတယ်လေ။

မေမေလေ အဲဒီတုန်းက ဆို့နင့်နေတဲ့ ရင်တစ်ခုလုံး လျော့ကျသွားပြီး မမမြကို ကျေးဇူးတင်တဲ့ အကြည့်တွေနဲ့ ကြည့်နေခဲ့မိပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ မမြဟာ တစ်ယောက်ကိုတစ်ယောက် ဘာမှပြောဖို့ မလိုတော့လောက်အောင် နားလည်လွန်းတဲ့အကြည့်တွေနဲ့ ကြည့်ခဲ့မိပါလိမ့်မယ်။ မေမေ့ရဲ့ဘဝကို သူများတံတွေးခွက်ထဲကနေ ဆယ်တင်ပေးခဲ့တဲ့လူဟာ မမြပဲ။ တစ်စစီပြိုကျပျက်စီးတော့မယ့် မေမေ့ရဲ့ဂုဏ်သိက္ခာတွေကို သိသိကလေး လွတ်အောင် ကယ်တင်ပေးနိုင်ခဲ့တဲ့လူဟာ မမြပဲ။

ဒါ့အပြင် မမြဟာ မေမေ့အတွက် သူ့မိသားစုကိုတောင် လိမ်ညာပေးခဲ့သူ ဖြစ်ခဲ့သေးတယ်လေ။ မမြရဲ့မိခင်ကြီးကဆို မေမေ့ကိုလည်း သိတယ်။ မေမေ့ကိုလည်း ချစ်တဲ့သူဆိုတော့ မေမေ့ရဲ့သတင်း စကားကိုကြားရတာနဲ့...။ "ဟယ်...ငါတော့ မြေးတစ်ယောက်ချီရဦးမယ်၊ မိမြစိမ်း...ညည်းကတော့ အသုံးကိုမကျဘူး၊ သူများတွေကြည့်စမ်း..."လို့ပြောသတဲ့။

မမြက အဲဒီအကြောင်းကို မေမေ့ပြန်ပြောတဲ့အခါ ပြောခဲ့ဖူးသေးတယ်။

"ခင်လေးရေ...ညည်းလုပ်တာနဲ့ကျုပ်တော့ မဆီမဆိုင် ယောကျ်ား အပေးစားခံရတော့မယ်"

အသက် (၂၉) နှစ်အရွယ် အပျိုကြီးစာရင်းဝင်နေတဲ့ မမြက ရယ်ရယ် မော်မော်နဲ့ ပြောခဲ့သေးတာပဲ။ မမြရဲ့မိခင်ကြီးကဆို တစ်ခါ...မေမေတို့ အလုပြင်ဆိုင်လေးကို လိုက်လာပြီး ကိုယ်ဝန်ဆောင်တွေ ဆောင်ရန် ရှောင်ရန်တွေကို အနီးကပ်သင်တန်းပေးသွားတာ သားရဲ့။

ပြီးတော့ မမြအထက် အစ်ကိုတွေဖြစ်တဲ့ သူ့သားသုံးယောက်ကို မွေးတုန်းကဘယ်လို၊ မမြကို မွေးတုန်းက ဘယ်လိုနဲ့ သူငယ်ငယ်တုန်းက အကြောင်းတွေကို ဟာသတွေနဲ့ရောပြီး မေမေတို့ တသောသောပွဲကျသွားအောင် လာပြောပြသေးတာလေ။

ပြီးတော့ သူက မေမေ့အနားကိုကပ်လို့ ခပ်တိုးတိုးပဲ ပြောသေးတယ်။

"ငါ့မြေးလေးအတွက် သိုးမွှေးဦးထုပ်နဲ့ ခြေအိတ်၊ လက်အိတ်တစ်စုံစာ စထိုးနေပြီဟဲ့၊ ညည်းမွေးမှာ ဆောင်းတွင်းကြီးမဟုတ်လား၊ အဲဒါ သိပ်လိုတာပေါ့"တဲ့။

မေမေလေ အဲဒီတုန်းက သူ့စကားကို မျက်ရည်တွေဝဲလို့ နားထောင်ခဲ့မိပါလိမ့်မယ်...သားရယ်။ ကြည့်စမ်းပါဦး။

မေမေ့ဘဝဟာ ဘာများ လိုအပ်သေးသလဲလို့။ မေမေ့ဘဝဟာ အစစအရာရာ ပြည့်စုံနေလိုက်တာ။ မေမေဘယ်တုန်းကမှ မရရှိခဲ့ဖူးတဲ့ မေမေ

အင်ပါယာစာပေ



အတွက်ကြင်နာမှု၊ ဂရုစိုက်မှု၊ စောင့်ရှောက်မှုတွေ။ မေမေ့အတွက် နိုးရိမ်ပူပန်နေကြတဲ့ မျက်ဝန်းတွေ။ မေမေ့ကို ကရုဏာနဲ့ မေတ္တာတွေပေးမယ့် မိတ်ဆွေကောင်းတွေ၊ အဖော်မွန်တွေ။

မေမေ့အတွက် ပြည့်စုံနွေးထွေးလွန်းတဲ့ မိသားစုဘဝကလေးတစ်ခု။

အဲဒါတွေကို မေမေရရှိခဲ့တယ်လေ။ မေမေရရှိခဲ့ဖူးတယ်...သားရဲ့။ အံ့ဩစရာ မကောင်းဘူးလားနော်။ ဒါဟာ သား...သားကို သူတို့ကြိုဆိုနေကြတာ။ သားကိုသူတို့...နွေးထွေးလိုက်လဲလွန်းစွာ ကြိုဆိုနေကြတာ။ သားအတွက် ကမ္ဘာမြေပေါ်က အေးမြကြည်လင်တဲ့ မေတ္တာတွေ အသင့်စောင့်ကြိုနေကြသတဲ့။

ဒါဟာ လောကထဲကို ရောက်ရှိလာမယ့် ကလေးငယ်တစ်ဦးအတွက် အမြဲကြိုဆိုနေမယ့် မေတ္တာတရားတွေတဲ့။ လောကထဲမှာ အမြဲရှိနေခဲ့တဲ့ မေတ္တာတရားတွေတဲ့။ ဆန်းကြယ်လွန်းလိုက်တာ သားရယ်။

ဒါဟာ မိခင်တစ်ယောက်အတွက် ကျေနပ်စရာအကောင်းဆုံး ဘဝတစ်ခုပဲ။ မေမေ ဘာလို့မကျေနပ်ရမှာလဲ။

ယောကျ်ားတစ်ယောက်ရဲ့ သစ္စာဖောက်မှုကို ရက်ရက်စက်စက် ခံခဲ့ရတဲ့ မိန်းမတစ်ယောက် ရရှိလိုက်တဲ့ မေတ္တာတရားလေ။ ဘဝတစ်ခုလုံး အစမှအဆုံး ဖြိုခွဲဖျက်ဆီးခံလိုက်ရတဲ့ မိန်းမတစ်ယောက် ရရှိနေတဲ့ မေတ္တာတရားပေါ့။

မေမေကျေနပ်ရမှာပေါ့ သားရယ်။ မေမေ သိပ်ကျေနပ်တာပေါ့။

မေမေ့ဘဝမှာ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးတဲ့...၊ မေမေအိပ်မက်ထဲမှာ ဘယ်တုန်းကမှ ထည့်မမက်ခဲ့ဖူးတဲ့၊ ဒါပေမယ့် မေမေရှူးသွပ်မလောက် တမ်းတမက်မောခဲ့ဖူးတဲ့၊ နွေးထွေးပြည့်စုံလွန်းတဲ့ မေတ္တာတရားတစ်ခုကို မေမေရရှိခဲ့ပါတယ်။ အဲဒါ ဘာကြောင့်လို့ သားထင်သလဲဟင်။ မေမေ ကြောင့်ရခဲ့တယ်လို့...သားထင်သလဲ။

အဲဒါမေမေ မိခင်တစ်ယောက် ဖြစ်နေလို့ပဲ။ မိခင်တစ်ယောက်အတွက် လောကကြီးက ပေးဆပ်လိုက်တဲ့ လက်ဆောင်တစ်ခုပဲ။ မိခင်တိုင်း ရရှိနိုင်တဲ့ လောကရဲ့အလှတရားတစ်ခုပဲ။

တကယ်တော့ မိခင်...ဆိုတာလည်း သဘာဝရဲ့အလှတစ်ခုပါပဲသားရယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၆

လူ့ဘဝဆိုတာ အိပ်မက်တစ်ခုပဲလို့ ပြောကြရင် မေမေကတော့ လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်မိပါလိမ့်မယ်…သား။

ဘာဖြစ်လို့လဲဆိုတော့ အိပ်မက်ဆိုတာ ဒီနေ့ည ဘယ်လိုအိပ်မက်မျိုး မက်မယ်လို့ ကိုယ်ကကြိုတင်မသိနိုင်တဲ့ မရေရာမှုတစ်ခုပဲ မဟုတ်လား။ လူ့ဘဝဆိုတာကလည်း မရေရာမှုတစ်ခု၊ ရှေ့ဆက်ကြုံတွေ့ရမယ့် အဖြစ်အပျက်တွေကို ကြိုတင်မသိနိုင်တဲ့ မရေရာမှုတစ်ခု။ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်မလာသလို ကိုယ်မဖြစ်ချင်ပေမယ့်လည်း ဖြစ်လာတတ်တဲ့ မရေရာမှုတစ်ခု။

အထူးသဖြင့် ကိုယ်မလိုချင်တဲ့အရာတွေကို ကိုယ့်ဆီအရောက်ပို့လာပေးတတ်တာကို ကံကြမ္မာလို့များ ခေါ်ခဲ့ကြသလား။ ဒါတွေကိုလည်း မေမေ မသိချင်တော့ပါဘူး သားရယ်။

မေမေ့ဘဝမှာ မလိုချင်တဲ့အရာတွေပဲ ဖြစ်ဖြစ်လာတတ်တော့ ကံကြမ္မာကို ပုံချချင့်တဲ့စိတ် မေမေ့ဆီမှာ ဖြစ်ပေါ်လာခဲ့တာ မဆန်းကြယ်ပါဘူးလေ။ မေမေလေ ကံကြမ္မာကို မုန်းတယ်…သိလား။

အဲဒီ ကံကြမ္မာဆိုတာ မေမေ့ဘဝမှာ မေမေ မနှစ်မြို့က်၊ စက်ဆုပ်တဲ့ အဖြစ်အပျက်တွေကို ဖြစ်လာစေတဲ့အပြင် မေမေ့ဘဝထဲက ချစ်ခင်မြတ်နိုးရဆုံး အရာတစ်ခုပါ ဆွဲထုတ်ဖို့ ကြိုးစားလာတဲ့အခါ မေမေမုန်းတီးမိတော့မှာပေါ့ကွယ်။ မေမေ မုန်းတီးရတော့မှာပေါ့။

အဲဒီအဖြစ်အပျက်ကလေးက ရိုးရိုးကလေးပဲ စတင်ခဲ့တယ် သားရဲ့။ အဲဒီအဖြစ်အပျက်ကလေးကနေ မေမေ့ဘဝထဲက မေမေ အမြတ်နိုးဆုံး၊ မေမေ အတွယ်တာဆုံး မေမေ့သားကို ဆွဲထုတ်သွားလိမ့်မယ်လို့ မေမေဘယ်လိုမှ တွေးထင်မထားခဲ့ဘူး။ မေမေက သာမန်လို့ထင်ထားခဲ့တဲ့ အရာတစ်ခုဟာ





မေမေ့အတွက် ကျိန်စာတစ်ခု ဖြစ်လာခဲ့ပါတယ်…သား။

ပထမတော့ မေမေဟာ သားကိုယ်ဝန် သုံးလကျော်လေးလထဲမှာ အရင်တစ်ခါဖြစ်ခဲ့ဖူးတဲ့ ကိုယ်ဝန်ဆောင်တွေ မူးဝေပျို့အန်တာမျိုး ပြန်ဖြစ်တယ်လို့ ထင်ခဲ့မိတယ်လေ။

မေမေဟာ အဲဒီတုန်းကလိုပဲ မနက်မိုးလင်းတိုင်း ထထပြီး ထိုးအန်တယ်၊ အန်ရင်လည်း ညတုန်းက စားထားတဲ့အစာတွေကအစ အရည်တွေပါ အများကြီးပါလာတတ်တယ်။ ဒီတစ်ခါ အန်တာက ပိုဆိုးတယ်လို့တော့ မေမေ့စိတ်ထဲမှာ ထင်ခဲ့မိသား…သားရဲ့။

ဒါပေမယ့် အဲဒီပျို့အန်နေတဲ့ ပထမရက်တွေတုန်းက မေမေ့အလုပ်ဆိုင် အနီးမှာရှိတဲ့ ဆေးခန်းတစ်ခန်းကို သွားသွားပြတော့ အဲဒီဆေးခန်းက ပေးလိုက်တဲ့ အအန်ပျောက်ဆေးတွေ၊ ကိုယ်ဝန်ဆောင် အားတိုးဆေးတွေကို သောက်လိုက်ရင် သက်သာသွားခဲ့သေးတာကိုး။ ပထမတစ်ရက်နှစ်ရက်မှာတော့ အဲဒီဆေးတွေသောက်လို့ အအန်လျော့သွားပေမယ့်၊ နောက်သုံးရက်လောက်ကြာရင် ပြန်ဖြစ်တော့တာပါပဲ။

အဲဒီအခါကျတော့ ဘယ်လိုဆေးကိုသောက်သောက် မေမေမသက်သာတော့ဘူး။ မနက်မိုးလင်းလို့ အိပ်ရာထလိုက်တာနဲ့ ပျို့ပြီး အန်ချနေတော့တာပဲလေ။ ပိုပြီးဆိုးတာက အဲဒီလိုအန်ပြီးလိုက်တာနဲ့ မေမေ့ရဲ့ ခေါင်းညာဖက်ခြမ်းက တအားကို ထိုးကိုက်လာတော့တာပဲ။ အဲဒီခေါင်းကိုက်ဝေဒနာက တစ်ခါတစ်လေ မနက်ပိုင်းတင် ပျောက်သွားတတ်သလို တစ်ချို့ရက်တွေကျတော့လည်း တစ်နေကုန်မပျောက်တော့ဘဲ မေမေ့ကို အိပ်ရာထဲလဲစေတော့တာပဲ။ မေမေ့မှာ ခေါင်းတွေကိုက်လွန်းလို့ မျက်ရည်ကျရတဲ့ရက်တောင် ရှိတယ်…သားရဲ့။

မေမေ အဲဒီလိုဖြစ်နေတာကို မမမြနဲ့တိုင်ပင်တော့ မမမြက မေမေ့ကို သားဖွားနဲ့မီးယပ် အထူးကုဆရာဝန်တစ်ယောက်ယောက်နဲ့ သွားပြသင့်တယ်လို့ ဆုံးဖြတ်တယ်။

ဒီလိုနဲ့ မေမေတို့အလုပ်ပြင်ဆိုင်ကလေးပိတ်တဲ့ တနင်္လာနေ့ တစ်နေ့မှာ မေမေနဲ့မမမြဟာ ရန်ကုန်မြို့လယ်က ဆေးခန်းကြီးတစ်ခန်းကို ရောက်သွားကြတယ်။ အဲဒီက သားဖွားနဲ့မီးယပ် အထူးကုဆရာဝန်မကြီးက မေမေ့ရဲ့ ရောဂါဝေဒနာကို သေသေချာချာ ဂရုစိုက်မေးတယ် သားရဲ့။ မေမေက အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com

မူးဝေပျို့အန်တာမျိုး အရင်လကပဲ ဖြစ်ခဲ့ဖူးသေးကြောင်း၊ ဒါပေမယ့် ဆေးသောက်လိုက်တဲ့ အခါ ပျောက်သွားခဲ့ကြောင်း၊ အခုတစ်ခေါက်မှာတော့ အိမ်နားက ဆေးခန်းမှာ သွားပြပြီး၊ ပေးလိုက်တဲ့ဆေးသောက်ပေမယ့် မသက်သာကြောင်း၊ အန်တာ ပိုဆိုးလာကြောင်းတွေ ပြောပြရတယ်။

အခုတစ်ခေါက် အန်တာက၊ ပျို့တာ အော့တာတွေ သိပ်မရှိဘဲ၊ ဝမ်းထဲက ရှိရှိသမျှအစာတွေ၊ အရည်တွေ အလုံးအရင်းနဲ့ ထိုးအန်ချတတ်တာ၊ ပြီးတော့ အန်ပြီးရင်လည်း တစ်နေကုန်ခေါင်းကိုက်နေတာတွေ အပြည့်အစုံ မေမေပြောပြလိုက်ပါတယ်။

ဆရာဝန်မကြီးက မေးတယ်။

"ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ"ဆိုတော့ မေမေကလည်း

"ဆယ်ရက်လောက်ရှိပါပြီ..."လို့ ပြောရတယ်။

ဒီတော့ ဆရာဝန်မကြီးက မေမေအခုခံစားနေရတဲ့ ဝေဒနာဟာ ကိုယ်ဝန်ဆောင်တွေ ကိုယ်ဝန်ရှိစမှာဖြစ်တဲ့ (Morning Sickness)လို့ခေါ်တဲ့ သာမန်ဝေဒနာမျိုးနဲ့ ပုံစံသိပ်မတူကြောင်း၊ မေမေ့မှာ နောက်ထပ်ရောဂါတစ်ခုခုရှိသေးတယ်ဆိုတဲ့ အထင်နဲ့ သေချာသွားအောင် ဦးခေါင်းခွံ ဓာတ်မှန်ရိုက်ကြည့်ရမယ်လို့ ရှင်းပြတယ်သားရဲ့။ ဦးခေါင်းခွံ ဓာတ်မှန်က အဲဒီဆေးခန်းကြီးမှာတင် အခုဝင်ရိုက်လို့ရတယ်ဆိုတော့ မေမေ့ကို ချက်ချင်းသွားရိုက်ခိုင်းပြီး၊ ဓာတ်မှန်ရရင် ပြန်လာပြပါလို့ ပြောလိုက်တယ်။

နောက်တစ်နာရီလောက်အကြာမှာ မေမေလည်း မေမေ့ရဲ့ဦးခေါင်းခွံ ဓာတ်မှန်ကားချပ်တွေနဲ့အတူ အဲဒီဆရာဝန်မကြီး အခန်းထဲ ပြန်ရောက်နေခဲ့တာပေါ့။

သားဖွားနဲ့မီးယပ်အထူးကုဆရာဝန်မကြီးက မေမေ့ရဲ့ ဦးခေါင်းခွံဓာတ်မှန်တွေကို မီးအလင်းရောင်ထဲမှာ တော်တော် ကြာကြာအထိတော့ ကြည့်တယ်။ အဲဒီအချိန်မှာ မေမေစိတ်ညစ်စပြု နေပါပြီ။

မေမေ့စိတ်ထဲမှာ ထင်တာက ဒါဟာ သာမန်ကိုယ်ဝန်ဆောင်တွေဖြစ်တတ်တဲ့ ရောဂါဝေဒနာတစ်ခုပါ။ မေမေ မနက်တိုင်းထိုးအန်နေတာ နောက်ထပ်ရောဂါတစ်ခု မဖြစ်နိုင်ပါဘူး။ အထူးသဖြင့် ဦးခေါင်းခွံဓာတ်မှန် ရိုက်ကြည့်ရမယ့် ရောဂါတစ်ခုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ အနည်းဆုံး အစာအိမ်အူလမ်းကြောင်း ရောဂါတစ်ခုခုသာ ဖြစ်နိုင်တော့မှာပေါ့၊ မေမေက အဲဒီလိုတွေးနေမိတာ သားရဲ့။





ဒါပေမယ့် အဲဒီဆရာဝန်မကြီးက မေမေ့ရဲ့ဦးခေါင်းခွံ ဓာတ်မှန်တွေကို စိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်တယ်။ နှုတ်ကလည်း... "ဟုတ်တယ်..." လို့ ထုတ်ပြောတယ်။

မေမေရော၊ မမမြရော သူ့ဆီက စကားပြန်ကို အငမ်းမရ နားစွင့်လိုက်တဲ့ အချိန်မှာ သူကမေမေတို့ဘက်ကို လှည့်ပြီးပြောပြပါတယ်။

"ကျွန်မ စောစောကတည်းက Headache ကို Suspect ဖြစ်နေတာ"

အဲဒီတုန်းက သူပြောပြတဲ့ ဆေးဝေါဟာရတွေ၊ အင်္ဂလိပ်စာလုံးတွေကို နားလည်နိုင်တဲ့ ပညာအရည်အချင်း မေမေ့မှာမရှိဘူးသားရဲ့။ ရီစရာ ကောင်းတယ်နော်။ အဲဒီစကားလုံးတွေကို နောင်တစ်ချိန်ချိန်မှာ မေမေ နားလည်လာလိမ့်မယ်လို့လည်း မေမေဘယ်ထင်ခဲ့မှာလဲ။ အနည်းဆုံး အဲဒီလို ခက်ခဲတဲ့ ဆေးပညာရပ်ဆိုင်ရာ စကားတွေကို မေမေနားလည်အောင် ရှင်းပြပေးနိုင်တဲ့သူ တစ်ယောက်ယောက် မေမေ့ဘဝထဲမှာ ရှိလာလိမ့်မယ်လို့ မေမေ ဘယ်တုန်းက မျှော်လင့်ခဲ့မှာလဲ။

အဲဒီတုန်းက ဆရာဝန်မကြီးပြောတဲ့စကားတွေကို မေမေ နားမလည်ပေမယ့် မမမြက နားလည်နေလို့ တော်သေးတာပေါ့။ မမမြက ဘွဲ့ရပညာတတ် တစ်ယောက် မဟုတ်လား။

ဆရာဝန်မကြီးက ဆက်ပြောခဲ့တယ်။

"သူ့မှာ ဦးခေါင်းခွံတွင်း ဖိအားများစေတဲ့ ရောဂါတစ်ခုခု ရှိနေတယ်၊ အဲဒီလို ဖိအားများစေတဲ့အကြောင်းက ဦးခေါင်းခွံထဲမှာ အရည်တွေ များနေလို့လည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် အဲဒီအရည်တွေ ထွက်တဲ့အပေါက် ပိတ်သွားလို့လည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ဦးခေါင်းထဲမှာ အဖုအကျိတ်တစ်ခုခု ပေါ်လာလို့လည်း ဖြစ်နိုင်တယ်ကွဲ့၊ အဲဒီအကြောင်းတွေက ဒီ X'ray ပုံမှာ မပေါ်ဘူး၊ ဒီတော့ သူ့ရဲ့ရောဂါကို တိတိကျကျသိရအောင် ကျွန်မ သူ့ကို ဦးနှောက်နဲ့အာရုံကြော အထူးကုဆရာဝန်ကြီးတစ်ယောက်ဆီ ညွှန်လိုက်မယ်၊ သူဖြစ်တဲ့ရောဂါနဲ့ ဆိုင်တဲ့ဆရာဝန်ဆီပေါ့၊ အဲဒီဆရာဝန်ဆီမှာ ဆက်ပြလိုက်နော်...ဟုတ်လား"

ဆရာဝန်မကြီးက ပြောပြောဆိုဆို မေမေ့အတွက် လိပ်စာရေးပေးဖို့ စားပွဲပေါ်က စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်တယ်။ ပြီးတော့ ဖောင်တိန်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြီး လျင်မြန်သွက်လက်တဲ့ လက်ရေးတွေနဲ့ စာတွေချရေးနေပြန်တယ်။

အဲဒီတုန်းက မေမေဟာ စိတ်ကလည်း ညစ်ညစ်နဲ့ အဲဒီဆရာဝန်မကြီးရဲ့ အဖြေစကားကို မကျေမနပ်ဖြစ်သွားခဲ့တယ် သားရဲ့။

ဟုတ်တယ်လေ။ မေမေစိတ်ညစ်သွားတာပေါ့။ သူတို့က ဆရာဝန်တစ်ယောက်ကနေ တစ်ယောက်ဆီကို ထပ်ညွှန်နေတော့တာကိုး။ မေမေ့ရောဂါကို သူမကုနိုင်ဘူးဆိုတဲ့သဘော မဟုတ်လား။ ဘာဖြစ်လို့ မကုနိုင်ရမှာလဲ။ မေမေ့မှာ သူခိုင်းတဲ့အတိုင်း ဦးခေါင်းခွံ ဓာတ်မှန်ရိုက်ဆိုလို့လည်း ရိုက်လိုက်ရသေးတယ်။ အဲဒါနဲ့တင် မလုံလောက်သေးဘူးလား။ ဒီလောက်ဆို မေမေ့ရောဂါကို သူကုပေးနိုင်ရမှာပေါ့။

မေမေ စိတ်ညစ်တာက မေမေ့ရောဂါကို သူတို့တိတိကျကျ မပြောနိုင်တာတင် မဟုတ်သေးဘူး။ ငွေကုန်မှာကိုလည်း ထည့်တွက်ပြီး စိတ်ညစ်နေမိတာပါ။ ဆရာဝန်တစ်ယောက်က တစ်ယောက်ဆီပြောင်းပြီး ကုရမယ်ဆိုရင် ငွေကလည်း ထပ်ကုန်ဦးမှာမဟုတ်လား။ အခု ဒီနေ့ထက်ထိ မေမေ့မှာ အိမ်နားက ဆေးခန်းမှာသွားပြပြီး ဆေးဝယ်ရတဲ့ စရိတ်တွေ၊ အခု ဒီကိုလာပြီး သားဖွားနဲ့မီးယပ်ဆရာဝန်မကြီးဆီမှာ လာပြတဲ့စရိတ်၊ ဓာတ်မှန်ရိုက်ရတဲ့ စရိတ်တွေနဲ့ တော်တော်ကို ငွေကုန်ကြေးကျ များနေတာကိုး သားရဲ့။

ဒီတော့ မေမေလည်း စိတ်ညစ်ညစ်နဲ့ မပြောသင့်မပြောထိုက်တာကို ပါးစပ်ကလွှတ်ကနဲ ထွက်သွားမိ သေးတယ်။

"ဆရာမကြီး...ကျွန်မခေါင်းထဲမှာ ဖိအားများနေတယ်ဆိုရင် ဖိအားနည်းသွားအောင် ဒေါက်တာပဲ ကုပေးလို့မရဘူးလားဟင်..."လို့ မေမေ မေးလိုက်မိတယ်လေ။

အမှန်တကယ်ဆို မေမေရဲ့အမေးစကားက အဲဒီဆရာဝန်မကြီးကို စိတ်ဆိုးသွားစေနိုင်မှန်း မေမေသိတယ်။ ဒါပေမယ့် အဲဒီဆရာဝန်မကြီးက စိတ်မဆိုးခဲ့ဘူး။ စိတ်မဆိုးတဲ့အပြင် ပြုံးတောင် ပြုံးပြလိုက်ပါသေးတယ်။ ပြီးတော့ အဲဒီဆရာဝန်မကြီးက သူရေးနေတဲ့ မေမေ့အတွက် လိပ်စာပေါ်ကနေ မျက်လုံးလွှဲပြီး မေမေ့ကိုကြည့်တယ်။ ပြီးတော့ ပြုံးနေတဲ့မျက်နှာထားနဲ့ပဲ မေမေ့ကို စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပါတယ်။

"ဦးခေါင်းခွံထဲမှာ ဖိအားများတယ်ဆိုတာ တကယ်တော့ ရောဂါတစ်ခု မဟုတ်သေးဘူး သမီးရဲ့၊ ရောဂါတစ်ခုခုရဲ့ လက္ခဏာပဲ ရှိသေးတာ၊ ရောဂါ





တစ်ခုခုကြောင့်ဖြစ်တဲ့ Sign 'တစ်ခုပဲ ဆရာမတို့တွေ့သေးတာ၊ အဲဒီ **Sign** ကို ကုလို့မရတာ မဟုတ်ဘူး၊ ရတယ်၊ ဖိအားများတာကို နည်းအောင် လုပ်ဆေးလို့ရတယ်၊ ဒါပေမယ့် အဲဒီလို ဖိအားများစေတဲ့ အကြောင်းရင်းကို မရှာပဲနဲ့ ကုနေရင် အခုပျောက်သွားလည်း ပြန်ဖြစ်ဦးမှာပဲ၊ ဖိအားများစေတဲ့ အကြောင်းရင်းက ကျန်နေသေးတာကိုး၊ အဓိက Cause ...က ကျန်နေသေးတာကိုး၊ ဒီတော့ အဓိက Cause...ကို ရှာဖို့လိုသေးတယ် သမီး၊ သူ့ကိုကုမှ သမီးအန်တာတွေ၊ ခေါင်းကိုက်တာတွေ၊ ဦးခေါင်းခွံထဲ ဖိအားများတာတွေ အလိုလိုပျောက်သွားမှာ၊ နည်းနည်းတော့ စိတ်ရှည်ပါသမီးရယ်၊ သမီးရဲ့ ရောဂါကို ရှင်းရှင်းသိအောင် ရှင်းရှင်းပျောက်အောင် လုပ်ပေးမှာပါ၊ အခု ဆရာမညွှန်တဲ့ ဆရာဝန်ကြီးဆီသာ သွားလိုက်နော်"

အဲဒါ အဲဒီတုန်းက ဆရာဝန်မကြီးပြောလိုက်တဲ့ စကားတွေပါပဲ။ မေမေလည်း သူပြောသလို စိတ်ရှည်အောင်ပဲ ကြိုးစားရဦးတော့မှာပါပဲ သားရယ်။ အဲဒီမီးယပ်နဲ့သားဖွား ဆရာဝန်မကြီးက မေမေ အခုခံစားနေရတဲ့ ခေါင်းကိုက်တာ၊ အန်တာတွေသက်သာအောင် ဆေးတစ်ချို့တော့ ပေးလိုက်ပါတယ်။ ပြီးတော့ မေမေနဲ့မမမြကို မှာလိုက်သေးတယ်။

"ဒီဆေးတွေသောက်ပြီး သက်သာသွားရုံနဲ့ ပေါ့မနေနဲ့နော်၊ ဆရာမညွှန်တဲ့ ဆရာဝန်ကြီးဆီ ဆက်ဆက်သွားပြဖြစ်အောင် ပြလိုက်၊ မပြရင်တော့ နောက်တစ်ခါ ဒီလိုမျိုးထပ်ဖြစ်ရင် ပိုဆိုးလာလိမ့်မယ်"... တဲ့။

အစိုးရိမ်ပိုတတ်တဲ့ မမမြကတော့ မေမေ့အစား ဝင်ပြီး...။

"ဟုတ်ကဲ့ပါဒေါက်တာ၊ ပြဆို...မနက်ဖြန်ပဲ ကျွန်မ သူ့ကို ခေါ်သွားပြမှာပါ၊ စိတ်ချပါ"...ဆိုပြီး ကတိဝင်ပေးလိုက်သေးတယ်။

တကယ်ပဲ နောက်တစ်နေ့မှာ ဦးနှောက်နဲ့အာရုံကြော အထူးကုဆရာဝန်ကြီးဆီ ထပ်သွားပြဖို့ ဝန်လေးနေတဲ့ မေမေ့ကို မမမြကပဲ အတင်းလောဆော်ပြီး ခေါ်သွားခဲ့တာပဲ။

မေမေကတော့ အလုပ်ပြင်ဆိုင်အလုပ် ထိနိုက်မှာစိုးလို့ "မမမြရယ်... ခင်လေး တစ်ယောက်တည်းပဲ သွားပြလိုက်ပါ့မယ်၊ မမမြ ဆိုင်မှာပဲနေခဲ့ပါ"လို့ ပြောပေမယ့် မမမြကငြင်းခဲ့တယ်။

"အို...လမ်းမှာ ခင်လေးအန်နေရင်၊ ခေါင်းတအားကိုက်နေရင် ဘယ်လိုလုပ်မလဲ၊ အဖော်ပါမှ ဖြစ်မှာပေါ့၊ ကျန်တာတွေ ထည့်မတွက်နဲ့တော့ဘယ်၊ လု



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှာ ကျန်းမာရေးက အရေးကြီးဆုံး"...ဆိုပြီး မေမေ့လက်ကို အတင်းဆွဲလို့ ဆေးရုံကို ခေါ်သွားခဲ့တာပေါ့။

တကယ်တော့ အဲဒီအချိန်မှာ မေမေကလည်း အဖော်တစ်ယောက် မပါဘူးဆိုရင် ဆေးရုံကို ရောက်ဖို့တောင် ခပ်ခက်ခက်ရယ်။

မနက်တိုင်း အန်အန်နေတဲ့ ရက်တွေများပြီမို့ လူကလည်း အားအင်တွေ ကုန်ခမ်းပြီး တအားနွမ်းနယ်နေပြီလေ။ ပြီးတော့ ခေါင်းထဲက တစစ်စစ်နဲ့ ထိုးကိုက်နေတာကလည်း တစ်ချိန်လုံးဖြစ်နေတာ မဟုတ်လား။ ဒီတော့ မေမေကလည်း မမမြလက်ကိုသာ မှီတွဲရင်း မမမြ ခေါ်ရာနောက်ကို လိုက်သွားခဲ့ပါတယ်။

မေမေတို့ အဲဒီနေ့က သွားကြတဲ့နေရာက ဦးနှောက်နဲ့အာရုံကြော အထူးကု ဆေးရုံကြီးဆီကိုပါပဲ။

မေမေနဲ့မမမြကို ညွှန်လိုက်တဲ့ အထူးကုဆရာဝန်ကြီးက ဒီ ဆေးရုံကပဲကိုး။ မေမေတို့လည်း အဲဒီဆေးရုံက ပြင်ပလူနာဌာနမှာ စာရင်းသွင်း။ မနေ့က သားဖွားနဲ့မီးယပ်ဆရာဝန်မကြီး ရေးပေးလိုက်တဲ့ လွှဲစာကိုလည်းပြပြီး၊ နောက် မိနစ်အနည်းငယ်အကြာမှာပဲ မေမေတို့တွေ့ရမယ့် အထူးကုဆရာဝန်ကြီးကို တွေ့ခွင့်ရခဲ့ပါတယ်။

အဲဒီ ဦးနှောက်နဲ့အာရုံကြော အထူးကုဆရာဝန်ကြီးရဲ့ . ကျွဲကော်ကိုင်း မျက်မှန်နောက်က မျက်လုံးတွေက အရွယ်နဲ့မလိုက်အောင် တော်တော်စူးရှတယ်သားရဲ့။

ဆရာဝန်ကြီးက မေမေယူလာတဲ့ လွှဲစာကိုဖတ်တယ်။ ပြီးတော့ မနေ့က ရိုက်ထားတဲ့ မေမေ့ရဲ့ဦးခေါင်းခွံ ဓာတ်မှန်ပုံတွေကိုလည်း သူ့ဘေးက အဖြူရောင်အလင်းတွေ ထိန်နေတဲ့ အလင်းသေတ္တာလေးပေါ်မှာ ဖျတ်ကနဲ၊ ဖျတ်ကနဲ အသံမြည်အောင် ထိုးညှပ်ပြီးကြည့်နေတယ်။ ပြီးတော့ အဲဒီဆရာဝန်ကြီးက သူ့စားပွဲကို လက်ညှိုးလေးနဲ့ တထောက်ထောက် ခေါက်နေ ပြန်တယ်။

နောက်ဆုံးမှ စကားတစ်ခွန်းတည်းနဲ့ ဆရာဝန်ကြီးက အဖြေပေးလိုက်တယ်။

"မင်း...ဆေးရုံတက်ရမယ်"

ဆရာဝန်ကြီးက အရပ်ရှည်သလောက် စိတ်ကတော့ တိုပြတ်ပုံရတယ်။ စကားလုံးအနည်းဆုံးနဲ့ မေမေ့ရဲ့ရောဂါအပေါ် ကောက်ချက်ချလိုက်တာပဲ။





မေမေကတော့ ဒုက္ခပါပဲလို့ စိတ်ထဲက တိုးတိုးညည်းရင်း...နှုတ်ကနေ ဘာပြန်ပြောရမလဲလို့ စကားလုံး ရွေးနေခဲ့ရတယ်။

"ဆေးထိုး၊ ဆေးစားရုံနဲ့ မပျောက်ဘူးလားဆရာကြီး၊ ကျွန်မမှာ ဘာရောဂါ ရှိနေလို့လဲဟင်"

မေမေက အဲဒီလိုအရဲစွန့်ပြီး မေးလိုက်တော့ ဆရာဝန်ကြီးက ခေါင်းကို ခပ်မြန်မြန် ခါထုတ်ပြတယ်လေ။ ပြီးတော့ ငြင်းတယ်။

"ဟင့်အင်း...." တဲ့။

"မင်းရောဂါအတွက် ဆရာတို့ အကြောဆေးကို ပုလင်းချိတ်ပြီး ကုရမယ်၊ ပြီးတော့ မင်းကို နှစ်ဆယ့်လေးနာရီလုံး ဆေးရုံမှာစောင့်ကြည့်နေဖို့ လိုအပ်တယ်၊ မင်းဟာ ဦးနှောက်တွင်း ဖိအားများနေလို့ အချိန်မရွေး သတိလစ်လဲကျနိုင်တယ်၊ ပြီးတော့ အသက်ရှူတာ၊ နှလုံးခုန်တာတွေလည်း အချိန်မရွေး ရုတ်တရက် ရပ်တန့်သွားနိုင်တယ်၊ ဆရာ...လိုအပ်လို့ ပြောနေတာ"

အဲဒီ ဆရာဝန်ကြီးရဲ့ စကားလုံးတွေဟာ အေးစက်တည်ငြိမ်သလောက် မာန်ပါပါနဲ့ ပြတ်သားလှတယ် သားရဲ့။ သူ့စကားကို ငြင်းဆိုနိုင်ဖို့ မေမေ့မှာ တော်တော့်ကို ခက်ခဲသွားခဲ့တာပေါ့။ မေမေ ဆေးရုံတက်လို့ မဖြစ်ဘူး။ မေမေ ဒါကို သိတယ်။ ဘာပဲဖြစ်ဖြစ် မေမေ နောက်ဆုံးတော့ အဲဒီဆရာဝန်ကြီးကို အရဲစွန့်ပြီး ထပ်ပြောမိသေးတယ်။

"ဆရာ...ကျွန်မက တစ်ကောင်ကြွက်ပါ၊ ဆေးရုံတက်ဖို့ ကျွန်မမှာ ကိုယ်ချင်းမရှိ..."

အဲဒီစကားကို ဖြတ်ပြီး အတင်းဝင်ပြောခဲ့သူက မမမြပဲ...သား။ မမမြ စကားတွေက မေမေ့စကားအားလုံးကို လွှမ်းမိုးစွာ ဖယ်ရှားပစ်လိုက်ပါတယ်။

"အို...မဟုတ်တာခင်လေးရယ်၊ ဆရာ...ဆရာက လိုအပ်တယ်ဆို ကျွန်မတို့ ဆေးရုံတက်ဖြစ်အောင် တက်ပါ့မယ်၊ သူ့အတွက် ကျွန်မအစစအရာရာ ကူညီနိုင်ပါတယ်၊ ဘယ်နေ့က စတက်ရမလဲဆိုတာသာ ဆရာပြောပါရှင်"...လို့ မမမြက ဝင်ပြောလိုက်ပါတော့တယ်။

အဲဒီတော့ ဆရာဝန်ကြီးက ပြုံးပြီးတစ်ခွန်းတည်း ပြန်ပြောခဲ့ပါတယ်။

"အခု...သူ့ကို ဆေးရုံမှာ ထားခဲ့ပါ"...တဲ့။

သားရေ...မေမေကတော့ မေမေကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုတောင် သေသေချာချာမသိခဲ့တဲ့၊ ဆေးပညာရှင် ပါရဂူ ဆရာဝန်ကြီးတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



တိကျတဲ့ သတ်မှတ်ချက်တစ်ခု ပေးဖို့ခက်ခဲလွန်းနေတဲ့၊ ရောဂါဝေဒနာ တစ်ခုနဲ့ ဆေးရုံစတက်ခဲ့ရတယ်။

မမမြကတော့ မေမေ့ကို...။

"ဘာမှ နောက်ဆံတင်းမနေနဲ့ ခင်လေး၊ ခင်လေး့ကိုယ့်ကိုယ်ကိုသာ ကျန်းမာအောင်ဂရုစိုက်၊ ခင်လေးကျန်းမာမှ ခင်[illegible]ဆဲက သားလေးလည်း ကျန်းမာမှာ..."လို့ ခပ်တိုးတိုးအနားကပ်ပြောရင်း အားပေးခဲ့ပါတယ်။

ဒါ့အပြင် အဲဒီနေ့က မေမေ့ကို ဆေးရုံမှာထားခဲ့ပြီး ဆေးရုံမှာသုံးဖို့လိုအပ်မယ့်ပစ္စည်းတွေ မမမြကပြန်ယူပေးခဲ့တယ်။ ပြီးတော့လည်း မေမေ့အတွက် မနက်စာရော၊ ညနေစာပါ သူ့အိမ်ကို ချက်နိုင်းပြီး မေမေဆေးရုံမှာနေရတဲ့ရက်တွေ အားလုံးလိုလိုမှာ မမမြလာပို့ပေးခဲ့တယ်။ တချို့ရက်တွေ၊ တချို့ညနေတွေမှာ မမမြရဲ့မိခင်ကြီးကိုယ်တိုင် မေမေ့ကို သတင်းမေးရင်းနဲ့ ထမင်းလာပို့ပေးတတ်သေးတာ။

မေမေက မမမြရဲ့မိခင်ကြီးကို...။

"အန်တီရယ်...သမီးတော့ အန်တီတို့ကို ဘယ်လိုကျေးဇူးဆပ်ရမလဲ မသိတော့ပါဘူး"လို့ အားနာနာနဲ့ပြောရင် သူကပြန်ပြောတတ်သေးတယ်။

"အို...အန်တီက အိမ်မှာအားနေတာ သမီးရဲ့၊ သမီးအတွက် ထမင်းဟင်းပို့ချက်ရတာ၊ လာပို့ရတာ ဘာမှအပန်းကြီးတာ မဟုတ်ဘူး၊ မြန်ရာဟင်းကောင်း ခင်ရာဆွေမျိုးတဲ့ သမီးရဲ့၊ ဘာမှအားမငယ်ပါနဲ့ကွယ်၊ အန်တီက သမီးရဲ့အမေ၊ မြစိမ်းက သမီးရဲ့အစ်မလို့သာ မှတ်ထားလိုက်၊ ဟုတ်ပြီလား"...တဲ့။ သူက အဲဒီလို ပြောခဲ့တာ။

မေမေ့လေ...မေမေ့ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ၊ ဝေဒနာတွေ၊ ဒုက္ခတွေအတွက် ကံတရားကို မုန်းတီးချင်၊ နာကျည်းချင်ပေမယ့် မေမေ့အတွက် ဒီလိုမိတ်ဆွေကောင်းတွေရှိတဲ့ ပတ်ဝန်းကျင်လေးကို ဖန်တီးထားတဲ့ ကံတရားကိုတော့ ကျေးဇူးတင်နေချင်ပြန်ရောလေ။ မေမေ့အတွက် အမြဲယုံကြည်အားကိုးထိုက်လောက်တဲ့ မိသားစုအတုလေးတစ်ခုကို ကံကြမ္မာက ဖန်ဆင်းပေးထားခဲ့သားပဲ။ မေမေ ကျေးဇူးတင်ရဦးမှာပေါ့။

နောက်ထပ် မေမေကျေးဇူးတင်ရမယ့် သူတစ်ဦးက မေမေ့ကို ဆေးရုံတင်ခိုင်းတဲ့ ဆရာဝန်ကြီးပဲပေါ့။

အဲဒီဆရာဝန်ကြီးက မေမေ့ကို ဆေးရုံပေါ်မှာ သေသေချာချာဂရုစိုက်





ကုသပေးခဲ့တဲ့ ဆရာဝန်ကြီးပါပဲ။ မေမေ့ကို ဆေးရုံပေါ်ရောက်တာနဲ့ ချက်ချင်း အကြောဖောက်ပြီးဆေးတွေထည့်ထားတဲ့ ဆေးပုလင်းကိုချိတ်ပြီး ဦးနှောက်တွင်း ဖိအားများနေတာကို လျှော့ချပစ်လိုက်တယ်။ ဒါ့အပြင် တင်ပါးမှာလည်း ဆေးတွေကို ခြောက်နာရီခြားတစ်ခါလောက် သူနာပြုဆရာမတွေ လာလာထိုးပေးသေးတယ်။

ဆရာဝန်ကြီးရဲ့ဂရုစိုက်မှုကြောင့်ပဲလား၊ ထက်မြက်တဲ့ သူ့ရဲ့ ကုထုံးတွေကြောင့်ပဲလား...မသိဘူး။ မေမေ့ရဲ့ခေါင်းကိုက်ဝေဒနာနဲ့ ထိုးထိုးအန်နေတဲ့ ဝေဒနာနှစ်ခုစလုံးဟာ ဆေးရုံရောက်ပြီး နောက်တစ်ရက်မှာပဲ သိသိသာသာ သက်သာသွားတယ်လေ။

မေမေ ဆီးတွေတော့ အများကြီးသွားရတယ်။ အဲဒီလိုသွားလိုက်မှ ဦးခေါင်းခွံထဲမှာ ရှိနေတဲ့အရည်တွေ နည်းနည်းသွားပြီး ဖိအားကို လျှော့ကျစေတယ်လို့ ဆရာဝန်ကြီးက ရှင်းပြခဲ့ပါတယ်။

ဆရာဝန်ကြီးက တွေ့စကလောက် မျက်နှာထားသိပ်မတင်းတော့ပဲ မေမေ့ကို စိတ်ရှည်လက်ရှည် စကားတွေပြောစပြုတယ် သားရဲ့။ မေမေက ဆေးရုံရောက်ပြီး နောက်ရက်မှာတင် ခံစားနေရတဲ့ ဝေဒနာတွေ သက်သာသွားတာနဲ့

"ဆရာ...ကျွန်မဆေးရုံက ဆင်းလို့ရပြီလား"လို့ မေးမိတယ်။

ဒီတော့ ဆရာကြီးက ရယ်တယ်။

မေမေ့ရဲ့အမေးကို ဆရာဝန်ကြီးက ရယ်ပြီးပြန်မေးတယ်လေ။

"ဘယ်လိုဖြစ်တာတုန်း ခလေးမရဲ့၊ ဒီလောက်တောင်ပဲလား၊ အိမ်မှာ ဘယ်လို နောက်ဆံတင်းစရာတွေများ ရှိနေလို့လဲ"

ဆရာဝန်ကြီးရဲ့အမေးကို မေမေအမှန်အတိုင်း ရိုးသားစွာ ပြန်ဖြေလိုက်ပါတယ်။

"မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်မက ဆွေမရှိမျိုးမရှိ ငယ်ငယ်ကတည်းက တစ်ယောက်တည်းနေလာခဲ့ရတဲ့ သူမို့ပါ၊ ကျွန်မ...ဆေးရုံတက်နေရလို့ မဆီမဆိုင်ကူညီပေးကြတဲ့ ဆွေမတော်မျိုးမတော်သူတွေကို အားနာလွန်းလို့ပါ၊ သူတို့ကို ဒုက္ခမပေးချင်လို့ပါ"...လို့ မေမေကပြောလိုက်တော့ ဆရာဝန်ကြီးက ငြိမ်သက်စွာ နားထောင်နေတယ်။

ပြီးတော့မှ လေးနက်တဲ့မျက်ဝန်းတွေနဲ့ မေမေ့ကိုကြည့်တယ်။

သူ...မေမေ့ဘဝကို နည်းနည်းတော့ သဘောပေါက်သွားတဲ့ပုံပါပဲ။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်နေရင်း မေမေ့ကို ပြန်ပြောင်းပြခဲ့တယ်။

"မင်းဆေးရုံမှာ ဆက်နေဖို့ လိုအပ်သေးတယ် ခလေးမ၊ မင်းရောဂါဟာ ဘာလဲလို့ ဆရာတို့တိတိကျကျသိဖို့ နောက်ထပ်ဆေးစစ်ချက်၊ စမ်းသပ်ချက်တွေ လုပ်စရာရှိသေးတယ်၊ အဲဒီအထဲမှာ အဓိကလုပ်ဖို့က မင်းရဲ့ဦးခေါင်းကို အလွှာလိုက်မြင်ရအောင် ကွန်ပျူတာနဲ့ရိုက်ပေးမယ့် CT-SCAN လို့ ခေါ်တဲ့ ဓာတ်မှန်တစ်မျိုးပဲ၊ အဲဒါကိုရိုက်ပြီးရင် မင်းရဲ့ရောဂါကို ဆရာတို့ဆုံးဖြတ်ချက်ပေးလို့ရပါပြီ၊ ဒီတော့ အဲဒါရိုက်ဖို့ မင်းဆေးရုံကပဲ စောင့်ရလိမ့်မယ်၊ အပြင်မှာရိုက်ရင် ငွေသိပ်ကုန်လိမ့်မယ်၊ ဆေးရုံမှာတော့ အသက်သာဆုံးနှုန်းထားနဲ့ မင်းရိုက်နိုင်တယ်လေ၊ ပြီးတော့ အမြန်ဆုံးရိုက်ခွင့်ရဖို့ ဆရာကူညီနိုင်ပါတယ်၊ ဒါပေမယ့် CT-SCAN ရိုက်ဖို့က ဆရာတစ်ယောက်တည်း ဆုံးဖြတ်လို့ မရဘူး၊ ဘုတ်အဖွဲ့နဲ့ ဆုံးဖြတ်ရတာမို့ တစ်ရက်နှစ်ရက်တော့ စောင့်လိုက်ပါ၊ အဲဒါရိုက်ပြီးတာနဲ့ မင်းကိုဆရာ ဆေးရုံကပေးဆင်းပါ့မယ်၊ စိတ်ချ..."ဆိုပြီး ဆရာဝန်ကြီးက မေမေ့ကို ကတိပေးတယ်လေ။

မေမေလည်း အဲဒီကျမှ နည်းနည်းလေး ပြုံးလိုက်မိပါတယ်။ ပြီးတော့ ဆရာဝန်ကြီးကို စာဒကတက်သလို မေမေမေးလိုက်ခဲ့မိတယ်။

"တကယ်လို့ အဲဒီဓာတ်မှန်ကနေ ရောဂါတိတိကျကျသိတဲ့အခါ ကျွန်မ ဆေးရုံပြန်တက်ဖို့ရော လိုဦးမှာလားဟင်...ဆရာ"

မေမေက အဲဒီလိုမေးလိုက်တော့ သူအသံထွက်တဲ့ ရယ်မောသွားခဲ့တယ် သားရဲ့။ သူရယ်တော့ သူ့နောက်မှာရပ်နေတဲ့ လက်ထောက်ဆရာဝန်တွေရော၊ သူနာပြုဆရာမလေးတွေကပါ ပြုံးကုန်ကြရော။ ဆရာဝန်ကြီးက ရယ်သံတစ်ဝက်နဲ့ မေမေ့ကို နှစ်သိမ့်စကားပြောပါတယ်။

"အဲဒါကတော့ မင်းရဲ့ရောဂါအခြေအနေအပေါ်မှာပဲ မူတည်တာပေါ့ ခလေးမရယ်၊ ဒါကို...ဆရာတို့ ဘာရောဂါလဲဆိုတာ တိတိကျကျသိမှပဲ ဆက်ပြီးဆွေးနွေးကြရအောင်လေ၊ ဟုတ်ပြီလား၊ အခု...ဆရာတို့ပြောနိုင်တာက မင်းကို CT-SCAN ရိုက်ပြီးတဲ့အခါ ဆေးရုံပေါ်က ပေးဆင်းမယ်၊ ပြီးတော့ ဆရာတို့ပြန်ချိန်းတဲ့နေ့ကျရင် မင်းပြန်လာပြရမယ်၊ အဲဒီနေ့မှာ မင်းကို ဆရာတို့ ရောဂါသတ်မှတ်ချက် တစ်ခုခုတော့ ပေးနိုင်မှာပါ၊ ဒီနေ့အထိတော့ ဆရာတို့ ဒါပဲပြောနိုင်တယ် ခလေးမရဲ့"

အဲဒီစကားကို ပြောပြီးတဲ့အခါ ဆရာဝန်ကြီးရဲ့ အရယ်မျက်နှာဟာ





ရုတ်တရက် တည်တံ့သွားခဲ့ပါတယ်။

ဆရာဝန်ကြီးရဲ့ မျက်မှန်နောက်က မျက်လုံးတွေမှာလည်း မေမေ အဓိပ္ပါယ် မဖော်တတ်တဲ့ အရိပ်တွေဖြတ်ပြေးသွားသလိုပဲ။ သေချာတာကတော့ ဆရာဝန်ကြီးဟာ အဲဒီအရိပ်တွေကို အလျင်အမြန် ဖုံးကွယ်ပစ်လိုက်နိုင်ပြီး ချက်ချင်း အိန္ဒြေဆည်ခဲ့လိုက်တယ် ဆိုတာပဲ။

ဆရာဝန်ကြီးဟာ မေမေနဲ့ပတ်သက်ပြီးတစ်ခုခုကိုသိထားတယ်။ ပြီးတော့ အဲဒါကို မေမေမသိအောင် လျှို့ဝှက်ထားတယ်။ မေမေ့ကို သူတစ်ခုခုပြောဖို့ ချန်ထားပါတယ်။ အဲဒါကို မေမေသိလိုက်တယ်။

မေမေဟာ ဆရာဝန်ကြီး လျှို့ဝှက်ထားတဲ့ အကြောင်းအရာတစ်ခုခုကို သိနိုင်ဖို့အတွက် စူးရှရှ သူ့ရဲ့မျက်လုံးတွေထဲမှာ အသေအလဲ အဖြေရှာဖွေတဲ့နေ တုန်းမှာပဲ...ဆရာဝန်ကြီးဆီက တည်ငြိမ်လေးနက်တဲ့ စကားတစ်ခွန်းကို မေမေ ကြားလိုက်ရတော့တယ်။

"CT-SCAN မှာ ပေါ်လာတဲ့အဖြေကို ပြောပြဖို့ မင်းကို ဆရာတို့ ပြန်ချိန်းတဲ့အခါ မင်းတစ်ယောက်တည်း မလာဖို့တော့ ဆရာသေသေချာချာ မှာလိုက်မယ်၊ အဲဒီနေ့မှာ မင်းရဲ့အရင်းနှီးဆုံး အဖော်တစ်ယောက်ယောက်ကို ခေါ်လာခဲ့ပါ...သမီး"

မေမေဟာ အဲဒီအချိန်တုန်းက သူ့ရဲ့စကားအဓိပ္ပါယ်ကို တိတိကျကျ နားမလည်နိုင်ခဲ့ဘူး။ မသိခဲ့ပါဘူး...သား။

ဒါပေမယ့်....ဒါပေမယ့်....သားရယ်။

အဲဒီစကားကို သေချာလှစွာ သဘောပေါက်ခဲ့တဲ့ နေ့ကတော့ အဲဒီအချိန်နဲ့သိပ်မဝေးကွာလှတဲ့ အချိန်တစ်ခုအတွင်းမှာပဲ ရောက်ရှိလာခဲ့ပါတယ်၊ ဟုတ်တယ်။ အဲဒီနေ့ပါပဲ။

အဲဒီနေ့မှာပဲ မေမေဟာ အရာအားလုံးကို နားလည်သိရှိသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၇

ဆရာဝန်ကြီးရဲ့အခန်းလေးဟာ အလင်းရောင်တော်တော်များတဲ့ အခန်းလေးတစ်ခုဖြစ်တယ် သားရဲ့။

မျက်နှာကျက်က မီးချောင်းရယ်၊ နံရံနှစ်ဖက်က ပြတင်းပေါက် နှစ်ပေါက်ရယ်၊ သူ့စားပွဲဘေးက ဓာတ်မှန်ကားချပ်တွေကိုထိုးကြည့်တဲ့ အလင်းသေတ္တာလေးရယ်က အခန်းတစ်ခုလုံးကို လင်းချင်းနေအောင် လုပ်ပေးနေခဲ့တယ်။

ဒါပေမယ့် မေမေ့စိတ်ထဲမှာ မလိုခြင်ဘူး။

အဲဒီတုန်းက အဲဒီအခန်းထဲမှာ မေမေထိုင်နေရတာ ဘာကြောင့်မှန်း မသိပဲ တစ်ခုခုကို စိုးရွံ့နေခဲ့မိတယ်။ မေမေ ကြောက်နေခဲ့တယ်။

အဲဒီလိုခံစားနေရတာဟာ မေမေအဲဒီအခန်းထဲဝင်လာကတည်းက တွေ့မြင်နေရတဲ့ တည်ငြိမ်အေးစက်ပြီး ရှင်းလင်းလွန်းနေတဲ့ ဆရာဝန်ကြီးရဲ့မျက်နှာအမူအယာကြောင့်ပဲလား။ စကားတစ်ခွန်းမှ မပြောဘဲ မေမေ့မျက်လုံးတွေထဲကို နက်ရှိုင်းစူးရှစွာ တိုးဝင်ကြည့်နေတဲ့ ဆရာဝန်ကြီးရဲ့မျက်လုံးတွေကြောင့်ပဲလား။

ဒါမှမဟုတ် ဆရာဝန်ကြီးရဲ့ စားပွဲတစ်ဘက်ဘေးမှာထိုင်ပြီး ဆရာဝန်ကြီးလိုပဲ မေမေ့မျက်နှာကို အသေအချာစိုက်ငေးကြည့်နေတဲ့ မေမေမသိတဲ့သူစိမ်းတစ်ယောက်ကြောင့်ပဲလား။ မေမေ ခွဲခြားမရတော့ပါဘူး သားရယ်။

ဆရာဝန်ကြီးဟာ မေမေ့ရဲ့ရောဂါအခြေအနေကို ပြောပြဖို့ မေမေ့ကို သူ့အခန်းထဲခေါ်တဲ့အချိန်မှာ ဘာဖြစ်လို့ အဲဒီသူစိမ်းတစ်ယောက်က ရှိနေရသလဲ မေမေမသိဘူး။ အဲဒီလူစိမ်းဟာ ဆရာဝန်တစ်ယောက်လား။

ဒါမှမဟုတ် မေမေ့ရဲ့ကွန်ပျူတာဓာတ်မှန်ပေါ်က မေမေ့ရဲ့ ရောဂါပြသမှုကို ဖတ်ပေးမယ့် ပုဂ္ဂိုလ်လား။ သူက ဘာကိစ္စ ဒီအခန်းထဲမှာ ရှိနေရသလဲ။

မေမေလေ..သူ့ကိုအစက ဆရာဝန်တစ်ယောက်လို့ လုံးဝထင်မထားဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်နှာနဲ့ သူ့ဆံပင်ပုံစံက သူ့အသက်ကို နည်းနည်း





ပိုငယ်နေစေသလိုပဲ။

သူ့ဆံပင်က သိပ်တိုတယ် သားရဲ့။ ဆရာဝန်တစ်ယောက်ဟာ အဲဒီလို ကတုံးဆံတောက်ပုံစံ ဆံပင်တိုတိုကပ်ကပ်ကလေးနဲ့ ဖြစ်ဖို့မကောင်းဘူးလို့ မေမေထင်တယ်လေ။ ဆံပင်အောက်က ဦးရေပြူပြူလေးကို လှမ်းမြင်နေရလောက်အောင် သူ့ဆံပင်ကတိုတာ။ ပြီးတော့ သူ့နှုတ်ခမ်းက ပါးလှပ်လှပ်နဲ့ သေးသေးကလေး။ အဲဒီ သူ့မျက်နှာပေါ်မှာ အနားကွပ်မပါတဲ့ ကိုင်းထွတ်မျက်မှန်ဝိုင်းလေးတစ်လက်သာ တပ်မထားဘူးဆိုရင် မေမေသူ့ကို နောက်ဆုံးနှစ်ဆေးကျောင်းသားလေး တစ်ယောက်လောက်အထိပဲ မှတ်ချက်ပေးမိမှာ။

မေမေ့မျက်လုံးက အဲဒီသူစိမ်းကို တောက်လျှောက်အကဲခတ်နေမိတာ သိလို့ထင်ပါရဲ့။ ဆရာဝန်ကြီးဆီက ချက်ချင်းစကားသံ ထွက်လာခဲ့တယ်။

"သမီး...သူက ဒေါက်တာမြင့်မိုရ်တဲ့၊ ခွဲစိတ်အထူးကု ဆရာဝန်တစ်ယောက်ပဲ၊ နောက်ပြီး မကြာခင်မှာ ဂျပန်နိုင်ငံကိုသွားပြီး ဆရာ့လိုပဲ ဦးနှောက်နဲ့အာရုံကြော ခွဲစိတ်ပါရဂူဘွဲ့ကို သွားယူတော့မယ့် ဆရာဝန်တစ်ယောက်လည်း ဖြစ်တယ်လေ"

ဆရာဝန်ကြီးစကားကြောင့် မေမေသူ့ကို ပြုံးပြဖို့ ကြိုးစားရတယ်။ ဒါပေမယ့် မေမေ့ရဲ့အပြုံးဟာ အဲဒီအချိန်မှာ ပီပြင်မှာ မဟုတ်ဘူးလို့တော့ မေမေသိပါတယ်။

ဟုတ်တယ်လေ။ လူနာတစ်ယောက်က အဲဒီအချိန်မှာ ဆရာဝန်တစ်ယောက်နဲ့ အသိအကျွမ်းဖြစ်ရလို့ လှိုက်လှိုက်လှဲလှဲတော့ ဘယ်ဝမ်းသာနိုင်ပါ့မလဲ။ ဒီအချိန်မှာ သူတို့က မေမေ့မှာရှိနေတဲ့ ရောဂါတစ်ခုခုအကြောင်းကို ထုတ်ပြောပြဖို့ အဆင်သင့်ဖြစ်နေတာ။ မေမေ့မှာ ဘာရောဂါရှိနေသလဲ။ မေမေ ဘာဖြစ်နေတာလဲ။ သူတို့သိနေကြပြီ။

မေမေနဲ့ပါတ်သက်ပြီး သူတို့တစ်ခုခုတော့ သိနေကြပါပြီ။ ဒါပေမယ့် ဒါကို ဘာဖြစ်လို့ သူတို့အခုထက်ထိ ထုတ်မပြောပြသေးတာလဲ။

လူနာတစ်ယောက်ရဲ့ ကျန်းမာရေးအခြေအနေကို ပြောပြဖို့ ဆရာဝန်နှစ်ယောက်ရော လိုအပ်သလား။

ဆရာဝန်ကြီးဟာ တကယ်ဆို အခုအချိန်မှာ မေမေ့ကို ဒေါက်တာမြင့်မိုရ်ဆိုတဲ့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးနေမယ့်အစား မေမေ့ရဲ့ရောဂါအကြောင်းကို ပြောပြနေဖို့ သင့်တာပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



မေမေရဲ့ရောဂါဟာ ဘယ်လိုရောဂါမျိုးဖြစ်တဲ့အကြောင်း...၊ မေမေ ခံစားနေရတဲ့ ဝေဒနာတွေ ရှင်းရှင်းပျောက်သွားအောင် ဘယ်လိုကုထုံးမျိုးနဲ့ ကုရမလဲဆိုတဲ့အကြောင်း...၊ မေမေ ဘာဆေးတွေ၊ ဘာဆေးတွေကို သောက်ရမယ်ဆိုတဲ့အကြောင်း...စသဖြင့်ပေါ့နော်၊ သူတို့ မြန်မြန်ဆန်ဆန် ပြောပြလိုက်ဖို့သင့်ပါတယ်။ အဲဒါတွေကိုပြောပြဖို့ ဘာကြောင့်များ သူတို့ ဒီလောက်အချိန်ယူစောင့်ဆိုင်းနေကြသလဲ။ မေမေ လုံးဝစဉ်းစားလို့ မရဘူး။

မေမေ အဲဒီအချိန်တုန်းက ဘာကိုမှ မစဉ်းစားတတ်ခဲ့ပါဘူးလေ။ ဘာဆိုဘာမှ မသိခဲ့သေးပါဘူး။ ဒါပေမယ့် မေမေ့ဘဝအတွက် အရာအားလုံးကို နားလည်သိရှိသွားနိုင်ဖို့အချိန်ဟာ အဲဒီအချိန်နဲ့ ဆံခြည်တစ်မျှင်စာလောက်သာ ဝေးကွာတော့တာပါ...သားရယ်။

အချိန်အနည်းငယ်အတွင်းမှာပဲ မေမေ အားလုံးကို သိသွားခဲ့တာပါ။

ဆရာဝန်ကြီးက မေမေ့ကို မျက်မှောင်အနည်းငယ်ကျုံ့ပြီး စကားစပြောတယ်သား။ ဒါပေမယ့် သူ့စကားက မေမေလုံးဝ မျှော်လင့်မထားတဲ့ စကားပဲ။

"ဘာဖြစ်လို့ အဖော်ခေါ်မလာခဲ့တာလဲ...သမီး၊ ဆရာ မှာလိုက်တယ်မဟုတ်လား"

မေမေဟာ ရုတ်တရက်တော့ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားတယ်။ အဲဒီကိစ္စဟာ အရေးကြီးလို့လား။ အဖော်တစ်ယောက် ခေါ်မလာခဲ့တာ မေမေ့အတွက်တော့ အရေးကြီးတဲ့ ကိစ္စတစ်ခုမဟုတ်ပါဘူး။ မေမေ့ဘဝဟာ မွေးဖွားလာကတည်းက ဘေးနားမှာ အဖော်ဆိုတာ ရှားပါးလွန်းလို့ တစ်ယောက်တည်းသွားလာလှုပ်ရှားရုန်းကန်ခဲ့ရတာ မေမေ့အတွက်တော့ သမရိုးကျ ကိစ္စတစ်ခုဖြစ်နေပါပြီ။ အခုအချိန်ကျမှ ဘာဖြစ်လို့ထူးပြီး မေမေ့အတွက် အဖော်တစ်ယောက်က လိုအပ်နေရဦးမှာလဲ။ ပြီးတော့ မေမေခံစားနေရတဲ့ အအန်ဝေဒနာ၊ ခေါင်းကိုက်ဝေဒနာတွေလည်း အခုအချိန်မှာ သက်သာနေပြီပဲ။

မေမေ့ရဲ့ ကျန်းမာရေးအခြေအနေကို CT-SCAN လို့ခေါ်တဲ့ ကွန်ပျူတာဓာတ်မှန်နဲ့ရိုက်ပြီး စစ်ဆေးအဖြေထုတ်တဲ့ကိစ္စမှာ မေမေ့ရဲ့ အဖော်တစ်ယောက်ပါခြင်း၊ မပါခြင်းကိစ္စက ဒီလောက်တောင် အရေးကြီးနေလို့လား။

မဆိုင်လိုက်တာ။

မေမေ့စိတ်ထဲမှာ သိပ်မရှည်ချင်တော့ဘူး။ ဆရာဝန်ကြီးက အဲဒီလိုမေးတော့ မေမေကလည်း စိတ်ညစ်ညစ်နဲ့ အဖြေတစ်ခုကိုပဲ ခပ်ပြတ်ပြတ်





ဖြေလိုက်မိခဲ့တယ်။

"သူတို့က အားကြတာ မဟုတ်ဘူး...ဆရာကြီး"

"မဟုတ်ဘူးလေ၊ မင်းအနေနဲ့ ဆရာကြီးမှာလိုက်တာကို သေသေချာချာ လိုက်နာဖို့ ကောင်းတယ်"

အဲဒီစကားကို မေမေ့ရဲ့ဆရာဝန်ကြီးက ပြောတာမဟုတ်ဘူး။ဒေါက်တာမြင့်မိုရ်ဆိုတဲ့ လူကဝင်ပြောတာ။

သူက အဲဒီလိုလည်းဝင်ပြောရော...မေမေ့စိတ်ထဲမှာ နည်းနည်းပိုပြီးကျိမ်းတိုသလို ဖြစ်သွားတော့တာပေါ့။ ဒီလိုစကားကို တစ်ကယ်ဆို သူဝင်ပြောဖို့မကောင်းဘူး။ မေမေ့ကို ဆူသလိုလို၊ ဟောက်သလိုလို၊ အမိန့်ပေးသလိုလိုနဲ့ မေမေ...အဖော်မခေါ်လာတဲ့ကိစ္စမှာ သူကဘယ်လိုများ ပါဝင်ပတ်သက်နေလို့လဲ။ သူ့စိတ်ဆိုး စိတ်ကသိကအောက်ဖြစ်စရာ ဘာများရှိလို့လဲ။

ပြီးတော့ အဲဒီဒေါက်တာမြင့်မိုရ်ဆိုတဲ့ ဆရာဝန်ဆီမှာ မေမေက ကိုယ့်ကိုယ်ကို အစမ်းသပ်စစ်ဆေးခံဖို့ ရောက်နေတာလည်း မဟုတ်။ မေမေနဲ့အဓိကသက်ဆိုင်တဲ့သူက သူ့ဘေးမှာထိုင်နေတဲ့ ဆရာဝန်ကြီးပဲ။ သူမှ မဟုတ်တာ၊ သူဝင်ပြောစရာ မလိုပါဘူး။

တကယ်တော့ မေမေအဲဒီအချိန်တုန်းက သူ့ကို စိတ်တိုသွားမိတာကလည်း သူ့အသက်ကို မေမေခန့်မှန်းထားမိတာ နည်းနည်း လွဲချော် နေမှုနဲ့များဆိုင်မလား မသိဘူးသားရဲ့။

မေမေက သူ့ကို မေမေနဲ့ရွယ်တူလောက်ပဲ ရှိဦးမယ်လို့ ခန့်မှန်းထားနေမိတာကိုး။ အထူးကုဆရာဝန်တစ်ယောက်ရဲ့ အသက်ဟာ ဘယ်အရွယ်လောက်တော့ ရှိနေပြီလို့ အဲဒီတုန်းက မေမေမှ တိတိကျကျ မခန့်မှန်းတတ်သေးပဲ။ မေမေမှနားမလည်ခဲ့သေးပဲ။

ဒီတော့ သူကများ ငါ့ကို ဝင်ဆရာလုပ်ရပါ့မလား...ဆိုတဲ့ စိတ်ကလေးနဲ့ မေမေသူ့ကို စကားတစ်ခွန်း မဆင်မခြင်ပြောထွက်လိုက်မိတယ်လေ။

"နေပါဦးဆရာ...၊ ကျွန်မဘေးမှာ အဖော်တစ်ယောက်ပါလာရုံနဲ့ ကျွန်မရောဂါက ပိုသက်သာသွားမယ်လို့များ ဆရာက ထင်ထားလို့လား၊ တကယ်ဆိုလူနာတစ်ယောက်ရဲ့ ရောဂါဝေဒနာသက်သာဖို့က ဆရာတို့နဲ့ပဲ လုံးလုံးသက်ဆိုင်တာ မဟုတ်ဘူးလား၊ ပြီးတော့ အဲဒီရောဂါရဲ့အခြေအနေအမှန်အတိုင်းသိရှိနားလည်ဖို့ကလည်း ကျွန်မနဲ့ပဲဆိုင်မှာပါ၊ ကျွန်မမှာ အဖော်ပါလာတာ၊



www.burmeseclassic.com

www.burmeseclassic.com



မပါလာတာ အဲဒီကိစ္စဟာ အဲဒီလောက်အရေးကြီးနေလိမ့်မယ်လို့ ကျွန်မ လုံးဝ သိမထားဘူး"

မေမေက အဲဒီလိုပြောလိုက်တော့ ဒေါက်တာမြင့်မိုရ်ဆိုတဲ့ လူဟာ ချက်ချင်း မျက်နှာပျက်သွားတယ်လေ။

သူ့မျက်နှာပျက်သွားပုံက သိပ်ရယ်ရတယ် သားရဲ့။ သူ့မျက်နှာ အမူအရာက ကလေးတစ်ယောက်ရဲ့ အမူအရာလိုပဲ။ လိမ်လို့မရဘူး။စိတ်ထဲမှာ ရှိနေတဲ့အတိုင်း ပကတိမျက်နှာပေါ်မှာ လာထင်ဟပ်တဲ့ မျက်နှာမျိုး။

သူ့မျက်လုံးတွေက တစ်ချက်စူးကနဲဖြစ်သွားတယ်။ နှုတ်ခမ်းပါးပါး ကလေးကိုလည်း တင်းထည့်လိုက်တာ ကလေးတစ်ယောက် စိတ်ကောက်သွားတဲ့ပုံနဲ့ တူမှတူပဲ။ တကယ်ရယ်ဖို့ ကောင်းတယ်။

သားရေ…။

သားအခု ဒီအကြောင်းကို ဖတ်နေတဲ့အခါ သားရယ်မိနေမလား။ ဒါမှမဟုတ် ပြုံးရုံလေးပဲ ပြုံးနေမလား။

အဲဒီတုန်းက မေမေတို့ရဲ့ အကြောင်းလေးကတော့ ရယ်စရာလည်း ကောင်း၊ ကြည်နူးစရာလည်း ကောင်းတယ်။ ဟုတ်တယ်နော်…သား။

မေမေ သူနဲ့စတွေ့ခဲ့ရတဲ့ အဲဒီနေ့က အဖြစ်အပျက်ကလေးဟာ သားအတွက်လည်း တကယ့်ကို ရင်ခုန်စရာကောင်းမယ့် အဖြစ်အပျက်ကလေးပဲ။

အင်း…မေမေ့အတွက်တော့ အဲ့ဒီအချိန်က ရင်မခုန်ခဲ့ရဘူး သားရဲ့။ ဟုတ်တယ်။ မေမေ အဲဒီတုန်းက သူ့ကို ဒေါသထွက်နေရတာကိုး။

မေမေ ဒေါသထွက်နေခဲ့တာနဲ့ ရင်တောင်ခုန်ဖို့ မစဉ်းစားခဲ့မိပါဘူးကွယ်။

ရုတ်တရက် မေမေနဲ့သူ အဲဒီလို စကားတစ်ခွန်းချင်း ကတောက်ကဆ ဖြစ်လို့ အခြေအနေတင်းမာသွားတာကိုသိတဲ့ ဆရာဝန်ကြီးက ချက်ချင်း အခြေအနေကို ပြေရာပြေကြောင်း ဝင်ထိန်းလိုတဲ့ သဘောနဲ့ စကားတစ်ခွန်းကို မြန်မြန်ဖြတ်ပြောလိုက်တယ်လေ။

"ကိုမြင့်မိုရ်ရေ…၊ ကျွန်တော်တို့ သူ့ကိုပဲ အခြေအနေမှန် အားလုံးကို သေသေချာချာ နားလည်သဘောပေါက်အောင် ရှင်းပြလိုက်ကြတာပေါ့ဗျာ"

ဆရာဝန်ကြီးရဲ့စကားက ပြတ်သားနေပေမယ့် စိုးရိမ်နေသလိုလို။ တစ်ခုခုကို စိတ်ပျက်အားလျော့နေသလိုလို လေသံမျိုးဖြစ်နေခဲ့တယ်။ ဆရာဝန်ကြီးရဲ့စကားကို သူက ချက်ချင်းလက်ခံလိမ့်မယ် ထင်သလား သားရဲ့။ ဘယ်လက်ခံလိမ့်မလဲ။





"မဟုတ်သေးပါဘူး ဆရာရယ်၊ သူ့မှာ မိသားစုဝင်တွေ မရှိဘူးဆိုရင်တောင် အနီးစပ်ဆုံးဆွေမျိုးဖြစ်ဖြစ်၊ ဒါမှမဟုတ် အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ယောက်ဖြစ်ဖြစ်တော့ ရှိနေရဦးမှာပေါ့"

အဲဒီတုန်းကတည်းက မေမေရိပ်မိခဲ့ဖို့ ကောင်းတယ်နော်။ ဒေါက်တာမြင့်မိုရ်ဆိုတဲ့ အဲဒီလူတစ်ယောက်ဟာလည်း ခေါင်းသိပ်မာတဲ့ လူတစ်ယောက်ဆိုတာ။ ဘယ်အရာကိုမှ အလွယ်တကူနဲ့ လက်ခံ အလျှော့ပေးမယ့် လူစားမျိုးမဟုတ်ဘူးဆိုတာ။

အဲဒီအချိန်တုန်းက မေမေသူ့ကို စိတ်ထဲက မကျေမနပ်ဖြစ်နေပေမယ့် တစ်ခုတော့ သူနဲ့ပတ်သက်ပြီး သတိထားလိုက်မိသား…သားရဲ့။ သူနဲ့မေမေဟာ ခေါင်းမာတဲ့နေရာမှာတော့ တူညီနေခဲ့ကြတယ် ဆိုတာလေ။

ဆရာဝန်ကြီးရဲ့စကားကိုတောင် အဲဒီလို ခပ်တည်တည်နဲ့ ငြင်းချက်ထုတ်ချင်တဲ့သူ့ကို မေမေစိတ်ထဲက တော်တော်ဒေါသထွက်လာမိတာပေါ့။ ဆရာဝန်ကြီးဆီက ဘာစကားသံမှထွက်မလာသေးခင် မေမေလည်း အဲဒီဒေါက်တာမြင့်မိုရ်ဆိုတဲ့ ဆရာဝန်ကို ဦးတည်ပြီး စိတ်တိုတိုနဲ့ ဝင်ပြောလိုက်မိတယ်။

"ဆရာ…ကျွန်မမှာ အဖေနဲ့အမေ မရှိတော့ဘူး၊ ဆွေမျိုးဆိုတာလည်း တစ်ယောက်မှမရှိခဲ့ဖူးဘူး၊ ကျွန်မရဲ့ခင်ပွန်းကလည်း နိုင်ငံခြားမှာ၊ ဒီတော့ ကျွန်မဘဝအတွက် ကျွန်မကိုယ်တိုင် ဆုံးဖြတ်ပေးဖို့ကလွဲပြီး ဘယ်သူမှမရှိပါဘူး ဆရာ၊ ဆရာက ကျွန်မကို ကိုယ့်ကိုယ်ကိုတောင် မထိန်းသိမ်းနိုင်တဲ့ အသက်ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်အရွယ် မြီးကောင်ပေါက်မလေးတစ်ယောက်လို့များ ယူဆနေတာလား၊ အဲဒါဆိုရင် ကျွန်မအများကြီး ဝမ်းနည်းပါတယ်"

မေမေက အဲဒီလိုလည်း ပြောလိုက်ရော ဆရာဝန်ကြီးက မေမေ့စကားကို ဖြတ်ပြီး…။

"အို…အဲဒီလိုသဘောမျိုးနဲ့ ဆရာတို့က ပြောနေတာ မဟုတ်ဘူး သမီးရဲ့" လို့ ပျာပျာသလဲဝင်ပြီး တောင်းပန်နေသေးတယ်။ အဲဒီဒေါက်တာမြင့်မိုရ်ဆိုတဲ့ သူကတော့ မေမေ့ကိုဘာမှပြန်မပြောပဲ သူရဲ့မျက်မှန်ဝိုင်းလေးထဲကနေ မျက်မှောင်ကျုံ့ထားတဲ့ မကျေမနပ်အကြည့်မျိုးနဲ့တောင် ပြန်ကြည့်နေသေးတယ်။

အဲဒီအချိန်မှာ ဆရာဝန်ကြီးက မေမေတို့နှစ်ယောက်ရဲ့ အခဲမကျေမှုကို ချေဖျက်ချင်ပုံ ရပါတယ်။ စကားတစ်ခွန်းကို အလျင်အမြန် လွှဲပြီးပြောဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလိုက်တာ မေမေရိပ်မိလိုက်တယ်။

"ကိုမြင့်မိုရ်ရေ...သူ့ X'Ray ကို ကြည့်ပြီးပြီလား၊ Typical Silver Beat-ing Appearance ပဲ၊ သူလာတုန်းကလေ"

ဆရာဝန်ကြီးက အဲဒီလိုပြောလိုက်တဲ့အချိန်မှာ မေမေစိတ်ညစ်စ ပြုနေ[ပြ]ပြီ။ တကယ်ဆို လူနာတစ်ယောက်ကို ရှေ့ထားပြီး အဲဒီလူနာရဲ့ ရောဂါဝေဒန[ာ] အကြောင်းကို အဲဒီလူနာ နားမလည်နိုင်မယ့် ဆေးဘက်ဆိုင်ရာ အခေါ်အဝေ[ါ်] တွေနဲ့ ဆရာဝန်အချင်းချင်း ပြောနေဖို့ မသင့်တော်ပါဘူးနော်။

အဲဒီလို ဆရာဝန်အချင်းချင်းသာ နားလည်နိုင်မယ့် စကားလုံးမျိုး[နဲ့] ပြောဆိုနေကြတာကို လူနာတစ်ယောက်က ဘယ်လိုခံစားချက်မျိုးနဲ့ နားထော[င်] နေရမှာလဲ။ ဒါပေမယ့် အဲဒီလိုမျိုး လုပ်ရပ်တွေကို ဆရာဝန်တွေက ခဏခ[ဏ] လုပ်တတ်တဲ့အကျင့်လည်း ရှိနေကြတာပဲ။

မေမေကတော့ အဲဒီလိုပြောတတ်တဲ့ ဆရာဝန်တွေရဲ့အကျင့်ကို လုံ[းဝ] သဘောမကျခဲ့ပါဘူး။ ဒါကြောင့် မေမေဟာ အဲဒီအခန်းထဲမှာ ထိုင်နေရ[င်း] တဖြည်းဖြည်း စိတ်ကျဉ်းကျပ်လို့ လာတယ်။ မေမေ စိတ်တိုလာတယ်။

ဆရာဝန်ကြီးရော အဲဒီဒေါက်တာမြင့်မိုရ်ဆိုတဲ့သူရော တကယ်တေ[ာ့] အခုထက်ထိ မေမေရဲ့ရောဂါဝေဒနာအကြောင်းကို တစ်ခွန်းမှ ဆွေးနွေးရှင်း[ပြ] သေးတာမဟုတ်ဘူး။ မေမေရိုက်ခဲ့တဲ့ ကွန်ပျူတာ ဓာတ်မှန်ပြားပေါ်က အဖြ[ေ] ရောဂါသတ်မှတ်ချက်ဟာ ဘာလဲလို့ အခုအချိန်ထိ တစ်ခွန်းတစ်စလေးတော[င်] ပြောသေးတာ မဟုတ်ဘူး။ ဒီတော့ မေမေ စိတ်မတိုသင့်ဘူးလား သားရယ်[။] မေမေ စိတ်တိုသင့်တာပေါ့။

ဘာကြောင့် သူတို့ဒီလောက်အထိ အချိန်ဆွဲနေရသလဲ။ ဘာဖြစ်လို့မျ[ား] ဒီအကြောင်းလေးကို ပြောပြဖို့ ဒီလောက်ဆိုင်းငံ့နေရသလဲ။ ဘာဖြစ်လို့ အ[ခု] အချိန်အထိ မေမေ့ရောဂါအကြောင်းကို စကား မစကြသေးတာလဲ။ အဲဒီအချိ[န်] တုန်းက မေမေ့ခေါင်းထဲမှာ မေးခွန်းတွေ ပြည့်နှက်လို့ပေါ့။ မေမေ့ ဦးနှော[က်] ထဲမှာ ဘာကိုမှရှင်းရှင်းလင်းလင်း မတွေးတောနိုင်လောက်အောင် မွှန်းကျ[ပ်] ရှုပ်ထွေးလို့ပေါ့။ မေမေ့နားထဲမှာ ဆရာဝန်ကြီးရဲ့အမေးကို ဖြေလိုက်တဲ့...

"ဟုတ်ကဲ့...ကျွန်တော်ကြည့်ပြီးပါပြီဆရာ"ဆိုတဲ့ စကားကိုတောင် [မ]ကြားလိုက်ရသလိုပဲ။

အဲဒီနောက်တော့ မေမေလည်း ရုတ်တရက် မအောင့်နိုင်တော့ဘဲ နှုတ်[က]





စကားတစ်ခွန်း ထွက်သွားမိတော့တယ်လေ။

"ဆရာကြီး...ကျွန်မရဲ့ဓာတ်မှန်ပေါ်မှာ ဘာအဖြေ တွေ့ရလဲ၊ ကျွန်မ အခု သိရပြီလားဟင်"

မေမေ့ရဲ့စကားက ဘာအံ့ဩစရာပါသလဲ။ မေမေ့ရဲ့မေးခွန်းက ရိုးရိုးလေးပါ သားရယ်။ ဟုတ်တယ်မဟုတ်လား။

ဒါပေမယ့် အခန်းထဲမှာရှိနေကြတဲ့ ဆရာဝန်နှစ်ယောက်စလုံးဟာ မေမေ့ရဲ့စကားကို ထိတ်လန့်သွားကြသလိုပဲ။ သူတို့မျက်လုံးတွေက ရုတ်တရက် အေးခဲကုန်ကြတယ်။ မေမေနားမလည်နိုင်ပါဘူး။ ဆရာဝန်ကြီးက မေမေ့အမေးကိုဖြေရမယ့်အစား နှုတ်ခမ်းကိုတင်းတင်းစေ့ရင်း ဒေါက်တာမြင့်မိုရ်ဆိုတဲ့လူကို တစ်ချက်လှမ်းကြည့်လိုက်တယ်။

သူတို့ဘာဖြစ်သွားကြသလဲ။ အခန်းထဲမှာ ရုတ်တရက် တိတ်ဆိတ်လို့သွားတယ်။ ဆရာဝန်နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြတဲ့အချိန်မှာ မေမေဟာ ရုတ်တရက် လျှပ်ပြက်သလို အတွေးစတစ်ခုကို တွေးလိုက်မိတယ်။

ဟုတ်တယ်။ ရုတ်တရက် မေမေဟာ တစ်စုံတစ်ခုကို စတင်ရိပ်မိလိုက်တော့တယ်။ မေမေရိပ်မိလိုက်တဲ့အတွေးဟာ မေမေ့ဘဝအတွက် တော်တော်ကြောက်စရာကောင်းပါတယ်။ ဟုတ်တယ်သား။ သိပ်ကို ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်ပဲ။ ဆရာဝန်တွေရဲ့ နှုတ်ကတောင် ဖွင့်ပြောပြဖို့ ဝန်လေးကြောက်ရွံ့ကြတဲ့ အဖြစ်အပျက်လေးတဲ့။

ဒီအချိန်မှာ မေမေ့အသက်ရှူသံတွေ ရပ်တန့်ကုန်ကြတာပေါ့။ မေမေ့မျက်လုံးတွေလည်း ချက်ချင်းပြာဝေလာကြသလိုပဲ။ ဟင့်အင်း..မဖြစ်နိုင်ပါဘူး။ မေမေ့စိတ်ထဲက ငြင်းဆန်ချင်လာပေမယ့် မေမေ့လက်ငင်းတွေကြုံနေရတဲ့ အဖြစ်အပျက်က သက်သေပြနေသလိုပါပဲ။

မေမေဟာ အဲဒီနေ့က တုန်လှုပ်နေတဲ့စိတ်နဲ့ ရုတ်တရက်တော့ မျက်ရည်တွေ ဝေ့ဝဲလာတယ်သား။ မေမေ...တုန်ယင်အေးစက်နေတဲ့ နှုတ်ခမ်းတွေနဲ့ မေးခွန်းတစ်ခုကိုပဲ အသိမဲ့စွာ မေးလိုက်ခဲ့မိတယ်။

"ကင်ဆာလား...ဟင်"

မေမေ့ရဲ့မေးသံဟာ တိတ်ဆိတ်နေတဲ့အခန်းလေးထဲမှာ ပဲ့တင်သံထွက်ပြီး ကျယ်လောင်အုပ်ဆိုင်းသွားသလိုပဲ။ သူတို့...။



www.burmeseclassic.com

www.burmeseclassic.com



သူတို့...မဖြေကြဘူး သားရယ်။ သူတို့ မဖြေခဲ့ကြဘူး။

အို...ဘာဖြစ်လို့ ဒီအဖြေလေးကို ဖြေရမှာတောင် ဒီလောက်ကြန့်ကြာနေရသလဲ။ တကယ်ဆို မဟုတ်ဘူးလို့ သူတို့ဖြေလိုက်ရတော့မှာ။ ငြင်းလိုက်ရတော့မှာလေ။

မေမေ့ရဲ့အမေးစကားအဆုံးမှာ ဆရာဝန်နှစ်ယောက်စလုံးရဲ့ ခန္ဓာကိုယ်နှစ်ခုဟာ ခပ်မတ်မတ် ဖြစ်သွားကြတယ်။ ပြီးတော့ အရိပ်အယောင် တစ်ခုမှ မရှိတဲ့ ရှင်းလင်းလွန်းနေတဲ့ မျက်နှာနှစ်ခုနဲ့။

တကယ်တော့ သူတို့ဟာ မေမေ့ရဲ့အမေးကိုဖြေဖို့ မဆိုစလောက်ကလေး နှောက်ကျသွားတာပါ။ ဒါပေမယ့် အဲဒီစက္ကန့်ပိုင်းလောက်အချိန်ကလေးဟာ မေမေ့ကို ဘယ်လောက်ခြောက်ခြားသွားစေနိုင်မှန်း သူတို့မသိကြဘူးနဲ့ တူပါတယ်သားရယ်။ မေမေလေ...ဘယ်အရာကိုမဆို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်ဖို့ အလဲလဲအပြိုပြို ကြိုးစားနေတုန်းမှာပဲ ဆရာဝန်ကြီးရဲ့အဖြေကို ခပ်တိုးတိုးကြားလိုက်ရတယ်။

"ဟင့်အင်း...သမီး၊ အခုအချိန်မှာ အဲဒီလိုပြောဖို့ သိပ်စောလွန်းနေသေးတယ်"

စောလွန်းနေသေးတယ်ဆိုတာ ဘယ်တော့မှ ဖြစ်မလာဘူးလို့ ဆိုလိုတာတော့ မဟုတ်ဘူးလေ။ ဒါဟာ မသေချာမှုတစ်ခုပဲ။ မရေရာမှုတစ်ခုပဲ။ မေမေ့ရဲ့ ကံကြမ္မာဟာ မရေရာမှုတစ်ခုပေါ်မှာ တည်ဆောက်ထားရတယ်တဲ့။

ဆရာဝန်ကြီးရဲ့အဖြေအဆုံးမှာ မေမေ့မျက်နှာဟာ ပြင်မရလောက်အောင် ပျက်ယွင်းသွားပါလိမ့်မယ်။ ဆွံ့အတိတ်ဆိတ်သွားတဲ့ မေမေ့ကို ဆရာဝန်ကြီးက အစွမ်းကုန်နှစ်သိမ့်အားပေးလိုတဲ့လေသံနဲ့ လျှင်မြန်စွာဆက်ပြောခဲ့ပါတယ်။

"ဆရာတို့ အခုလောလောဆယ် စစ်ဆေးတွေ့ရှိထားတဲ့အဖြေက သမီးဦးနှောက်ထဲမှာ အကျိတ်တစ်ခု ထွက်နေတယ်ဆိုတာလောက်ပဲ၊ ဒီ့ထက်ဘာမှ မသိသေးဘူး"

အကျိတ်...။ အကျိတ်ဆိုတာ ကင်ဆာ မဟုတ်ဘူးလား။

တကယ်တော့ မေမေဟာ ဆေးပညာရပ်နဲ့ပတ်သက်ပြီး တစ်လုံးတစ်ပါဒမှ မသိတဲ့သူတစ်ယောက်ပဲ။ မေမေဟာ ဆရာဝန်ကြီးက အဲဒီလောက်ပြောရုံနဲ့ နားလည်သဘောပေါက်မယ့်သူမှ မဟုတ်ပဲ။

သေချာတာတစ်ခုကတော့ မေမေ့ရဲ့ဦးနှောက်ထဲမှာ ရောဂါတစ်ခုတော့





သူတို့တွေ့ရှိထားကြပြီ။ ပြီးတော့ အဲဒီရောဂါဟာ အလွယ်တကူနဲ့ ပျောက်ကင်းသွားမယ့်ရောဂါတစ်ခုမဟုတ်ဘူး။ အဲဒါကိုတော့ အခုအချိန်လောက်မှာ ဘယ်လိုရိုးအတဲ့ လူနာတစ်ယောက်ဖြစ်ဖြစ် သိနေနိုင်ပါပြီလေ။

ဆရာဝန်ကြီးက အဲဒီစကားကိုပြောရင်း စားပွဲပေါ်မှာရှိတဲ့ ခါတ်မှန်ပြားနဲ့ ခပ်ဆင်ဆင် ဖလင်ကားတစ်ချပ်ကို မေမေ့ရှေ့မှာ ထိုးပြလိုက်တယ်။

အဲဒါ ကွန်ပျူတာနဲ့ရိုက်ပေးတာဆိုတဲ့ မေမေ့ရဲ့ CT-SCAN ဖလင်ကားချပ်ကလေးပါပဲ။ သူက ရိုးရိုးခါတ်မှန်ပြားလို ဖလင်ပေါ်မှာ ပုံကြီးကြီးတစ်ပုံတည်းရှိတာ မဟုတ်ဘူး...သားရဲ့။ ဖလင်ပြားတစ်ချပ်တည်းမှာကို မေမေ့ရဲ့ဦးနှောက်နဲ့ဦးခေါင်းခွံတစ်ခုလုံး အလွှာလိုက်၊ အလွှာလိုက်ဖြတ်ပြီး မြင်ရသလို ပုံသေးသေးကလေးတွေ အကွက်ချရိုက်ထားတာလေ။

အဲဒါ မေမေ့ ဦးနှောက်တဲ့။ မေမေ့ရဲ့အသက်ကို အန္တရာယ်ပေးတော့မယ့် ဦးနှောက်တစ်ခုတဲ့။ ဆရာဝန်ကြီးက ထိုးပြနေပေမယ့် မေမေ့မျက်လုံးက ဘာကိုကြည့်ရမှန်း မသိနိုင်သေးပါဘူး။ အဲဒီ...မီးခိုးလိုလို၊ တိမ်တိုက်လိုလို ခပ်ပွပွအစိုင်အခဲလေးတွေဟာ မေမေ့ဦးနှောက် ဟုတ်ပါ့မလား။

ဦးခေါင်းခွံလို့ပြောတဲ့ လုံးဝိုင်းဝိုင်းဘောင်တစ်ခုထဲမှာ အဲဒါတွေ အပြည့်အသိပ်နဲ့ရှုပ်ယှက်ခတ်ရောထွေးနေတဲ့ ဒီပုံသေးသေးလေးတွေက မေမေ့ရဲ့ရောဂါတစ်ခုကို ညွှန်ပြနိုင်တယ်ဆိုတာ ဟုတ်ပါ့မလား။

ရယ်စရာကောင်းလိုက်တာ။ ဒါပေမယ့် မေမေမရယ်နိုင်ခဲ့ပါဘူးသားရယ်။

အဲဒီဖလင်ကားချပ်ရဲ့ဘေးမှာ မေမေ့နာမည်ကို အင်္ဂလိပ်စာလုံးတွေနဲ့ ကွန်ပျူတာက ရိုက်ထည့်ပေးထားတာ မေမေမြင်လိုက်ရသားပဲ။

ဟင့်အင်း လူတစ်ယောက်ရဲ့သက်တမ်းကို စက်တစ်ခုက တွက်ချက်ပေးလိုက်တယ်ဆိုတာ အင်မတန် အကျည်းတန်တဲ့ကိစ္စပဲ။ ဒါကို ဆရာဝန်တွေက လက်ခံထားတယ်ပေါ့။

မေမေဟာ ဆရာဝန်ကြီးထိုးပြတဲ့ အဲဒီ CT-SCAN ပုံ ကားချပ်ကလေးကို မှင်သက်စွာစိုက်ငေးနေတုန်း ဆရာဝန်ကြီးက ဘောလ်ပင်လေး တစ်ချောင်းနဲ့ ပုံတွေထဲက တစ်စုံတစ်ခုကို ထိုးထောက်ပြဖို့ကြိုးစားခဲ့တယ်။

"အဲဒါ..ဆရာတို့တွေ့ရတဲ့ သမီးခေါင်းထဲက အကျိတ်ဆိုတာပဲ၊ ဆရာတို့ ခန့်မှန်းရသလောက်တော့ သူ့အရွယ်အစားဟာ အချင်း...သုံး စင်တီမီတာလောက်ရှိတဲ့ အလုံးတစ်ခုလောက်ဖြစ်နေပြီ၊ သူရှိတဲ့နေရာက သမီးဦးနှောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ညာဖက်ခြမ်း အောက်ပိုင်းနည်းနည်းကျတယ်၊ ဒါကြောင့်...သမီးခေါင်းကိုက်တဲ့ အခါ ညာဖက်က ပိုဆိုး တယ်လို့ ပြောခဲ့တယ်လေ၊ မှတ်မိလား၊ ဆရာတို့ ဆေးပညာမှာတော့ အဲဒီလို အဖုလုံးကို Tumour လို့ ခေါ်တယ်...သမီး"

ဘယ်မှာလဲ...။

ဆရာညွှန်ပြတဲ့အရာဟာ စင်တီမီတာ သုံးယူနစ်လောက် ရှိတယ်ဆိုတာ။ သားရေ...မေမေမြင်လိုက်တာကတော့ စောစောက မီးခိုးလိုလို၊ တိမ်လိုလို ဝေဝါးနေတဲ့ မေမေ့ဦးနှောက်ဆိုတဲ့ အရာတွေထဲမှာ ပိုပြီးသိပ်သည်းစွာ ဖြူနေတဲ့ အကွက်သေးသေး ကလေးတစ်ခုပါ။ အဖြူရောင် အပိုင်းအစလေးတစ်ခုပါ။ ဒီပုံထဲမှာ တော့ သူဟာ လက်သည်းခွံထက်တောင် သေးငယ်တဲ့ အရွယ်အစား နဲ့။ အဲဒီအရာလေးကနေ မေမေ့ကို ခေါင်းတွေသိပ်ကိုက်အောင်၊ မနက်တိုင်း ထိုးထိုးပြီးအန်ရအောင်လုပ်နိုင်သတဲ့။ အံ့သြစရာ ကောင်းလိုက်တာ။

ဆရာဝန်ကြီးက ကြက်သေသေနေတဲ့မေမေ့ကို ဂရုမပြုမိသလို ဆေးပညာရပ်အကြောင်းတွေကိုသာ ဆက်လက်ရှင်းပြဖို့ ကြိုးစားနေပါတော့တယ်။

"အရိုးရှင်းဆုံးပြောရရင် Tumour တစ်ခုမှာ နှစ်မျိုးနှစ်စား ဖြစ်နိုင်တယ် သမီး၊ တစ်မျိုးက ရိုးရိုးအကျိတ်လို့ ပြောရင်ရတယ်၊ တစ်မျိုးကတော့ ကင်ဆာ အကျိတ်ပဲ၊ သမီးခေါင်းထဲက အကျိတ်ဟာ ရိုးရိုးလား၊ ကင်ဆာလားဆိုတာ ပြောဖို့အတွက်ကတော့ ဒီ CT-SCAN ကိုကြည့်ရုံနဲ့ တိတိကျကျသိဖို့ မလွယ် ဘူးသမီးရဲ့၊ အဲဒါကိုခွဲခြားနိုင်ဖို့ အကျိတ်ထဲကအသားစကိုယူပြီး အဏုကြည့် မှန်ပြောင်းအောက်မှာ စစ်ဆေးကြည့်မှသိရှိနိုင်တာ၊ ဒီတော့ လက်ရှိအခြေအနေ အတိုင်းပြောရရင် သမီးရဲ့ ဦးနှောက်ထဲမှာ အကျိတ်တစ်ခုရှိနေတယ်ဆိုတာ လောက်ပဲ ဆရာတို့ပြောလို့ရပါတယ်"

မေမေ...ဆရာဝန်ကြီးရဲ့ စကားအဆုံးမှာ ပြုံးလိုက်မိတယ် ထင်ပါတယ်။

ဒါမှမဟုတ် မေမေ့နှုတ်ခမ်းတွေ မဲ့ကျသွားသလား။ မေမေကိုယ်တိုင် လည်း မသိတော့ပါဘူးသားရယ်။ မေမေလည်း နောက်ဆုံးတော့ ရင်ထဲမှာ အစောကြီးကတည်းက မျိုသိပ်ဖြစ်တည်နေခဲ့တဲ့ မေးခွန်းကို ထုတ်မေးလိုက်ရ တော့တယ်။ အဲဒီမေးခွန်းအတွက် မေမေဘယ်လောက် အင်အားစိုက်ထုတ် ခဲ့ရတယ်ဆိုတာ သား...နားလည်နိုင်ပါ့မလားဟင်။

"ဒီတော့....ကျွန်မခေါင်းထဲက အကျိတ်ဟာ ကင်ဆာမဟုတ်ဘူးလို့ ဆရာတို့ ယတိပြတ်မငြင်းနိုင်ဘူးဆိုတဲ့ သဘောပေါ့နော်၊ ဟုတ်လားဟင်"





မေမေရဲ့ အဲဒီမေးခွန်းအဆုံးမှာ ဆရာဝန်နှစ်ယောက်ဟာ [illegible] တစ်ယောက်ကြည့်ပြီး မျက်လုံးချင်းဆုံကြပြန်တယ်။

သက်ပြင်းချသံတစ်ခုကိုတောင် တစ်ယောက်တစ်ယောက်ဆီက [illegible] ကြားလိုက်ရသလိုပဲ။ မေမေဟာ ဆရာဝန်ကြီးဆီက အဖြေ [illegible] အငမ်းမရမျှော်လင့်နေတုန်းမှာပဲ သူ့အဖြေခပ်တိုးတိုး ညင်ညင်သာ [illegible] မေမေ ကြားလိုက်ရပါတယ်။

"ဆရာတို့အရင်တွေ့ခဲ့ဖူးတဲ့ လူနာအတွေ့အကြုံတွေရယ်၊ [illegible] အကိုးအကားတွေရယ်နဲ့ ပြောရမယ်ဆို မိန်းမတွေမှာ၊ အထူးသဖြင့် သမီးတို့လို မိန်းကလေးငယ်ငယ်အရွယ်တွေမှာ အဖြစ်အများဆုံးက Meningioma လို့ ခေါ်တဲ့ ရိုးရိုးအကျိတ်တစ်မျိုးပဲ၊ ကင်ဆာမဟုတ်ဘူး၊ အများစုဖြစ်ကြတာမျိုး သမီးမှာ ဖြစ်လိမ့်မယ်လို့ ယူဆရင်တော့ သမီးဖြစ်တာ ရိုးရိုးအကျိတ်ပဲဆို စိုးရိမ်စရာမရှိဘူးပေါ့"

"ဒါဆို...အဲဒီလိုမယူဆဘဲနဲ့ တခြားနည်းလမ်းတစ်ခုခုနဲ့ ယူဆမယ် ဆိုရင်ကော...ဆရာ"

အဲဒါမေမေပြန်မေးလိုက်မိတဲ့ မေးခွန်းပါပဲ။

တစ်ခါတစ်လေကျတော့ မေမေ့ကို ငယ်ငယ်တုန်းက လူတွေပြောခဲ့ဖူးတဲ့ "မင်းဟာ ဉာဏ်ထက်တဲ့ မိန်းကလေးပဲ" ဆိုတဲ့စကားကို မေမေသဘောမကျ ချင်ပါဘူးသားရယ်။

မေမေလေ...ဉာဏ်မထက်ချင်ပါဘူး။ ဉာဏ်ထက်တဲ့သူတွေက အများ ကြီးတွေးရတယ်။ အများကြီးစဉ်းစားရတယ်။ သူများမတွေးမိတာ၊ မစဉ်းစားမိ တာကိုမှ တွေးတောစဉ်းစားမိတတ်တယ်။ လောကကြီးမှာ မသိသင့်မသိထိုက် တဲ့ အရာတွေကို သိရှိလာရရင် စိတ်ညစ်ရတာပဲ။ မသိကိန်းဆိုတာလည်း တန်ဖိုး ရှိနေမှန်း မေမေအများကြီးနောက်ကျပြီးမှ သိခဲ့ရပြီသားရဲ့။

မေမေ မသိချင်တော့ဘူး။ မေမေ အခုချိန်မှာ ဘာမှမသိချင်တော့ပါဘူး။ ဒါပေမယ့် မေမေရဲ့နှလုံးသားက မိုက်မိုက်မဲမဲနဲ့ အရာအားလုံးကို သိဖို့ ကြိုးစားနေမိပြန်တယ်လေ။

မေမေ့မေးခွန်းကို ချက်ချင်းပြန်မဖြေနိုင်တဲ့ ဆရာဝန်ကြီးကိုရော ဒေါက်တာမြင့်မိုရ်ဆိုတဲ့သူကိုရော မေမေနားလည်နိုင်ပါတယ်။ သူတို့ကို မေမေ ကိုယ်ချင်းစာနိုင်ပါတယ်။ သူတို့မှာ မေမေ့အတွက် အလှပဆုံးစကားလုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်နေရတာပဲ။ ဒါပေမယ့် သူတို့မပြောဘဲတော့ နေလို့မရပါဘူး။ သူတို့ မေမေ့ကို ထိန်းချုပ်ထားဖို့တော့ မသင့်ပါဘူး။

ဒါကြောင့် မေမေ့ရဲ့အသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်လုပ်ရင်း ထပ်ပြီး ပြောပြလိုက်ရပါတယ်။

“ဆရာ...ဆရာတို့အနေနဲ့ ကျွန်မရဲ့ရောဂါအခြေအနေကို အမှန်အတိုင်း ဖွင့်ပြောပြဖို့တော့ လိုမယ်ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူနာတစ်ဦးဟာ အသက်အန္တရာယ် ရှိနေပြီဆိုရင် သူ့ရဲ့အန္တရာယ်ဟာ ဘယ်လိုဟာမျိုးလဲလို့ တိတိကျကျတော့ သူ့ကိုအသိပေးသင့်တာပေါ့ဆရာ၊ ကျွန်မ...သိလည်း သိချင်လို့ပါ၊ ကျွန်မကို သတ္တိရှိမှာမဟုတ်ဘူးလို့တော့ ဆရာတို့မယူဆပါနဲ့၊ ဆရာရယ်...သတ္တိဆိုတာ ဘယ်သူမှ အလိုလိုနေရင်း ရှိလာကြတာ မဟုတ်ပါဘူး၊ အခက်အခဲတစ်ခုခုနဲ့တွေ့မှ မွေးယူလို့ရတာမျိုးပါ၊ ကျွန်မရဲ့ရောဂါ အခြေအနေမှန်ကို ကျွန်မရဲ့အဖော်တစ်ယောက်ယောက်နဲ့ကျမှ ကျိတ်ပြီး ပြောပြကြမယ်လို့များ ဆရာတို့စဉ်းစားခဲ့သလားဟင်၊ အဲဒါဆို ဆရာတို့သိပ်မှားသွားမှာပေါ့၊ တကယ်လို့များ သေခြင်းတရားကို ရင်ဆိုင်ရမယ်ဆိုရင် ရင်ဆိုင်ရမယ့်သူဟာ ကျွန်မအဖော်မှ မဟုတ်တာ၊ ကျွန်မကိုယ်တိုင်ပဲလေ ဆရာရဲ့”

“ကျွန်တော်တို့ပြောပြမှာပါ...မယမင်းခင်”

သူ့ကိုယ်သူ ကျွန်တော်...လို့နာမ်စားသုံးပြီး အလျင်အမြန် ဖြတ်ပြောလိုက်တာ ဘယ်သူရှိရဦးမလဲ။

ဒေါက်တာမြင့်မိုရ်ပဲပေါ့...သားရဲ့။ တစ်ချိန်လုံးငြိမ်နေခဲ့ပြီး အခုမှ အိပ်ရာက လန့်နိုးလာသလို ပြောလိုက်တဲ့သူ့ကို ဆရာဝန်ကြီးကတောင် မျက်မှောင်ကျုံ့ပြီး ကြည့်လိုက်ပါသေးတယ်။ ဒါပေမယ့် ဆရာဝန်ကြီးက မသိမသာ ခေါင်းတစ်ချက် ဆတ်ပြပြီးတဲ့နောက်မှာ သူက သူ့အသံ ခပ်ရှရှကလေးနဲ့ ကိုယ်ကို ရှေ့အနည်းငယ်ကိုင်းလို့ မေမေ့ကို ရှင်းပြခဲ့ပါတယ်။

“ကျွန်တော်တို့ တခြားနည်းနဲ့ ယူဆလို့ရတာက ခုနကပြောတဲ့ Menin gioma ဆိုတဲ့အကျိတ်ဟာ ဦးနှောက်ကိုဖုံးထားတဲ့ အမြှေးပါးတွေကနေဖြစ်တဲ့ အကျိတ်မျိုး၊ အခု ခင်ဗျားဖြစ်တဲ့အကျိတ်ကို CT-SCAN မှာ ပြထားတာက ဦးနှောက်အမြှေးတွေနဲ့ဝေးတဲ့ ဦးနှောက်ရဲ့အတွင်းပိုင်း အလယ်သားခပ်ကျကျမှာ ဖြစ်နေတာလို့ ပြထားတယ်၊ ခင်ဗျားရဲ့အကျိတ်ဟာ ဒီတော့ Menin-gioma ဖြစ်ဖို့လမ်းနည်းသွားတယ်၊ အင်း...မဟုတ်ဘူးပဲဆိုပါတော့”





“အဲဒီတော့ ကျွန်မရဲ့အကျိတ်က...ကင်ဆာပေါ့”

မေမေအဲဒီလိုမေးလိုက်တော့ သူက ဖျာဖျာသလဲခေါင်းခါပြလိုက်ပါတယ်။

“ဟင့်အင်း၊ အဲဒီလိုလည်း ပြောလို့မရပါဘူး၊ ခင်ဗျားသိထားဖို့က ဦးနှောက်ထဲမှာဖြစ်တဲ့ အကျိတ်တွေဟာ အမျိုးအစားပေါင်း အခုနှစ်ဆယ် ကျော်လောက်ရှိပါတယ်၊ ဒါပေမယ့် ဦးနှောက်ထဲမှာ အကျိတ်ဖြစ်ပြီဆိုရင် ရိုးရိုး အကျိတ်ပဲဖြစ်ဖြစ်၊ ကင်ဆာအကျိတ်ပဲဖြစ်ဖြစ် အသက်အန္တရာယ်ကတော့ စိုးရိမ်ရတာချည်းပါပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ ရိုးရိုးအကျိတ်ကလဲ တစ်ချိန်ချိန်မှာ ရင့်ပြီး ကင်ဆာအဖြစ်ကို ပြောင်းချင်ပြောင်းသွားနိုင်လို့ပါပဲ”

“ကျွန်မ...နောက်ဆုံးအနေနဲ့ တစ်ခုပဲမေးပါတော့မယ်၊ အဲဒီတော့ ဆရာတို့က ကျွန်မခေါင်းထဲက အကျိတ်ပျောက်သွားအောင် ဘယ်လိုကုမှာလဲဟင်”

မေမေ့ရဲ့နောက်ဆုံးအမေးကိုဖြေဖို့ ဒေါက်တာမြင့်မိုရ်က တွန့်ဆုတ်သွားတဲ့အချိန်မှာ ဆရာဝန်ကြီးက ဘေးကနေ ပြတ်သားလွန်းတဲ့ အဖြေတစ်ခုကို ဝင်ပေးခဲ့ပါတယ်။

“ခွဲထုတ်ရမယ်...သမီး” တဲ့။

မေမေ...“ရှင်...”လို့ အာမေဋ္ဍိတ်သံ ထွက်သွားမိပါတယ်။

ဟုတ်တယ်လေ။ မေမေ သားကိုပြောပြပါမယ်။ မေမေက ဘွဲ့မရဘူး။ ပညာတတ်တစ်ယောက် မဟုတ်ဘူး။ ဆယ်တန်းတောင် မအောင်ခဲ့ဘူး။ ဒါပေမယ့် ကိုးတန်းအောင်ပညာအရည်အချင်း ရှိတဲ့သူတစ်ယောက်ဟာ ခွဲစိတ်ကုသခြင်းဆိုတဲ့ ဆေးပညာကုထုံးတစ်ခုကိုတော့ ဘယ်လောက်အန္တရာယ်များမှန်း သိနိုင်ပါတယ် သားရဲ့။ ပြီးတော့ ရိုးရိုးသာမန်ခွဲစိတ်ကုသတဲ့ အူအတက်ပေါက်တဲ့လူနာလိုမျိုး၊ သည်းခြေကျောက်ခွဲထုတ်တဲ့ လူနာမျိုးတွေတောင် ခွဲစိတ်ကုသရင်း အသက်ဆုံးရှုံးတတ်ကြတာပဲလို့ မေမေကကြားဖူးနေတာကိုး။ မေမေ ထိတ်လန့်မိတော့မှာပေါ့။

ပြီးတော့ ကိုးတန်းဆယ်တန်းအထိ သင်ခဲ့ရတဲ့ပညာတွေထဲမှာလည်း ဦးနှောက်ဆိုတာ လူတစ်ကိုယ်လုံးရဲ့အရေးကြီးဆုံး အင်္ဂါအစိတ်အပိုင်းပဲ လို့တော့ သင်ကြားခဲ့ရတာပဲလေ။ အဲဒီဦးနှောက်ကို ခွဲစိတ်ပြီးမှ၊ ဦးခေါင်းခွံကြီးကို ဖွင့်ထုတ်ပြီးမှ မေမေ့ရဲ့အကျိတ်ကို ထုတ်ရမယ်ဆိုတော့ မေမေထိတ်လန့်မိတာ ဆန်းသလား...သား။ မဆန်းကြယ်ပါဘူးနော်။

မေမေ့ရဲ့အာမေဋ္ဍိတ်သံကြောင့် ဆရာဝန်ကြီးကပြုံးပြီး မေမေ့ကို အမြန်



www.burmeseclassic.com

www.burmeseclassic.com

ဆုံး ဆက်ပြောပြခဲ့သေးတယ်။

"ဘာမှမကြောက်ပါနဲ့...သမီး၊ သမီးလိုလူနာမျိုးတွေ ခွဲစိတ်ပြီး ဒီနေ့ထက်ထိ အသက်ရှင်နေကြတဲ့သူတွေ ဆရာ...အများကြီး တွေ့ခဲ့ဖူးပါပြီ"

"ဆရာဆိုလိုတာက ခွဲစိတ်ပြီး အသက်သေဆုံးသွားတဲ့သူတွေလည်း ဆရာအများကြီး တွေ့ခဲ့ဖူးတယ်လို့ ဆိုလိုတာပေါ့နော်"

မေမေစကားကြောင့် ဆရာဝန်ကြီးရဲ့မျက်နှာဟာ မည်းကနဲဖြစ်သွားတာ မေမေတွေ့လိုက်ရတယ်။ ဒါပေမယ့်ဘာမှတော့ပြန်မပြောဘူး။ မဟုတ်ဘူးလား၊ အဲဒါ အမေးသင့်ဆုံးစကားပဲ မဟုတ်ဘူးလား။ ရှင်တဲ့သူတွေကို အများကြီး တွေ့ဖူးတယ်ဆိုရင် သေဆုံးတဲ့သူတွေဆိုတာလည်း ရှိနေလို့ပဲပေါ့။

လူတစ်ယောက်ဟာ ကောင်းတာတွေကိုချည်း မျှော်လင့်လို့မှမရတာ၊ အကောင်းရှိတယ်ဆိုမှတော့ အဆိုးဆုံးတာလည်း ရှိနေလို့ပဲပေါ့။

ပြီးတော့ ဆရာဝန်ကြီးပြောတဲ့စကားကိုလည်း ကြည့်ပါဦး။ ဒီနေ့ထက်ထိ...တဲ့သား။ ဒီနေ့ကလွန်ရင် ဖြစ်မယ့်နောက်ရက်တွေက ကံကြမ္မာကို ဘယ်သူမှ မသိနိုင်ကြတော့ဘူးတဲ့လား။

နောက်ရက်တွေမှာ လူတစ်ယောက်ရဲ့အသက်ဟာ သေဆုံးချင်သေဆုံးနိုင်မှာပဲဆိုတဲ့သဘောလား။ မေမေခေါင်းခါလိုက်မိတယ်။ မေမေရဲ့မေးခွန်းတွေဟာ သိပ်လွန်နေပြီဆိုတာမှန်းတော့ မေမေလည်းသိပါတယ်။ ဒါပေမယ့် ဒါဟာ မေမေ့ဘဝအတွက်တိုက်ပွဲတစ်ခုပဲ။ အင်း...နောက်ဆုံးတိုက်ပွဲဆိုလည်း ဟုတ်တယ်နော်...သား။

ဒါကြောင့် မေမေမေးရပါဦးမယ်။

"တကယ်လို့များ ကျွန်မ...မခွဲချင်ဘူးဆိုရင် တခြားဘာနည်းနဲ့မှ ဆရာတို့ ကုလို့ မရတော့ဘူးလား...ဟင်"

"ဆရာတို့မှာ ဓါတ်ရောင်ခြည်နဲ့ကုတာ၊ စားဆေးထိုးဆေးနဲ့ကုတာ နှစ်မျိုး ရှိပါသေးတယ်၊ ဒါပေမယ့် အဲဒါတွေက ခွဲစိတ်ကုသတာလောက် ထိရောက်မှု ရှိမှာ မဟုတ်ဘူး...သမီး၊ သမီးခေါင်းထဲက အကျိတ်လိုအမျိုးအစားအတွက် တော့ ခွဲစိတ်ကုသခြင်းဟာ အကောင်းဆုံးကုသနည်းမို့ပါ၊ မခွဲဘူးဆိုရင် အမြစ် ပြတ်ဖို့၊ မပြတ်ဖို့ မကျိန်းသေနိုင်ဘူးလေ၊ တကယ်လို့များ အမြစ်မပြတ်ရင် အချိန်မရွေး နောက်ထပ်အကျိတ်တစ်ခု ပြန်ဖြစ်နိုင်လို့ပါ၊ သမီးကို ဆရာတို့ အတင်းအကျပ် ခွဲခိုင်းနေတာတော့ မဟုတ်ဘူးနော် သမီး၊ အကယ်၍ သမီးရဲ့ အကျိတ်ဟာ ကင်ဆာဖြစ်နေခဲ့လို့ရှိရင် ခွဲစိတ်ကုသမှပဲ ရှင်းရှင်းပျောက်ကင်းမယ်လို့ ပြောနိုင်တယ်သမီးရဲ့"

"ကျွန်မ...ခွဲစိတ်ဖို့ သဘောတူပါတယ် ဆရာကြီး"

မေမေရဲ့မဆိုင်းမတွ ဖြေကြားသံကို ထုတ်ပြောလိုက်တဲ့အခါ တစ်ချိန်လုံး ကျောက်သားမျက်နှာတွေလို တည်ငြိမ်အေးခဲနေကြတဲ့ ဆရာဝန်နှစ်ယောက် စလုံးဟာ ချက်ချင်းအပြုံးရိပ်ရိပ်တွေ ပေါ်လာကြတယ်။ မေမေ့ရဲ့အဖြေက သူတို့ကျေနပ်လောက်စေမယ့် အဖြေကိုး...သားရယ်။

"ဝမ်းသာလိုက်တာ...သမီးရယ်၊ ဆရာတို့အစွမ်းကုန် ကြိုးစားကြမှာပါ" လို့ ဆရာဝန်ကြီးက မေမေ့ကို ကတိပေးလိုက်ပါသေးတယ်။ အဲဒီအချိန်မှာ မမျှော်လင့်ဘဲ ဒေါက်တာမြင့်မိုရ်ဆီက စကားတစ်ခွန်းကို မေမေ ကြားလိုက်ရတော့တယ် သားရဲ့။

"ဒါဆို...သူ့ကိုကျွန်တော်တို့ Pregnant အကြောင်းနဲ့ပတ်သက်ပြီးတော့ နည်းနည်းကြိုရှင်းထားရင် ကောင်းမယ်ထင်တယ်နော်...ဆရာ"

သူ့စကားအဆုံးမှာ ဆရာဝန်ကြီးဆီကလည်း..."အေး...ဟုတ်တယ်" ဆိုတဲ့ လက်ခံစကားကို မေမေကြားလိုက်ရပါတယ်။

အဲဒီနောက် ဆရာဝန်ကြီးဟာ မေမေ့ကို စောစောကအကြည့်တွေထက် ပိုပြီးလေးနက်စူးရှတဲ့ အကြည့်တစ်မျိုးနဲ့ ကြည့်ခဲ့လေရဲ့။

မေမေတုန်လှုပ်သွားပါတယ်။ မေမေလေ...အဲဒီတုန်းက ဆရာဝန်ကြီး ပြောမယ့် စကားတွေရဲ့အရိပ်အယောင်ကို ကြိုတင်သိရှိလိုက်ရသလိုပဲ။ မေမေ့ အသည်းနှလုံးတွေ အတိုင်းအဆမသိလှုပ်ခါနေရင်း ဆရာဝန်ကြီးစကားတွေကို ထိတ်လန့်ဖွယ် မေမေကြားခဲ့ရပါတယ်။

"သမီး...သမီးကို ဆရာတို့ တစ်ခုတော့ကြိုပြောပြထားချင်တယ်၊ အဲဒါက တော့ သမီးရဲ့ကိုယ်ဝန်နဲ့ပတ်သက်လို့ပါ၊ ဒီလိုရှိတယ်သမီးရဲ့၊ သမီးကိုဆရာတို့ ခွဲစိတ်ကုသတဲ့အခါ အန္တရာယ်မများတာ မဟုတ်ဘူး၊ များတယ်၊ ဒါပေမယ့် အဲဒီအန္တရာယ်တွေက သမီးရဲ့အသက်ကို မထိခိုက်နိုင်အောင် ဆရာတို့က ခွဲစိတ်ခန်းထဲမှာ အစွမ်းကုန်လုပ်ယူကြမှာပဲ၊ အဲဒီတော့ တစ်ခါတစ်လေ ခွဲစိတ် ကုသမှုနဲ့ဆိုင်တဲ့ အန္တရာယ်တချို့ဟာ သမီးကိုမထိခိုက်ပေမယ့် သမီးကိုယ်ထဲ က ရင်သွေးလေးကိုတော့ ထိခိုက်သွားနိုင်တယ်၊ ဥပမာ ခွဲစိတ်ချိန် ကြာလွန်းလို့ သွေးထွက်များတဲ့အခါ သမီးရဲ့ကလေးဆီ သွေးအရောက်နည်းသွားတာမျိုး၊




အင်ပါယာစာပေ
www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သမီးအတွက်ပေးတဲ့ မေ့ဆေးအာနိသင်က ကလေးအပေါ်မှာ သွားထိခိုက်သက်ရောက်တာမျိုး စသဖြင့်ပေါ့လေ၊ အများကြီးဖြစ်နိုင်ပါတယ်၊

ဒါပေမယ့် အဲဒါတွေကို ဆရာတို့ ဒီလိုခွဲစိတ်နေတဲ့အချိန်မှာ ဂရုစိုက်ဖို့ မလွယ်ဘူးသမီးရဲ့၊ ဆရာတို့ကုနေတာက သမီးကို၊ ဆရာတို့ ကယ်တင်ရမှာက သမီးအသက်ကို၊ အခုအချိန်မှာ ဆရာတို့ရော၊သမီးရော ခေါင်းထဲမှာထည့်ထားရမှာက သမီးအသက်ပဲ၊ သမီး...ကလေးရဲ့အသက်ကို ဆရာတို့မေ့ထားရမယ်၊ ဒီတော့...ဆရာလေးလေးနက်နက်ပြောချင်တာ ဒီလိုခွဲစိတ်ကုသမှုမှာ သမီးရဲ့ ကိုယ်ဝန်အတွက် ဆရာတို့ အာမခံမခံနိုင်ဘူးဆိုတာပဲ၊ ခွဲစိတ်ပြီးတဲ့အခါ သူ့အသက်ရှင်ချင်လည်းရှင်မယ်၊ သေဆုံးချင်လည်း သေဆုံးသွားနိုင်တယ်၊ အဲဒါကို သမီးကြိုသိထားရမယ်၊ သမီးအသက်ရှင်ချင်ရင် အခုကိုယ်ဝန်အကြောင်းကို ခဏတော့ သမီးမေ့ထားရမယ်၊ ဟုတ်ပြီနော်၊

ပြီးတော့ ခွဲစိတ်ပြီးတဲ့အခါ သမီးကို ဆရာတို့က ဓါတ်ရောင်ခြည်ကုထုံးနဲ့ရော၊ စားဆေးထိုးဆေးကုထုံးတွေနဲ့ရော ဆက်ပြီးကုဖို့ရှိပါသေးတယ်၊ အဲဒီကုထုံးတွေကတော့ ခွဲစိတ်တာထက်တောင်ပိုပြီး သမီးရဲ့ကလေးကို အန္တရာယ်ပေးနိုင်သေးတယ်...သမီးရဲ့၊ သမီးရဲ့ကလေးဟာ သေဆုံးချင်သေဆုံးနိုင်တယ်၊ တစ်ခါတစ်လေ အသက်ရှင်ပြီး မွေးလာနိုင်ရင်တောင် ကိုယ်အင်္ဂါချို့ယွင်းတဲ့ကလေးမျိုး၊ ဉာဏ်စဉ်မမှီတဲ့ကလေးမျိုး မွေးဖွားလာတတ်ကြတယ်၊ ဒီတော့ ဆရာ...နောက်ဆုံးအနေနဲ့ အကြံပေးရရင် သမီးဒီကိုယ်ဝန်ကို အခုကတည်းက မွေးဖို့ စွန့်လွှတ်လိုက်ပါလို့ ပြောချင်တယ်၊ သမီးကိုယ်ဝန်ဆောင်တဲ့ အလုပ်ကို အခုရပ်တန့်လိုက်သင့်တယ်၊ ဒီအတွက် ဆရာတို့ဘက်က သားဖွားမီးယပ်ဆရာဝန်ကြီးတွေနဲ့တိုင်ပင်ပြီး ကူညီပေးလို့ရပါတယ်၊

ဆရာတို့အခေါ်ကတော့ Termination လို့ခေါ်တယ်...သမီး၊ သမီးနားလည်အောင်ပြောရရင် ဆေးသွင်းပြီး တရားဝင်ကိုယ်ဝန်ကို ဖျက်ချပေးလို့ရတယ်ဆိုတာပဲ၊ တကယ်လို့ အဲဒါကို သမီးအခုဆန္ဒရှိမယ်ဆိုရင် ဆရာတို့ အထက်ကို တင်ပြပေးမယ်၊ သမီးအတွက် ဆရာတို့ အစည်းအဝေးတွေလုပ်၊ ဘုတ်အဖွဲ့နဲ့ပါတိုင်ပြီး အမြန်ဆုံးအဲဒါကိုလုပ်ပေးဖို့ ကြိုးစားရမှာ၊ ဘုတ်အဖွဲ့က သမီးရဲ့ဦးနှောက်အကျိတ်ဟာ တကယ်အန္တရာယ်ရှိကြောင်း၊ သမီးကိုယ်ဝန်ကို အခုအချိန်မှာ ထည့်တွက်ဖို့မလိုကြောင်း စစ်ဆေးတွေ့ရှိပြီးရင် သမီး...အဲဒါကို ဥပဒေဘောင်အတွင်းက တရားဝင်လုပ်နိုင်အောင် ဆရာတို့ကူညီနိုင်ပါတယ်၊





သမီးရယ်...သမီးနေကောင်းသွားတဲ့အခါ နောက်ထပ်သားတွေ၊ သမီးတွေ အများကြီးမွေးလို့ရတာပဲ၊ အခုအချိန်မှာတော့ သမီး ဒီတစ်ယောက်ကို မေ့ပစ်လိုက်ပါ၊ စွန့်လွှတ်လိုက်ပါကွယ်"

မေမေလေ...။ မေမေကြားရတဲ့ စကားလုံးတွေကို မယုံနိုင်လွန်းလို့ အံ့ဩမှုနဲ့ ကြက်သေသေသွားမိပါတယ်။

စောစောတုန်းက တင်းမာပြတ်သားစွာ ရဲရဲဝံ့ဝံ့တည်ငြိမ်နေတဲ့ မေမေ့ နှလုံးအစုံဟာ တဖြည်းဖြည်းနဲ့ ဆူညံပေါက်ကွဲလို့လာတယ်။ မေမေ့နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ယင်လာကြတယ်။

စောစောတုန်းက မေမေ့မှာ ထိတ်လန့်ဖွယ်ရာ အသက်အန္တရာယ် ရှိနေပြီလို့ကြားရစဉ်က မငိုမိတဲ့မေမေ...အခုမှ မျက်ဝန်းအိမ်တွေ ပူနွေးစွတ်စိုလို့လာပါတယ်...သား။ မေမေ ငိုခဲ့မိတယ်လေ။ မေမေ ငိုခဲ့မိပါပြီ။

မေမေကို အံ့ဩစရာကောင်းစွာ ဒီလိုမျိုးစကားတွေကို မျက်နှာတစ်ချက်မပျက်ပြောနိုင်ခဲ့တဲ့ ဆရာဝန်ကြီးရဲ့ပုံရိပ်ဟာ မေမေ့မျက်ဝန်းထဲ ဝေဝါးတွန့်ခေါက်လို့သွားတယ်။ ဟုတ်တယ်။ အခုအချိန်ဟာ မေမေ့ဘဝမှာ ဝမ်းအနည်းဆုံးအချိန်ပဲ။ မေမေ စိတ်အထိခိုက်ရဆုံးအချိန်ပါပဲ။

အို...သားကို...သားကို...သူတို့ကအလိုမရှိကြဘူးတဲ့။ မေ့ပစ်လိုက်ပါတဲ့။ စွန့်လွှတ်လိုက်ပါတဲ့။

မေမေရဲ့သား...သိပ်ကံဆိုးခဲ့တယ်။ သိလား...သား။ သားလောကထဲဝင်ရောက်မလာဖို့ကို နည်းမျိုးစုံနဲ့တားမြစ်ခဲ့ကြသူတွေ အများကြီးပဲနော်။ သားကို လောကထဲဝင်ခွင့်မပေးချင်တဲ့သူ များလွန်းလို့ မေမေငိုရပြန်ပါပြီလေ။ သားကို သားရဲ့ဖေဖေကိုယ်တိုင်က ငြင်းပယ်ခဲ့တယ်။ အခု မေမေရဲ့အသက်ကို ကယ်မယ့် ဆရာဝန်ကြီးတွေကတောင် ပြတ်သားစွာ ငြင်းပယ်နေကြပြန်ရော။

သားကိုလက်ခံမယ့်၊ သားကို မေမေ့လိုချစ်မြတ်နိုးမယ့်...သူ တစ်ယောက်ယောက်များ မရှိကြတော့ဘူးလားဟင်။ ဒီလောကကြီးက မေမေရဲ့သားကို ဘာလို့ ဒီလောက်တောင် ရက်စက်စွာငြင်းဆိုခဲ့ ကြတာလဲ။ အို...သားရယ်၊ နောက်ဆုံးတော့ သားကို မေမေ့ရဲ့ခန္ဓာကိုယ်ကတောင် လက်မခံခဲ့ဘူးဆိုတာ မေမေသိလိုက်ရပါပြီ။ မေမေရဲ့ကိုယ်ခန္ဓာကိုယ်က သားကိုလက်မခံဘူးလေ။ ငြင်းဆိုနေပြီ။

မေမေ့ခန္ဓာကိုယ်တစ်ခု ဆက်လက်အသက်ရှင်ရပ်တည်နိုင်ဖို့ဆိုရင် သား



www.burmeseclassic.com

www.burmeseclassic.com



ကို...သားကို...၊ မေ့ထားရမယ်တဲ့။ ဒါပေမယ့်....သား။

သားကို မေမေရဲ့ခန္ဓာကိုယ်က လက်မခံခဲ့ပေမယ့် မေမေ့ရဲ့နှလုံးသားကတော့ လက်ခံခဲ့ပါတယ် သားရယ်။

"ဟင့်အင်း...."

အချိန်ပေါင်းကြာမြင့်စွာ မေမေငိုရှိုက်နေပြီးမှ ပထမဦးဆုံးထွက်ပေါ်လာတဲ့စကားလုံးပါ...သား။ မေမေ့ရဲ့ဟင့်အင်းဆိုတဲ့ အဲဒီစကားလေးကို ဆရာဝန်နှစ်ယောက်စလုံး အံ့အားသင့်သွားကြပုံရပါတယ်။

မေမေရဲ့ မျက်ရည်တွေနဲ့ပြည့်နေတဲ့ မျက်နှာတစ်ခုကို စူးစိုက်ငေးကြည့်နေခဲ့ကြလေရဲ့။ မေမေ သူတို့ကို ဆက်ပြောပြလိုက်ပါတယ်။

"ဆရာတို့ရဲ့ခွဲစိတ်ကုသမှုကို ကျွန်မလက်ခံတယ်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခုမဟုတ်သေးပါဘူးဆရာ၊ ကျွန်မလက်ခံတာ ကျွန်မဝမ်းထဲက ရင်သွေးကလေးကို ကျန်းမာသန်စွမ်းတဲ့ ကလေးတစ်ယောက်အဖြစ် လောကထဲ မွေးထုတ်ပြီးတဲ့အချိန်ကျမှ ပြောတာပါ။ အဲဒီကျမှ ကျွန်မအတွက် ခွဲစိတ်ကုသမှုကို စဉ်းစားကြတာပေါ့ဆရာ၊ ဒါ...ကျွန်မရဲ့ဆုံးဖြတ်ချက်ပါပဲ"

မေမေရဲ့စကားဟာ ဆရာဝန်နှစ်ယောက်စလုံးကို ရုတ်တရက် မှင်သက်မိသွားစေခဲ့တာ အမှန်ပါပဲ။

ဆရာဝန်ကြီးကဆို မေမေ့ကိုဘာမှ ချက်ချင်းပြန်မပြောနိုင်ဘဲ နှုတ်ခမ်းတွေ ပွင့်ဟပိုင်းစက်ကုန်ကြတယ်။ ဒေါက်တာမြင့်မိုရ်ဆိုတဲ့သူကတော့ သတိရှိပုံရတယ်...သားရဲ့။ ချက်ချင်းပဲ ဒေါသတကြီး မေမေ့ကို လျှာခလုတ်တိုက်တော့မတတ် ဝင်ပြီးမြန်မြန်ဆန်ဆန် ပြန်ပြောခဲ့တာလေ။

"ဟာ...ဘယ်ဖြစ်နိုင်မလဲ၊ ကျွန်တော်တို့မှာ အဲဒီလောက်စောင့်ဆိုင်းဖို့ အချိန်မရှိဘူးဗျ၊ ခင်ဗျားကိုယ်ဝန်က အခုမှ လေးလတောင်မရှိသေးဘူး၊ မွေးပြီးမှဆို နောက်ထပ်ငါးလ၊ ခြောက်လလောက်တောင် စောင့်ရဦးမှာ၊ Induced လုပ်ပြီး စောစောမွေးဖို့ ကြိုးစားမယ်ဆိုရင်တောင် အနည်းဆုံးသုံးလေးလတော့ ကြာဦးမှာပဲ၊ ပြီးတော့ ကလေးမွေးပြီးရင်လည်း ဦးနှောက်ခွဲစိတ်ကုသခံဖို့အတွက် အဆင်သင့်ဖြစ်တဲ့အထိ၊ အားပြန်ပြည့်တဲ့အထိ အနည်းဆုံးတစ်လ၊ လေးဆယ့်ငါးရက် စောင့်ရဦးမယ်၊ အဲဒီလောက်အချိန်အကြာကြီးအတွင်းမှာ ခင်ဗျားခေါင်းထဲကအကျိတ်ဟာ ဘယ်လောက်ကြီးလာမယ်၊ ဘယ်လောက်အမြစ်တွေ ပြန့်ပွားသွားမယ်ဆိုတာ ဘယ်သူမှသိနိုင်တာမဟုတ်ဘူး၊ အဲဒီ





လောက်အချိန်အကြာကြီးကျမှ ခွဲစိတ်မယ်ဆိုရင် ခင်ဗျားရောဂါပျောက်ကင်းချင်မှ မပျောက်ကင်းဖို့ ကျွန်တော်တို့အာမ,မခံနိုင်ပါဘူး မယမ်းခင်၊ အခုမခွဲဘူးဆိုရင် ခင်ဗျားရဲ့အသက်အန္တရာယ်ဟာ အချိန်မရွေးစိုးရိမ်ရတဲ့အခြေအနေ ဖြစ်သွားနိုင်တယ်ဗျ၊ အဲဒါခင်ဗျား...သိလား"

"နေပါဦးကိုမြင့်မိုရ်၊ ကိုယ်တို့သူ့ကို သဘောပေါက်အောင် ထပ်ပြောပြကြသေးတာပေါ့"

ဆရာဝန်ကြီးက သူ့ရဲ့ဒေါသသံပါတဲ့စကားတွေကို တားမြစ် လိုတယ်နဲ့တူတယ်။ လေပြည်လေးဝင်ထိုးပြီး ပြောဖို့ကြိုးစားခဲ့သေးတယ်။ အဲဒါတောင် အဲဒီဒေါက်တာမြင့်မိုရ်ကလေ...သူ့စကားကို မရပ်တန့်နိုင်ခဲ့ဘူး...သားရဲ့။ သူက ထပ်ပြောသေးတယ်။

"မဟုတ်သေးပါဘူး...ဆရာရယ်၊ သူ့မှာ ဘာမှလည်း Medical Knowledge ရှိတာမဟုတ်ပဲ၊ ဒီလို ပစ်စလက်ခတ်ပြောလို့ရမလား၊ ထားပါတော့၊ ဆေးပညာနဲ့ပါတ်သက်ပြီး သူဘာမှမသိဘူးဆိုရင်လည်း သူ့အန္တရာယ်ကိုတော့ သူသိသင့်တာပေါ့"

အဲဒီအချိန်မှာ မေမေရဲ့ဒေါသတွေလည်း စတင်ပေါက်ကွဲသွားတော့တာပဲသား။ ဟုတ်တယ်။ မေမေဟာ သူ့ရဲ့စကားလုံးတွေအပေါ်မှာ သိပ်ကိုနာကျည်းဒေါသထွက်သွားမိပါတယ်။ မေမေ့မှာ မျက်ရည်တွေကြားကပဲ သူ့ကို အေးစက်မာကျောစွာ စိုက်ကြည့်ပြီး မေးလိုက်ခဲ့မိတယ်။

"ဟုတ်တာပေါ့၊ သိပ်သိသင့်တာပေါ့ဆရာ၊ သိအောင်လည်း ဆရာတို့က ပြောပြထားသင့်တာပေါ့၊ ပြောပြပါဦး၊ တကယ်လို့များ ကျွန်မခေါင်းထဲက အကျိတ်ကိုမခွဲစိတ်ဘူးဆိုရင် ကျွန်မရဲ့သက်တမ်းဟာ ဘယ်လောက်ပဲ ရှိတော့မလဲလို့၊ အဲဒါကိုကျတော့ ဆရာတို့က ညာပြောဦးမယ်မဟုတ်လား"

တကယ်တော့ မေမေသူ့ကိုစိန်ခေါ်လိုက်မိတာပါ။ သူ့ရဲ့ဒေါသကို ဆွပေးလိုက်တာပါ။ မေမေက ဉာဏ်နီဉာဏ်နက်တော့ များတယ်နော်...သား။ မေမေ့ရဲ့ထောင်ချောက်ထဲကို သူက မထင်မှတ် လောက်အောင်ပဲ လွယ်လွယ်ကလေး ဆင်းသက်လိုက်တယ် သားရဲ့။ သိပ်ရယ်စရာကောင်းတယ်။ တကယ်တော့ ဒေါက်တာမြင့်မိုရ်ဆိုတဲ့သူဟာ သိပ်ရိုးသားတဲ့သူပါပဲကွယ်။

သူ့ကို ဆရာဝန်ကြီးက တားမြစ်လိုတဲ့ဟန်နဲ့ သူ့လက်မောင်းတစ်ဖက်ကို ဆွဲညှစ်လိုက်ပေမယ့် ဆရာကြီးရဲ့တားမြစ်မှုဟာ နောက်ကျသွားခဲ့တယ်။ သူတ



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ဂရုတောင် ပြုမိလိုက်ပုံမရဘူး။ နှုတ်ကနေ လွှတ်ကနဲ စကားလုံးတွေ ခုန်ပျံထွက်လာခဲ့တယ်လေ။

"ဒါ...ညာပြောစရာ မလိုပါဘူး၊ ခင်ဗျားရဲ့သက်တမ်းဟာ မခွဲဘူးဆိုရင် တစ်နှစ်ကနေ နှစ်နှစ်အထိပဲ ရှိတော့မယ်၊ အလွန်ဆုံးနှစ်နှစ်ပဲ"

"ကိုမြင့်မိုရ်...."

ဒီတစ်ခါတော့ ဆရာကြီးက သူ့ကိုနှုတ်ကနေပဲ ခပ်ကျယ်ကျယ်အော်ပြီး တားမြစ်လိုက်ပါတယ်။

သူ့မျက်နှာက အဲဒီအခါကျမှ ရဲကနဲဖြစ်သွားပြီး နှုတ်ခမ်းတွေလည်း တင်းတင်းစေ့ပိတ်သွားတော့တယ်။ သူ့ကိုယ်သူလည်း လွန်သွားမှန်း သိသွားပုံရပါတယ်။ ဒါပေမယ့် မေမေ့အတွက်ကတော့ ကျေနပ်သွားပါပြီ။ မေမေ လိုချင်တဲ့အဖြေကို သူ့ဆီက မေမေတုန်လှုပ်စွာ ကြားလိုက်ရပြီးပြီလေ။

ဒီအချိန်ဟာ မေမေ့အတွက် အရာအားလုံးကို နားလည်သွားတဲ့အချိန်ပဲ။ အားလုံးပြီးဆုံးသွားပါပြီ...သား။ ဒီအချိန်ဟာ မေမေ့အတွက် အိမ်ပြန်ရမယ့် အချိန်ပါပဲ။ အဲဒီနောက်တော့ မေမေလည်း ဆရာဝန်ကြီးရဲ့ စားပွဲရှေ့ကနေ ရုတ်ချည်းမတ်တပ်ရပ်လိုက်မိပါတယ်။

"ဆရာအခုလိုဖြေကြားတဲ့အတွက် ကျွန်မ...ဆရာ့ကို သိပ်ကျေးဇူးတင်ပါတယ်၊ ဆရာဆိုလိုတာ ကျွန်မဟာ တစ်နှစ်အတွင်းမှာတော့ ဘာမှမဖြစ်နိုင်သေးဘူးဆိုတဲ့ သဘောပဲမဟုတ်လား၊ သိပ်ကိုလုံလောက်တဲ့အချိန်ပါပဲ၊ ကျွန်မရဲ့ရင်သွေးကလေးကို မွေးဖွားနိုင်ဖို့လေ၊ ကျွန်မရဲ့ရွေးချယ်မှုကို ဆရာတို့ နားလည်မှာ မဟုတ်ပါဘူး၊ ဆရာတို့နားလည်အောင်လည်း ကျွန်မရှင်းပြမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာတို့က ယောကျ်ားတွေလေ၊ ယောကျ်ားတွေဆိုတာ ဘယ်တုန်းကမှ မိခင်တွေဖြစ်ဖူးကြတဲ့သူတွေမှ မဟုတ်တာ၊ တစ်ခါတစ်လေကျတော့ မိခင်တွေဟာ သူတို့ရင်သွေးတွေကို သူတို့ရဲ့အသက်ထက် ပိုချစ်ကြတယ်ဆရာ..."

မေမေ့ရဲ့နောက်ဆုံးနှုတ်ဆက်စကားဟာ မေမေ့ရဲ့အသက်ကို ကယ်တင်ဖို့ ကြိုးစားနေတဲ့ ဆရာဝန်နှစ်ဦးအတွက်ဆိုရင် နည်းနည်းတော့ ရိုင်းချင်ရိုင်းနေမယ်ဆိုတာ မေမေသိပါတယ်။

ဒါပေမယ့်...အဲ့ဒါမေမေ့ရင်ထဲမှာရှိနေတဲ့ အမှန်တရားပဲလေ...သား။ အဲဒီစကားကို ပြောလိုက်ရတဲ့အတွက် မေမေ့ရင်တစ်ခုလုံး ရှင်းလင်းပေါ့ပါးသွား





ခဲ့တာပဲ။ မေမေ့ရဲ့ခြေလှမ်းတွေဟာလည်း ပေါ့ပါးသွားခဲ့တာပဲ။

ပေါ့ပါးခိုင်မာသွားတဲ့ ခြေထောက်တွေနဲ့ မေမေလည်း အခန်းထဲကနေ လျင်မြန်စွာ ပြေးထွက်လာခဲ့မိပါတယ်။ မေမေ့ရဲ့ခြေထောက်တွေဟာ မေမေ သွားရမယ့် လမ်းတစ်ခုကို ရွေးချယ်ပေးလိုက်ကြပါပြီ။

မေမေပျော်ပါတယ်...သားရယ်။ အဲဒီတုန်းက မေမေပျော်ရွှင်စွာ ရွေးချယ်ခဲ့ပါတယ်။ မေမေ့နောက်ဖက်မှာ ဆရာဝန်နှစ်ဦးရဲ့ အခန်းငယ်ကတော့ တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ပါတယ်။

မေမေ သူတို့အခန်းထဲကထွက်လာတော့ မျက်ရည်တွေနဲ့သားရဲ့။ ဆေးရုံကော်ရစ်ဒါတစ်လျှောက်မှာ မေမေဟာ မျက်ရည်တွေကို ကမန်းကတန်းသုတ်ရင်း ပြေးထွက်လာတုန်း မေမေ့ကို သူနာပြုဆရာမလေးတစ်ချို့က လှမ်းကြည့်နေကြတာပေါ့။ မေမေလည်း ကုန္နေ့ကိုဆည်ရင်း ခြေလှမ်းတွေကို နည်းနည်း အရှိန်လျှော့လိုက်ရပါတယ်။

အဲဒီအချိန်မှာ မေမေ့နောက်က "မယမင်းခင်..."လို့ ခေါ်လိုက်သံနဲ့အတူ မေမေ့ဆီကိုပြေးလာတဲ့ ခြေသံတဖတ်ဖတ်ကို မေမေကြားလိုက်ရတယ်။

သူ့မျက်နှာအမူအယာက မပြုံးမရယ်၊ ခပ်တည်တည်နဲ့ သူ့ပင်ကိုယ်ပုံစံအတိုင်းပါပဲ။ ဒါပေမယ့် သူစကားစပြောလိုက်တော့ လေသံတွေဟာ တည်ငြိမ်အေးချမ်းနေပြီဆိုတာ မေမေတွေ့လိုက်ရတယ်။

"ခုနက ကျွန်တော် ခင်ဗျားကိုပြောလိုက်တာ နည်းနည်းရင့်သီးသွားတယ်လို့ထင်ပါတယ်၊ ဆရာကြီးက ကျွန်တော့်ကို ပြောတယ်၊ ကျွန်တော် ခင်ဗျားကို တောင်းပန်ဖို့ သင့်တယ်တဲ့၊ အဲ့ဒါကြောင့် အခုထွက်လာတာပါ"...တဲ့။

အဲဒီ ဒေါက်တာမြင့်မိုရ်က ပြောတယ်လေ။ မေမေဟာ သူ့စကားကြောင့် နည်းနည်းတော့ ပြုံးရယ်မိသွားသေးတယ်။

မေမေသူ့ကို ပြန်မေးလိုက်ပါတယ်။

"ဆရာဆိုလိုတာက ဆရာကြီးတောင်းပန်ခိုင်းလို့ ဆရာထွက်လာတာပေါ့၊ ဆရာကိုယ်တိုင်ကတော့ မတောင်းပန်ချင်ဘူး မဟုတ်လား"

မေမေက အဲဒီလိုပြောလိုက်တော့ သူပျာပျာသလဲ ပြန်ငြင်းတာ ရယ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တောင်ကောင်းတယ် သားရဲ့။

"ဟာ...ဒီလို မဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း ဝန်ခံပါတယ်၊ ကျွန်တော် ဒေါသနည်းနည်းထွက်သွားတယ်"

"အဲ့ဒီဒေါသကို ကျွန်မနားလည်ပါတယ် ဆရာ၊ ဆရာတို့က ကျွန်မ အပေါ်ထားတဲ့ စေတနာဒေါသပါ၊ ကျွန်မစိတ်မဆိုးပါဘူး"

"ဒါပေမယ့်...ကျွန်တော့်အနေနဲ့ ဒီထက်ပိုစိတ်ရှည်ဖို့ သင့်ပါတယ်၊ ကျွန်တော်က ဆရာဝန်၊ ခင်ဗျားက လူနာမဟုတ်လား၊ ပြီးတော့ ခင်ဗျားဟာ ဒီအချိန်မှာ သိပ်စိတ်အားငယ်နေမယ့် လူနာတစ်ယောက်ပဲ၊ ကျွန်တော် မှားသွားတယ်၊ တောင်းပန်ပါတယ် မယမင်းခင်"

မေမေ သူ့စကားကို လက်ခံကြောင်း ခေါင်းညိတ်ပြလိုက်ရပေမယ့် သူ့စကားထဲက တစ်ခုကိုတော့ ပြန်ငြင်းလိုက်မိသေးတယ်။

"ကျွန်မစိတ်အားငယ်တာ မဟုတ်ပါဘူး ဆရာရယ်၊ ဝမ်းနည်းတာပါ၊ ကျွန်မ...ဝမ်းထဲကရင်သွေးလေးကို ကျွန်မကိုယ်တိုင်ကလွဲပြီး ဒီလောကထဲမှာ ဘယ်သူ့ကမှ လက်မခံနိုင်ကြဘူးဆိုတာကို ဝမ်းနည်းမိလို့ပါ"

မေမေ့ရဲ့အဲဒီစကားကိုတော့ သူက လုံးဝသဘောမတူသလို ခေါင်းကို ဖြည်းညှင်းစွာ ခါပြခဲ့တယ်။

"အဲဒါတော့ ကျွန်တော်တို့လို ဆရာဝန်တွေမှ မဟုတ်ဘူးထင်ပါတယ် မယမင်းခင်၊ ခင်ဗျားရဲ့ခင်ပွန်းကတောင် လက်မခံနိုင်မယ့် ကိစ္စပါ၊ အခုအချိန်မှာ အလုပ်သင့်ဆုံးကိစ္စက ခင်ဗျားရဲ့ခင်ပွန်းဆီကို အမြန်ဆုံးနည်းနဲ့ ခင်ဗျားရဲ့ ကျန်းမာရေးအခြေအနေကို အကြောင်းကြားဖို့ပဲ၊ ဖုန်းဆက်ချင်ဆက်၊ ဒါမှ မဟုတ် ကြေးနန်းရိုက်ချင်ရိုက်ပြီး အသိပေးလိုက်ဖို့ပဲ၊ သူသာ ဒီအကြောင်းကို သိရင် ကျွန်တော်တို့ဆုံးဖြတ်ချက်အတိုင်း သူဆုံးဖြတ်မှာပါပဲ၊ သူမမြင်ဖူးသေးတဲ့ ရင်သွေးတစ်ယောက်ရဲ့အသက်ထက် ခင်ဗျားရဲ့အသက်ကို ပိုတန်ဖိုးထားမယ်ဆိုတာ ကျွန်တော်ပြောရဲတယ်၊ ခင်ဗျား သူ့ကို လှမ်းခေါ်လိုက်ဖို့ကောင်းပြီ"

မေမေရဲ့အသည်းနှလုံးထဲမှာ သူ့စကားကြောင့် ထူးပြီးမနာကျင်တော့ပါဘူးသား။ မေမေ့အသည်းနှလုံးတွေက ထုံကျင်ကိုက်ခဲကုန်ကြပြီပဲ။ မေမေ ပြုံးလိုက်ပါတယ်။ မေမေ့ရှေ့မှာရပ်နေတဲ့သူကတော့ မေမေ့အပြုံးကို အံ့သြ မှင်သက်စွာ ငေးကြည့်နေခဲ့တယ်။ မေမေဟာ ပြုံးရင်းနဲ့တည်ငြိမ်စွာပဲ သူ့ကို ပြန်ပြောလိုက်ပါတယ်လေ။





"ဆရာ...လူနာတစ်ယောက်ဟာ ရောဂါမပျောက်သေးပဲနဲ့တောင် ဆေးရုံကဆင်းချင်ရင် သူ့ဆန္ဒနဲ့သူ လက်မှတ်ထိုးပြီး ဆင်းခဲ့လို့ရတယ်မဟုတ်လား ဆရာ၊ ဒီလိုပဲပေါ့နော်၊ လူနာတစ်ယောက်ရဲ့ကုထုံးကို သူ့သဘောနဲ့သူ အဲ့ဒီ လူနာကိုယ်တိုင် ငြင်းဆိုနိုင်ခွင့် ရှိမယ်လို့ထင်ပါတယ်၊ လူနာကိုယ်တိုင်က သဘောမတူတဲ့ ကုသမှုမျိုးကို ဆရာတို့ အတင်းအကျပ်ကုပေးလို့ မရပါဘူး၊ ဟုတ်တယ်မဟုတ်လား"

မေမေ့ရဲ့စကားဆုံးတော့ သူက ခေါင်းတစ်ချက်ခါပြီး....။

"ခင်ဗျားဟာ လူကိုကြည့်တော့ ပျော့ညံ့မယ့်ပုံနဲ့ ခေါင်းတော့မာတဲ့ မိန်းကလေးတစ်ယောက်ပဲ"လို့ ရေရွတ်တယ်သားရဲ့။ မေမေ သူ့စကားကိုပြုံးပြီး လက်ခံလိုက်တယ်။

"ကျွန်မငယ်ငယ်ကတည်းက လူတော်တော်များများ ဒီလိုပြောတတ်ကြ တာပဲ...ဆရာ"

အဲဒီအချိန်မှာ သူကရယ်တယ်လေ။ တစ်ချိန်လုံး မျက်နှာထားခပ်တည်တည်နဲ့ နှုတ်ခမ်းတွေကို တင်းတင်းစေ့ပိတ်ထားတဲ့ လူတစ်ယောက်ရဲ့ ရယ်မောပုံဟာ ဒီလောက်လှပလိမ့်မယ်လို့ မေမေကြိုမသိထားဘူး သားရဲ့။ ရယ်မောနေတဲ့ သူ့နှုတ်ခမ်းအပေါ်မှာ မေမေ ငေးကြည့်ရင်း ခဏနစ်မျောသွားတယ်။

မေမေဟာ အဲဒီအချိန်ကစပြီး သူနဲ့ပတ်သက်လို့ ရှုံးနိမ့်သွားပြီဆိုတာ မရိပ်မိလိုက်ဘူး။ ဒါပေမယ့် အဲဒါသိပ်ကိုကြည်နူးစရာ ကောင်းတဲ့ ရှုံးနိမ့်မှုမျိုးပါ သားရယ်။ မေမေလေ မျက်မှန်တွေနောက်က မျက်လုံးတွေပါ လိုက်ရယ်မောတတ်တဲ့ သူ့မျက်နှာကိုကြည့်ရင်း ဘာကြောင့်မှန်းမသိပဲ သူ့ကို အစစအရာရာ ဖွင့်ပြောပြလိုက်ချင်လာတယ်။ မေမေ့ရင်ထဲမှာ တင်းကျပ်ဆို့နင့်နေသမျှကို သူ့ရှေ့ကျမှ ဘာကြောင့်မှန်းမသိပဲ ဝန်ခံချင်လာတယ်။

အင်း...ဒါဟာလည်း မေမေ့ရဲ့ထွက်ပေါက်ရှာဖွေမှုတစ်ခုပဲ နေမှာပါသား။ မေမေလေ တုန်ယင်လှုပ်ခါနေတဲ့ အသံနဲ့ သူ့ကို ပြောပြလိုက်မိတယ်။

"ဆရာသိအောင်ကျွန်မ တစ်ခုပြောပြရဦးမယ်၊ ခွဲစိတ်ကုသမှုကို လက်ခံဖို့ ကျွန်မရဲ့ခင်ပွန်းကို တိုက်တွန်းစေချင်တဲ့အကြံ ဆရာတို့ယက်လျော့လိုက်ပါ ဆရာ၊ ဘာဖြစ်လို့၏လဲဆိုတော့..."

"ဘာဖြစ်လို့လဲ...."

သူက မေမေ့ကို တုန်လှုပ်ထိတ်လန့်သွားတဲ့ မျက်ဝန်းတွေနဲ့ ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း မေးခဲ့တယ်။

"ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ကျွန်မ ကွဲသွားကြပြီ ဆရာ၊ ကျွန်မတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ခါးသီးနာကျည်းစွာမုန်းတီးရင်း ကွဲကွာသွားခဲ့တာ ကြာပြီပဲဆရာရယ်"

သူဟာ အဲဒီတုန်းက အံ့ဩလွန်းတဲ့ မျက်နှာအမူအရာနဲ့ နှုတ်ခမ်းတွေ ပွင့်ဟလို့ ငြိမ်သက်တိတ်ဆိတ်သွားပါတယ်။ မေမေ ခေါင်းကိုငုံ့ချလိုက်မိတယ်။ မေမေရဲ့အခုကျလာမယ့် မျက်ရည်တွေကို သူမမြင်စေချင်ပါဘူး သားရယ်။ မေမေနဲ့သူဟာ စကားတစ်ခွန်းမှ မပြောကြတော့ဘဲ ဆေးရုံရဲ့ ကော်ရစ်ဒါလမ်းကလေးထဲမှာ ငြိမ်သက်စွာ ရပ်နေမိကြတယ်။ ပြင်းထန်စူးရှတဲ့ အသက်ရှူသံတွေပဲ မေမေတို့အနားမှာ ဝေ့ဝဲနေခဲ့တယ်။

ခေါင်းငုံ့ပြီး မျက်ရည်သုတ်နေမိတဲ့မေမေ့ကို အချိန်တော်တော်ကြာမှ သူကစပြောပါတယ်။ သူပြောတဲ့စကားလည်း တော်တော် အံ့ဩဖို့ကောင်းတယ်။

"မယ်မင်းခင်...ခင်ဗျားကိုကျွန်တော် အိမ်ပြန်လိုက်ပို့မှ ဖြစ်မယ်ထင်တယ်နော်"...တဲ့။

မေမေ ခေါင်းခါလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်...ဆရာ၊ ဒါပေမယ့် မလိုအပ်ပါဘူး၊ ကျွန်မ အခုအချိန်မှာ တစ်ယောက်တည်းပဲ နေချင်တယ်လေ"

အဲဒီနောက် မေမေသူ့ကို ကျောခိုင်းပြီးလှည့်ထွက်ခဲ့ပါတယ်။ ဒီတစ်ခါတော့ သူမေမေ့ကို လှမ်းခေါ်ဖို့မကြိုးစားတော့ပါဘူး သား။ သူကျန်ရစ်ခဲ့တယ်။

## ၈

အဲဒီအချိန်တုန်းကတော့ ဒေါက်တာမြင့်မိုရ်ဆိုတဲ့ လူတစ်ယောက်ရဲ့ဘဝမှာ မေမေဟာ မလိုအပ်ပဲခေါင်းအလွန်မာတဲ့ မိန်းကလေးတစ်ယောက်၊ ဒါမှမဟုတ် မကြာခင်အချိန်အတွင်းမှာ သေခြင်းတရားကို ရင်ဆိုင်ရတော့မယ့် သနားစရာ Brain tumour ဝေဒနာရှင်ကောင်မလေးတစ်ယောက် စသဖြင့်ပေါ့နော်..အဲဒီလောက်အထိပဲ သတ်မှတ်ယူဆခံရလိမ့်မယ်လို့ မေမေထင်ခဲ့တာ။

မေမေထင်တာက သူတို့ရဲ့မြောက်မြားလှစွာသော တွေ့ကြုံခဲ့ရတဲ့ လူနာတွေကြားမှာ မေမေဟာ ဘာမှထူးခြားမှုမရှိတဲ့ သာမန်မိန်းကလေးတစ်ယောက်အနေနဲ့ မေ့လျော့ပျောက်ကွယ်ခံရလိမ့်မယ်လို့လေ။

တကယ်တော့ မေမေ့အထင်တွေ မှားယွင်းခဲ့တယ် သားရဲ့။

အဲဒီနေ့က မေမေဟာ မေမေနေထိုင်တဲ့ အမြဲစိမ်းအလှပြင်ဆိုင်ခန်းလေးဆီကို တစ်ယောက်တည်း အထီးကျန်စွာ ပြန်လာတဲ့အခါ အံ့ဩစရာတစ်ခုကို တွေ့ခဲ့ရတယ်။

အဲဒါကတော့ မေမေတို့တိုက်ခန်းရှေ့မှာ မေမေမမြင်ဖူးတဲ့ အဖိုးတန်မိမ်ခံကားကြီးတစ်စင်း ရောက်နေခဲ့တယ်လေ။ ကားအမျိုးအစားတွေကို မေမေ သိပ်မခွဲခြားတတ်ဘူးလို့ ဝန်ခံရမယ်။ ကားတစ်ခုလုံးက ဘော်ငွေရောင်အရောင်ပြေးတွေနဲ့ တလက်လက်ထလို့။

မေမေထင်လိုက်တာက ဒါဟာ ဆံပင်လာပြုပြင်တဲ့သူ တစ်ဦးဦးရဲ့ ကားလို့ ပထမထင်လိုက်မိတာ။

အရင်တုန်းကလည်း ဒီလိုတန်ဖိုးကြီးကား စီးနိုင်သူတွေရော၊ ကားအလတ်စား၊ အညံ့စားစီးတဲ့သူတွေရော မေမေတို့ဆိုင်ကို လာနေကျပဲ။ သိပ်ထူးဆန်းဘူးလေ။

ဒါပေမယ့် အခုကတော့ ထူးဆန်းတယ်။ မေမေ အခုပြန်လာတဲ့အချိန်က



www.burmeseclassic.com

www.burmeseclassic.com



ညနေငါးနာရီခွဲကျော်နေပြီ။ အလုပြင်ဆိုင်သိမ်းပြီးလို့ တော်တော်တောင် ကြာမြင့်နေပြီ။ ဒါဆိုကားပိုင်ရှင်ဟာ ဘယ်သူလဲ၊ ဘယ်ကလဲ။ ပြီးတော့ နောက်ထပ် တစ်ခု ထူးဆန်းနေတာက မမမြကိုယ်တိုင် မပြန်သေးဘူး။ ဆိုင်ခန်းမှာ ရှိနေဆဲပဲ။ မမမြနဲ့မေမေတို့က ဒီတိုက်ခန်းကလေးရဲ့သော့ကို တစ်ယောက် တစ်ချောင်းစီ ယူထားတာဆိုတော့ အခုလို မေမေအပြင်သွားပြီး နောက်ကျပြန်ရောက်တဲ့အခါဆို မမမြကစောင့်နေလေ့မရှိပါဘူး။ တိုက်ခန်းကို မမမြက သော့ပိတ်ခဲ့ပြီး မေမေပြန်လာရင် မေမေ့သော့နဲ့ ဖွင့်ဝင်ခဲ့တာကြာလှပါပြီ။

အခုဒီနေ့ကျမှ မမမြက မေမေ့ကို စောင့်ဆိုင်းနေခဲ့သလား။ ဘာဖြစ်လို့ စောင့်ဆိုင်းနေရတာလဲ။ ရောက်နေတဲ့ ဧည့်သည်ကရော ဘယ်ကလဲ။

မေမေဟာ အဲဒီလို မေးခွန်းပေါင်း မြောက်မြားစွာနဲ့ ဦးနှောက်တွေ ရှုပ်ထွေးနောက်ကျိရင်း ဆိုင်ခန်းထဲကို လှမ်းဝင်လိုက်တဲ့အခါကျမှ အခြေအနေအားလုံးကို သဘောပေါက်လိုက်ပါတယ်။ ဧည့်ခန်းထဲက ဆက်တီကုလားထိုင်တွေမှာ မမမြနဲ့အတူ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနေခဲ့သူက ဒေါက်တာမြင့်မိုရ်ဆိုတဲ့သူ ဖြစ်နေလို့ပါပဲ။

သူ့ကို မေမေတွေ့လိုက်ရလို့ အံ့သြသွားသလို သူနဲ့မမမြကလည်း မေမေ့ကို ရုတ်တရက်တွေ့လိုက်တဲ့အချိန်မှာ အံ့အားသင့်တကြီးအမူအရာတွေ ပြကုန်ကြတယ်။ မမမြကဆို ထိုင်နေရာကတောင် ချက်ချင်းထပြီး "ခင်လေး..." လို့ မသဲမကွဲရေရွတ်တယ်။ မမမြရဲ့အသံတွေဟာ တုန်ယင်နေသလို မျက်ဝန်းတွေကလည်း စိုစွတ်နေကြတယ်။

မမမြငိုထားတာတယ်။ ဟုတ်တယ်။ မမမြသိသွားပြီ။ မမမြကို သူပြောပြလိုက်ပြီ။ နေပါဦး...သူကဘာတွေပြောထားသလဲ။ မနက်က မေမေ့ရဲ့ ဆုံးဖြတ်ချက်တွေအကြောင်းလား။ ဒါမှမဟုတ် ဒီထက်များပိုသလား။ မေမေ့ကို ပြောပြတာထက် မမမြကိုပိုများပြောထားသလား။

မေမေ အဲဒီလိုမေးခွန်းပေါင်းများစွာကို စဉ်းစားမိရင်း တိုက်ခန်းအဝင်ပေါက်ဝမှာ အခုထက်ထိ မတုန်မလှုပ်ရပ်နေမိလို့ မမမြက မေမေ့ဆီ လျှင်မြန်စွာလျှောက်လာပြီး မေမေ့ညာဖက်လက်မောင်းကို လာရောက်ဆုပ်ကိုင်လိုက်တယ်။ ပြီးတော့ ကြေကွဲတုန်ရီနေတဲ့ အသံတိုးတိုးလေးနဲ့ မေးပြန်တယ်။

"ခင်လေး...နေကောင်းတယ်နော်"

မမမြရဲ့အသံက အစိုးရိမ်ပိုနေသလိုပဲ။ တကယ်တော့ ဒီမေးခွန်းကို မမမြ





မေးဖို့လိုမယ်မထင်ပါဘူး။ မမမြက ခင်လေးရဲ့ကျန်းမာရေး အခြေအနေမှန်ကို သူပြောပြလို့ သိထားနှင့်ပြီပဲ...မမမြရယ်။

မေမေလေ...အဲဒီတုန်းက မေမေ့အပေါ် အစိုးရိမ်ပိုကြင်နာမှုပေးခဲ့တဲ့ မမမြကို ကျေးဇူးတင်လိုက်တာ။ မမမြက မေမေ့အတွက် တကယ်ပဲ ကြေကွဲနေခဲ့တယ်နော်။ မေမေ့ကို မမမြက ညီမလေးအရင်းတစ်ယောက်လိုပဲ ချစ်ခဲ့တယ်ဆိုတာ မေမေ အခုသိလိုက်ရပါတယ်...သဝဲရယ်။

မေမေ...မမမြကို အားကိုးတကြီးတွဲမှီရင်း အိမ်ထဲကို ဖြည်းညှင်းစွာ ငင်လိုက်ပါတယ်။ အဲဒီအချိန်မှာ သူကတော့ ဧည့်ခန်းထဲက ကုလားထိုင်မှာထိုင်နေရင်း မေမေနဲ့မမမြဝင်လာတာကို မျက်တောင်မခတ် ငေးကြည့်နေခဲ့တယ်။

အဲဒီအချိန်မှာ မမမြက မေမေ့ကို ပြောတယ်။

"ဆရာရောက်နေတာ ညနေလေးနာရီ မထိုးခင်ကတည်းက ခင်လေးရဲ့၊ ခင်လေးကိုစောင့်နေတာ ကြာလှပြီ"

မမမြက မေမေ့ကို အဲဒီလိုပြောရင်းနဲ့ ဧည့်ခန်းထဲကို ခေါ်သွားခဲ့တယ်။ မေမေက ဒေါက်တာမြင့်မိုရ်ထိုင်နေတဲ့ခုံနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လိုက်တဲ့အခါ သူက မေမေ့ကို စူးရှတဲ့မျက်မှန်နောက်က မျက်လုံးတွေနဲ့ကြည့်ရင်း အသံကျယ်ကျယ် ထုတ်မေးလိုက်တယ်။

"ခင်ဗျား...မနက်ဆေးရုံက ပြန်သွားပြီး အခုအချိန်ထိ ဘယ်တွေများလျှောက်သွားနေတာလဲ မယမင်းခင်"

သူက အဲဒီလိုမေးလိုက်တော့ မေမေသူ့ကို ရုတ်တရက်ဒေါသ ထွက်သွားပါတယ်။ သူ့ရဲ့အမိန့်သံပါပါနဲ့ အထက်စီးကပြောတတ်တဲ့လေသံကို မေမေ တော်တော် စိတ်ပျက်သွားမိတာ။ ဟုတ်တယ်လေ။ ဆေးရုံမှာတင်မကပဲ သူက မေမေနေတဲ့အိမ်အထိလည်း လိုက်လာသေးတယ်။ မေမေ့ရဲ့ ကိုယ်ပိုင်အချိန်တွေ အသုံးပြုမှုကိုလည်း ပိုင်စိုးပိုင်နင်း ဝင်ရောက်စစ်ဆေးလို့။

မေမေသူ့ကို "ဘယ်သွားသွားပေါ့၊ အဲ့ဒါဆရာအလုပ်လား..."လို့ ပြန်အော်လိုက်မိတော့မယ့်အချိန်မှာ မမမြက အချိန်မီ စကားတစ်ခွန်းကို ဝင်ပြောလိုက်ပါတယ်။

"ကိုယ်တို့နှစ်ယောက်စလုံး မင်းကို သိပ်စိတ်ပူနေကြတာ ခင်လေး"...တဲ့။

မမမြစကားကြောင့် မေမေ့ရဲ့ဒေါသတွေအားလုံး ချက်ချင်း ပျောက်ဆုံးသွားကုန်တော့တာပဲ။ အို...သူတို့မေမေ့အတွက် စိတ်ပူနေကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဒေါက်တာမြင့်မိုရ်ဆိုတဲ့ ဆရာဝန်ဟာလည်း မေမေ့အတွက် စိုးရိမ်ပူပန်တဲ့စိတ်နဲ့ မေမေရဲ့အိမ်အထိ လိုက်လာခဲ့တဲ့သူပဲ။ ပြီးတော့ မေမေ့အနေနဲ့ ပြောပြဖို့အလွန်ခက်ခဲတဲ့ မေမေ့ ကျန်းမာရေးအကြောင်းကိုလည်း မမမြအား ကြိုပြောနှင့်ပေးထားသူလည်း ဖြစ်ပြန်တွာယ်။ ပြီးတော့ မေမေအိမ်ကို နောက်ကျရောက်ရတဲ့ အကြောင်းကိုလည်း စိတ်ပူပန်စွာ ကရုဏာဒေါသတွေနဲ့ မေးနေတဲ့သူလည်း ဖြစ်ပြန်ရော။

တကယ်တော့ သူဟာမေမေ့အပေါ်မှာ ဆရာဝန်တစ်ယောက်ထက်ပိုပြီး ဂရုစိုက်မှုပေးနေတဲ့သူပဲ။ မေမေသူ့ကို ဒေါသမထွက်နိုင်တော့ပါဘူး...သား။ မေမေ သူ့ကိုနားလည်သွားတာနဲ့တစ်ပြိုင်နက် မေမေ့ရင်ထဲမှာ ကြည်နူးမှုတစ်ခု စိမ့်ပျံ့လို့သွားတယ်။

ဟုတ်တယ်လေ။ မေမေသိပ်ကို ကျေနပ်နှစ်သိမ့်သွားခဲ့တာပေါ့။ လောကထဲမှာ အရာရာကိုစွန့်လွှတ်ဆုံးရှုံးခံနေရတဲ့ မိန်းမတစ်ယောက်ဟာ တစ်ရက်တည်းသာသိကျွမ်းဖူးတဲ့ သူစိမ်းတစ်ယောက်ဆီက ကြင်နာမှုသေးသေးကလေးကိုတော့ မက်မောမိမှာပေါ့နော် သားရယ်။

မေမေလေ သူ့ကို တည်ငြိမ်စွာ စိုက်ကြည့်ရင်း အဖြေပေးလိုက်မိပါတယ်။

"ကျွန်မ...ဘုရားကိုသွားနေတာဆရာ"

မေမေ့အဖြေကိုကြားတော့ စောစောက စူးရှစွာတင်းမာနေခဲ့တဲ့ သူ့မျက်လုံးတွေဟာ ချက်ချင်း ပြေလျော့ကျသွားခဲ့တယ်လေ။ မေမေ့မျက်နှာကို ကြည်လင်အေးချမ်းနေတဲ့ အကြည့်တွေနဲ့ငေးကြည့်ရင်း "သြော်..."လို့ တစ်ချက်ရေရွတ်နေပြန်တယ်။

မမမြကတော့ မေမေ့ လက်ဖဝါးကို လာရောက်အုပ်ကိုင်ပြီး...။

"ခင်လေးရယ်...ဘုရားသွားချင်ရင် မမမြကို ပြန်လာခေါ်ရောပေါ့၊ မမမြ လိုက်ပို့မှာပေါ့၊ နောက်ဆို တစ်ယောက်တည်းမသွားရဘူးနော်..."လို့ မေမေ့ကို ငံ့ပြောပါတယ်။

မေမေပြုံးပြီး မမမြမျက်နှာကို မော့ကြည့်လိုက်တယ်။

မမမြရဲ့အစိုးရိမ်ပိုနေတဲ့ မျက်ဝန်းတွေကိုမြင်ရတဲ့အခါ မေမေငိုချင်လာပြန်တယ်။ ဒါပေမယ့် မေမေငိုလို့မဖြစ်သေးပါဘူး။ မေမေ့စိတ်ဓါတ်တွေ အများကြီး တင်းမာရဦးမယ်။ ရှေ့ဆက်ရမယ့်ဘဝမှာ မေမေအများကြီး ပြတ်သားရဦးမယ်။ မေမေငိုလို့ မဖြစ်သေးဘူး။





မေမေအားတင်းပြီး မမမြကို ဟန်ဆောင်အပြုံးတစ်ခုနဲ့ စကား ပြန်လိုက်ရတယ်။

"မမမြ...ခင်လေးကို နေ့တိုင်းလိုက်ပို့နိုင်လို့လား၊ ခင်လေး...ခင်လေးက နေ့တိုင်း ရွှေတိဂုံဘုရားပေါ် တက်ဖူးချင်တာ"

"အို...မမမြလိုက်ပို့နိုင်ပါတယ်၊ ခင်လေးဘယ်သွားသွား မမမြလိုက်ပို့မယ်၊ ခင်လေးသွားချင်တဲ့စိတ်ရှိနေသရွေ့ မမမြအမြဲတမ်းလိုက်ပို့ပေးမယ်"

မမမြစကားကြောင့် မေမေရယ်လိုက်မိသေးတယ်။ နာကျင်စွာ ရယ်လိုက်မိတာပါ။ ပြီးတော့ စကားတစ်ခွန်းကို မေမေ့ဖြည့်ပြောလိုက်ပါတယ်။

"ခင်လေးကတော့ ခင်လေးရဲ့ရင်သွေးလေး မွေးဖွားခင်အချိန်ထိ ဒါမှမဟုတ် ခင်လေးခြေထောက်တွေ ကျန်းမာသန်စွမ်းစွာနဲ့ လျှောက်နိုင်သေးတဲ့အချိန်အထိ သွားချင်စိတ်ရှိနေဦးမှာ...မမမြရဲ့"...လို့ ပြောလိုက်တော့ မမမြရဲ့လက်တွေဟာ မေမေ့ကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်ရင်း...။

"ခင်လေးရယ်..."လို့ ဇကြကြေကွဲကွဲ ရေရွတ်သွားတော့တယ်။

အဲဒီနောက်တော့ မေမေတို့သုံးယောက်ကြားမှာ မမျှော်လင့်ပဲ တိတ်ဆိတ်သွားခဲ့ရတယ်သား။ မေမေတို့ ဘာစကားမှမပြောမိကြတော့ဘူး။ ဒီအချိန်မှာ ဘာစကားကိုပြောဖို့ အကောင်းဆုံးဆိုတာလည်း မေမေတို့မသိကြတော့ဘူး။ ခဏအတွင်း မေမေတို့ရဲ့ ဧည့်ခန်းကလေးဟာ စိတ်ချောက်ချားဖွယ်ကောင်းစွာ တိတ်ဆိတ်ငြိမ်သက်သွားခဲ့ရတော့တယ်။ အဲဒီအချိန်မှာ မမမြရဲ့ ပထမဦးဆုံးစကားသံတစ်ခုက အနည်းငယ် ခြောက်ကပ်တိုးညှင်းစွာ ပေါ်ထွက်လာခဲ့တယ်။

"ခင်လေး...ဆရာတို့ ခွဲစိတ်ကုသမှာကို လက်ခံလိုက်ပါလားဟင်"

မမမြရဲ့စကားဟာ အဆက်အစပ်လုံးဝမရှိတဲ့ စကားတစ်ခွန်းပဲ။ ဒါပေမယ့် အဲဒီစကားလုံးတစ်ခုကို မေမေဝင်လာကတည်းကပြောဖို့ မမမြ ကြံစည်မှိုသိပ်ထားခဲ့ပုံရပါတယ်။ မမမြရဲ့မျက်လုံးတွေဟာလည်း သိပ်ကိုကြီးမားတဲ့ မျှော်လင့်ချက်တွေနဲ့ မေမေနှုတ်ခမ်းကကျလာမယ့်အဖြေကို စောင့်စားလို့။

သားရယ်...မေမေ့ရင်ထဲမှာ နာကျင်လှပါတယ်။ မမမြရဲ့မေးခွန်းကိုဖြေဖို့ မေမေဟာ လွန်ခဲ့တဲ့နာရီပေါင်းများစွာကတည်းက ကြိုတင်တွေးတောထားခဲ့တယ်ဆိုတာ မမမြ မသိရှာပါဘူး။ မေမေပြောလိုက်တယ်။

"မမမြရယ်...ခင်လေးတို့ အကောင်းဆုံးတွေကိုပဲ စဉ်းစားကြည့်ရအောင်



www.burmeseclassic.com

www.burmeseclassic.com

လေ၊ ခင်လေးဘာမှမဖြစ်နိုင်ပါဘူးမမမြရယ်၊ ခင်လေးရဲ့ ခေါင်းထဲကအကျိတ် ဟာ ကင်ဆာလည်းမဟုတ်ဘူး၊ မခွဲမစိတ်ပေမယ့် ခင်လေးကျန်းမာရေးကို ဘာမှထိခိုက်မှာလည်း မဟုတ်ဘူး၊ ခင်လေးသူ့ကို မွေးဦးမယ်၊ ခင်လေး သား တစ်ယောက်ကိုမွေးဦးမယ်၊ သားကိုမွေးပြီးတဲ့အထိ ခင်လေးဘာမှ မဖြစ်နိုင်ပါ ဘူး၊ ခင်လေးတို့အဲဒီလိုပဲ စဉ်းစားထားကြရအောင်လေ၊ ခင်လေးကို ကံကြမ္မာ က ဒီတစ်ခါတော့ မျက်နှာသာပေးမှာပါ မမမြရယ်၊ သားကိုချစ်တဲ့ မိခင် တစ်ယောက်ကို ကံကြမ္မာက ခွင့်လွှတ်မယ်ဆိုတာ ခင်လေးယုံကြည်ပါတယ်"

"ခင်လေး...၊ ခင်လေး...တစ်ချက်လောက် ပြန်စဉ်းစားပါဦးလားကွယ်"

မမမြစကားကို မေမေဖြည်းညင်းစွာ ခေါင်းခါလိုက်မိတယ်။ တကယ် တော့ မမမြရဲ့စကားကိုယ်တိုင်က မျှော်လင့်ချက်တွေ ကုန်ခမ်းနေခဲ့တဲ့လေသံ ဖြစ်နေပါပြီလေ။ မေမေအားတင်းပြီး မမမြကိုပြုံးပြလိုက်တယ်။ ပြီးတော့ ခေါင်းခါရင်းကပဲ စကားတစ်ခွန်းတည်း မေမေပြန်ပြောလိုက်ပါတယ်။

"ဟင့်အင်း...မမမြ၊ တကယ်လို့များ ခင်လေး...လောကထဲက ထွက်သွား သွားရမယ်ဆိုရင်တောင် ခင်လေးချစ်တဲ့ သားကိုတော့ လောကထဲမှာ ထားခဲ့ ချင်သေးတယ်လေ"

မမမြဟာ မေမေ့စကားအဆုံးမှာ မေမေ့ကို ရုတ်တရက်တင်းကျပ်စွာ ပွေ့ဖက်လိုက်တယ်။ မမမြရဲ့မေးဖျားလေးဟာ မေမေ့နဖူးစပ်မှာ လာထိတယ် မမမြနှုတ်ဖျားကလည်း တစ်စုံတစ်ခုကို တီးတိုးရေရွတ်လိုက်သလိုပဲ။

ဒါပေမယ့် မကြွပြားဘူး။ မမမြငိုရှိုက်နေသလား။ မေမေ မသိချင်တော့ ပါဘူးသားရယ်။ သေချာတာကတော့ မမမြဟာ မေမေ့ကို ဘယ်သောအခါ တားဆီးနိုင်မှာ မဟုတ်တော့ဘူး။ တားဆီးရက်တော့မှာ မဟုတ်ပါဘူး။

မမမြရဲ့ပွေ့ရှိုက်ခါနေတဲ့ ကိုယ်လေးကို မေမေလည်း အားကိုးမှီတွယ် စွာ ပွေ့ဖက်လိုက်မိပါတော့တယ်။ အဲဒီတုန်းက မေမေတို့ဟာ တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာပွေ့ဖက်ထားနေမိတာများ တစ်ခုခုကို ကြောက်ရွံ့စွ ...းမိနေတဲ့ပုံမျိုး။

တကယ်ပဲ မေမေတို့ဟာ တစ်စုံတစ်ခုကို ကြောက်ရွံ့နေခဲ့ကြသလား၊ ဒီအဖြေကိုဖြေဖို့ သိပ်စောလွန်းသေးတယ် ထင်ပါတယ်လေ။ မေမေ တစ်စုံတစ်ခုကို စတင်ကြောက်ရွံ့ဖို့ အဝေးကြီးပဲလိုဦးမှာပါ။

မမမြဟာ အဲဒီနောက် မေမေ့ကိုအသက်ရှူသံပြင်းပြင်းနဲ့ ပွေ့ဖက်ထားရင်





...နေ ပြတ်သားတဲ့စကားတွေကို စပြောခဲ့တော့တယ်။

"ခင်လေး...ခင်လေးလုပ်ချင်တဲ့အရာကို မမမြမတားဆီးတဲ့အခါ မမမြ ...လုပ်မယ့်အရာတွေကိုလည်း ခင်လေးပြန်တားဆီးလို့ မရဘူးနော်၊ မမမြလေ ...ဒီနေ့ကစပြီး မင်းကိုအလုပ်လုပ်ခွင့် လုံးဝမပေးနိုင်တော့ဘူး၊ မင်းအနားယူရမယ် ...ပြီးတော့...အခု မမမြအိမ်မပြန်တော့ဘူး၊ နောက်နေ့တွေ၊ ညတွေလည်း မပြန် ...တော့ဘူး၊ ခင်လေးနဲ့ကိုယ် အခုကစပြီးအတူတူနေမယ်၊ သိလား၊ အခု ကိုယ်... ...ဖက်တိုက်ခန်းကိုသွားပြီး အိမ်ကိုဖုန်းဆက်လိုက်မှာ၊ ကိုယ့်အတွက် ဒီနေ့ည ...လဖို့အကျီရော၊ အိပ်ဖို့စောင်ခေါင်းအုံးကအစ အစ်ကိုငယ့်ကို ယူလာခိုင်းလိုက် ...တော့မှာ၊ ကိုယ်လည်း ဆုံးဖြတ်ပြီးပြီ ခင်လေးရဲ့၊ ခင်လေးအနားမှာ ကိုယ်ရှိမှ ...ဖြစ်တော့မှာ"

မေမေလေ...မမမြရဲ့စကားတွေအဆုံးမှာ ဝေ့ဝဲလာတဲ့ မျက်ရည်စတွေကို ပင့်သုတ်ရင်း မမမြမျက်နှာကို မော့ကြည့်မိလိုက်တယ်။ မမမြက ပြုံးနေတယ်။ မေမေလည်း ရယ်လိုက်မိပြန်တယ်။ မေမေတို့နှစ်ယောက် အတူတူရယ်မောကြ တယ်။မေမေတို့ရယ်သံတွေဟာ တကယ့်ကို ပေါ့ပါးလွတ်လပ်လို့သွားတာပေါ့။

ရယ်သံတွေနဲ့ မေမေတို့နှစ်ယောက်ရဲ့ ပုံစံကိုကြည့်ပြီး နားလည်ဖို့ခက်နေ ဟန်တူတဲ့ ဒေါက်တာမြင့်မိုရ်ဆီကို မေမေလည်း လှည့်ပြောလိုက်မိပါတယ်။

"ဆရာ...ဆရာက ကျွန်မကို ခွဲစိတ်ခံအောင် တိုက်တွန်းပေးဖို့ မမမြကို လာပြောပြတာဆိုရင်တော့ ဆရာ့အကြံ မအောင်မြင်နိုင်တော့ဘူးနော်...ဆရာ၊ မမမြက ကျွန်မစိတ်ကို အသိဆုံးသူပဲဆရာရဲ့၊ ကျွန်မကို ခေါင်းသိပ်မာတာပဲလို့ မမမြက ခဏခဏ ပြောခဲ့ဖူးတယ်လေ"

မေမေ့စကားကြောင့် သူ့မျက်နှာဟာ ပြုံးမလိုလို၊ မဲ့မလိုလို တစ်ချက်ဖြစ် သွားတယ်။ ပြီးတော့ ခေါင်းကို ဖြည်းဖြည်းညင်းညင်းလေး ခါတယ်။

ပြီးတော့မှ ပခုံးနှစ်ဖက်စလုံးကိုတွန့်ပြီး မပွင့်တပွင့် ထုတ်ရယ်လိုက်တယ် သားရဲ့။ သူ့အမူအရာက သူဘာမှ မတတ်နိုင်တော့ဘူးဆိုတဲ့ ပုံစံမျိုးပေါ့လေ။ ...ပြီးတော့ပြောတယ်။

"ကျွန်တော်...ခင်ဗျားတို့ကို အပြစ်မတင်တော့ပါဘူး၊ ကျွန်တော် နား လည်နိုင်ပေးအောင် ကြိုးစားနေပါတယ်"

အဲဒါ ဆရာဝန်တစ်ယောက်ရဲ့ အယဉ်ကျေးဆုံးလောကဝတ် စကား တစ်ခွန်းပဲ နေမှာပေါ့လေ။ သူလည်း မေမေ့ကို မတားဆီးနိုင်တော့ဘူးဆိုတဲ့


www.burmeseclassic.com

www.burmeseclassic.com


သဘောပေါ့။

မေမေတို့ သုံးယောက်စလုံး အဲဒီလို နားလည်မှုအသီးသီး ရသွားကြတဲ့ အချိန်မှာ မမမြကသူ့ကို ဝင်ပြောလိုက်ပါတယ်။

"ဆရာ...ကျွန်မအခုပဲ ဖုန်းသွားဆက်မလို့ ခဏခွင့်ပြုဦးနော် ဆရာ၊ ဆရာ အခုလိုလာပြီး ခင်လေးရဲ့ကျန်းမာရေးကို ဂရုတစိုက်နဲ့ လာပြောပြတဲ့အတွက် ကျွန်မ...ဆရာ့ကို အရမ်းကျေးဇူးတင်ပါတယ်၊ ဆရာနောက်ကို ကျွန်မတို့ အမြဲဝင်နိုင်ထွက်နိုင်ပါတယ်၊ လာလည်ပါနော်"

မမမြက ဆရာ့ကို အဲဒီလိုနှုတ်ဆက်ပြီး မေမေ့ကိုလည်း...။

"ခင်လေး...မမမြ ဖုန်းသွားဆက်လိုက်ဦးမယ်၊ ခဏလေးနော်၊ သိ မကြာပါဘူး၊ အခုပြန်လာခဲ့မယ်"လို့ အစိုးရိမ်ပိုတဲ့လေသံနဲ့ ပြောနေလို့ မေ ပြုံးလိုက်မိပါသေးတယ်။

မေမေ မမမြကို ခေါင်းညိတ်ပြလိုက်ရင်း...။

"မမမြရယ်...သွားမှာသာသွားပါ၊ ဘာများစိတ်မချစရာအကြောင်း ရှိလို့ လဲ၊ ခင်လေးမှာ မမမြလိုပဲ ခင်လေးရဲ့ကျန်းမာရေးကို စိတ်ပူပန်ပေးမယ့်သူ တစ်ယောက်ရထားပြီလေ မမမြရဲ့၊ ပြီးတော့သူက ဆရာဝန်တစ်ယောက်လည်း ဖြစ်နေသေးတာပဲ"...လို့ ရယ်ရယ်မောမော ပြန်ပြောလိုက်တော့ မမမြ တခစ်ခစ် အော်ရယ်သွားပါလေရော။

မေမေ့စကားအဆုံးမှာ သူ့ကိုကြည့်လိုက်တော့ သူ့မျက်နှာက သွေးရော တွေရဲနေတာကို အံ့ဩဖွယ်တွေ့လိုက်ရတယ်လေ။

အိုး...အဲဒီတုန်းက သူတကယ် ရှက်သွားခဲ့တာပဲ။ ပြီးတော့ အဲဒီလို ရှက်သွေးတွေ ပြည့်နေတဲ့မျက်နှာနဲ့ ခပ်ဟဟတစ်ချက် ထုတ်ရယ်လိုက်တဲ့ အမူအယာပုံစံက သူ့ရဲ့အသက်ကို ပိုငယ်သွားစေပြန်တာပဲ။ ဟုတ်တယ်။ အဲ တုန်းက ဒေါက်တာမြင့်မိုရ်ဆိုတဲ့ သူတစ်ယောက်ဟာ ဆရာဝန်တစ်ယောက် နဲ့ကို မတူပါဘူး။

မေမေလည်းသူ့ကို ဆရာဝန်တစ်ယောက်ထက် ပိုပြီးရင်းနှီး ခင်မင်မိခဲ့တာ အမှန်ပါပဲ။ သူ့ရဲ့စိတ်ရင်းအမှန်ကို မေမေသိရှိရိပ်မိသွားပြီးတဲ့ နောက်ပိုင်းမှာ ပေါ့။ တကယ်တော့သူဟာ သူ့စိတ်ထဲမှာရှိနေတဲ့အတိုင်း အပြင်ကို ဖွင့်ပြ ပြောပြတတ်တဲ့ သူတစ်ယောက်ပဲ။ သူဟာ ပွင့်လင်းသူတစ်ယောက်ပဲ။ ပြီးတော့ သူဟာ တစ်ခါတစ်လေ ဒေါသအနည်းငယ် ထွက်တတ်တာကလွဲလို့ မေမေ့



ကျန်းမာရေးကို စိုးရိမ်စိတ်ပူပန်နေတဲ့ သူတစ်ယောက်ပဲ။ မေမေ့ကို ဂရုစိုက်တဲ့ သူတစ်ယောက်ပဲ။ မေမေသူ့ကို တယ်နှစ်လိုမိသွားပါတယ်။

အဲဒါကြောင့် မမမြထွက်သွားတဲ့အခါ မေမေနဲ့သူ နှစ်ယောက်တည်း ဧည့်ခန်းထဲမှာ ကျန်ရစ်ခဲ့တုန်း သူက စကားစပြောဖို့ အိုးတမ်းအမ်းတမ်း ဖြစ်နေ တဲ့သူ့ဆိုတော့ မေမေကပဲ သူ့ကို ရင်းရင်းနှီးနှီး စပြောလိုက်မိတယ်။

"ဆရာ...ကျွန်မရဲ့အိမ်ကို လိုက်လာတာ မမမြကို တိုက်တွန်းဖို့ အကြံ တစ်ခုတည်းနဲ့ပဲလားဟင်၊ နောက်ထပ်ရော ဘာအကြံပါသေးလဲ ဆရာရဲ့၊ ပြော ပြပါဦး"...လို့ မေမေမေးလိုက်တော့ သူက နှစ်နှစ်ကာကာ ရယ်မောခဲ့တယ်။ ပြီးတော့ ဖြေတယ်။

"အဲဒီ အကြံတစ်ခုတည်းနဲ့ မဟုတ်ပါဘူးဗျာ၊ ဆရာဝန်တစ်ယောက်ဆို တာ ဖြစ်နိုင်ချေရှိတဲ့ Possibilities အားလုံးကို ထည့်စဉ်းစားထားရတယ်လေ၊ အစောကြီးကတည်းက ကျွန်တော့်ရဲ့တိုက်တွန်းမှု မအောင်မြင်နိုင်ဘူးလို့ ကြို တွက်ထားပြီးသားပါ၊ ဒါပေမယ့် အဲဒီလိုမအောင်မြင်ရင်လည်း ကျွန်တော် ဒီအိမ်ကိုလိုက်လာဖို့ အကြောင်းပြချက်ကောင်းကောင်း တစ်ခုရှိပါသေးတယ်"

မေမေလည်း သူ့စကားကြောင့် အရမ်းအံ့ဩသွားပြီး...။

"အို...ဘယ်လို အကြောင်းပြချက်ပါလိမ့်...ဆရာ" လို့ မေးလိုက်မိတယ်။

သူက မေမေ့မျက်လုံးတွေထဲကို လေးနက်စွာ ငေးစိုက်ကြည့်ရင်း အသံသြသြရှရှလေးနဲ့ ဖြေသွားခဲ့တယ်လေ။

"ကျွန်တော်...ခင်ဗျားကို အားပေးချင်လို့ပါ၊ ဟင့်အင်း၊ အဲဒါခင်ဗျားရဲ့ ကျန်းမာရေးအကြောင်းတစ်ခု သက်သက်နဲ့ဟင် မဟုတ်ပါဘူးဗျာ၊ တခြား အကြောင်းတစ်ခုရှိပါသေးတယ်၊ ခင်ဗျား...မနက်ကပြောပြသွားတဲ့ ခင်ဗျားဘဝ အကြောင်းကို ကျွန်တော်ကြားရတဲ့အခါ ဒီနေ့တစ်နေ့လုံး ဆေးရုံမှာ အလုပ်လုပ် ရတာမဖြောင့်ဘဲ ခင်ဗျားအကြောင်းကိုပဲ တွေးနေမိတာ၊ ကျွန်တော် စဉ်းစား မိတယ်၊ ခင်ဗျားဟာ ဒီအချိန်မှာ သိပ်ကိုစိတ်ဓါတ်ကျ ခံစားနေရမှာပဲလို့၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဘေးနားမှာ ဘယ်သူမှမရှိကြဘူးလေ၊ ခင်ဗျားမှာ မိတ်ဆွေတွေလည်း မရှိကြတော့ဘူး၊ ဆွေမျိုးတွေကိုလည်းမသိဘူး၊ ခင်ဗျားရဲ့ ခင်ပွန်းနဲ့ကလည်း ကွဲကွာသွားတယ်၊ သူက ခင်ဗျားကိုရော၊ ခင်ဗျားရဲ့ရင်သွေး ကိုပါ ဂရုမစိုက်ပဲ ရက်ရက်စက်စက် ထားရစ်ခဲ့တဲ့အချိန်...ခင်ဗျား သိပ်အားငယ် မှာပဲဆိုတာ ကျွန်တော် စဉ်းစားမိလို့ပါ၊ ကျွန်တော်သိတယ် မယမင်းခိုင်ရဲ့၊


www.burmeseclassic.com

www.burmeseclassic.com

အထီးကျန်ခြင်းဆိုတဲ့အကြောင်းကို ကျွန်တော်ကောင်းကောင်းသိပါတယ်၊ ဘာ ဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့ခင်ဗျားဟာ ဘဝတူတွေမို့လို့ပဲ"

"ဘဝတူတွေ...."

မေမေ အံ့သြပြီး သူ့စကားကို သံယောင်လိုက်ပြောခဲ့မိတယ်။ သူက ခေါင်းညိတ်ပြီး ဆက်ပြောပြပါတယ်။

"ဟုတ်တယ် မယမင်းခင်၊ ကျွန်တော်လည်း ကျွန်တော်ရဲ့မိဘဆိုတာကို ဓါတ်ပုံတွေက ပြောပြတာကလွဲပြီး ဘာမှပိုသိကျွမ်းခဲ့ရတဲ့သူ မဟုတ်ဘူးလေ"

မေမေ..."ဩော်"လို့ အာမေဍိတ်သံပြုလိုက်မိတယ်။

ခုအချိန်မှာ မေမေသူ့ကို နားလည်စာနာစ ပြုလာပါပြီ။ သူဟာ မေမေ့ အပေါ်မှာ လူနာတစ်ယောက်ထက်ပိုပြီး ဂရုစိုက်ခဲ့တာ၊ ကရုဏာ ထားနေခဲ့တာ တွေအတွက် အခုတော့ မေမေသိသွားပါပြီ။ အို...သူလည်း မေမေ့လိုဘဝမျိုးကို ရောက်ခဲ့ရသူပဲပေါ့နော်။ မေမေရဲ့အထီးကျန်ခြင်းဆိုတဲ့ သိပ်ကြောက်စရာ ကောင်းတဲ့အရာတစ်ခုကို ဒေါက်တာမြင့်မိုရ်ဆိုတဲ့ လူတစ်ယောက်လည်း ခံစား ခဲ့ဖူးတယ်ပေါ့နော်။ ဒါပေမယ့် မေမေငြင်းလိုက်မိသေးတယ်။ မေမေထပ်ပြီး ငြင်းဆိုလိုက်ပါတယ်။

"ဒါပေမယ့်...ဆရာ ကျွန်မလောက်တော့ ကံမဆိုးခဲ့ဘူးထင်ပါတယ်"

အဲဒီလိုပြောတော့ သူက...။

"ဟုတ်ပါတယ်၊ ကျွန်တော့်မှာ ငွေကြေးပြည့်စုံတဲ့ အဖိုးနဲ့အဖွားတော့ ကံကြမ္မာက ချန်ထားပေးခဲ့သေးတယ်လေ၊ အမေနဲ့အဖေဟာ ကျွန်တော် လူ မှန်းမသိတတ်ခင်ထဲက ဆုံးသွားကြတော့ အဖိုးနဲ့အဖွားက ကျွန်တော့်ကို အရွယ်ရောက်တဲ့အထိ ကျွေးခဲ့မွေးခဲ့၊ ပညာသင်ပေးခဲ့တာပါ၊ ဒါပေမယ့် ကျွန်တော့်အဖိုးနဲ့အဖွားဆိုတာ ကျွန်တော်နဲ့မျိုးဆက်နှစ်ခုလောက် ခြားနေတဲ့ လူသားတွေလေ...မယမင်းခင်၊ ငယ်ငယ်တုန်းက ကြီးမားလွန်းတဲ့ သူတို့ရဲ့ နှစ်ထပ်အိမ်ကြီးပေါ်မှာ တစ်ယောက်တည်းနေခဲ့ရတဲ့ဘဝကို ကျွန်တော် သိပ် ကြောက်ရွံ့စက်ဆုပ်ခဲ့မိတာ၊ သူတို့ကကျွန်တော့်ကို သိပ်ချုပ်ချယ်ကြတယ်၊ ကျွန်တော်ရဲ့ကလေးဘဝ၊ လူငယ်ဘဝခံစားချက်တွေကို နားမလည်ကြဘူး၊ ကျွန်တော့်ကို ပုံစံခွက်ထဲကရေလိုပဲ အမျိုးမျိုးပုံသွင်းခဲ့ကြတယ်၊ ကျွန်တော် ငိုရတယ်၊ အဲဒီအိမ်ကြီးပေါ်မှာ ကျွန်တော်...အဖေနဲ့အမေကိုလွမ်းလို့ မျက်ရည် အခါခါကျခဲ့ဖူးတယ်၊ မျက်နှာတောင် သိပ်သဲသဲကွဲကွဲ မမှတ်မိလိုက်တဲ့ ဖေဖေ





နဲ့မေမေ့ကိုသတိရရင်း ကျွန်တော်တစ်ယောက်တည်း ငိုရတဲ့ညတွေ အများ ကြီးပါပဲ၊ အဲဒါကြောင့် ကျွန်တော်ဆယ်တန်းအောင်ကတည်းက မွန္တလေး ကျောင်းမှာ အဆောင်သွားနေပြီး ကျောင်းအိမ်မှာကျောင်းစားတက်တာပဲ၊ ကျွန် တော်သူတို့ဆီလည်း ပြန်မရောက်ဖြစ်တာ တော်တော်ကြာသွားပါပြီ၊ သူတို့ အခုထက်ထိ အဲဒီမိတ္ထီလာကအိမ်ကြီးမှာပဲ နေနေကြတုန်းပဲ၊ ကျွန်တော့် မိတ္ထီလာကို မပြန်ဖြစ်တာ ဆယ်နှစ်လောက်တောင် ရှိတော့မယ်ထင်တယ်၊ ဆယ်တန်းအောင်ကတည်းက ဆိုပါတော့၊

တစ်ခါတစ်လေကျတော့ ကျွန်တော့်ရဲ့မိဘတွေကို သိပ်သတိရတာပဲ မယမင်းခင်ရယ်၊ ကျွန်တော် ကံကြမ္မာကို သိပ်နာကျည်းတာပဲ၊ ကျွန်တော့် အတွက် ဖခင်တစ်ဦးရဲ့မေတ္တာ၊ မိခင်တစ်ဦးရဲ့မေတ္တာ...အဲဒါဘာလဲဆိုတာ ကောင်း သိအောင်လုပ်မပေးခဲ့လို့လေ၊ ကျွန်တော်သိပ်ခံစားဖူး ကြည့်ချင်တာပဲ၊ မိဘတွေရဲ့သားတစ်ယောက်အပေါ် ချစ်မြတ်နိုးမှုကို၊ သူတို့ရဲ့အချစ်ကို ကျွန်တော် ခံစားကြည့်ချင်လိုက်တာ၊ ကျွန်တော့်မေမေ့ရဲ့အချစ်ကို ကျွန်တော် ခံစားကြည့်ချင်လိုက်တာ၊ မရတာကိုလိုချင်တော့ ကံတရားကို ကျွန်တော် မုန်းရော၊ လောကကြီးကို နာကျည်းခဲ့ရော၊ အဲဒီလိုနဲ့ကျွန်တော်လည်း ပတ်ဝန်း ကျင်တစ်ခုလုံးကို မကျေမနပ်နဲ့မြင်တတ်တဲ့ စိတ်တိုတို၊ ဘောက်ဆတ်ဆတ်၊ ကျကျဆရာဝန်တစ်ယောက်များ ဖြစ်လာခဲ့သလား မသိပါဘူး မယမင်းခင် ရယ်"

သူ့စကားကြောင့် မေမေ အလိုလိုနေရင်း ပြုံးမိသွားတယ်။ ကိုယ့်ရဲ့ အားနည်းချက်ကိုကိုယ် မြင်တတ်၊ ဖွင့်ပြောတတ်မှတော့ ဒေါက်တာမြင့်မိုရ် ဆိုတဲ့လူဟာ သိပ်ကိုခင်မို့ကောင်းတဲ့ လူတစ်ယောက်ဖြစ်မှန်း မေမေဆုံးဖြတ် လို့ရသွားပါတယ်။ သူကဆက်ပြောတယ်။

"ကျွန်တော်ဘယ်အရာကို ကြည့်ကြည့် သိပ်မကောင်းမြင်လွယ်တာပဲ၊ ဘယ်သူနဲ့မှလည်း လွယ်လွယ်ကူကူ မိတ်ဆွေမဖြစ်ဘူးဗျ၊ ချစ်ခြင်းမေတ္တာတို့ သံယောဇဉ်ဆိုတာတို့ကို မခံစားဖူးတော့ ကျွန်တော်မယုံကြည်ဘူးလေ၊ အင်း ဒါပေမယ့် အဲဒီခံစားချက်တွေအားလုံးဟာ မနေ့ကအထိပါပဲလေ၊ ကျွန်တော် ခံစားခဲ့ရတာ၊ နာကျည်းခဲ့ရတာတွေအားလုံးဟာ မနေ့ကအထိပဲဗျ၊ အခုပြီးဆုံး သွားပြီ၊ အခု...အားလုံးပြောင်းလဲသွားကြပြီဗျာ...၊ သိလား"

မေမေ သူ့စကားကို လုံးဝနားမလည်လိုက်ဘူး။ ဒါနဲ့ မေမေသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သျှင်မြန်စွာ ဖြတ်မေးလိုက်မိတယ်။

"ရှင်...ဘာဖြစ်လို့လဲ...ဟင်"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ဒီနေ့မှာ မိခင်တစ်ယောက်ရဲ့ မေတ္တာကို ခံစားတွေ့ရှိလိုက်ရလို့လေ..."

မေမေ..."အို..." လို့ အာမေဋိတ်သံပြုလိုက်မိပါတယ်။

သူ့ရဲ့ပြတ်သားတိကျလွန်းတဲ့ စကားတစ်ခုလုံးဟာ မေမေ့နားထဲမှာ ပဲ့တင်ထပ်နေလိုက်တာများ။ ဟင့်အင်း...ဟင့်အင်းလို့ မေမေရက်သေ့နဲ့ ငြင်းဆိုဖို့ အားတင်းလိုက်ပေမယ့် မေမေ့မှာ ခွန်အားတွေမရှိကြတော့ဘူး။ မေမေ့ရင်ထဲမှာ ဘယ်လိုမှဖော်မပြနိုင်တဲ့ ခံစားချက်တွေပဲ ပြည့်လျှမ်းလာခဲ့တယ် သားရယ်။ မေမေ ကြည်နူးသွားတာလား။ ဒါမှမဟုတ် ကြေကွဲသွားသလား။ မေမေကိုယ်တိုင်တောင် ရှေသေချာချာ မသိနိုင်တော့ပါဘူး။

ဒါပေမယ့် မေမေ....။ မေမေ ငိုလိုက်မိပါတယ်။

သူက မျက်ရည်တွေစုဝေးအိုင်ထွန်းလာတဲ့ မေမေ့မျက်နှာကို ပြုံးပြီး ကြည့်နေတယ်။ ပြီးတော့ ကြည်လင်တည်ငြိမ်တဲ့ စကားလုံးတွေကို ဆက်ပြော ပြနေပါသေးတယ်။

"ဟုတ်တယ်...မယမင်း၊ ကျွန်တော်အခု သိလိုက်ပါပြီ. မိခင်တစ်ယောက်ရဲ့မေတ္တာဟာ သူ့အသက်ထင်ရှားရှိခြင်း၊ မရှိခြင်းအပေါ်မှာ လုံးဝမူမတည်ခဲ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကိုမွေးဖွားပေးခဲ့တဲ့၊ အတိုင်းအဆ မရှိတဲ့ ကျွန်တော့်မေမေရဲ့မေတ္တာကို ကျွန်တော် အခုခံစားလို့ ရသွားတာကိုး။ ကျွန်တော် အခုခံစားတတ်သွားပြီ၊ ကျွန်တော် နားလည်သွားပြီဗျာ၊ အဲဒါ ခင်ဗျားကြောင့်ပါ၊ ကျွန်တော့်ကို ပြောင်းလဲပစ်လိုက်တာ ခင်ဗျားပါပဲ...မယမင်း ခင်၊ မိခင်တစ်ယောက်ရဲ့မေတ္တာဟာ ရင်သွေးတစ်ဦးကို မမွေးဖွားခင် သန္ဓေ သားဘဝကတည်းက စတင်ဖြစ်ထွန်းခဲ့တယ်ဆိုတာ ကျွန်တော်သိအောင် ခင်ဗျား ပြောပြလိုက်တာပဲ၊ ခင်ဗျား ဒီနေ့ကျွန်တော့်ကို ပြောပြလိုက်တာပဲ၊

ဟုတ်တယ်မဟုတ်လား၊ ကျွန်တော့်ကို ကျွန်တော့်မေမေက သိပ်ချစ်ခဲ့မှာပဲ နော်၊ သူ့အသက်ထက်ကို ပိုပြီးမြတ်နိုးတဲ့အချစ်နဲ့ ချစ်ခဲ့မှာ၊ ပြီးတော့ အဲဒီ ချစ်ခြင်းတရားနဲ့ပဲ ကျွန်တော့်ကို သူမွေးဖွားခဲ့မှာ၊ ကျွန်တော်တို့ ခံစားလို့ရနေ တာပဲ၊ မယမင်းခင် ခင်ဗျားရဲ့အမေ ဟာလည်း ခင်ဗျားကို သိပ်ချစ်ခဲ့မှာပါပဲ။ အခု...ခင်ဗျားရင်သွေးလေးကို ခင်ဗျားချစ်နေတဲ့ အချစ်မျိုးနဲ့လေ၊ ဟုတ်တယ်





မဟုတ်လား၊ သားသမီးတွေကို ချစ်တဲ့စိတ်နဲ့ လောကထဲအထိ သူတို့ရောက်အောင် မွေးဖွားပေးခဲ့ကြတာပဲ၊ ခင်ဗျားကို မွေးဖွားသန့်စင်ပေးခဲ့တဲ့ ခင်ဗျားအမေလည်း ခင်ဗျားကို သိပ်ချစ်တတ်ခဲ့မှာပါ၊ အဲဒါ သေချာလွန်းတဲ့ အမှန်တရားတစ်ခုပါ"

အဲဒီစကားအရောက်မှာ မေမေဟာ နာကျင်လှတဲ့ အသည်းနှလုံးတွေ နဲ့ "ဟင့်အင်း...ဟင့်အင်း..." လို့ ခေါင်းခါငြင်းဆိုလိုက်မိပါတော့တယ်။

သူ...ရုတ်တရက် စကားစတွေ ပြတ်တောက်သွားပြီး မေမေ့ကို အံ့သြ ထိတ်လန့်စွာ ငေးကြည့်နေခဲ့တယ်။

အဲဒါမဟုတ်ဘူး၊မဟုတ်ဘူးလို့ မေမေဘယ်လို ငြင်းဆိုရမလဲ...သားရှယ်။ မေမေ ဘယ်လိုထုတ်ပြောပြရမလဲ။ မေမေဟာ အခုမှ ကြေကွဲနာကျည်းစွာ မျက်ရည်တွေ ပါးပြင်ပေါ် စီးဆင်းကျလာခဲ့တော့တယ်။

ဒါပေမယ့် မေမေ မရှိုက်မိအောင် သတိထားနေလိုက်တယ်။ မျက်ရည် တွေကို သုတ်ပစ်လိုက်တယ်။ တုန်ယင်နေတဲ့ အသံတွေနဲ့ မေမေအတတ်နိုင်ဆုံး ကျယ်လောင်စွာပြောဖို့ ကြိုးစားလိုက်ရပါတယ်လေ။

"ကျွန်မမေမေက ကျွန်မကို မချစ်ခဲ့ပါဘူးဆရာ"

မေမေတစ်ခွန်းတည်း ပြောလိုက်တော့ သူ့ဆီက...။

"ဟာ...မဟုတ်တာဗျာ၊ ခင်ဗျားကို သူသိပ်ချစ်မှာပါ၊ ခင်ဗျား ဘာမှ သံသယဖြစ်စရာ မလိုပါဘူး၊ အမေပဲဗျာ၊ အမေဆိုတာ...ကိုယ့်ရင်သွေးလေးကို လောကထဲမရောက်ခင် ကိုယ်ဝမ်းထဲမှာ နေကတည်းက အရိပ်တကြည့်ကြည့်နဲ့ ချစ်နေခဲ့ကြတာ၊ ခင်ဗျားကိုလည်း ခင်ဗျားရဲ့အမေက..."

မေမေ့စကားကို လက်မခံနိုင်သလို ပျာပျာသလဲလဲ သူကငြင်းဆန်နေ တော့တာ။ တကယ်တော့ ဒါဟာလည်း သူက မေမေ့ကို အားပေးနှစ်သိမ့်လိုမှု တစ်ခုသက်သက်ပါပဲလေ။ မေမေ့စိတ်ချမ်းသာအောင် ငြင်းဆိုဖို့ သူကြိုးစား နေတာပါ။တကယ်တော့ မေမေ့ရဲ့ကံကြမ္မာဟာ သူသိထားတာထက် အဆ ပေါင်းများစွာ ပိုမိုဆိုးဝါးကြောင်း သူနည်းနည်းလေးမှ မရိပ်မိခဲ့ပါဘူးကွယ်။ မေမေလေ...သူ့ကိုစတင်ပြောပြဖို့ မနည်းအားယူလိုက်ရတယ်။

"ဆရာက ကျွန်မလောက် ကံမဆိုးခဲ့ပါဘူးလို့ ကျွန်မခုနက ပြောခဲ့သားပဲ ဆရာ့မှာမှ အလွမ်းဖြေစရာ မိဘတွေရဲ့ဓါတ်ပုံဆိုတာ ရှိပါသေးတယ်၊ ကျွန်မမှာ ဓါတ်ပုံဆိုလို့ တစ်ပုံမှမကျန်ခဲ့ဘူးဆရာ၊ သူတို့ချန်မထားရစ်ခဲ့ကြဘူး၊ဆရာက



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့မိဘတွေကိုခေါ်ဖို့ အမည်နာမ၊ နာမ်စားတွေ ရှိပါသေးတယ်၊ လူတွေ မေးရင် ကျွန်တော့်အဖေဘယ်သူ၊ ကျွန်တော့်အမေဘယ်သူလို့ ပြောပြနိုင် သေးတယ်၊ ကျွန်မမှာ သူတို့ရဲ့အမည်တစ်ခုတောင် မရှိခဲ့ဘူးလေ…ဆရာ"

"ဗျာ…"

မေမေ့ကို ရုတ်တရက် သူဘာမှပြန်မပြောနိုင်ဘဲ အံ့သြမှင်သက်စွာ တိ ဆိတ်သွားခဲ့တာ မေမေတွေ့လိုက်ရတယ်သား။ ဒါပေမယ့် မေမေ ဆက်ပြေ လိုက်မိပါသေးတယ်။

"ကျွန်မကို မြင်းလှည်းပျက်တစ်စီးပေါ်မှာ တွေ့ခဲ့တာလို့ သူတို့က ပြော ကြတယ်…ဆရာ၊ သူတို့ဆိုတာ ကျွန်မငယ်ငယ်က နေခဲ့ရတဲ့ မိဘမဲ့ကလေးမျ ကျောင်းက ဆရာမတွေပေါ့"

# ၄

မေမေ့ဘဝမှာ မမပြုဟာ အစ်မလို၊ အမေလို ယုံကြည်အားကိုးခဲ့မိတဲ့ လူတစ်ယောက်ဆိုရင် ဒေါက်တာမြင့်မိုရ်ဆိုတဲ့ လူတစ်ယောက်ဟာ မေမေ့ အတွက် အစ်ကိုလို၊ ဖခင်လို ယုံကြည်ကိုးစားရမယ့် သူတစ်ယောက် ဖြစ်လာခဲ့ တယ်…သား။

ဒါပေမယ့် သူ့ကိုမေမေ အဲဒီလိုသဘောထားပြီး ရင်းနှီးကျွမ်းဝင်ခဲ့ရတဲ့ အဖြစ်အပျက်ဟာ မြန်မြန်ဆန်ဆန်ကြီးတော့ ရောက်ရှိလာခဲ့တာ မဟုတ်ပါဘူး။ ဒေါက်တာမြင့်မိုရ်ဆိုတဲ့ သူစိမ်းယောကျာ်းတစ်ဦးက မေမေ့ဘဝထဲကို တဖြည်း ဖြည်းနဲ့ ချဉ်းနင်းစိုးပိုင်ဝင်ရောက်လာခဲ့တာဟာ ပုံပြင်တစ်ပုဒ်လို လှပကောင်း လှပနေပါလိမ့်မယ်။ ဒါပေမယ့်မေမေကတော့ တဖြည်းဖြည်းတင်းကျပ်လာခဲ့တဲ့ အဲဒီသံယောဇဉ်ကြိုးတစ်ချောင်းကို မမြင်မိခဲ့တာအမှန်ပါပဲ…သားရယ်။

မေမေ အသိနောက်ကျခဲ့တယ်။ မေမေ စတင်သိရှိလိုက်တဲ့အချိန်မှာ သူနဲ့ မေမေရဲ့ဘဝနှစ်ခုဟာ မယုံကြည်နိုင်စရာ ကောင်းလောက်အောင် နီးကပ်နေခဲ့ ကြပြီသားရဲ့။ ဘယ်လိုမှ ရှောင်လွှဲလို့မရတော့လောက်အောင် သူဟာ မေမေ့ အ့တ္တထဲမှာ ပျော်ဝင်နေခဲ့ပြီ။ သိပ်ကို အံ့သြစရာကောင်းတဲ့ အဖြစ်ပါပဲ။

သားကို အဲဒီအကြောင်းတွေ ပြန်ပြောရရင်ကောင်းမယ်လို့လည်း မေမေ ယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေနဲ့သူ့ကို စတင်တွေ့ဆုံပေးခဲ့တာ သားပဲကိုး။ သားကြောင့်ပဲ ဒီဇာတ်လမ်းကလေး ပေါ်ပေါက်လာခဲ့ရတာလေ။ သားဟာလည်း မေမေအခုပြောပြမယ့် မေမေနဲ့သူ့ရဲ့အကြောင်းထဲက အဓိက ဇာတ်ကောင်ငယ်လေး တစ်ဦးမို့လို့ပေါ့။

သား နားထောင်နော်။

အဲဒီနေ့က သူပြန်သွားပြီးတဲ့နောက်ပိုင်းမှာ မေမေ စဉ်းစားနေခဲ့မိတယ်။

www.burmeseclassic.com

ငါ့ဘာဖြစ်လို့ တစ်ရက်တည်းသာ သိကျွမ်းရင်းနှီးခဲ့တဲ့ သူစိမ်းယောကျ်ားတစ်ဦးကို ငါ့အကြောင်းတွေ အစမှအဆုံး ဖွင့်ပြောလိုက်မိပါလိမ့်လို့လေ။ ဟုတ်တယ်သားရဲ့။ တကယ်တော့ မေမေ့ရဲ့အကြောင်း၊ မေမေ့ရဲ့လျှို့ဝှက်ချက်တွေကို မေမေကိုယ်တိုင် ပြောပြခဲ့တဲ့သူဆိုလို့ အဲဒီနေ့ကအထိ မမမြတစ်ယောက်ပဲ ရှိသေးတာ။ မမမြတစ်ယောက်တည်းသာ သိသေးတာ။

အခုတော့ မေမေ့ဘဝနဲ့ ဘာဆိုဘာမှမသက်ဆိုင်တဲ့၊ အလှမ်းကွာဝေးလွန်းတဲ့ ဆရာဝန်တစ်ယောက်က မေမေ့အကြောင်းကို သိသူတစ်ဦး ဖြစ်သွားခဲ့ရပြီ။ မေမေဘာဖြစ်လို့ သူ့ကို ပြောပြမိပါလိမ့်။ မေမေဘာဖြစ်လို့ သူ့ကို ယုံကြည်ကိုးစားမိပါလိမ့်။

သူ့ရဲ့မျက်မှန်နောက်က စူးရှရှမျက်လုံးတွေနဲ့ ကရုဏာဒေါသသံတွေကြောင့်လား။ ရယ်မောလိုက်ရင် ကွေးညွတ်စွာလှပသွားတဲ့ သူ့နှုတ်ခမ်းသေးသေးကလေးရဲ့ ဖော်ရွေမှုကြောင့်လား။ ဒါမှမဟုတ် ရက်သွားတဲ့အခါ သွေးရောင်တွေ ချက်ချင်းရဲတက်လာတတ်တဲ့ ကလေးတစ်ယောက်လို မျက်နှာနုနုပေါ်က ဟန်မဆောင်တတ်မှုတွေကြောင့်လား။

မေမေလည်း မသိနိုင်တော့ပါဘူး။

သေချာတာကတော့ အဲဒီနေ့က မေမေသူ့ကို မေ့လို့မရခဲ့ဘူး သားရဲ့။ သူပြောသွားတဲ့ စကားတွေရယ်၊ သူ့မျက်နှာရယ်၊ သူမေမေ့ကို ဂရုတစိုက်ပေးခဲ့တဲ့ စိုးရိမ်ပူပန်မှုတွေရယ်ကို မေမေပြန်တွေးရင်း အံ့ဩနေခဲ့မိတာ။

အင်း…ကျေနပ်နေတာလည်း ပါမှာပေါ့လေ။

ဒါပေမယ့် မေမေစိုးရိမ်တာတစ်ခုကို တွေ့လာသေးတယ်။အဲဒါဘာလဲဆိုတော့ မေမေသူ့ကို စိတ်ညစ်အောင်လုပ်လိုက်မိတယ်။ အဲဒီနေ့က မေမေဟာ မေမေ့ရဲ့စိတ်ညစ်စရာ ဘဝအကြောင်းတွေကို ပြောပြလိုက်မိတာပဲ။ မေမေမတရားဘူးနော်။ မေမေ့ရဲ့ဒုက္ခတွေ၊ သောကတွေကို မေမေနဲ့ဘာမှမသက်ဆိုင်တဲ့ သူ့ဆီမှာ ခွဲဝေပေးခဲ့မိတဲ့အဖြစ်။

တကယ်လို့များ သူဟာမေမေ့အပေါ် စိတ်ပျက်၊ စိတ်ညစ်စွာ ဘယ်တော့မှ မေမေ့ဆီ ရောက်မလာတော့ဘူးဆိုရင်ကော။

အဲဒီတော့လည်း မေမေဘာတတ်နိုင်မှာလဲနော်။ မေမေနဲ့သူ့ဇာတ်လမ်းကလေးဟာ အဲဒီလိုမျိုးနဲ့လည်း အဆုံးသတ်ချင်သတ်သွားနိုင်တာပဲ။ဘာမှမထူးဆန်းတဲ့ အဖြစ်အပျက်ကလေးတစ်ခုလိုပဲပေါ့။ မေမေ အဲဒီလိုတော့





တွေးနေမိသား။ သူ…နောက်ထပ်ရောက်လာတော့မှာ မဟုတ်ပါဘူးလို့ မေမေတွေးနေမိသား။

ဒါပေမယ့် သူနဲ့ပတ်သက်လာရင် မေမေ့အတွေးတွေ အမြဲတမ်းမှားယွင်းခဲ့တယ်သားရဲ့။

မေမေက သူနောက်ထပ်ရောက်လာတော့မှာ မဟုတ်ဘူးလို့ ထင်နေတဲ့အချိန်မှာ သူကသိပ်ကြာကြာတောင် စောင့်ဆိုင်းနေမှုမရှိပဲ နောက်တစ်ရက်ညနေပိုင်းမှာတင် ရောက်လာခဲ့တယ်လေ။

မေမေတို့ သိပ်အံ့ဩသွားကြတာပေါ့။ သူရောက်လာတဲ့အချိန်မှာ မေမေတို့ဆံပင်ဆိုင်ကိုသိမ်းပြီးလို့ မေမေနဲ့မမမြတို့နှစ်ယောက် ထမင်းစားဖို့ ထမင်းပွဲပြင်နေကြတဲ့အချိန်ပဲ ရှိသေးတယ်။ အိမ်ရှေ့မှာ ကားသံကြားပေမယ့် အမှုမဲ့အမှတ်မဲ့ရှိနေကြတုန်းမှာ ရုတ်တရက်သူက မေမေတို့ တိုက်ခန်းပေါက်ဝမှာ ပေါ်လာတော့ မေမေတို့နှစ်ယောက် သိပ်အံ့ဩသွားခဲ့ကြတာပဲ။

သူက ရောက်ရောက်ချင်းပဲ အင်မတန်အမောတကောနိုင်နေတဲ့ လေသံနဲ့ ပြောတယ်။

"ကျွန်တော့်မှာဗျာ…ခင်ဗျားတို့ကို မီမှမီပါ့မလားလို့ ကားကိုတောင် အမြန်မောင်းလာခဲ့ရတယ်"

မေမေရော၊ မမမြပါ သူ့ကိုနားမလည်နိုင်ဘဲ အံ့ဩသွားကြတာပေါ့။ မေမေဆိုရင် "ရှင်…"လို့တောင် အာမေဍိတ်သံ ထွက်သွားသေးတယ်။ မေမေတို့နှစ်ယောက်ရဲ့ အမူအယာကိုကြည့်ပြီး သူကပြုံးလိုက်တယ်။ ပြီးတော့မှ ဆက်ပြောပြန်တယ်။

"သြော်…ဒီအချိန်ဆိုရင် ဘုရားကိုသွားမယ့် ဘတ်စ်ကားတွေ သိပ်ကျပ်နေလိမ့်မယ်လို့ ကျွန်တော်တွေးမိတယ်၊ ခင်ဗျားအနေနဲ့ ဘတ်စ်ကားတွေစီးဖို့ မသင့်တော်ဘူးလို့ထင်တာပဲ မယမင်းခင်၊ ကျွန်တော် ခင်ဗျားတို့နှစ်ယောက်ကို လိုက်ပို့ပေးပါ့မယ်၊ ခင်ဗျားတို့ ဘုရားကို သွားကြမယ်မဟုတ်လား…"တဲ့။

ရုတ်တရက် မေမေလေ…သူ့စကားကို အကြားမှာ ဘာမှပြန်မပြောနိုင်ဘဲ အံ့ဩလွန်းလို့ ငြိမ်သက်သွားမိတော့တယ်။ မမမြကတော့ တခစ်ခစ်နဲ့ ရယ်ဘယ်။ ရယ်ရင်းနဲ့ပဲ "အို…မဟုတ်တာ ဆရာရယ်"လို့ ငြင်းပြောပြောတယ်။

မေမေလည်း အဲဒီအခါကျမှ ဝင်ပြီး…။

"ဆရာရယ်…မနေ့က မမမြကိုကျီစယ်ပြီး ကျွန်မပြောခဲ့မိတာပါ ရွှေတိဂုံ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို ကျွန်မ...ဘယ်လိုလုပ်နေ့တိုင်း သွားနိုင်မှာလဲ၊ သွားတော့သွားချင်တာပေါ့ ဆရာ၊ ဒါပေမယ့် တစ်ပတ်မှတစ်ခေါက်လောက်ပဲ တက်ဖူးဖြစ်မယ်ထင်ပါတယ်"...လို့ သူ့ကိုမေမေ ပြန်ဖြေလိုက်ရတယ်။

အဲဒီအခါကျတော့ သူက ခေါင်းငြိမ့်ပြတယ်လေ။ ပြီးတော့ အင်မတန်နည့်ပျောင်းပြောင်းတဲ့ မျက်လုံးတွေနဲ့ မေမေ့မျက်နှာကို စိုက်ကြည့်ရင်းပြောတယ်။

"ဘုရားကို နေ့တိုင်းသွားရင် ကောင်းတာပေါ့ဗျာ၊ ဘာလို့မသွားနိုင်ရမှာလဲ၊ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ကျွန်တော်လာရက်ကျိုးနပ်အောင် ခင်ဗျားတို့ ဘုရားကိုလိုက်ခဲ့မယ် မဟုတ်လားဟင်၊ ကျွန်တော့်မှာ ခင်ဗျားတို့ကို မမီမှာစိုးလို့ ကျွန်တော့်ရဲ့ ညနေဂျပန်စာသင်တန်းကိုတောင် ဖျက်ပြီးလာရတာဗျ၊ အင်း... တစ်ခုတော့ရှိတယ်၊ နောက်နေ့တွေ မယမင်းခင်ဘုရားသွားချင်တယ်ဆိုရင် ကျွန်တော့်ဂျပန်စာသင်တန်းပြီးတဲ့ ညနေခြောက်နာရီကျော်မှ သွားကြရအောင်နော်၊ ဟုတ်လား"....တဲ့။

အို...သူ့ရဲ့စကားတွေဟာ မေမေတို့နှစ်ယောက်အတွက်တော့ သိပ်ကို ထူးခြားဆန်းကြယ်လွန်းနေတာပါပဲ။ ဟုတ်တယ်လေ...သားရဲ့။ သိပ်သဘောကောင်းပြီး နှစ်လိုဖွယ်အပြုံးတွေနဲ့ ခင်မင်ရင်းနှီးစွာ ကူညီချင်နေတဲ့ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာမြင့်မိုရ်ဆိုတဲ့ လူတစ်ယောက်ကို ငေးကြည့်ရင်း မေမေ ခပ်ရှက်ရှက်နဲ့ ရယ်လိုက်မိရော။

မနေ့က ရက်တစ်ရက်တည်းသာ သိကျွမ်းခဲ့ဖူးတဲ့ သူစိမ်းယောကျာ်းတစ်ယောက်ဟာ မေမေ့အပေါ် အဲဒီလောက်အထိကောင်းနေလိမ့်မယ်လို့ မေမေလုံးဝထင်မထားဘူးလေ။ မမမြလည်း မျှော်လင့်ထားမှာ မဟုတ်ပါဘူး။ တကယ့်ကို အံ့သြစရာအဖြစ်အပျက်ပဲ။

သူက မေမေ့ဘဝထဲကို တဖြည်းဖြည်း ထိုးဖောက်ဝင်ရောက်ဖို့ စတင်ခဲ့တဲ့ အဖြစ်အပျက်ကလေးဟာ...။

သူကအဲဒီလို အိမ်တိုင်ရာရောက် ကူညီချင်စွာ လိုက်ပို့ပေးပါ့မယ်လို့ ပြောတော့ မေမေတို့ဘယ်ငြင်းနိုင်တော့မှာလဲလေ။ မမမြရော၊ မေမေပါ... "ဪ...ဟုတ်ကဲ့၊ ဒါဆိုလည်း သွားကြတာပေါ့ဆရာ"လို့ တစ်ယောက်တစ်ခွန်းစီ အိုးနင်းခွက်နင်း ပြန်ဖြေလိုက်ရတယ်။

BURMESE CLASSIC .com

ပြီးတော့မှ မမမြက ရုတ်တရက် သတိရသွားပုံနဲ့...။

"ဟိုလေ...ကျွန်မတို့ထမင်းစားဖို့ ပြင်ဆင်နေကြတုန်းဆရာ၊ တကယ်လို့





များ ဆရာမစောင့်နိုင်ဘူးဆိုရင် နောက်နေ့မှ ဘုရားသွားကြရအောင်လေး ဒါမှမဟုတ် ဆရာပါ ထမင်းဝင်စားလိုက်ပါလား၊ မစားရသေးဘူးဆိုရင်"လို့မေးလိုက်ရော သူက တော်တော်သဘောကျသွားတဲ့ဟန်နဲ့ ဟတ်ဟတ်ပက်ပက်ရယ်တယ်။ ပြီးတော့မှထုတ်ပြောတယ်။

"ဟာ...ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဆရာဝန်တွေက ဒီအချိန် ထမင်းမစားတတ်သေးဘူးဗျ၊ စောနေသေးတယ်၊ ဒီလိုလုပ်ပါလား၊ ကျွန်တော်နဲ့ခင်ဗျားတို့နှစ်ယောက် မိတ်ဆွေဖြစ်တဲ့အနေနဲ့ ဘုရားတက်ပြီးရင် တစ်ဆိုင်ဆိုင်မှာ ကျွန်တော် ကျွေးချင်ပါတယ်၊ အဲဒီကျမှ စားရအောင်လေ၊ အဲဒီအစီအစဉ် ကောင်းတယ်မဟုတ်လား မမမြ"

သူ့စကားအဆုံးမှာ မမမြက ထုံးစံအတိုင်း တခစ်ခစ်ထုတ်ရယ်ပြီး...။

"အို...မဟုတ်တာ ဆရာကလည်း၊ ဆရာက ကားနဲ့လည်း လိုက်ပို့သေးတယ်၊ ကျွေးလည်း ကျွေးဦးမယ်ဆိုတော့၊ ကျွန်မတို့က ပြန်ကျွေးရမှာပါဆရာရယ်"... လို့ ပြန်ပြောလိုက်ပါတယ်။

အဲဒီတော့ သူကဘာမှပြန်မပြောဝဲ ပြုံးပြီး ခေါင်းကိုသာ တညိတ်ညိတ်လုပ်နေတယ်။ သူ့ကိုကြည့်ရတာ မေမေတို့ဘုရားကိုလိုက်ရင်ပဲ ကျေနပ်သွားတဲ့ပုံပဲသားရဲ့။ အဲဒီလိုနဲ့ပဲ မေမေနဲ့မမမြတို့ အမြန်ဆုံးအဝတ်အစားတွေလဲပြီး အဲဒီနေ့က သူနဲ့အတူ ဘုရားတက်ခဲ့ကြတယ်လေ။

အင်း...အဲဒီနေ့က စလို့ပေါ့နော်။

မမျှော်လင့်စရာကောင်းတဲ့ ခင်မင်ရင်းနှီးမှုမျိုးနဲ့ သူနဲ့မေမေတို့ မိတ်ဆွေဖြစ်သွားကြတဲ့ အဲဒီအချိန်ကစလို့ မေမေဘုရားကို နေ့တိုင်းနီး ပါးရောက်ဖြစ်ခဲ့တာပဲ။ တကယ့်ကို မမျှော်လင့်စရာကောင်းတဲ့မိတ်ဆွေတစ်ဦးပါ။ အဲဒီအချိန်က မေမေလေ ခေါင်းထဲမှာ မေးခွန်းတွေကို တိတ်ဆိတ်စွာထုတ်ရင်း စိတ်ရှုပ်ထွေးနေခဲ့မိတယ်။

သူဟာမေမေ့အပေါ် ဘာဖြစ်လို့ဒီလောက်အထိ ရင်းနှီးခင်မင် လာရသလဲ။ မေမေ့ကိုဘာကြောင့် ဒီလိုဂရုစိုက်မှုတွေ ပေးနေသလဲ။ ဘာ့အတွက်နဲ့ မေမေ့ကို ဒီလောက်ထိ အားတက်သရော ကူညီချင်နေရတာလဲ။ ဒီလိုအပြုအမူတွေဟာ ဆရာဝန်တစ်ယောက်က လူနာတစ်ယောက်အပေါ် ပြုမူတတ်တဲ့ လုပ်ရပ်တွေပဲလား။ မဟုတ်သေးပါဘူး။ တကယ်တော့ မေမေဟာ သူ့ရဲ့လူနာတစ်ယောက်လည်း 'မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် သေချာတာတစ်ခုကတော့ မေမေစဉ်းစား အဖြေထုတ်လိုက်မိပါတယ်။ သူဟာ မေမေ့ရဲ့ဘဝအစစ်အမှန်အကြောင်းတွေကို တိတိကျကျသိထားတဲ့သူတစ်ယောက်ပဲဆိုတာ။ မေမေ့ဘဝကို အစမှအဆုံးသိထားတဲ့ ဒီကမ္ဘာထဲက လူနည်းနည်းကလေးထဲမှာ တစ်ယောက်သောသူ ဖြစ်တယ်ဆိုတာ။

အဲဒီလိုသိထားလို့ပဲ သူဟာ မေမေ့ကို ဒီလိုဂရုစိုက်ဖေးမတဲ့ အပြုအမူတွေ လုပ်ပြနေခဲ့တာပါလို့ မေမေကိုယ့်ကိုယ်ကို ဖြေလိုက်မိပါတယ်။ တကယ်တော့ သူဟာ မေမေ့ဘဝကို သိထားရုံတင်မကဘူး။ နားလည်စာနာလွန်းတဲ့ သူတစ်ယောက်လည်း ဖြစ်ခဲ့တယ်ဆိုတာ မေမေအချိန်အများကြီးကြာမှ သိခဲ့ရပါတယ်သား။ သူဟာ မေမေ့ဘဝအတွက် သိပ်ကိုကောင်းခဲ့တဲ့ အဖော်မွန်တစ်ဦးဆိုတာ မေမေတော်တော်နောက်ကျပြီးမှ သိခွင့်ရခဲ့တယ်။ မေမေ ရိပ်မိခဲ့ပါတယ်။

တကယ်ဆို ပထမဆုံးသူနဲ့ ဘုရားအတူတူသွားဖူးခဲ့တဲ့ အဲဒီနေ့မှာတောင် သူကမေမေ့အပေါ် ဘယ်လောက်ဂရုစိုက်ခဲ့တယ်ဆိုတာ သားကို မေမေပြောပြမယ်။

သူက ဘုရားကိုအသွား လမ်းမှာကားမောင်းရင်းနဲ့ မေမေဘုရားကို နေ့တိုင်းသွားချင်ရင် သူလိုက်ပို့ပေးပါ့မယ်။ သူက နောက်နှစ်မှာ ဂျပန်နိုင်ငံကို ပါရဂူဘွဲ့သွားယူမယ့်သူဆိုတော့ ဟိုကိုမသွားခင် သူလည်း ရွှေတိဂုံဘုရားကို ဝအောင်ဖူးခွင့်ရသွားတာပေါ့တဲ့။ မေမေ့ကို အားမနာရအောင် ပြောပေးနေသေးတယ်။ ပြီးတော့ သူက ဘုရားကိုသွားခြင်းကြောင့် မေမေရလာမယ့် အကျိုးတွေကို ဆက်ရှင်းပြပြီး မေမေ့ကိုဘုရားတက်အောင် ဆွဲဆောင်သိမ်းသွင်းပြန်သေးတယ်။

"ဒီမှာ...မယမင်းခင်၊ ခင်ဗျား ဘုရားကိုသွားရင်ရမယ့် ကုသိုလ်တွေအပြင် နောက်ထပ်ခံစားရမယ့်အကျိုးတွေ ရှိသေးတယ်၊ ခင်ဗျားကို အခုမမမြက ဆိုင်မှာအလုပ်လုပ်ခွင့် မပေးတော့ဘူးမဟုတ်လား၊ ဒီတော့ တစ်နေကုန် ဆိုင်ထဲမှာထိုင်နေရင်လည်း ခင်ဗျားအညောင်းမိပါတယ်၊ ခင်ဗျားတို့လို ကိုယ်ဝန်ဆောင်တွေဆိုတာ တစ်နေ့ကို လမ်းနည်းနည်းတော့ လျှောက်သင့်တယ်လေ၊ ဒီတော့ ဘုရားကိုတစ်ပတ်ပတ်ရင် ခင်ဗျားအတွက် အသင့်တော်ဆုံး လမ်းလျှောက်ခြင်းပဲ၊ ပြီးတော့ညနေဆို ဘုရားပေါ်မှာ လေကောင်းလေသန့်ကို လွတ်လွတ်လပ်လပ် ရှူရင်းလျှောက်ရမှာ၊ ခင်ဗျားကျန်းမာရေးအတွက် သိပ်





ကောင်းတဲ့လေ့ကျင့်ခန်းပဲ၊ ခင်ဗျား...ဘုရားကို နေ့တိုင်း တကယ်သွားသင့်တယ်ဗျ...သိလား"

သူက အဲဒီလိုလည်း မေမေ့ကို လက်ခံလာအောင် စကားပြောကောင်းပြန်တယ် သားရဲ့။ သူက အဲဒီလိုရင်းရင်းနှီးနှီး စကားတွေ ပြောလာတဲ့အခါ မေမေလည်း သူ့ကို ပြန်ပြီးနောက်ချင်လာတယ်။ အဲဒါနဲ့....။

"ဆရာ...ဆရာက ကျွန်မတို့ကို နေ့တိုင်းလိုက်ပို့ဖို့ ဓါတ်ဆီဖိုးတတ်နိုင်ပေမယ့်၊ ကျွန်မတို့က နေ့တိုင်းထမင်းကျွေးဖို့ မတတ်နိုင်ဘူး ဆရာရဲ့"...လို့ ပြန်ပြောလိုက်တော့ ထုံးစံအတိုင်း သူက သူ့ရဲ့မျက်လုံးတွေပါ လိုက်ရယ်မောတတ်တဲ့ နှစ်နှစ်ကာကာ ရယ်မောပုံမျိုးနဲ့ ရယ်ခဲ့တယ်လေ။ အဲဒီတုန်းက သူ့ရယ်မောနေခဲ့ပုံကို မေမေ ငေးကြည့်မိခဲ့ပါလိမ့်မယ်။

ပြီးတော့ သူကရယ်ရင်းနဲ့ မေမေ့စကားကို ပြန်ပြောခဲ့တယ်။

"ထမင်းကျွေးစရာမလိုပါဘူး မယမင်းခင်၊ ကျွန်တော့်ကို ခင်ဗျားရော မမမြရော ဆရာ...ဆရာနဲ့ မခေါ်ဘူးဆိုရင် ကျွန်တော်နေ့တိုင်း ဘုရားလိုက်ပို့နိုင်မှာ သေချာပါတယ်"တဲ့။

ကဲ...ကြည့်။ သူဟာ အဲဒီလိုလည်း ညစ်ကျယ်ကျယ်အပြုံးမျိုးကို ပြုံးတတ်ပြီး ကတ်သီးကတ်သပ်စကားတွေနဲ့ ပြန်နောက်နေတတ်တဲ့ ဆရာဝန်တစ်ယောက်လည်း ဖြစ်နေပြန်တယ်။ ဘယ်လောက် အံ့သြစရာကောင်းတဲ့ လူတစ်ယောက်လဲလို့။ သူ့စကားကို မေမေရော၊ မမမြပါ သဘောကျစွာ အရင် ရယ်မောလိုက်မိသေးတယ်။ ပြီးမှ မေမေလည်းသူ့ကို ပြန်ပြောစရာ စကားတစ်ခွန်း ရှာတွေ့သွားတာနဲ့....။

"ဒါဆို အပြန်အလှန်ပေါ့ ဆရာရယ်၊ ကျွန်မကိုလည်း မယမင်းခင်လို့ မခေါ်နဲ့လေ၊ မမမြကိုလည်း မမမြလို့မခေါ်နဲ့ပေါ့"...လို့ ပြန်ပြောလိုက်ရတယ်။

အဲဒီတော့ သူကငြိမ်သက်သွားတယ်။ ပြီးတော့ ဖြည်းညင်းစွာထုတ်ပြောတယ်။

"ကျွန်တော် ခင်ဗျားကို...ယမင်းလို့ ခေါ်မယ်လေ"...တဲ့။

အံမယ်...သူ့လေသံက မေမေ့ကို ပြန်ပြီးခွင့်တောင်းနေတဲ့ပုံမျိုး သားရဲ့။ အဲဒါလည်း ဆရာဝန်တစ်ယောက်ရဲ့ ယဉ်ကျေးပျူငှာတဲ့ အမူအရာလေးပဲလား မသိပါဘူး။ သူက ပြီးတော့ စကားကိုဆက်ပြောပြန်တယ်။

"ဒါပေမယ့် မမမြကို ကျွန်တော်က ဘယ်လိုပြောင်းခေါ်ရဦးမှာလဲ"တဲ့။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ မေမေနဲ့မမမြဟာ ကားနောက်ခန်းထဲမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြရင်း ကျိတ်ပြုံးလိုက်မိသေးတယ်။ မေမေလည်း အဲဒီ အချိန်ကျမှ မေးဖို့မေးခွန်းကောင်းတစ်ခု ထုတ်မေးလိုက်ရတော့တယ်။ တကယ်တော့ အဲဒီမေးခွန်းဟာ သူ့ကိုမေမေ မနေ့က ဆရာဝန်ကြီးရဲ့ရုံးခန်းထဲ မှာ စတွေ့လိုက်ရကတည်းက မေးချင်နေတယ်ဆိုတာ သူမသိရှာပါဘူး။

"ဆရာ့အသက်က ဘယ်လောက်ရှိပြီလဲဟင်"

မေမေက အဲဒီလိုမေးလိုက်တော့ သူက အံ့အားသင့်တကြီး ဖြစ်သွားတဲ့ ပုံနဲ့ မျက်နှာတွေပင့်လို့ ကားရှေ့ခန်းကနေ မေမေတို့ကို လှည့်ကြည့်တယ်။ ပြီးတော့မှ ဖြေတယ်။

"ဟင်...ဘာဖြစ်လို့လဲ၊ ကျွန်တော့်အသက် သုံးဆယ့်လေးနှစ်ရှိပြီလေ"တဲ့။

သူ့အဖြေစကားကိုလည်းကြားရော...မမမြက တခစ်ခစ်နဲ့ အသံထွက်တဲ့ အထိ ထုတ်ရယ်ပါလေရော။ မေမေတောင် ဟန်မဆောင်နိုင်ပဲ ရယ်လိုက်မိသေး တယ်။ ပြီးတော့ နားမလည်တဲ့ ပဟေဠိမျက်ဝန်းတွေနဲ့ လှည့်ကြည့်နေတဲ့ သူ့ကို မေမေရယ်ရယ်မောမော ပြောလိုက်မိတယ်လေ။

"ဆရာက မမမြ...မမမြနဲ့ ခေါ်နေတဲ့သူက ဆရာ့ထက် ငါးနှစ်လောက် ငယ်နေတယ်...ဆရာရဲ့"

မေမေ့စကားအဆုံးမှာ သူက "ဟိုက်..."လို့အော်ပြီး ကားမောင်းနေရင်းက လက်တစ်ဖက်နဲ့ သူ့နဖူးသူ ပြန်ရိုက်လိုက်သေးတယ်။ သူ့ပုံစံက ရီစရာကောင်း လွန်းလို့ ကားနောက်ခန်းထဲက မေမေနဲ့မမမြရယ်သံတွေ ပိုကျယ်လောင် လာတာပေါ့။

တကယ်တော့အဲဒီနေ့က မေမေပျော်ရွှင်ခဲ့တာပဲ။ မေမေဟာ မေမေ့ဘဝရဲ့ ဒုက္ခတွေ၊ အဆင်မပြေမှုတွေ၊ ဝမ်းနည်းကြေကွဲစရာတွေကို ခေတ္တမေ့လျော့ပြီး တကယ့်ကို အဲဒီနေ့က ပျော်ရွှင်နေခဲ့တာပဲ။ မေမေ့အတွက် ပျော်ရွှင်မှုကို သူယူဆောင်လာပေးခဲ့တာပဲနော်။ မေမေ ကျေနပ်တတ်ရမှာပေါ့။

မေမေလေ...မနေ့ကမှ ကျဆင်းခဲ့ရတဲ့မျက်ရည်တွေကို လုံးဝမေ့လျော့ သွားခဲ့တယ်။ မေမေ့ရှေ့မှာရှိနေတဲ့ ဆံပင်တိုတိုထောင်ထောင်ကလေးနဲ့ အသက်သုံးဆယ့်လေးနှစ်ရှိပြီဖြစ်တဲ့ ဆရာဝန်တစ်ယောက်ရဲ့ ပျို့မြစ်မှုကို ငေး ကြည့်ရင်း မေမေရယ်မောနေခဲ့မိတယ်။ အသက်နဲ့မလိုက်အောင် ငယ်ပြီးနုနေ တဲ့ သူ့မျက်နှာကိုက အပြစ်ပါ။ မေမေတို့ရဲ့ အသက်ခန့်မှန်းမှု လွဲချော်ခဲ့တာ





အဆန်းမဟုတ်ပါဘူး။

ညတုန်းကတောင် မမမြက မေမေ့ကို "ဒေါက်တာမြင့်မိုရ်ရဲ့အသက် ဘယ်လောက်လောက် ရှိမယ်ထင်လဲဟင်"...လို့မေးခဲ့တုန်းက "အလွန်ဆုံး အစိတ်နဲ့သုံးဆယ်ကြားလောက်ပဲ ရှိဦးမှာပါ"လို့ မေမေပြန်ဖြေခဲ့သေးတာပဲ။ အဲဒီတုန်းက မမမြကလည်း ခေါင်းတညိတ်ညိတ်နဲ့ လက်ခံသွားခဲ့သေးတာပဲ။ အခုတော့ မေမေတို့အားလုံး မှားယွင်းကုန်ကြတာပေါ့လေ။

ဒါပေမယ့် ကြည့်ပါဦး။ ဆရာဝန်တစ်ယောက်ဟာ ရေတပ်ဗိုလ်ကလေး တစ်ယောက်လို ဆံပင်တိုတိုကလေး မထားသင့်ပါဘူးမဟုတ်လား။ ပြီးတော့ သူ့ဆံပင်ထက် သူ့ရဲ့ရင်းနှီးပွင့်လင်းစွာ စကားပြောတဲ့ဟန်၊ သူ့နဖူးသူ ပြန်ရိုက် တဲ့အမူအယာမျိုးတွေက ပိုပြီးကလေးမဆန်နေဘူးလား။

မေမေကြားရတဲ့ သူ့အသက်ကြောင့် သူ့ကိုလေးစားရမယ့်အစား မေမေ ထပ်ပြီးစနောက်ချင်သွားတယ်။ အဲဒါနဲ့ စကားတစ်ခွန်းကို အဲဒီနေ့က မေမေ ထပ်ပြောလိုက်မိသေးတယ်...သားရဲ့။

"ဆရာ...မမမြက သိပ်ပျော်နေတာဆရာ"...လို့။

အဲဒီတော့သူက "ဘာဖြစ်လို့လဲ..."လို့ အရိုးခံလေသံနဲ့ ပြန်မေးခဲ့တယ်။ မေမေ ဖြေလိုက်တယ်။

"သူ...အရင်တုန်းက စိတ်ဓါတ်တော်တော်ကျနေတာ ဆရာ၊ အခုမှ သူ့ ထက်ဟိုင်းတဲ့ လူပျိုကြီးတစ်ယောက်ကို ရှာတွေ့သွားတာကိုး ဆရာရဲ့"...လို့ မေမေပြောလိုက်တော့...။

သူ့ဆီကချက်ချင်း စကားသံတစ်ခု ထွက်လာခဲ့တယ်လေ။

"ဟာဗျာ...ခင်ဗျားတို့ တော်တော်နောက်တာပဲ"တဲ့။

သူ့ရဲ့စကားသံနဲ့ သူ့အမူအယာကြောင့် မေမေနဲ့မမမြ ရယ်မောမိကြပြန် ပါရော။ အံ့သြစရာ သိပ်ကောင်းတာပဲကိုး...သားရဲ့။

နှာတံထိပ်ဖျားလေးနဲ့ ပါးနှစ်ဖက်မှာ သွေးရောင်တောင် ရဲတက်သွားပြီး နှုတ်ခမ်းထောင့်ကလေး တစ်ဖက်တည်း ရှက်ကိုးရှက်ကန်း ကွေးညွတ်ပြုံးတတ် တဲ့ သူ့အမူအယာက။ ပြီးတော့ မျက်မှောင်ကြီးကျုံ့ပြီး မျက်နှာကို တစ်ဖက် လှည့်သွားပုံက...။

အသက်သုံးဆယ့်လေးနှစ်အရွယ် ခွဲစိတ်အထူးကုဆရာဝန်ဆိုတဲ့ လူ တစ်ယောက်ဆီမှာ အဲဒီလို ကလေးလေးတစ်ယောက်ရဲ့အမူအယာမျိုး ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လို့ ဘယ်လိုလုပ် မေမေကြိုတင်သိခဲ့မှာလဲနော်...သားရယ်။

အဲဒါ မေမေ့ရဲ့ညံ့ဖျင်းမှု မဟုတ်နိုင်ခဲ့ပါဘူး။ သူ့ရဲ့ပါးနပ်စွာ ဆွဲဆောင်မှု တစ်ခုပဲနေမှာပေါ့လေ။ ဟုတ်တယ်မဟုတ်လား။

## ၁၀

သားရေ...။

အဲဒီနေ့ကစပြီး သူဟာ မေမေနဲ့မမမြတို့အတွက် ခင်မင်စရာအကောင်း ုံး မိတ်ဆွေသစ်တစ်ဦး ဖြစ်လာခဲ့တာပေါ့။

အဲဒီနေ့တစ်ရက်တည်းမှာပဲ သူဟာ မေမေ့အပေါ် သာမန်လူတစ်ယောက် ာက်ပိုပြီး ဂရုစိုက်ကြင်နာနေတယ်ဆိုတာ မေမေသိနေခဲ့ပါတယ်။

ဘုရားရင်ပြင်တော်ပေါ်ကို ဓါတ်လှေကားနဲ့ တက်ပြီးပြီးချင်းမှာပဲ သူက မေ့ကို "ယမင်း...ခင်ဗျားကိုကျွန်တော်...သွေးခုန်နှုန်းစမ်းချင်တယ်"...တဲ့။ င့်တောင်းတယ်။ မေမေလည်း ခွင့်ပြုလိုက်တော့ သူက မေမေ့လက်ကောက် တ်ကိုကိုင်ပြီး သူ့လက်ပတ်နာရီက စက္ကန့်တံနဲ့ကိုက်လို့ မေမေ့သွေးခုန်နှုန်းကို က်တယ်။ မေမေတို့နှစ်ယောက်ကို အဲဒီအချိန်မှာ မမမြက အဓိပ္ပါယ်တစ်မျိုး နေတဲ့ မျက်ဝန်းတွေနဲ့ ကြည့်နေခဲ့တာပေါ့။

မေမေကတော့ အဲဒီအချိန်မှာ ဘာကိုမှ မသိနားမလည်သေးတဲ့ ခံစားချက် ွနဲ့ပဲ တုံဏှိဘာဝေ ငြိမ်သက်နေခဲ့မိပါတယ်။

တအောင့်ကြာမှသူ့ဆီက"ပုံမှန်ပါပဲ၊ကျွန်တော်က အမြင့်တက်ရင် ခင်ဗျား သွေးခုန်နှုန်းတွေ ပြောင်းလဲမလားလို့ စမ်းကြည့်တာ"ဆိုပြီး ပြောတယ်။ အဲဒီ ့ကစပြီး သူဟာ မေမေတို့နဲ့ဘုရားတက်ခဲ့တဲ့ နောက်နေ့တွေတိုင်းမှာလည်း ဒီလိုသွေးခုန်နှုန်းစမ်းတဲ့ အလုပ်ကလေးကို မပျက်မကွက်လုပ်ခဲ့တယ်လေ။ ဒီတုန်းကတော့ မေမေဟာ သူ့ရဲ့အပြုအမူတွေ၊ သူ့မျက်လုံးတွေကို ဘာသာ ပြန်တတ်သေးပါဘူး...သားရယ်။ မေမေ့ကသူ့ကို ဆရာဝန်တစ်ယောက်ထက် ပြီး မေမ့ဘဝမှာ ပတ်သက်မှုမရှိသေးဘူးလို့ ထင်ခဲ့တာပါပဲ။

တစ်ခါတစ်လေကျတော့ မေမေလည်း စဉ်းစားမိသား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒေါက်တာမြင့်မိုရ်ဆိုတဲ့ လူတစ်ယောက်ဟာ မေမေ့ဘဝကို နားလည်ပေး၊ စာနာပေးနေတာဖြစ်သလို မေမေ့ကို သူနဲ့ဘဝတူဆိုပြီး အထီးကျန်နေရတဲ့သူအချင်းချင်း ရင်းနှီးခင်မင်ချင်တာမျိုးဖြစ်မှာပါ...လို့လေ။ သူရဲ့ဘဝကလည်း မေမေ့လိုပဲ သိပ်ခြောက်သွေ့နေခဲ့တာ မဟုတ်လား။ သူနဲ့မေမေဟာ ဘဝအဆင့်အတန်းချင်း၊ ကျင်လည်ရာ ပတ်ဝန်းကျင်ချင်း ဘယ်လိုမှ ဆက်စပ်လို့မရပေမယ့် မိဘမေတ္တာကို မခံစားခဲ့ရတဲ့အဖြစ်ချင်းတော့ တူညီနေခဲ့ကြတာကိုး။ တစ်ယောက်ရဲ့ခံစားချက်ကို တစ်ယောက်နားလည်နေကြတာကိုး။

ဒီတော့လည်း မေမေတို့နှစ်ယောက်ဟာ တခြားသူတွေအားလုံးထက် ပိုပြီး မြန်ဆန်လွယ်ကူစွာ ရင်းနှီးခဲ့မိကြတာဖြစ်မှာပေါ့နော်။ အဲဒီနေ့က ဘုရားကို တစ်ပတ်ပတ်ဖို့ လမ်းလျှောက်နေရင်း မိုးရိပ်မိုးငွေ့ပါတဲ့ လေပြင်းခပ်ကြမ်းကြမ်းတွေတိုက်လာတဲ့အခါ သူက မေမေ့ကို ငုံ့ပြီးပြောတယ်။

"ခင်ဗျားလက်ထဲမှာ ကိုင်ထားတဲ့အနွေးထည်ကို ဝတ်ဖို့အချိန်ရောက်ပြီ နော်...ယမင်း"

သူ့စကားကိုကြားတော့ မေမေပြုံးမိရင်း သူခိုင်းတဲ့အတိုင်းပဲ လုပ်လိုက်မိပါတယ်။ တကယ်တော့ သူရဲ့အမိန့်သံပါတဲ့ စကားတွေတိုင်းမှာ ကြင်နာမှုတွေ ရှိနေတယ်ဆိုတာ မေမေသိခဲ့ပြီကိုး။ မေမေကျေနပ်မိတာပေါ့။ မေမေ သူ့စကားတွေကို နားထောင်မိမှာပေါ့လေ။

အဲဒီနေ့က မမမြရဲ့မွေးနေ့ထောင့်ဖြစ်တဲ့ ကြာသပတေးထောင့်မှာ မမမြကို ပန်းကပ်၊ ရေချမ်းသပ္ပါယ်နေတုန်း သူကမေမေ့ဘေးနားမှာ လာကပ်ထိုင်ရင်း "ယမင်း...ယမင်းမွေးနေ့ကရော ဘယ်နေ့လဲ၊ အဲဒီနေ့နံထောင့်မှာ ပန်းသွားကပ်ရအောင်လေ"...လို့ လာပြောခဲ့ပါတယ်။

သူ့စကားကြောင့် မေမေ့ရင်ထဲမှာ တိတ်တဆိတ်ကြေကွဲသွားမိတယ်။ အို...အဲဒီမေးခွန်းအတွက် မေမေ့မှာအဖြေမရှိဘူးလေ...သားရဲ့။ ဒါပေမယ့် မေမေ့စိတ်ကိုတင်းမာပြတ်သားအောင် မေမေပြုပြင်လိုက်ပါတယ်။

ပြီးတော့သူ့အမေးကို ပြုံးပြီးဖြေနိုင်အောင် မေမေ...မနည်း ကြိုးစားခဲ့ရတယ်။

"ဆရာမေ့သွားပြီနဲ့ တူပါတယ်၊ ကျွန်မနာမည်ကိုတောင် မိဘမဲ့ကျောင်းက ဆရာမတွေပေးခဲ့တာလေ၊ သူတို့က ကျွန်မမွေးနေ့ကို ဘယ်သိပါ့မလဲ ဆရာရယ်၊ ကျွန်မမှာ မွေးနေ့ဆိုတာ ဘယ်တုန်းကမှမရှိခဲ့ဘူးလေ၊ မသိခဲ့ဘူး





ဆိုရင် ပိုမှန်မှာပေါ့နော်..."

မေမေ့အဖြေကြောင့် သူ့မျက်နှာ တော်တော်ပျက်သွားခဲ့ပါတယ်။ သူ့ဆီက လည်း ဘာသံမှထွက်မလာတော့ပဲ တိတ်ဆိတ်စွာ အေးစက်သွားတော့တယ်။ ခဏကြာမှ...။

"ကျွန်တော် မှားသွားတယ်၊ ကျွန်တော် အဲဒီမေးခွန်းကို မမေးသင့်ဘူး ခွင့်လွှတ်ပါဗျာ...ယမင်း...နော်"ဆိုပြီး မေမေ့ကို လာတောင်းပန်နေပါသေးတယ်။ မေမေ ပြုံးလိုက်မိပါတယ်။ ပြီးတော့ပြောလိုက်တယ်။

"ဆရာမမှားပါဘူး၊ ဒါ...သိပ်ကိုမေးဖို့ကောင်းတဲ့ မေးခွန်းတစ်ခုပဲ၊ ကျွန်မဘက်က ဖြေစရာအဖြေမရှိတာကိုပဲ ဆရာခွင့်လွှတ်ရမှာ၊ ဆရာကျွန်မကို စိတ်မပျက်ဘူးလားဟင်"

မေမေအဲ့ဒီလို ပြန်မေးလိုက်တော့ သူက အလွန်အံ့သြသွားတဲ့ ပုံစံမျိုးနဲ့ "ဗျာ ဘာဖြစ်လို့လဲ"...လို့ မေးသံထွက်လာခဲ့တယ်။

ဒီတော့မေမေက "ကျွန်မရဲ့ဒုက္ခတွေနဲ့ ဆရာ့ကို စိတ်ညစ်အောင် လုပ်နေမိလို့လေ"...လို့ ဖြေလိုက်မိတယ်။

အဲဒီတုန်းက သူခေါင်းခါပြခဲ့ပါတယ်။ သူမေမေ့ကို မျက်တောင်မခတ် စိုက်ကြည့်ရင်း သေချာလှစွာ ခေါင်းခါပြခဲ့တယ်။ ပြီးတော့ သူ့ရဲ့ ပြတ်သားတည်ငြိမ်လွန်းတဲ့ စကားတွေနဲ့ မေမေ့ကို ကျေနပ်လောက်အောင် ပြန်ဖြေခဲ့ပါတယ်လေ။

"ကျွန်တော် ဘာကြောင့်စိတ်ညစ်ရမှာလဲ၊ ကျွန်တော်အံ့သြနေတာ ယမင်းရဲ့၊ ခင်ဗျားရဲ့ဒုက္ခတွေကို အံ့သြနေတာပါ၊ ပြီးတော့ အဲဒီဒုက္ခတွေကို ကျော်ဖြတ်ပြီး ရင်ဆိုင်လာခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ သတ္တိကိုလည်း ကျွန်တော် အံ့သြနေတာပါ"

ကဲ...သူ့စကားတွေက ဘယ်လောက် ကျေနပ်ချင်စရာကောင်းသလဲနော် သား။ သူဟာ သိပ်စကားပြောတတ်တဲ့ ဆရာဝန်တစ်ယောက်ပဲ။ သူ့စကား ပြောကောင်းတယ်ဆိုတာ နောက်ထပ်ရက်များ၊ လများအတွင်းမှာပဲ မေမေ ထပ်သိခွင့်ရခဲ့ပြန်တယ်လေ။

အဲဒီနေ့ဘုရားကအပြန်ကားပေါ်မှာ သူကမေမေ့ကို လိမ္မာပါးနပ်စွာနဲ့ သူလုပ်ချင်တဲ့အလုပ်တစ်ခုကို လုပ်ခွင့်ရအောင် စကားနိုင်လု ပြောခဲ့သေးတာ။

"ယမင်းမွေးနေ့ကို စနေ သို့မဟုတ် တနင်္ဂနွေတစ်ရက်ရက်လို့ သတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားရအောင်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အဲဒီနေ့တွေမှာ ဂျပန်စာသင်တန်းမရှိဘူးဗျ...ဟဲဟဲ၊ ကျွန်တော်ခင်ဗျားကို ဘုရားလိုက်ပို့ချင်လို့ပါ၊ ခင်ဗျား အဲဒီနေ့တွေမှာ ဘုရားသွားချင်တယ် မဟုတ်လားဟင်၊ ခင်ဗျားရဲ့ မွေးနေ့ရက်မှာလေ"...လို့ ရှယ်ရယ်မောမောနဲ့ ပြောခဲ့တဲ့ သူ့စကားကို မေမေ မငြင်းနိုင်တော့ပါဘူး...သားရယ်။

အဲဒီလိုနဲ့သူဟာ မေမေ့ကို သီတင်းပါတ်ကုန်ဆုံးတဲ့ရက်တိုင်းမှာ ဘုရားကို လိုက်ပို့ခွင့်ရသွားခဲ့တာပေါ့။ တကယ်တော့ စနေ သို့မဟုတ် တနင်္ဂနွေ တစ်ရက် ရက်လို့သာ သူကပြောပေမယ့် အဲဒီရက်နှစ်ရက်စလုံးမှာ သူက မေမေတို့အိမ်ကို ရောက်လာနေတတ်တာပါပဲ။

စနေနေ့မှာ မေမေနဲ့မမမြကို သူကဘုရားလိုက်ပို့ပေးပြီးမယ့် တနင်္ဂနွေနေ့ ညနေကျရင်လည်း သူက မေမေတို့တိုက်ခန်းကလေးဆီ ရောက်လာတတ်တယ်။ ပြီးရင် မေမေနဲ့ပဲဖြစ်ဖြစ် မမမြနဲ့ပဲဖြစ်ဖြစ် စကားတွေပြောပြီး ညမှောင်ရီပျိုးပြချိန်အထိ မေမေတို့အိမ်မှာနေပြီးမှ ပြန်သွားတတ်တယ်။ သူက စကားပြောရင် သူ့အကြောင်းတွေကိုလည်းပြောပြ၊ မေမေတို့အကြောင်းတွေကိုလည်း မေးရင်းနဲ့ ရင်းနှီးခင်မင်မှုကို တိုးယူတတ်တယ်။

သူပြောပြတဲ့ သူငယ်ငယ်က နေခဲ့ရတဲ့ မိတ္ထီလာမြို့က နှစ်ထပ်တိုက်ကြီး အကြောင်း။ သူကြောက်ရွံ့ခဲ့ရတဲ့ စည်းကမ်းကြီးလွန်းတဲ့ သူ့ရဲ့အဖိုးနဲ့အဖွား အကြောင်း။ သူ့ရဲ့အထီးကျန် စိတ်အားငယ်မှုအကြောင်းတွေ သူပြောပြရင် မေမေနဲ့မမမြတို့မှာ ငြိမ်သက်တိတ်ဆိတ်စွာနားထောင်ပြီး သူ့ကို ကရုဏာသက် ခဲ့ကြတာပေါ့။

သူပြောပြတဲ့ မန္တလေးဆေးတက္ကသိုလ်က သူ့သူငယ်ချင်းတွေအကြောင်း။ အဆောင်မှာနေခဲ့တုန်းက သူ့ရဲ့ကျောင်းသားဘဝအကြောင်း။ ခက်ခဲလွန်းပြီး ကြောက်ရွံ့စရာကောင်းပေမယ့် ရယ်စရာတွေနဲ့ပြည့်နေတဲ့ သူ့ရဲ့စာမေးပွဲတွေ အကြောင်း...အဲဒါတွေကိုပြောပြတော့လည်း မေမေတို့တဟားဟားနဲ့ ရယ်မော ခဲ့ရတာပဲပေါ့။ ၎

အဲဒီလိုနဲ့သူဟာ မေမေတို့ဆီကို သီတင်းပါတ်တိုင်း အချိန်မှန်လာရောက် လည်ပတ်တတ်တဲ့ အရင်းနှီးဆုံး မိတ်ဆွေသစ်တစ်ဦး ဖြစ်လာခဲ့တယ်လေ။

ဒေါက်တာမြင့်မိုရ်ဆိုတဲ့လူတစ်ယောက်ဟာ ဒီလောက်အချိန်တိုတို အတွင်း မေမေ့တို့ရဲ့အရင်းနှီးဆုံး သူစိမ်းယောကျ်ားတစ်ဦး ဖြစ်သွားခဲ့တာဟာ





သိပ်ကိုအံ့ဩစရာကောင်းတာပဲနော်...သား။ သူ့ရဲ့ ပွင့်လင်းရိုးသားစွာ ပြောဆိုတတ်တဲ့ စကားတွေရယ်၊ အမိန့်သံပါပါနဲ့ ဂရုတစိုက်ရှိတတ်တဲ့ သူ့အပြုအမူတွေရယ်၊ ရယ်လိုက်ရင် နှစ်လိုဖွယ်ရာ ကွေးညွတ်တတ်တဲ့ သူ့နှုတ်ခမ်းတွေရယ်၊ ဟန်ဆောင်မှုမရှိတဲ့ သူ့မျက်လုံးတွေရယ်က မေမေ့ကို ဆွဲဆောင်သိမ်းသွင်းနိုင်ခဲ့တာနေမှာပါ။

အဲဒီတော့ စနေ၊ တနင်္ဂနွေကိုရောက်တိုင်း မေမေနဲ့မမမြတို့ဟာ သူ့အလာကို မျှော်နေရတဲ့အဖြစ် ရောက်မှန်းမသိ ရောက်သွားရတော့တယ်။

သူလာပြီဆိုရင်လည်း "ယမင်းရေ...ခင်ဗျားမွေးနေ့က စနေနေ့နော်"လို့ နောက်ပြောပြောပြီး ဘုရားကိုသွားဖို့ သူက လောဆော်နေတတ်ပြန်တယ်။ တစ်ခါတစ်လေ မေမေဖြစ်ဖြစ် မမမြဖြစ်ဖြစ် မအားလပ်လို့ စနေနေ့မှာ ဘုရားမသွားဖြစ်ဘူးဆိုရင်လည်း "ဟော...ယမင်းက တနင်္ဂနွေသမီးကိုး..."လို့ စကားကို အဆုံးသတ်ပြောတော့ မေမေ့တို့မှာ ရယ်ရပြန်တယ်။

အံ့ဩစရာ သိပ်ကောင်းတာပေါ့။ အရင်တုန်းက မေမေ့ဘဝမှာ မေမေ့ရဲ့ မွေးနေ့တစ်ခုနဲ့ ပါတ်သက်လာရင် အမြဲတမ်းသိမ်ငယ်ရက်ရွံ့ခဲ့ရတဲ့ အဖြစ်တွေဟာ သူနဲ့ကျမှ ပျောက်ဆုံးကုန်ကြတော့တာပဲ။

မေမေလေ...အရင်က ကိုယ့်မွေးနေ့ကိုယ် မသိခဲ့တဲ့အဖြစ်ကို ဘယ်လိုမှလည်း မခံစားမိတော့ပါဘူး။ ရှက်လည်း မရှက်မိတော့ဘူး။အားလည်းမငယ်မိတော့ဘူး။ အဲဒီအဖြစ်ဟာ အခုတော့ သူနဲ့မေမေ ဟာသအဖြစ် နောက်ပြောင်ပြောစရာ သာမန်အတိတ်တစ်ခုပဲ ဖြစ်သွားခဲ့ပြီသားရဲ့။

ဘာဖြစ်လို့ မေမေဒီလောက် ပြောင်းလဲသွားခဲ့ရသလဲ။ မေမေဟာ အခုအချိန်မှာ အရင်ကလို လူတွေကို ကြောက်ရွံ့နေတတ်တာ၊ ပတ်ဝန်းကျင်ကို အလိုမကျနေတတ်တာ၊ လောကကြီးကို မုန်းတီးနေတတ်တာ အဲဒါတွေ ဘာတစ်ခုမှ မရှိကြတော့ဘူး။ မေမေ့ဘဝမှာ အခုအချိန်ကလေးဟာ အပျော်ရွှင်ဆုံးပဲလို့ ထင်မိပြန်ရော။

မေမေ့မှာ သိပ်ချစ်တဲ့သားကိုလည်း ဝမ်းထဲမှာလွယ်ထားပြီးပြီ။ မေမေ့ပတ်ဝန်းကျင်မှာ မေမေ့ကိုချစ်တဲ့၊ ဂရုစိုက်တဲ့ မိတ်ဆွေကောင်းတွေလည်း ရှိနေပြီးပြီ။ မေမေ ဘာကိုမှမလိုချင်တော့ဘူး။ မေမေ့ဘဝမှာ အပြည့်စုံဆုံးအချိန်ပဲ။ မေမေ အဲဒီလိုထင်လိုက်မိတာလေ။

တကယ်တော့ မေမေ့ဘဝဟာ မပြည့်စုံသေးပဲ တစ်စုံတစ်ခုကို လိုအပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်ဆိုတာ မကြာခင်မှာပဲ မေမေရိပ်မိလာတော့တယ်။ အဲဒီလို ရိပ်မိလိုက်တဲ့ အဖြစ်ကလေးက အင်မတန်ညင်သာစွာနဲ့ မေမေ့ဘဝထဲကို စတင်ရောက်ရှိလာခဲ့တာ သားရဲ့။

အဲဒီအဖြစ်က ဘယ်နေ့မှာဖြစ်ခဲ့တာလဲဆိုတော့ စနေ၊ တနင်္ဂနွေတိုင်း ဘုရားသွားနေကြတဲ့ ရက်တွေထဲက တစ်ရက်ရက်မှာပါပဲ။

မေမေတို့နှစ်ယောက်နဲ့ သူနဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေ ဖြစ်ခဲ့ကြတာ သားသိပြီးပြီပဲ။ သားကို ပိုပြီးပေါ်လွင်အောင် မေမေပြောရရင် သူနဲ့မေမေတို့ ရင်းနှီးမှုဟာ စနေ၊ တနင်္ဂနွေ တစ်ခါတစ်ခါမှာ သူက မေမေတို့နဲ့အတူ ထမင်းအတူတူစားတဲ့အထိတောင် ရင်းနှီးခဲ့ကြပြီ…သားရဲ့။ မမမြက သူ့ကို "ဆရာ… စနေတနင်္ဂနွေဆိုရင် ဆရာ့အိမ်မှာ ထမင်းစားမနေပါနဲ့၊ ဆရာက တစ်ကိုယ်ရေတစ်ကာယသမားပဲ၊ ဒုက္ခရောက်ပါတယ်၊ ကျွန်မတို့ ပိုချက်ထားမယ်နော်၊ အဲဒီနေ့တွေကို အတူတူကျွန်မတို့နဲ့ပဲ ဝင်စားလိုက်ပါဆရာရယ်"လို့ အစချီပြီး အတင်းဖိတ်ကျွေးနေတော့ သူကလည်း တရင်းတနှီးနဲ့…။

"ဟုတ်ပြီဗျ…နှစ်ရက်စာ ထမင်းစရိတ်သက်သာလည်း မနည်းဘူး"ဆိုပြီး တော့တောင် ပြန်နောက်ခဲ့သေးတာ။ ပြီးတော့ပြောပြသေးတယ်။

"အိမ်မှာ ကျွန်တော့်တပည့်ကျောင်းလေးတစ်ယောက်ရှိပါတယ်၊ ဒါပေမယ့် သူချက်တဲ့ဟင်းတွေက ဘုရားစူးမိုးကြိုးပစ်ဟင်းတွေလေ၊ တစ်ခါလောက် ခင်ဗျားတို့ကို ဖိတ်ကျွေးလိုက်ရင် အခင်မင်တောင်ပျက်သွားနိုင်တယ်"

သူ့ပြောပုံကြောင့် မေမေတို့မှာ ရယ်လိုက်ရတာလေ။ တကယ်လည်း သူက အားနာနေတာမျိုး၊ မပွင့်လင်းတာမျိုးမရှိဘဲ မေမေတို့တိုက်ခန်းကလေး ဆီရောက်ရင် "မမြ…ဒီနေ့ဘာဟင်းချက်လဲ၊ ဟင်းကောင်းရင်စားချင်တယ်" လို့ အော်ပြောပြီး ဝင်ဝင်စားသွားတတ်တာ။

သူနဲ့အဲဒီလောက်အထိ ရင်းနှီးနေကြတော့မှ မမမြက မေမေ့ကို အဲဒီနေ့က နှစ်ယောက်တည်း ဘုရားသွားဖို့လွှတ်ခဲ့တာပါ။

အဲဒီနေ့က တနင်္ဂနွေနေ့ပေါ့။ မမမြက မင်္ဂလာဆောင်တစ်ခုကို အလှသွားပြင်ပေးစရာရှိနေတော့ "ခင်လေးရယ်၊ ဆရာလာရင် ဘုရားကိုသွားလိုက်ပါ၊ တကူးတက ခင်လေးကိုပို့ပေးချင်လို့ သူကလာရတာ၊ ဘာဖြစ်လဲ…နှစ်ယောက်တည်းသွားတော့၊ မမမြ ဘာစိတ်မချစရာရှိလဲ၊ ဆရာဝန်တစ်ယောက်လုံးပါနေတဲ့ဥစ္စာ…"ဘာညာနဲ့ တိုက်တွန်းနေ တော့ မေမေလည်း ဘာမှတွေးတောမနေပဲ





ဘုရားကို သွားလိုက်ပါတယ်။

အဲဒီနေ့က သူကလည်းမေမေ့ကို ဘုရားပေါ်မှာ ဘာတစ်ခုမှ ထူးထူးခြားခြား မပြောခဲ့၊ မပြုမူခဲ့ပါဘူး။ အရင်တုန်းက မမမြပါတဲ့ အခေါက်တွေတုန်းကလိုပဲ။ မေမေ့ကို ဓါတ်လှေကားစီးပြီးရင် သွေးခုန်နှုန်းတိုင်းမြဲ။ အေးလာရင် အနွေးထည်ဝတ်ခိုင်းမြဲပါပဲ။ ပြီးတော့ ပြောတာတစ်ခုပဲရှိတယ်။

"နောက်ကို မမမြ မပါရင်လည်း ကျွန်တော်တို့နှစ်ယောက်ပဲ ဘုရားလာကြတာပေါ့ ယမင်းရယ်၊ မမမြက အားမှန်းမသိ၊ မအားမှန်းမသိ အမြဲတမ်းလိုက်ပေးနေရတာ အားနာစရာကြီး၊ တကယ်တမ်း ဘုရားလာချင်တဲ့သူက ကျွန်တော်တို့နှစ်ယောက် မဟုတ်ဘူးလား"လို့ ရယ်ရယ်မောမောနဲ့ ပြောခဲ့တာပဲရှိပါတယ်။ အဲဒီထက် သူဘာမှ ပိုမပြောခဲ့ပါဘူး။

ဒါပေမယ့် ထူးခြားတာက အဲဒီနေ့ညနေ ဘုရားကပြန်လာပြီး မမမြနဲ့ စကားပြောဖြစ်တဲ့ ညကျမှပဲ မေမေ့ရဲ့အံ့သြမှုတွေ စတင်ခဲ့တာပါ။

မမမြက အဲဒီနေ့ညက မေမေ့အနားကိုတိုးကပ်ပြီး စကားတစ်ခွန်းကို စပြောတယ်။

"ခင်လေး ဒီနေ့သူနဲ့ ဘုရားပေါ်နှစ်ယောက်တည်း အတူတက်ခဲ့ရတဲ့ အဖြစ်အပျက်ကို အစအဆုံး မမမြကို ပြန်ပြောပြစမ်း…"တဲ့။

မေမေက အံ့သြသွားပြီး "ဘာကိုပြန်ပြောရမှာလဲ…မမမြရဲ့၊ ဘာမှမထူးခြားတာ…၊ အရင်က မမမြနဲ့သွားသလိုပဲ သွားတဲ့ကိစ္စ၊ ခင်လေးက ဘာကိုပြောရမှာလဲ"လို့ ပြန်မေးလိုက်တော့ မမမြကပြုံးတယ်။

ပြီးတော့ ခေါင်းခါပြတယ်လေ။

"အရင်ကအတိုင်း ဟုတ်လို့လား၊ ဒီနေ့ပိုထူးခြားတာ ဘာမှမရှိဘူးလား၊ အရင်နေ့တွေကနဲ့ မတူတာတစ်ခုခုလေ၊ ပြောပြစမ်းပါ ခင်လေးရဲ့၊ အနည်းဆုံး ဘုရားပေါ်ရောက်ရောက်ချင်း ခင်လေးကို သွေးခုန်နှုန်းတိုင်းတဲ့အခါ အရင်ကထက် လက်ကို ပိုကြာကြာကိုင်မထားဘူးလား၊ ပြောစမ်း၊ ပြန်စဉ်းစားစမ်း"

မမမြရဲ့စကားတွေကို အဲဒီအချိန်တုန်းက မေမေလေ အံ့သြလွန်းလို့ မှင်သက်သွားမိတယ်။ မမမြကို ဘယ်လိုစကားမျိုးပြန်ပြောရမလဲဆိုတာ မေမေ ချက်ချင်းတောင် ပြန်စဉ်းစားလို့မရဘူး။ နောက်မှ သိပ်ကိုတုန်ယင်နေမယ့် လေသံမျိုးနဲ့ မနည်းကိုကြိုးစားအားထုတ်ပြီး မေးလိုက်ခဲ့မိတယ်။

"မမမြဆိုလိုတာ သူက ခင်လေးလက်ကို မရိုးမသားသဘောမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လိမ့်မယ်လို့ ဆိုလိုတာလားဟင်"

အဲဒီစကားအရောက်မှာ မမမြကတဟားဟားနဲ့ အော်ရယ်ပါလေရော။ မမမြရဲ့ရယ်သံကို မေမေလုံးဝ နားမလည်လိုက်ဘူး။ မေမေ့စကားမှာ ဘာအမှားပါလို့လဲ။ ဘာမှမမှားဘူး ထင်ပါတယ်။ ဒါပေမယ့် မမမြကရယ်တယ်။ တကယ့်ကို ဟက်ဟက်ပက်ပက်ရယ်တာ။ ပြီးတော့ ရယ်သံတွေကြားကနေ ပြောပြန်တယ်။

"အမလေး ခင်လေးရယ်၊ သူ့ကို ရိုးသားတယ်လို့ ခင်လေး ဘယ်တုန်းက များ ထင်ထားလိုက်တာလဲ"...တဲ့။

မမမြကတော့ သူ့ကိုမရိုးသားဘူးလို့ အရင်ထဲက ထင်ထားခဲ့တဲ့ စကားပဲ။ အဲ့ဒီစကားက...။ မေမေလေ မမမြစကားကို ထိတ်လန့်တကြား ကြားလိုက်ရပြီး မျက်လုံးတွေ ဝိုင်းစက်သွားခဲ့ပါတယ်။ ပြီးမှ ပျာပျာသလဲချက်ချင်း ငြင်းဆန်လိုက်မိတယ်။

"အို...မဟုတ်တာ မမမြကလည်း၊ သူကဆရာဝန်ပဲ၊ ခင်လေးက သူ့လူနာပဲ၊ မဖြစ်နိုင်တာ..."

မေမေက အဲဒီလိုပြောလိုက်တော့ မမမြရဲ့ရယ်သံတွေ ရပ်တန့်သွားခဲ့တယ်။ ပြီးတော့ အရယ်မျက်နှာကလည်း တည်သွားပြီး မေမေ့ကို စူးစူးစိုက်စိုက်ကြည့်တယ်။ ပြီးတော့ တည်ငြိမ်လေးနက်တဲ့အသံနဲ့ တစ်လုံးချင်း မေမေ့ကို ပြောတော့တယ်။

"သူ...ဆရာဝန်တစ်ယောက်ထက်ပိုပြီး ခင်လေးကို ဂရုစိုက်တာ ခင်လေး ငြင်းလို့မရဘူး"

မေမေ...မမမြစကားကို ခေါင်းလည်းမညိတ်မိဘူး၊ ခေါင်းလည်း မခါမိဘူး။ မေမေ ဘာပြန်ပြောရမှန်းလည်း မသိတော့ဘူး။ ဒါပေမယ့် အခုအချိန်ထိတော့ သူဟာ မေမေ့ဘဝမှာ ဆရာဝန်တစ်ယောက်ထက် လုံးဝမပိုသေးဘူး။ မေမေကတော့ သူ့ကို အဲဒီလိုပဲ သဘောထားတယ်။

တကယ်လည်း ဟုတ်တာပဲ။ အမှန်တော့ စနေ၊ တနင်္ဂနွေတိုင်း သူ မေမေ့ကိုဆီလာပြီး ဘုရားကိုလိုက်ပို့ပေးမယ်၊ လာလည်တယ် အမျိုးမျိုး အကြောင်းပြနေပေမယ့် မေမေ့ကို ဦးနှောက်အကျိတ်ဝေဒနာရှင်တစ်ယောက်အဖြစ် အမြဲ ကမ်း လာစစ်ဆေးချင်နေတဲ့ သဘောသက်သက်ပါ။ မေမေကတော့ ဒီလိုပဲ ယုံကြည်ထားတယ်။





သူကလည်း၊ အမြဲ မေမေတို့ဆီရောက်တိုင်း မေမေ့ကို...

"ယမင်း...ခေါင်းမူးလား၊ ခေါင်းကိုက်လား၊ အန်လား၊ အိပ်ပျော်ရဲ့လား၊ အစားဝင်ရဲ့လား၊ ဘာဖြစ်သေးလဲ" စသဖြင့် ဆရာဝန်မေး မေးနေတတ်တာပဲ။ မေမေက တစ်ခုခုဖြစ်တယ်ပြောရင် သူကချက်ချင်း ကားထဲမှာရှိတဲ့ သူ့ဆေးအိတ်ကို သွားယူပြီး မေမေသောက်ဖို့ စားဆေးတွေအမျိုးမျိုးကို တစ်လုံးဘယ်နှစ်ကြိမ်၊ ဘယ်အချိန်သောက်ဆိုပြီး သေသေချာချာ မှာယူထုတ်ပေးခဲ့တာပဲ။

သူ့အပြုအမူတွေ၊ စကားတွေဟာ အခုအချိန်အထိတော့ ဆရာဝန်တစ်ယောက်ပဲ။ မေမေ့အတွက် ဘာမှမထူးခြားဘူး။ အဲဒါကြောင့် အခုမမမြပြောလာတဲ့စကားတွေကို မေမေ သိပ်အံ့သြနေခဲ့တာပဲ။ မဖြစ်နိုင်ပါဘူး။ မဟုတ်ပါဘူးလို့လည်း မေမေ့အသိစိတ်က ငြင်းဆန်နေတုန်းပဲ။

မေမေဟာ မမမြရဲ့စကားတွေကို ကြားလိုက်ရအပြီးမှာ အံ့သြလွန်းစွာ ငြိမ်သက်နေခဲ့မိတယ်။ ခေါင်းထဲမှာလည်း မမမြပြောသလို ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာကို အပြေးအလွှား စဉ်းစားနေခဲ့မိပြန်တယ်။ တိတ်ဆိတ်ငြိမ်ကျသွားတဲ့ မေမေ့ကို မမမြကကြည့်ပြီး ပြုံးတယ်။

မမမြရဲ့အပြုံးက ကလေးတစ်ယောက်ကို သိပ်လိုချင်နေတဲ့ အရုပ်တစ်ခု ဝယ်ပေးလိုက်နိုင်လို့ ကျေနပ်စွာပြုံးနေတဲ့ မိခင်တစ်ယောက်ရဲ့အပြုံးမျိုး။

ပြီးတော့ မမမြက မေမေ့ကိုပြောတယ်။

"ခင်လေးရေ...သူကတော့ ကိုယ့်ကို ပြန်မပြောပါနဲ့တဲ့၊ ဒါပေမယ့် ကိုယ်ကတော့ မင်းသိသင့်တယ်လို့ထင်တယ်၊ မင်းအပေါ် သူထားတဲ့ ကရုဏာတရားကိုတော့ မင်းသိသင့်တာပေါ့နော်"

မေမေ ဘာကိုမှနားမလည်နိုင်ပဲ "ဘာများလဲ...မမမြရယ်"လို့ စိတ်စောစွာ မေးလိုက်မိတယ်။ မမမြက ရှင်းပြတယ်။

"ဘုရားကို ကိုယ်တို့သွားကြတဲ့တစ်ရက်က သူရော၊ မမမြရော၊ ကြာသပတေးသားသမီးတွေဆိုတော့ ကြာသပတေးထောင့်မှာ ပန်းကပ်၊ ရေသပ္ပါယ်ကြတယ်လေ၊ အဲဒီလိုရေသပ္ပါယ်ပြီးတော့ သူက မျက်လုံးနှစ်ဖက်ကို စုံမှိတ်၊ ခေါင်းကိုညွှတ်ပြီး တတွတ်တွတ်နဲ့ ဆုတောင်းနေတာ မမမြတွေ့တယ်၊ မမမြလည်း မနေနိုင်တော့ပဲ ဆရာ...ဘာဆုတွေတောင်းနေတာလဲ၊ မြန်မြန်ပြည့်ပါစေလို့ ဆုတောင်းရင်တော့ ဆရာငရဲကြီးမယ်နော်လို့ နောက်လိုက်တော့ သူကထုံးစံအတိုင်း မျက်နှာက ရဲကနဲဖြစ်သွားတာပေါ့၊ ပြီးမှ ပျာပျာသလဲထုတ်



www.burmeseclassic.com

www.burmeseclassic.com



ငြင်းတယ်၊

ဟာ...မဟုတ်ပါဘူးဗျာ၊ ဒါကျွန်တော့်အတွက် ဆုတောင်းနေတာ မဟုတ်ပါဘူးတဲ့၊ ကိုယ်လည်း အံ့ဩသွားပြီး ဒါဖြင့်ဘယ်သူ့အတွက်လဲလို့ မြန်မြန်ဖြတ်မေးလိုက်မိတယ်၊ သူက ဖြည်းဖြည်းလေး ကိုယ့်ကို တစ်လုံးချင်း ပြောပြသွားတယ်၊ အခုအချိန်မှာ ယမင်းခေါင်းထဲက အကျိတ်ကို ကြီးမလာစေဖို့ ကျွန်တော်တို့ ဆုတောင်းပေးရုံပဲ တတ်နိုင်တော့တယ်လေ...တဲ့၊ ကျွန်တော် သမင်းအတွက် ဆုတောင်းပေးနေတာပါဗျာတဲ့"

မေမေဟာ မမမြပြောတဲ့စကားကို အံ့ဩတုန်လှုပ်စွာနဲ့ ကြားလိုက်ရတယ်...သား။ မေမေ တကယ်ကို တုန်လှုပ်သွားပါတယ်။

မေမေ့ အသည်းနှလုံးတွေ တုန်ယင်သွားခဲ့တယ်။ မေမေ့နှုတ်ခမ်းတွေလည်း တုန်ယင်လာလွန်းလို့ သွားနဲ့ဖိကိုက်ထားလိုက်မိတယ်။မျက်ဝန်းတွေတောင် ပူနွေးစွတ်စိုလာသလိုပဲ။ ဟင့်အင်း...မေမေ ကြည်နူးသွားမိတာပါ။ ကျေနပ်သွားမိတာပါ...သားရယ်။

လူတစ်ယောက်ရဲ့ကရုဏာကို ရရှိခဲ့လို့ မေမေဘယ်တုန်းကမှ ဒီလောက် မကြည်နူးခဲ့ပါဘူးလေ။ အခုတော့ အံ့ဩစရာကောင်းလောက်အောင် မေမေ့ရင်ထဲမှာ ရူးနှစ်သွားခဲ့တယ်။ ဒါဟာ မေမေ့ရဲ့ ပထမဆုံးရှုံးနိမ့်မှုတစ်ခုပဲလား။ မေမေ မသိချင်တော့ပါဘူး။

မေမေ့ နားထဲမှာ မမမြဆက်ပြောတဲ့စကားတွေကိုတောင် ကြားမိသလို မကြားမိသလိုပါပဲ။

"ပြီးတော့...သူက ရယ်ဟဟနဲ့မမမြကို လာပြောသေးတယ်၊ အဲဒီအကြောင်းကို ခင်လေးဆီမှာ ပြန်မပြောပါနဲ့နော်တဲ့၊ ကိုယ်က ဘာဖြစ်လို့လဲလို့မေးတော့ သူကရယ်တယ်၊ ပြီးမှ ဆရာဝန်တစ်ယောက်က ဘုရားမှာ ဆုတောင်းနေရတယ်ဆိုတာ ရှက်စရာကြီးလို့ ဖြေတယ်လေ"

အဲဒီနေ့ညက မေမေ တော်တော်နဲ့ အိပ်မပျော်ခဲ့ပါဘူး။ မမမြပြောခဲ့တဲ့စကားတွေကို မေမေပြန်စဉ်းစားမိတယ်။ ပြီးတော့ သူနဲ့ပါတ်သက်သမျှ သူ...မေမေ့အပေါ် ပြောခဲ့တာတွေ၊ ပြုမူခဲ့တာတွေကိုလည်း ပြန်စဉ်းစားနေမိပြန်တယ်။

သူ...မေမေ့ကို ဂရုစိုက်ခဲ့တာ၊ ကရုဏာထားခဲ့တာ၊ သနားကူညီခဲ့တာ၊ ပြောင်းလဲပေးခဲ့တာ၊ အဲဒါတွေအားလုံးဟာ ဆရာဝန်တစ်ယောက်လို သူလုပ်ခဲ့





တာလား။ ဒါမှမဟုတ် အဲဒါ အကြင်နာတရားပဲလား။ အို...ဘယ်သူဖြေသာ ခက်ခဲလိုက်တဲ့ ပုစ္ဆာတစ်ခုလဲ။ မေမေ့အတွက်တော့ အဲဒါ မဖြေရဲတဲ့...အို... မဟုတ်သေးဘူး။ မဖြေသင့်တဲ့ ပုစ္ဆာတစ်ခုပါပဲ။

မေမေလေ အဲဒီညက အိပ်ရာထဲမှာ လဲလျောင်းရင်း သူ့အကြောင်းကို သူနဲ့စတွေ့ခဲ့တဲ့ ဆရာဝန်ကြီးရဲ့ရုံးခန်းထဲက အဖြစ် အပျက်က...စလို့ ဒီညနေ ဘုရားကို သူနဲ့မေမေ နှစ်ယောက်အတူ သွားခဲ့တဲ့အချိန်အထိ စဉ်းစားနေခဲ့တာ တွေးတောနေခဲ့မိတာများ...။

ဒါပေမယ့် အဖြေကို ရှာမတွေ့ခဲ့ပါဘူး။ မေမေသိချင်တဲ့ အဖြေမျိုးကို မေမေရှာမတွေ့ခဲ့ပါဘူး။ မေမေ ရရှိလိုက်တာက မေမေ မလိုချင်တဲ့ အသိလေး တစ်ခုပါပဲ။

အဲဒါကတော့ မေမေ့မှာ ကွက်လပ်တစ်ခု ရှိနေသေးတယ်...ဆိုတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

အဲဒီနေ့က စနေနေ့ကလေး တစ်ရက်...သားရဲ့။

အဲဒီညနေက မိုးမရွာဘူး။ တိမ်တွေကင်းစင်ကြည်လင်နေတဲ့ ညနေခင်း
လေးတစ်ခုပါပဲ။ အခုအောက်တိုဘာလထဲမှာ မိုးက သိသိသာသာကို ပါးလျာ
သွားခဲ့ပြီလေ။ မိုးဥတုရဲ့ ကုန်ဆုံးခါနီးညနေခင်းလေး တစ်ခုမှာပေါ့။

သူက မေမေတို့ရဲ့တိုက်ခန်းဆီကို ထုံးစံအတိုင်း ရောက်လာတယ်
ပြီးတော့ ပါးစပ်ကနေလည်း "ယမင်းရေ... ဒီတစ်ပတ်တော့ ခင်ဗျား တနင်္ဂနွေ
သမီး...လုပ်တော့ဗျာ"လို့အော်ပြီး အိမ်ထဲဝင်လာတယ်။

သူ့စကားကြောင့် မေမေရော၊ မမမြပါ ရယ်လိုက်မိကြတယ်။ ပြီးတော့
သိလိုက်တယ်။ ဒီနေ့ သူ...မေမေ့ကို ဘုရားလိုက်ပို့မပေးနိုင်တော့ဘူး။ သူ့ဒီနေ
တစ်ခုခုကိစ္စရှိနေလို့ မေမေ့ကို တနင်္ဂနွေနေ့မှ ဘုရားလိုက်ပို့ပေးနိုင်တော့မယ်
မေမေတို့က အဲဒီလိုထင်လိုက်မိတာ။

သူအိမ်ထဲကို ဝင်လာချိန်မှာ မေမေနဲ့မမမြက ညနေစာစားပြီးခါစ အချိန်
ပေါ့။ မီးဖိုချောင်ထဲမှာ မမမြက ပန်းကန်တွေကိုဆေး၊ မေမေကဲ ဆေးပြီးသား
ပန်းကန်တွေကို စင်ပေါ်ကူတင်ပေးနေတုန်း သူရောက်လာတာလေ။

မမမြက အဲဒီတော့ ပန်းကန်တွေဆေးရင်း သူ့ကိုလှည့်ပြောတယ်။

"ဆရာ... ဒီနေ့အလုပ်တွေ ရှုပ်နေတယ်ပေါ့၊ ဟုတ်လား၊ ရတယ်လေ
မနက်ဖြန်မှ ဘုရားသွားကြတာပေါ့"

ဒီတော့ သူက မခိုးမခန့်တစ်ချက် ထုတ်ရယ်လိုက်ရင်း...။

"အလုပ်ရှုပ်မှာ ကျွန်တော်မဟုတ်ဘူးဗျ၊ ခင်ဗျားတို့...ခင်ဗျားတို့
ခင်ဗျားတို့နှစ်ယောက်ထဲက ဘယ်သူ ကျွန်တော့်ကိုအခု ဆံပင်ညှပ်ပေးနို





မလဲ..."တဲ့။ သူက မေးတယ်။

ရုတ်တရက် မေမေတို့နှစ်ယောက်စလုံး သူ့စကားအဆုံးမှာ ကြောင်ကြည့်
မိသွားကြတယ်။ ဘာပြန်ပြောရမှန်း ချက်ချင်းအဖြေထွက်မလာဘူး။သူကတော့
တဟဲဟဲနဲ့ဆက်ရယ်နေသေးတယ်။ ခဏကြာမှ မမမြက...။

"အံမယ်...ဆရာက အရင်ကျွန်မတို့ဆီမှာ တစ်ခါမှလည်း ဆံပင်မညှပ်ဖူး
ဘဲနဲ့၊ အခုမှ...ဘယ်လိုဖြစ်လာတာလဲ"လို့ ရယ်မောရင်း မေးလိုက်တော့တယ်။

သူက ဖြေတယ်။

"အချိန်ကိုလည်း ကြည့်ဦးဗျာ၊ ညခုနစ်နာရီထိုးနေပြီ၊ ကျွန်တော် ညှပ်နေ
ကျဆိုင်က ဒီအချိန်ဆို ပိတ်သွားပြီလေ၊ မနက်ဖြန်ကျွန်တော် စာတမ်းဖတ်ပွဲ
တစ်ခု တက်စရာရှိလို့ပါ၊ အဲဒါတစ်နေကုန် အလုပ်ရှုပ်နေတာလေ၊ အခုအချိန်
ကျမှ ဆံပင်ညှပ်ဖို့ သတိရတော့တယ်၊ ကြည့်ပါဦး...ကျွန်တော့်ဆံပင်တွေ သိပ်
ရှည်နေပြီမဟုတ်လား"

သူပြောတဲ့ သိပ်ရှည်နေပြီဆိုတဲ့ဆံပင်ပုံဟာ တကယ်တော့ တခြားသာမန်
ယောကျ်ားလေးတွေ တိုတိုညှပ်ထားတဲ့ ဆံပင်ပုံလောက်ပဲ ရှိတယ်ဆိုတာ သူ
မသိဘူး။ အဲဒီတော့ မေမေလည်း သူ့စကားအဆုံး မျက်စောင်းတစ်ချက်
ထိုးလိုက်မိတာပေါ့။ မေမေ့ မျက်စောင်းကို သူက နားလည်တဲ့ပုံနဲ့ တဟဲဟဲ
ရယ်လိုက်သေးတယ်။

နားလည်မှာပေါ့။ မေမေနဲ့သူ စပြီးရင်းနှီးတဲ့ မိတ်ဆွေတွေဖြစ်ကာစက
မေမေ...သူ့ကိုပြောဖူးတာကိုး။

"ဆရာ့ကို ကျွန်မစတွေ့တုန်းက ဆရာဝန်တစ်ယောက်လို့ကို မထင်မိဘူး
ဆရာရဲ့"လို့ ပြောဖူးတယ်။ အဲဒီတုန်းက သူတအံ့တသြနဲ့...။

"ဘာဖြစ်လို့လဲ"...လို့ပြန်မေးတော့ မေမေက "ဆရာ့ဆံပင်က သိပ်တို
လွန်းတာကိုး"...လို့ ပြန်ဖြေခဲ့တယ်လေ။

အဲဒါကြောင့် သူက မေမေ့ရဲ့မျက်စောင်းကို နားလည်နေတဲ့ဟန်နဲ့ ရယ်
နေခဲ့တာပေါ့။ မေမေလည်း အဲဒီအချိန်မှာ သူ့ကို ဝင်ပြောလိုက်ပါတယ်။

"ဆရာ...မမမြက ကျွန်မကို ဆံပင်ညှပ်ခန်းထဲ မဝင်နိုင်းတာ တော်တော်
ကြာပြီလေ၊ ဆရာ့ကို မမမြပဲ ညှပ်ပေးရမှာပေါ့၊ ခဏနော်...ဆရာ"လို့ မေမေက
ဝင်ပြောလိုက်တော့ မမမြက မေမေ့စကားကို လက်မခံနိုင်တဲ့ပုံနဲ့ ချက်ချင်း
ခေါင်းကိုမြန်မြန်ခါပြီး...။



www.burmeseclassic.com

www.burmeseclassic.com



"အို…ခင်လေးကလည်း ကိုယ့်ကို ကုပေးနေတဲ့ဆရာကို ကိုယ်ညှပ်ပေးရမှာပေါ့၊ သွား…ဆရာ့ကို ခင်လေးကိုယ်တိုင်ပဲ ညှပ်ပေးလိုက်၊ ဒါတွေထားခဲ့" ဆိုပြီး ရယ်ရယ်မောမောနဲ့ ဝင်ပြောခဲ့ပါတယ်။

မမမြစကားကို မေမေလည်း ပြန်ငြင်းဖို့အကြောင်းရှာမရဘူး။သူကလည်း မေမေ့ကို "ကဲ…ယမင်းလာပါ၊ ကျွန်တော့်ကို ယမင်းပဲညှပ်ပေးပါ၊ မနက်ဖြန်စာတမ်းဖတ်ပွဲမှာ လူကြီးတွေ လာမှာမို့လို့ပါ၊ ဒီတစ်ခါညှပ်ပြီးရင် ကျွန်တော့်ဆံပင်ကို ဒီထက်နည်းနည်း ပိုရှည်ရှည်ထားပါ့မယ်"…လို့ထပ်ပြောလိုက်တော့ မေမေ့မှာ ရယ်မိရင်းနဲ့ပဲ ဆံပင်ညှပ်ခန်းထဲကို လိုက်သွားရတော့တာပေါ့။ မမမြကတော့ မီးဖိုခန်းထဲမှာ သိမ်းရင်းဆည်းရင်း အလုပ်တွေ လက်စသတ်ဖို့ ကျန်ခဲ့တယ်လေ။

ဆံပင်ညှပ်ခန်းထဲရောက်တော့ သူက ဆက်တီကုလားထိုင်တစ်လုံးကို ဆွဲယူပြီးထိုင်တယ်။ တကယ်တော့ အဲဒီထိုင်ခုံက ဆံပင်ညှပ်ခံတဲ့သူ ထိုင်ဖို့ခုံ မဟုတ်ဘူး။ ထိုင်စောင့်တဲ့သူတွေအတွက် ထားတဲ့ခုံ။

မေမေက "ဆရာ…ဘာလုပ်မလို့လဲ"… လို့ အံ့ဩစွာ မေးမိတော့ သူက ရယ်တယ်။ ပြီးမှ မေမေ့ကိုမော့ကြည့်ပြီး အရယ်မျက်နှာနဲ့ဖြေတယ်။

"ယမင်းက ခွေးခြေတစ်လုံးယူပြီး ထိုင်ညှပ်လေ၊ ယမင်းဗိုက်ထဲက ကောင်လေး ညောင်းမှာစိုးလို့ပါ"

အို…သူ့စကားကြောင့် မေမေ့မျက်နှာ နွေးကနဲဖြစ်ပြီး ရှက်သွားတာပေါ့။ ပြီးတော့ သူ့ကိုလည်း ဒီနေ့အဖို့ ဒုတိယအကြိမ် မျက်စောင်းထိုးမိပြန်ရော။

"ဆရာကလည်း…"လို့ ပါးစပ်ကနေ မေမေရန်တွေ့မိမလို ထုတ်ပြောမိသွားသေးတယ်။ နောက်မှ ဒါဟာ သူ့ရဲ့စေတနာစကားပဲဆိုတာ မေမေနားလည်သွားမိတော့ သူခိုင်းတဲ့အတိုင်းပဲ ရှက်ရယ်ရယ်နေရင်းက လုပ်လိုက်ပါတယ်။ တကယ်တော့ အဲဒီအချိန်မှာ မေမေ့ဝမ်းဗိုက်ထဲ သားတစ်ယောက်က စတင်ကြီးထွားဖွံ့ဖြိုးနေတဲ့ အချိန်ဆိုတော့ မေမေ့မှာ ကြာကြာလည်း မရပ်နိုင်တော့ပါဘူး။ သားက…မေမေ့ခန္ဓာကိုယ်ထဲမှာ သားရှိနေပြီဗျို့လို့ စတင်သက်သေပြနေတဲ့ အချိန်ကလေးပေါ့။

ဒီတော့ သူ ပြောတဲ့အတိုင်းပဲ မေမေ သူ့ဆံပင်ကို ထိုင်ညှပ်ပါတယ်။ မေမေ့ခေါင်းထဲမှာတော့ သူဟာ မေမေ့အတွက်ဆိုရင် ဘယ်အချိန်ပဲဖြစ်ဖြစ် ဂရုတစိုက် စောင့်ကြည့်နားလည်ပေးနေတဲ့သူပါလားလို့ စဉ်းစားမိနေတယ်။





ဂရုတစိုက် စောင့်ကြည့်နားလည်ပေးနေတဲ့သူပါလားလို့ စဉ်းစားမိနေတယ်။ မေမေက သူ့ဆံပင်တွေကို စက်ကပ်ကျေးနဲ့ အရင်စထိုးပြီး ညှပ်ပေးနေတုန်း သူက မေမေ့ကို တဂွင်းတနိုးနဲ့ လှမ်းနောက်နေသေးတယ်။

"ယမင်းနော်…ကျွန်တော်က ယမင်းကို စမ်းသပ်ခရော၊ ဆေးဖိုးရော မယူဘဲ အပတ်စဉ်လာကြည့်ပေးနေတဲ့ ဆရာဝန်၊ ကျွန်တော်လည်း ခင်ဗျားကို ဆံပင်ညှပ်ခ ပေးမှာမဟုတ်ဘူး၊ အလကားညှပ်ပေးရမှာ"

ဟော…ကြည့်။ အဲဒီဒေါက်တာမြင့်မိုရ်ဆိုတဲ့ ဆရာဝန်တစ်ယောက်ဟာ အဲဒီလိုလည်း ပေါက်ပေါက်ရှာရှာ ကြံဖန်ပြောတတ်သေးတယ်။ သူ့ကိုဘယ်သူကများ ဆံပင်ညှပ်ခတောင်းရဦးမှာလဲ။ သူက ဆက်ပြီးတော့တောင် နောက်လိုက်သေးတယ်။

"အလကားညှပ်ပေးရတဲ့ခေါင်းဆိုပြီး ကြွက်ကိုက်ထားတဲ့ပုံလည်း မညှပ်နဲ့ဦးနော်"

မေမေ့မှာ ကုန္တေတောင်မဆည်နိုင်ဘဲ သူ့စကားကြောင့် ရယ်လိုက်မိတာပေါ့။ ပြီးတော့မှ ပြောရတယ်။

"ဆရာ…အဲဒီလိုရယ်စရာတွေ ပြောနေရင်တော့ တကယ်ကြွက်ကိုက်သလိုဖြစ်တော့မယ်၊ ဆံပင်ညှပ်တဲ့သူကို ဒီလောက်ရယ်အောင်မလုပ်နဲ့လေ"

မေမေ့စကားကြောင့် သူကထုံးစံအတိုင်း မခိုးမခန့်ရယ်မောရင်းနဲ့ စကား သံတိတ်သွားပါတယ်။ ဘာမှတော့ နောက်ထပ် သူစကားမပြောတော့ဘူး။ ပြီးတော့ သူ့မျက်လုံးတွေကို မှိတ်ထားပြီး သူ့ဆံပင်တွေကို မေမေလုပ်ပေးသမျှ ကျေနပ်နေမယ့်ပုံနဲ့ နှုတ်ခမ်းကို ခပ်ကွေးကွေးတွန့်ပြုံးရင်း ငြိမ်သက်နေ တော့တယ်။

မေမေလည်း သူ့ဆံပင်ကို အရင်ကတည်းက သူထားတဲ့ပုံအတိုင်း တိုတို ကပ်ကပ်ကလေးဖြစ်အောင် စိတ်ရှည်လက်ရှည် ညှပ်ပေးလိုက်ပါတယ်။ သူက ဆံပင်ညှပ်နေတဲ့ တစ်လျှောက်လုံးတော့ ဘာစကားမှ မပြောတော့ဘူး။ မေမေ သူ့ဆံပင်ကို ညှပ်ပြီးသွားလို့ ဘီးတစ်ချောင်းနဲ့ သေသေချာချာ ပုံကျအောင် ဖြီးပေးနေတဲ့အချိန်ကျမှ သူက မျက်လုံးစဖွင့်ကြည့်တယ်။

မေမေ ခေါင်းဖြီးပေးနေတဲ့ တစ်ချိန်လုံး သူကမေမေ့ကို မော့ပြီးစိုက်ကြည့် နေတာလေ။

သူ့နဖူးပြင်က ဆံစတွေကို မေမေသိမ်းပြီး ဖြီးနေတဲ့အချိန်မှာ မေမေ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စကားပြောဖို့ စကားစရှာကြည့်သေးတယ်။ ဒါပေမယ့် ဘာစကားကို စပြောရမှန်း မေမေ မသိတော့ဘူး။ မေမေ သူ့မျက်လုံးတွေကို မကြည့်ပဲ သူ့ဆံပင်ကိုပဲကြည့်ဖို့ မနည်းကြိုးစားအားထုတ်နေရတာပေါ့။

အဲဒီအချိန်မှာ သူက မေမေ လုံးဝမျှော်လင့်မထားတဲ့ မေးခွန်းတစ်ခုကို စ,မေးလိုက်ပါတယ်။

"ယမင်းနဲ့ကွဲသွားတဲ့ ယမင်းရဲ့အမျိုးသားကိုရော ယမင်း...ဒီလို ဆံပင်ညှပ်ပေးဖူးသလားဟင်"

ရုတ်တရက်တော့ မေမေ ဒေါသထွက်သွားပါတယ်။ မေမေသူ့ကို အဲဒီအကြောင်းတွေ မမေးပါနဲ့ဆရာလို့ ပြန်ပြောလိုက်မိတော့မလို့ပဲ။ ဒါပေမယ့် မေမေ အချိန်မီစဉ်းစားမိလိုက်တယ်...သားရဲ့။

ငါဘာဖြစ်လို့ ဒီအကြောင်းတွေ ပြန်မပြောရမှာလဲလို့။ ဟုတ်တယ်လေ။ တကယ်တော့ ဒါဟာအတိတ်တစ်ခုပဲ။ အခုအချိန်မှာ မေမေ့ဘဝကို ဘယ်လိုမှ ပါဝင်ပတ်သက်ပြီး ထိခိုက်နိုင်ခြင်းမရှိတော့တဲ့ အတိတ်တစ်ခုပဲ။ ဒီအတိတ်တွေကို သာမန်အဖြစ်အပျက်ကလေးတစ်ခုလို မေမေ ပြန်ပြောနိုင်ရမှာပေါ့နော်။ အခုအချိန်မှာ မေမေ့အတွက် မထူးခြားတော့တဲ့ အကြောင်းလေးတစ်ခုလို သဘောထားနေပြီဖြစ်ကြောင်း သူ့ကို ပြောပြသင့်တာပေါ့။

ဒါကြောင့် မေမေသူ့ကို အတတ်နိုင်ဆုံး တည်ငြိမ်ထားတဲ့လေသံနဲ့ ဖြေလိုက်မိပါတယ်။

"ဆရာကလည်း...၊ သူနဲ့ကျွန်မစတွေ့ခဲ့တာ ဒီဆိုင်မှာ သူဆံပင်လာညှပ်တဲ့ အချိန်ကလို့ ဆရာ့ကို ပြောပြဖူးတယ်လေ"

အဲဒီတော့ သူကရယ်မောတယ်။ သူ့ရယ်သံတွေမှာ မေမေ့ကို စိတ်ကသိကအောက် ဖြစ်သွားအောင်လုပ်ချင်နေတဲ့ ဟန်ကလေးပါနေသလိုပဲ။ သူ့ကို ကြည့်ရတာ အဲဒီနေ့က တော်တော်ပျော်နေတဲ့ပုံ။ သူက ဆက်မေးပြန်တယ်။

"ယမင်း...သူက ချောလားဟင်"

အဲဒီအခါကျတော့ မေမေပြုံးလိုက်မိတယ် ထင်တယ်။

မေမေ သူ့ကို ဆက်ပြောပြရတာပေါ့။

"ကျွန်မနဲ့သူ ချစ်သူတွေဖြစ်ပြီးကြပြီးဆိုတာ သိပြီးတဲ့နောက်ပိုင်း မမြကတော့ ကျွန်မကို ခဏခဏပြောတတ်တာပဲ...ဆရာ၊ ယမင်းက အလှကြိုက်ပဲတဲ့၊ လှတာမက်ရင် ညစာခက်မယ်နော်...တဲ့၊ အင်း...သူ့ရုပ်က အနောက်တိုင်း





ဆန်တယ်ဆရာရဲ့၊ ဆရာ...ရက်ပ်အဆိုတော် အမ်မီနမ်ကိုသိလား၊ အဲဒီဆံပင်အတိုလေးနဲ့အဆိုတော်က သူနဲ့တော်တော်တူတယ်"

အဲဒီလို မေမေပြောတော့ သူကရယ်ပြန်ရော။ ပြီးတော့ ရယ်သံတွေကြားက မေမေ့ကိုပြောတယ်။

"ခက်တာပဲ၊ ကျွန်တော်ကလည်း သီချင်းနဲ့နည်းနည်းဝေးတဲ့ ဆရာဝန်တစ်ယောက် ဖြစ်နေတယ်၊ အထူးသဖြင့် ရက်ပ်တွေ၊ ဟစ်ဟော့တွေဆိုရင် ပိုဆိုးတာပေါ့၊ ကျွန်တော့်အသက် သိပ်ကြီးသွားပြီဗျာ"...တဲ့။

သူ့စကားကြောင့် မေမေလည်း ရယ်မိတော့တာပေါ့။ ရယ်ရင်းနဲ့ မေမေသူ့ကို နောက်ပြီးပြောလိုက်တယ်။ "ကဲ...ဆရာ၊ ကျွန်မဆီမှာ ဘာထပ်ပြီး စပ်စုဦးမှာလဲ"လို့။

မေမေက အဲဒီလိုမေးလိုက်တော့ သူ့ရယ်သံတွေ ရုတ်တရက် ရပ်တန့်သွားခဲ့တယ်။ သူ့မျက်နှာကလည်း ချက်ချင်းတည်ငြိမ်သွားပြီး မေမေ့ကို ခပ်တိုးတိုး စကားတစ်ခုပဲ ထပ်ပြောခဲ့တယ်။

"ကျွန်တော်...ယမင်းကို မေးခွန်းတစ်ခုပဲ ထပ်မေးချင်တယ်၊ အဲ့ဒါ အမှန်အတိုင်း ဖြေမလား"

မေမေ ချက်ချင်းခေါင်းခါပြလိုက်မိတယ်။ မေမေ သူမေးမယ့်မေးခွန်းကို ကြိုသိနေသလိုပါပဲ။

"ဆရာ...ကျွန်မကို သူနဲ့ပတ်သက်ပြီး ဘာမှထပ်မမေးပါနဲ့တော့လား၊ ကျွန်မ မပြောချင်တော့ဘူး"

မေမေက အဲဒီလို ငြင်းဆိုလိုက်တော့ မထင်မှတ်စွာပဲ သူကပြုံးတယ်လေ။ ပြီးတော့ သေချာလွန်းတဲ့လေသံနဲ့ မေမေ့ကိုထပ်ပြောတယ်။

"သူနဲ့မပတ်သက်ပါဘူး၊ အဲဒီမေးခွန်းက ကျွန်တော်နဲ့ပဲ ပတ်သက်တယ်"

အဲဒီအချိန်မှာ မေမေ စတင်အံ့သြသွားရတာပါပဲ။ မေမေ အရမ်းကိုတုန်လှုပ်သွားတော့တယ်။ သူက ရက်စက်စွာပဲ မေးပစ်လိုက်တယ်လေ။

"ယမင်း...ကျွန်တော့်ကို လက်ထပ်နိုင်မလားဟင်"

မေမေ သူ့မေးခွန်းကိုအကြားမှာ ရုတ်တရက် ကြက်သေသေသွားတယ်။ တခဏအတွင်း တိတ်ဆိတ်လွန်းသွားတဲ့ ဆံပင်ညှပ်ခန်းထဲမှာ မမျှော်လင့်စွာ "ဒေါက်..."ကနဲ ကျယ်လောင်တဲ့အသံတစ်ခု ထွက်ပေါ်လာတယ်။ မေမေ့လက်ထဲက သံဘီးအချွန်ကလေး ကြမ်းပြင်ပေါ် ပြုတ်ကျသွားတဲ့အသံပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မေမေတုန်ယင်နေတဲ့လက်တွေနဲ့ ငုံ့ပြီးကောက်မယ်အလုပ်မှာ သူက ဦးသွားပြန်တယ်။ သံဘီးကို သူကအရင် သွက်လက်စွာ လက်ထဲညင်သာစွာ ပြန်ထည့်ပေးတယ်။

ထည့်ပေးရုံတင်မကဘူး။ သူက မေမေ့လက်နှစ်ဖက်ကိုပါအုပ်ပြီး ကိုင်ထားလိုက်တယ်လေ။ အဲဒီအချိန်မှာ မေမေ့လက်တွေ အတိုင်းအဆမရှိ တုန်ယင်နေပါလိမ့်မယ်။

ဒါပေမယ့် ရုတ်တရက်သူက မေမေ့လက်တွေကို လွှတ်ပြီး အခုမှသတိရသွားတဲ့ပုံနဲ့ ပျာပျာသလဲ မှန်တင်ခုံပေါ်မှာချတ်ထားတဲ့ သူ့မျက်မှန်အဝိုင်းလေးကို ပြန်ယူကောက်တပ်တယ်။ သူ့ပုံစံက သူ့အသက်အရွယ်နဲ့ဆို တော်တော့်ကို ကလေးဆန်တဲ့ အမူအရာပေါ့။

ဒါပေမယ့် မေမေ့အဲဒီတုန်းက သူ့ကို မရယ်နိုင်ဘူး။ သူ့စကားကို ထိတ်လန့်တုန်လှုပ်စွာ ကြားလိုက်ရလို့ သူနဲ့ဝေးရာကို နောက်ဆုတ်သွားမိတယ်။ ဒါပေမယ့် သူက မေမေနဲ့နီးရာကိုပဲ ရှေ့တိုးလာပြန်တယ်။

"ယမင်း...ဖြေဦးလေ၊ ကျွန်တော့်ကို ယမင်းလက်ထပ်မယ် မဟုတ်လား"

မေမေဟာ သူ့စကားကို ချက်ချင်းနားကျည်းသွားမိတော့တယ်။ မေမေ့ရင်ထဲမှာ ဘာကိုဒေါသထွက်မှန်းမသိပဲ ခံရခက်မကျေနပ်စွာ ပြင်းထန်ပေါက်ကွဲသွားခဲ့တယ်။ မေမေ အသံခပ်ကျယ်ကျယ်နဲ့ သူ့ကို ပြန်ပြောလိုက်မိတော့တာပေါ့။

"ဆရာက ကျွန်မကို ဘယ်လိုဖြေစေချင်လို့လဲ၊ ဟုတ်ကဲ့လို့ပဲ ကျွန်မကို ဖြေနိုင်းနေတာ မဟုတ်ဘူးလား၊ ဆရာက ဒါကိုပဲကြားချင်နေတာ မဟုတ်ဘူးလား"

မေမေ ခေါင်းကိုငုံ့ပြီး သူ့ကိုအော်ဟစ်လိုက်မိတယ်။ မေမေရဲ့ အသံတွေကလည်း တကယ့်ကို တုန်ယင်လှိုက်ခါနေပါလိမ့်မယ်။

အဲဒီအခါ သူ...မေမေ့ကို တော်တော် အံ့အားသင့်တကြီး ဖြစ်သွားပုံပေါ်တယ်။ မေမေ့ရှေ့ကို သွက်လက်လျင်မြန်စွာ ရောက်လာပြီး ငုံ့ထားတဲ့ မေမေ့မျက်နှာကို လာငုံ့ကြည့်တော့တယ်။ အဲဒီတော့ သူပိုအံ့သြသွားတော့မှာပေါ့။

သူက ရေရွတ်လိုက်တယ်။

"ဟင်...ယမင်း ငိုနေတယ်"

ဟုတ်တယ်။ မေမေဟာ အဲဒီအချိန်တုန်းက တကယ့်ကို ကြေကွဲနာကျင်





စွာ ငိုနေခဲ့မိတာပါ။ မေမေ ဝမ်းသာရမှာလား။ သား...ပြောပါဦးကွယ်၊

ယောကျ်ားတစ်ယောက်ရဲ့လက်ထပ်ခွင့်တောင်းခံရတဲ့ မိန်းမတစ်ယောက်ဘဝဟာ မေမေ့အတွက်တော့ ကြည်နူးဝမ်းသာဖွယ်ရာ ကိစ္စတစ်ခု မဟုတ်တော့ပါဘူး။ သိပ်ကို နောက်ကျလွန်းခဲ့ပြီလေ...သားရယ်။

မျက်ရည်တွေနဲ့ အိုင်ထွန်းစိုရွှဲနေတဲ့ မေမေ့မျက်ဝန်းတွေကို သူ အံ့အားသင့်စွာ ငေးကြည့်ရင်း၊ ဆက်မေးနေပြန်တယ်။

"ယမင်း...ဘာဖြစ်လို့ငိုရတာလဲဗျာ၊ ကျွန်တော့်စကားမှာ ဘာမှားသွားလို့လဲဟင်၊ ပြောပါဦး၊ တစ်ခုခုတော့ ပြန်ပြောပါဦးဗျာ"

မေမေသူ့ကို မျက်ရည်တွေကြားကပဲ မော့ကြည့်လိုက်မိတယ်။ ပြီးတော့ ငိုသံတွေစွက်နေတဲ့ အသံနဲ့ မေမေသူ့မေးခွန်းကို ဖြေလိုက်ပါတယ်။

"မှားတာပေါ့...ဆရာ၊ ဆရာတို့က ကျွန်မကို ရွေးချယ်ခွင့်မှ မပေးကြပဲ၊ ကျွန်မရဲ့နှလုံးသားကို ဆရာတို့ရွေးချယ်ခွင့်မပေးကြဘူး၊ အခု...ကျွန်မက ဆရာ့ကို ငြင်းလိုက်တယ်ဆိုရင် ကျွန်မကပဲ သိပ်မိုက်မဲတဲ့ မိန်းကလေးတစ်ဦး ဖြစ်သွားဦးမယ်၊ ဟုတ်တယ်မဟုတ်လား၊ အဲဒါကိုက မှားနေတာမဟုတ်ဘူးလား"

ဒီတစ်ခါတော့ သူ့မျက်နှာပေါ်မှာ ခုနကထက် ပိုအံ့သြထိတ်လန့်သွားတဲ့ အမူအယာတွေပေါ်လာတယ်သားရဲ့။ သူဟာ ဘယ်တုန်းကမှ မပြောဖူးတဲ့ အင်မတန် မြန်ဆန်လွန်းတဲ့လေသံနဲ့ ချက်ချင်းပြန်မေးခဲ့ပါတယ်။

"ယမင်း...ယမင်း...ဆိုလိုတာ ယမင်းက ကျွန်တော့်ကို ငြင်းဆိုမယ်ဆိုတဲ့ သဘောပေါ့၊ ဟုတ်လား"

"ဟုတ်တယ်ဆရာ၊ ငြင်းမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒါ...ဆရာ့ရဲ့စိတ်ကူးယဉ်မှုတစ်ခု သက်သက်ပဲ၊ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပဲ၊ ဆရာ့ဘဝနဲ့ ကျွန်မဘဝက သိပ်ကိုဝေးကွာလွန်းတဲ့ ကမ္ဘာနှစ်ခုပါ၊ ဘယ်လိုမှ ဆက်စပ်လို့မရတဲ့ဘဝနှစ်ခုပါ၊ မတူညီတဲ့ ပတ်ဝန်းကျင်နှစ်ခုကို ပေါင်းစပ်ဖို့မကြိုးစားပါနဲ့ ဆရာရယ်၊ ဆရာ...စိတ်ကူးမယဉ်ပါနဲ့"

"ကျွန်တော် စိတ်ကူးယဉ်တာမဟုတ်ဘူး၊ ကျွန်တော်နဲ့ယမင်းကို ဘယ်သူက တားမြစ်နိုင်လို့လဲ၊ ကျွန်တော်ရော၊ ယမင်းရော နှစ်ယောက်စလုံး လွတ်လပ်တဲ့သူတွေချည်းပဲ၊ ဘာလို့ မဖြစ်နိုင်ရမှာလဲဗျာ"

သူက တစ်ခွန်းမခံ မေမေ့ကို အဲဒီတုန်းက ပြန်ငြင်းဆန်ခဲ့တယ် သား။ သူ့အသံဟာ အလွန်တက်ကြွစူးရှနေပြီး ဘယ်လိုမှ နောက်မဆုတ်နိုင်တော့မယ့်



www.burmeseclassic.com

www.burmeseclassic.com



မာန်တွေကို မေမေတွေ့လိုက်ရတယ်။ မေမေ ကြေကွဲသွားပါတယ်။ မေမေ သူ့အတွက် နာကျင်စွာ မျက်ရည်ကျမိပြန်ပါတယ်။

မေမေ ငိုနေရင်းနဲ့ ပြုံးလိုက်မိသေးတယ် ထင်ပါတယ်လေ။

"ဆရာ...အဲ့ဒါလွတ်လပ်ခြင်းနဲ့ မဆိုင်ပါဘူး၊ တကယ်တော့ လက်ထပ်တယ်ဆိုတာ ယောကျာ်းနဲ့မိန်းမတို့ရဲ့ တစ်ယောက်ကိုတစ်ယောက် လိုအပ်မှုပဲ၊ ဆရာ...အခုအချိန်မှာ ကျွန်မကို လိုအပ်တယ်လို့ ထင်နေသလားဆရာ၊ အဲ့ဒါဆို ဆရာသိပ်မှားသွားမှာပေါ့၊ သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး၊ ဒါမှမဟုတ် တစ်ချိန်ချိန်မှာ ဆရာသိလာနိုင်မယ် ထင်ပါတယ်၊ ဆရာ့ဘဝမှာ ကျွန်မကို မလိုအပ်ပါဘူး၊ ကျွန်မဟာ ဆရာလိုအပ်သင့်တဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး၊

ဆရာလိုအပ်သင့်တဲ့ မိန်းကလေးမျိုးတွေ ဆရာ့ဘေးနားမှာ အများကြီးပါ၊ ဒါသိပ်ကိုသေချာပါတယ်၊ ဂျူတီကုတ်ဖြူဖြူနဲ့ နားကျပ်ကလေးကို လည်ပင်းမှာ ပေါ်လွှားတင်ထားတဲ့ ပညာတတ်ဆရာဝန်မလေးတစ်ယောက်ကို ဆရာ ရွေးမလား၊ ဒါမှမဟုတ် သိပ်ကိုချောမောလှပပြီး သဘောလည်းပြည့်ဝတဲ့ အပျိုစင်သူနာပြုဆရာမ ငယ်ငယ်လေးတွေကို ပဲ ဆရာရွေးမလား၊ ဒါမှမဟုတ် ငွေကြေးဥစ္စာလည်းပြည့်စုံ၊ ဂုဏ်ဒြပ်အသိုင်းအဝိုင်းလည်းကောင်းတဲ့ အထက်တန်းကျကျ အမျိုးသမီးတစ်ယောက်ကိုပဲ ရွေးမလား၊ ဆရာ့ဘေးနားမှာ ဆရာလိုအပ်သင့်တဲ့သူတွေ အများကြီးပဲ၊ ဆရာဘာဖြစ်လို့များ ကျွန်မကိုမှ ရွေးချယ်ချင်ရတာ လဲ၊ ဆရာ..သိပ်မှားနေပြီ၊ အဲဒီလို မှားနေပြီဆိုတာ ဆရာ အခု နားလည်စေချင်တယ်၊

အချိန်အများကြီးနောက်ကျပြီးမှ ဆရာကိုယ်ကိုယ့်ကို မှားသွားမှန်းသိရင် ဆရာတင်မကဘူး၊ ကျွန်မပါ သိပ်နာကျင်ကြေကွဲရမယ့်အဖြစ်၊ ရောက်သွားလိမ့်မယ်ဆရာ၊ ကျွန်မ အဲဒီလိုမျိုး အဖြစ်မခံနိုင်ဘူးလေ၊ ဆရာ...နောင်တရသွားမယ့်အဖြစ်ကို ကျွန်မအရောက်မခံနိုင်ပါဘူး"

မေမေက အဲဒီလောက်အထိ သူ့ကို အနူးအညွတ်ရှင်းပြ တောင်းပန်တာတောင် သူကခေါင်းကိုတွင်တွင်ခါပြီး ငြင်းဆန်တုန်းပါပဲ။ အံ့သြစရာ ကောင်းလိုက်တာသားရယ်။ သူဟာ မေမေ့ကို အဲဒီလောက်အထိ လိုအပ်နေခဲ့လို့လား။ သူ့ရဲ့ရွေးချယ်မှုဟာ သူ့ခေါင်းထဲမှာ ဘယ်တုန်းကတည်းက ဘယ်လောက် ကြာကြာများ ဝင်ရောက်နိုအောင်းနေခဲ့ပါလိမ့်။

သူက ခေါင်းကိုခါရင်း ပြတ်သားလွန်းစွာ မေမေ့ကို အော်ဟစ်ပြန်တယ်။





"ကျွန်တော်...ဘယ်တော့မှ နောင်တမရဘူး၊ ဆရာဝန်တွေဟာ ဆုံးဖြတ်ချက်ကို ဘယ်တော့မှ လွယ်လွယ်မချတတ်ဘူး၊ ဆုံးဖြတ်ပြီးရင်လည်း ပြန်မပြင်တတ်ဘူး...ယမင်း"

"အဲဒီဆုံးဖြတ်ချက်က ကျွန်မနဲ့ဆရာစတွေ့ပြီး ရင်းနှီးခဲ့ရတဲ့ နှစ်လ လောက် အချိန်အတွင်းမှာ ချခဲ့တာဆိုရင်တော့ သိပ်တိုတောင်းလွန်းပါတယ် ဆရာ"

သူက ကျေနပ်တဲ့အပြုံးတစ်ခုကို အဲဒီအချိန်မှာ ပြုံးတယ်။ မေမေလေ သူ့အပြုံးကို မြင်လိုက်ရတဲ့အခိုက်အတန့်မှာ သိပ်ကို ထိတ်လန့်သွားခဲ့တယ်။

သူက ပြောပြခဲ့ပါတယ်။

"ကျွန်တော် စဉ်းစားရမိသလောက်ပြောရရင် အဲဒီထက်ပိုတိုတောင်းခဲ့တယ် ထင်ပါတယ်၊ ဆရာကြီးရဲ့ရုံးခန်းထဲမှာ အထူးကု ဆရာဝန်နှစ်ယောက်ရဲ့ ကုထုံးတွေကို ငြင်းဆန်ခဲ့တဲ့၊ သူ့ရင်သွေးကလေးကို သိပ်ချစ်တတ်တဲ့ မိခင် တစ်ယောက်ရဲ့သတ္တိကို စတွေ့လိုက်ချိန်ကလေးမှာပဲ ဆုံးဖြတ်လိုက်တာ ဆိုပါတော့ဗျာ"

မေမေ့မျက်လုံးတွေ ဝိုင်းစက်ကုန်ကြတယ်။ သူ့ရဲ့စကားတစ်ခွန်းဟာ မေမေ့ကို ဘယ်လောက် တုန်လှုပ်သွားစေနိုင်မှန်း သူမသိဘူးနဲ့ တူပါတယ်။ မေမေလေ...နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ယင်လာပေမယ့် နှုတ်ဖျားက စကားသံ မထွက်နိုင်တော့ဘူး။ အံ့အားသင့်စွာ သူ့နဲ့ဝေးရာနောက်ဖက်ကို တစ်ချက်ယိုင်ယှဲ့သွားခဲ့တယ်။

အဲဒီအချိန်မှာ သူက မေမေ့အပေါ် လုံးဝစိတ်မရှည်တော့သလို မေမေ့ရဲ့ လက်မောင်းနှစ်ဖက်ကို ချက်ချင်းဆုပ်ကိုင်ပြီး မေမေ့ကို ဆွဲလှုပ်တယ်။ ပြီးတော့ ပါးစပ်ကနေလည်း ကျယ်လောင်စွာပြောတော့တယ်။

"ယမင်းယုံအောင် ကျွန်တော်ဘယ်လိုပြောရမလဲ၊ အဲဒါ...အချစ်ကြောင့်ဆိုတာ ကျွန်တော်ဘယ်လိုပြောပြရမလဲ၊ သိလားဗျ၊ အဲဒါ...အချစ်ကြောင့်၊ အချစ်တစ်ခုတည်းကြောင့်..."

ဟင့်အင်း...။ မေမေ ဒီတစ်ခါတော့ ခုနကထက် တုန်လှုပ်စွာ ခေါင်းကို ဆတ်ကနဲ ခါလိုက်ပါတယ်။ မေမေ့ အသည်းနှလုံးတွေ ဝုန်းကနဲပေါက်ကွဲလွင့်စင်သွားသလိုပဲ။ အခုတော့ အားလုံးပြီးဆုံးသွားကြပြီ။ မေမေ့အတွက် အရာအားလုံး ပြီးဆုံးသွားကြပြီ သားရယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့လက်မောင်းကိုကိုင်ထားတဲ့ သူ့လက်တွေကို မေမေအတင်းဆွဲဖြုတ်လိုက်ပါတယ်။ သူသိပ်အံ့ဩသွားတယ်။ ပြီးတော့ မေမေ့ကို တစ်ခါမှ မမြင်ဖူးတဲ့ သူစိမ်းတစ်ယောက်လို ငေးကြည့်နေတယ်။ မေမေ့မျက်နှာဟာ ချက်ချင်းမဲ့ကျသွားမှာပါ။ ပြီးတော့ မေမေငိုချလိုက်တယ်။

"ဆရာ ဒီတစ်ခါတော့ တကယ်မှားယွင်းကုန်ကြပြီ ဆရာ၊ ကျွန်မကို... ကျွန်မကို...ခွင့်လွှတ်ပါ"

မေမေ့အသံဟာ တစ်စထက်တစ်စ တိုးတိမ်စပြုလာတယ်။ မေမေ တစ်ချက်ရှိုက်လိုက်တယ်။ ပြီးတော့ သူ့မျက်နှာကို မော့ကြည့်ပြီး အစွမ်းကုန် အားတင်းရင်း ပြောလိုက်မိပါတယ်။

"ကျွန်မလေ...ဆရာ့ကိုပေးဖို့ အချစ်မရှိတော့ဘူးဆရာ၊ ကျွန်မ ယောကျ်ား တစ်ယောက်ကိုချစ်ဖို့လည်း သတ္တိမရှိတော့ပါဘူး၊ ကျွန်မ...သွားတော့မယ်"

မေမေဟာ အဲဒီစကားကို နောက်ဆုံးပြောပြီး သူ့ရှေ့ကနေ ငိုရင်းရှိုက်ရင်း ကမန်းကတန်း ပြေးထွက်လာခဲ့မိပါတယ်။ သူကတော့ မေမေ့နောက်မှာ ကျောက်ရုပ်တုတစ်ခုလို ကျန်ရစ်ခဲ့ရှာတာပေါ့လေ။

မေမေဟာ မျက်ရည်တွေနဲ့ထွက်ပြေးလာတဲ့အခါ မီးဖိုခန်းထဲက ကော်ဖီခွက်သုံးခွက် ပူပူနွေးနွေးကိုင်ပြီးထွက်လာတဲ့ မမမြကို ဝင်တိုက် မိတော့မလို့ပဲ။ မမမြက "ဟဲ့...အို..."လို့ အာမေဍိတ်သံပြုပြီး မေမေ့ကို ငေးကြည့်ရင်း ကြောင်တောင်တောင်နဲ့ ရပ်တန့်သွားတယ်။

မေမေ မမမြကို ဘာမှမရှင်းပြနိုင်တော့ပါဘူး။

မျက်ရည်တွေသိမ်းရင်းဆည်းရင်း အပေါ်ထပ်ခိုးဆီက မေမေ့ အိပ်ခန်းကလေးထဲကိုပဲ ပြေးတက်ခိုဝင်ရင်း သူတို့ကို ကျောခိုင်းထားခဲ့တော့တယ်။ မမမြက အောက်ထပ်မှာ သူနဲ့အတူကျန်ခဲ့တယ်။ သူ့ကို မမမြက ဘာဖြစ်ကြတာလဲလို့ မေးမှာပါ။ သူကလည်း အကျိုးအကြောင်း ရှင်းပြသလိုလိုနဲ့ မမမြဆီမှာ အကူအညီတောင်းဦးမှာပါ။

မေမေထပ်ခိုးပေါ်မှာ ငိုကြွေးနေတဲ့အချိန် အောက်ထပ်မှာလည်း သူတို့ နှစ်ဦး စကားတိုးတိုးပြောနေသံတွေကို ကြားနေရပါတယ်။ ခဏကြာမှ တိုက်ခန်းရှေ့က ကားစက်နိုးသံ၊ မောင်းထွက်သွားသံတွေ ကြားလိုက်ရတယ်။

သူ ပြန်သွားပါပြီ။ ကားသံ တဖြည်းဖြည်းတိုးသွားတဲ့အထိ မေမေ ကြေကွဲစွာ နားထောင်နေခဲ့မိတယ်။





မေမေလေ...အဲဒီညက ကံကြမ္မာကို သိပ်မုန်းမိပါတယ်...သားရယ်။ သူနဲ့ နောက်ကျစွာ တွေ့ခွင့်ပေးခဲ့တဲ့ ကံကြမ္မာကို မေမေ...မုန်းခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

သူနဲ့ပတ်သက်လာရင် မေမေ့အတွေးတွေဟာ အမြဲလိုလိုမှားယွင်းခဲ့တယ် သားရဲ့။ မေမေ ထင်ထားမိတယ်လေ။

သူကမေမေ့ကို လက်ထပ်ခွင့်တောင်းတဲ့အကြောင်း မမမြဆီမှာ ဖွင့်ပြော ပြပြီး သူ့အတွက် ကူပြောတိုက်တွန်းပေးဖို့ပါ မမမြကို မှာခဲ့မှာပဲလို့။

အဲဒါကြောင့် အဲဒီနေ့ညနေက သူပြန်သွားပြီးတဲ့နောက်ပိုင်း မေမေ့ကို မမြလာပြီး မေးမြန်းမယ့်အချိန်ကို မေမေစောင့်နေမိတယ်။ မမမြကို မေမေ ဘယ်လိုရင်ဆိုင်ပြီး ဘယ်လိုစကားမျိုးတွေနဲ့ ရှင်းပြငြင်းဆန်ရမလဲလို့ မေမေ ကြိုတင်စိတ်ပူနေမိတယ်။

မမမြကတော့ မေမေ့ကိုဆူမှာပဲလို့ မေမေထင်ထားတာ၊ ဒေါက်တာ မြင့်မိုရ်ဟာ မေမေ့အတွက် ဘာများငြင်းဆန်စရာရှိလဲလို့ သူကပြောမှာပေါ့။ မေမေ့အပေါ် အကောင်းဆုံးလူတစ်ယောက်လို့ပဲ မမမြက ပြောဦးမှာပေါ့။

ဒါပေမယ့် မေမေ့အထင်တွေ မှားခဲ့တယ်လေ။ အဲဒီနေ့ညက မမမြဟာ မေမေ့ကို သူနဲ့ပတ်သက်ပြီး ဘာစကားတစ်ခွန်းမှ လာမမေး၊လာမပြောခဲ့ပါဘူး။ မေမေ သိပ်အံ့သြသွားခဲ့တယ်။ မမမြက မေမေရှိနေတဲ့ ထပ်ခိုးပေါ်တက်လာပြီး "ခင်လေး...သိပ်မငိုနဲ့နော်၊ ခေါင်းတွေကိုက်နေမယ်"...လို့ လာချော့ပြောတဲ့ စကားတစ်ခွန်းကလွဲပြီး ဘာမှထပ်မပြောခဲ့ဘူး သားရဲ့။

အဲဒီနေ့ညကမှ မဟုတ်ဘူး။ နောက်ရက်တွေ၊ရက်တွေမှာလည်း မမမြဟာ သူနဲ့ပတ်သက်ပြီး မေမေ့ကို ဘာအကြောင်းမှ လာမပြောခဲ့ပါဘူး။

အဲဒီ သီတင်းပါတ်တစ်ပါတ်လုံး သူ့အကြောင်းကို ဘာစကား တစ်ခွန်းမှ မဟခဲ့ဘူး။ မေမေ တဖြည်းဖြည်းနဲ့ အံ့သြခဲ့ရတာပေါ့။

မမမြရဲ့မျက်နှာကလည်းပုံမှန်ပါပဲ။ မေမေ့ကို စိတ်ဆိုးငြိုငြင်တဲ့ပုံမပြဘူး။ တစ်ပါတ်လုံး အရင်ကအတိုင်းပဲ။ အလုပ်ပြင်ဆိုင်အလုပ်ကို ပုံမှန်လုပ်တယ်။





မေမေ့ကျန်းမာရေးအတွက်လည်း အရင်ကလိုပဲ ပုံမှန်ဂရုစိုက်တယ်။ သူ့ပေးထားတဲ့ ဆေးတွေကိုလည်း ပုံမှန်အချိန်တိုက်တယ်။ မမမြက သူ့အကြောင်း စကားစတော့ မေမေလည်း ဘာမှပြောပြကိုင်ပင်ဖို့ စိတ်မကူးတော့ဘူးပေါ့။ မသိသလိုပဲ မေမေဟန်ဆောင်ပြီး နေလိုက်တာပေါ့။

ဒါပေမယ့် ဘာမှမဖြစ်သလို ဟန်ဆောင်နေတဲ့ မေမေ့အမူအရာက တစ်ပါတ်ပဲ ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စနေနေ့ညနေ ရောက်တဲ့အခါ မေမေမျှော်လင့်ထားသလို သူရောက်လာလိမ့်ဦးမယ် ထင်ထားခဲ့တဲ့အတွေးဟာ မှားသွားပြန်လို့ပေါ့။

သူရောက်မလာခဲ့ဘူးလေ။

သူဟာ မေမေတို့တိုက်ခန်းကလေးဆီမှာ စနေ၊ တနင်္ဂနွေတိုင်း လာရောက်လည်ပတ်တတ်တဲ့ဓလေ့ကို စတင်ဖျက်ပစ်ခဲ့ပြီပဲ။ မေမေ့ကို ရွှေတိဂုံဘုရားဆီ အပတ်တိုင်းပို့ပေးတဲ့ အလုပ်ကိုလည်း သူဖျက်ခဲ့ပြီပေါ့။

မေမေ စိတ်ရှုပ်ထွေးသွားတယ်သားရဲ့။ မေမေ့နဲ့သူ့ဇာတ်လမ်းလေးက ဒီလိုမျိုးနဲ့ပြီးဆုံးသွားပြီလား။ မဟုတ်သေးပါဘူး။ ဒီလိုမျိုး ပြတ်တောင်းစွာနဲ့တော့ ဇာတ်မသိမ်းသင့်သေးပါဘူး။ မေမေ ဝန်ခံပါတယ်။ သူဟာ မေမေ့အပေါ် အံ့သြစရာကောင်းလောက်အောင် အနစ်နာခံ နားလည်ပေးခဲ့တဲ့သူပဲ။ ဂရုစိုက်ကြင်နာခဲ့တဲ့သူပဲ။ သူ့ကို မေမေ မကြေကွဲစေချင်ပါဘူး။ မေမေ့ရဲ့ပြတ်သားမှုနဲ့ သူ့ကို စိတ်ဆင်းရဲအောင် မလုပ်ချင်ပါဘူး။ သူ အခု မေမေ့ကြောင့် နာကျင်သွားပြီလား။ မေမေ ပြန်စဉ်းစားမိခဲ့ပါရော။

သူကလည်း မေမေ့ကို နောက်ထပ်တစ်ကြိမ် ပြန်တွေ့ဖို့ကိုတောင် မစဉ်းစားတော့ဘူးလား။ ဘာပဲဖြစ်ဖြစ် မေမေ့အနေနဲ့ သူ့ကို ခင်မင်စရာအကောင်းဆုံး မိတ်ဆွေတစ်ဦးအနေနဲ့တော့ မေမေ့ဘဝထဲမှာ လက်ခံထားချင်ပါသေးတယ်။ မိတ်ဆွေတွေအဆင့်နဲ့ မေမေသူ့ကို ရင်းနှီးအားကိုးချင်ပါသေးတယ်။ အဲဒါကိုတောင် သူက လက်မခံနိုင်တော့ဘူးလား။

မေမေဟာ အဲဒီသီတင်းပါတ်အကုန် စနေနေ့မှာ သူရောက်မလာတာနဲ့ အတွေးတွေ ရှုပ်ယှက်ခတ်စဉ်းစားနေမိခဲ့တာပေါ့။ သူ့ကို ဒီလိုတိတ်တဆိတ် ကြေကွဲသွားအောင် လုပ်မိတာထက်စာရင် မေမေ သူ့ကို နားလည်လက်ခံလာအောင် တစ်ခုခုတော့ ပြောချင်ပါသေးတယ်။ နှစ်သိမ့်မှုတစ်စုံတစ်ရာကိုလည်း ဖြစ်နိုင်ရင် ရှာဖွေပေးချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဦးနှောက်တွေခြောက်လာတဲ့အခါ အနားမှာတိုင်ပင်စရာဆိုလို့ မမမြပဲရှိတာကိုး သားရဲ့။ မေမေလည်း သူ့အကြောင်းကို ဖွင့်မပြောဘဲ မတိုင်ပင်ဘဲ မဖြစ်တော့ဘူးလို့ ဆုံးဖြတ်မိပြီး မမမြကို ခပ်ရှက်ရှက်နဲ့ပဲ အဲဒီ ခနေ့နေ့ညမှာ စမေးလိုက်ရတာပေါ့။

"မမမြ…ခင်လေးကို သူနဲ့ပတ်သက်ပြီး ဘာဖြစ်လို့တစ်ခွန်းမှ မမေးခဲ့တာ လဲဟင်"

မေမေရဲ့မေးခွန်းကိုကြားတော့ မမမြကပြုံးတယ်။ ပြီးတော့ မေမေ့ကို မျက်စောင်းလဲ့လဲ့ တစ်ချက်ထိုးတယ်။ ပြီးတော့ ဖြေတယ်လေ။

"မေးချင်တာမှ ပါးစပ်ကိုယားနေတာပဲ၊ ဟင်း…သူက တားထားလို့ပေါ့"

"သူက တားထားလို့…"

မေမေအံ့ဩစွာ မမမြစကားကို သံယောင်လိုက်ပြီးတော့ ပြောမိတယ်။ ဒီတော့ မမမြဆီက ရယ်သံတွေထွက်လာရော။ ပြီးမှ ဆက်ပြောပြန်တယ်။

"သူကလေ…မမမြကို မှာသွားတယ်၊ သူနဲ့ပတ်သက်ပြီးတော့ ခင်လေးကို ဘာမှထပ်မပြောပါနဲ့တဲ့၊ သူ့အတွက် ခင်လေးကိုတိုက်တွန်းတာ ဖိအားပေးတာ တွေ ဘာမှမလုပ်စေချင်ဘူးတဲ့၊ ခင်လေးအခုအချိန်မှာ သိပ်စိတ်ညစ်နေမှာ သူသိတယ်၊ ခင်လေးစိတ်ညစ်အောင် မမမြ ဘာမှထပ်မပြောနဲ့တော့နော်တဲ့ သူက သေသေချာချာမှာသွားတာ၊ ပြီးတော့ သူကပြောသေးတယ်၊ ဦးနှောက် အကျိတ်ဝေဒနာရှင်တချို့ဟာ တစ်ခါတစ်လေကျတော့ စိတ်ဝေဒနာလည်း ခံစားရတတ်တယ်တဲ့၊ အထူးသဖြင့် Depression လို့ခေါ်တဲ့ စိတ်ကျရောဂါ တွေ…ဘာတွေကို ရတတ်တယ်တဲ့၊ ခင်လေးကို သူအဲဒီလို မဖြစ်စေချင်ဘူး ခင်လေး စိတ်ထိခိုက်အောင် မမမြ ဘာမှမပြောရဘူးတဲ့လေ၊ ကဲ…သိပြီလား ကောင်မလေး၊ အဲဒါ သူ…မင်းအပေါ်ထားတဲ့ အကြင်နာတရားမဟုတ်လို့ ဘာ များလဲကွယ်"

မေမေ့ရင်ထဲမှာ ရုတ်တရက် နွေးကနဲဖြစ်သွားတယ်သား။ အဲဒီ ခံစားချက် ကလေးဟာ အံ့ဩဖို့လည်း ကောင်းတယ်။ ကျေနပ်ဖို့လည်း ကောင်းတယ်။ ဒါပေမယ့် မေမေကျေနပ်သွားမိတာ မမမြကိုတော့ ဖွင့်မပြောဖြစ်ခဲ့ဘူး။ မေမေ မျိုသိပ်ထားလိုက်ပါတယ်။

မေမေ မမမြကို ပြန်ပြောလိုက်မိတယ်။

"ခင်လေး…သူ့ကြောင့်တော့ စိတ်မညစ်ပါဘူး၊ ပြီးတော့ စိတ်ခါတ်လည်း





မကျပါဘူး မမမြရယ်"

မေမေအဲဒီလို ပြန်ပြောလိုက်တော့ မမမြက မေမေ့မျက်လုံးထဲ စူးစူးစိုက်ကြည့်တယ်။ ပြီးမှ တစ်ခွန်းတည်း ပြန်ပြောခဲ့တယ်။

"ဒါပေမယ့် ကိုယ့်အထင်တော့ ခင်လေး ရူးနေပြီထင်တာပဲ"

မမမြစကားကြောင့် မေမေ့မှာ "ရှင်…"လို့ နားမလည်နိုင်စွာ အာမေဍိတ် သံထွက်သွားတော့ မမမြက ဟက်ဟက်ပက်ပက်ရယ်တယ်လေ။ ပြီးတော့ ရယ်သံတွေစွက်နေတဲ့အသံနဲ့ မေမေ့ကို ပြောခဲ့တယ်။

"မင်းရူးနေလို့သာ ဆရာမြင့်မိုရ်လို လူမျိုးကို ငြင်းဆန်ခဲ့တာနေမှာပေါ့၊ သူ့မှာ ဘာချို့ယွင်းချက်ရှိလို့လဲ ခင်လေးရယ်၊ ကိုယ်တော့ ရှာမတွေ့ဘူး"

မေမေ ခေါင်းခါလိုက်မိပါတယ်။

"မမမြ ဒီလိုပြောမယ်ဆိုတာ ခင်လေးသိပါတယ်၊ ဟုတ်ပါတယ်၊ သူ့မှာ ချို့ယွင်းချက်ဘာမှမရှိပါဘူး၊ ရှိတာက ခင်လေးပါ မမမြရယ်၊ ခင်လေးလေ…"

မေမေအဲဒီလိုပြောလိုက်တော့ မမမြရဲ့မျက်နှာဟာ ညိုဆြင်းသွားပြီး "အို…မဟုတ်တာ"လို့ ငြင်းဆန်လိုတဲ့ စကားထွက်လာတယ်။ ဒါပေမယ့် မမမြ ငြင်းလို့ မရဘူးလေ။ အဲဒါအမှန်တရားကိုး။

"ခင်လေး ဆုံးဖြတ်ချက်က မမမြအနေနဲ့ရော၊ ခင်လေးအတွက်ပါ မှား ကောင်းမှားနေမှာပါ၊ ဒါပေမယ့် သူ့အတွက်တော့ မှန်လိမ့်မယ် မမမြ၊ ခင်လေး သူ့အတွက် ဆုံးဖြတ်ခဲ့တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါ သူစိတ်ကူးယဉ်နေတာ ပါ မမမြရယ်၊ ခင်လေးကိုလက်ထပ်လိုက်တဲ့အခါ သူဘယ်လောက်ထိ ပေးဆပ် ရလိမ့်မယ်ဆိုတာ သူမသိဘူး၊ ခင်လေးအတွက် သူ့ရဲ့မြင့်မားလွန်းတဲ့ ဘဝ ထဲက လှေကားထစ်တွေ ဘယ်နှစ်ထစ်လောက် ဆင်းလာရမယ်ဆိုတာ သူ— စဉ်းစားမထားဘူး၊ ဒါတွေကို သူတွေးမိတဲ့အခါ သူနောင်တရလာတော့မှာ သေချာပါတယ်၊ အဲဒီလိုနောင်တကို နောက်ကျစွာ ရောက်လာမှာစိုးလို့ ခင်လေးငြင်းဆန်ရတာပါ"

မေမေ့စကားကို မမမြကလက်မခံခဲ့ပါဘူး။ ချက်ချင်း အငြင်း စကားပြော နဲ့တယ်။

"လှေကားထစ်တွေပေါ်က သူဆင်းလာမှာမဟုတ်ဘူးခင့်လေး၊ ခင်လေး ကို လှေကားထစ်တွေပေါ် တစ်ထစ်ချင်းဆွဲခေါ်တင်ပေးမယ့်သူ၊ ခင်လေးကို လှေကားပေါ် တက်နိုင်းမယ့်သူ ခင်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ပြုံးလိုက်ပါတယ်။ ပြုံးရင်းနဲ့ပဲ မေမေခေါင်းခါပြလိုက်မိတယ်။

"ခင်လေး နောက်ထပ်လှေကားတစ်ခုပေါ် မတက်ချင်တော့ဘူး မမမြ၊ ခင်လေးကြိုးစားခဲ့ဖူးတယ်၊ ခင်လေး တစ်ကြိမ်တစ်ခါက လှေကားတစ်ခုပေါ် တက်ဖို့ ကြိုးစားခဲ့ဖူးတာပဲ၊ ဒါပေမယ့် မအောင်မြင်ခဲ့ဘူးလေ၊ ခင်လေး ရှုံးနိမ့်ခဲ့တယ်၊ ခင်လေး အဲဒီလှေကားပေါ်က ဒလိမ့်ခေါက်ကွေး ပြုတ်ကျခဲ့ဖူးတယ်၊ ဒီတော့ နောက်ထပ်လှေကားတစ်ခုပေါ်တက်ဖို့ ခင်လေးမှာ သတ္တိမရှိတော့ဘူး၊ ခင်လေး မကြိုးစားချင်တော့ပါဘူး မမမြရယ်"

မေမေ့စကားအဆုံးမှာ မမမြက ရုတ်တရက် ဝမ်းသာအားရ ဖြစ်သွားတဲ့ မျက်နှာထားနဲ့...။

"ကိုယ်သိပြီ၊ မင်းဘာဖြစ်လို့ သူ့ကိုငြင်းလိုက်ရသလဲ...ကိုယ်သိပြီ၊ တကယ်တော့ မင်းကြောက်နေတာပဲ၊ မင်းသူ့ကို ဆုံးရှုံးလိုက်ရမှာကို ကြောက်နေတာ၊ မင်း အဲဒါကိုတွေးကြောက်ပြီး သူ့ကိုငြင်းလိုက်တာ မဟုတ်လား"

"ဟုတ်တယ်...ခင်လေးကြောက်တယ်၊ ခင်လေးကြောက်တယ်၊ ခင်လေး မကြောက်သင့်ဘူးလား မမမြရယ်၊ စဉ်းစားကြည့်စမ်းပါဦး၊ ခင်လေးဘဝမှာ ခင်လေးချစ်ခင်နှစ်သက်သူတွေကို ဆုံးရှုံးခဲ့ရတယ်၊ ခင်လေးအတွက် လိုအပ်စွာ တွယ်တာရမယ့်သူတွေကို လက်လွှတ်ခဲ့ရတယ်၊ ခင်လေးရဲ့မိသားစု၊ ခင်လေးရဲ့ ချစ်သူ...သူတို့ခင်လေးကို ထားခဲ့ကြတယ်၊ ခင်လေး ကြောက်သင့်တာပေါ့၊ ခင်လေး သိပ်ကြောက်သွားပြီဖေါ့၊ ခင်လေး နောက်တစ်ကြိမ် ဒီလိုမခံစားချင်တော့ဘူး...မမမြ၊ လူတစ်ယောက်ကို ခင်လေးရဲ့နှလုံးသားပဲဖြစ်ဖြစ်၊ ဘဝပဲဖြစ်ဖြစ် ပုံအပ်ပြီးမှ ပြန်ပြီးစွန့်လွှတ်ရမယ့်အဖြစ်ကို ခင်လေး မရောက်ချင်တော့ဘူး၊ သူနဲ့ခင်လေးတို့ရဲ့ဇာတ်လမ်းက ပုံပြင်လေးတစ်ပုဒ်လို လှပကောင်းလှပပါလိမ့်မယ်၊ ဒါပေမယ့် အဲဒါပုံပြင်တစ်ပုဒ်လို့ပဲ ထားလိုက်ကြရအောင်လေ၊ တကယ်ဖြစ်မလာနိုင်တဲ့ ပုံပြင်လေးပေါ့...မမမြရယ်"

မမမြက ခေါင်းကိုခါတယ်။ ဖြည်းညှင်းလေးကန်စွာ ခေါင်းကိုခါခဲ့တယ်။ ပြီးတော့ မေမေ့မျက်နှာကိုလည်း နွေးထွေးကြင်နာလွန်းတဲ့ မျက်လုံးတွေနဲ့ ငေးစိုက်ကြည့်ရင်း တိုးတိုးလေးတစ်ခွန်း ထပ်ပြောခဲ့တယ်။

"အဲဒါ...ပုံပြင်ဆိုရင်လည်း ကိုယ်ကတော့ ပျော်ရွှင်စရာဇာတ်သိမ်းနဲ့ ဆုံးစေချင်တယ်...ခင်လေး"

မမမြစကားကြောင့် မေမေရယ်မောခဲ့မိပါတယ်သား။ မမမြက တကယ့်





ကို နှစ်သိမ့်ကောင်းတဲ့သူပါပဲ။ ဒါပေမယ့် မေမေရယ်မောနေချိန်မှာတော့ အသည်းနှလုံးတွေ နာကျင်နေခဲ့ပါတယ်လေ။

"ဒါပေမယ့် ပုံပြင်တိုင်းဟာ ပျော်ရွှင်စရာနဲ့ အဆုံးသတ်ကြတာတော့ မဟုတ်ဘူးလေ...မမမြ"

မေမေက အဲဒီလိုပြောတော့ မမမြဟာ မေမေ့ခေါင်းပေါ်က ဆံပင်တွေကို ဖွဆော့ရင်း ပြုံးပြီးပြောခဲ့တယ်။

"တကယ်တော့ ခင်လေးက ဆရာ့ကိုသာ စိတ်ကူးယဉ်တယ်...လို့သာ စွတ်စွဲနေတာ၊ တကယ်စိတ်ကူးယဉ်တဲ့သူက ခင်လေးပဲ၊ အမှန်တရားကို ရင်မဆိုင်ရဲတာ ခင်လေးပဲ၊ တကယ့် လက်တွေ့ဘဝထဲကို ခင်လေးထွက်လာခဲ့ပါတော့...ခင်လေးရယ်၊ ဆုံးရှုံးမှုတွေ၊ နာကျင်မှုတွေက ဟိုအဝေးကြီးမှာ ကျန်ခဲ့ပါပြီ၊ ကြေကွဲစရာကောင်းတဲ့အဖြစ်တွေက အတိတ်မှာပြီးဆုံးသွားပါပြီ၊ ခင်လေးအဲဒါတွေကို မေ့လိုက်တော့နော်...၊ ဟုတ်လား၊ လောကမှာလေ ည ဆိုတာ အမြဲတမ်းမရှိနိုင်ဘူး ခင်လေးရဲ့၊ အလင်းရောင်ပေါ်လာတဲ့ နေ့ဆိုတာ ရှိရဦးမယ်၊ ခင်လေး အခု...အလင်းရောင်တစ်ခုကို တွေ့နေပြီ၊ ဒါအမှန်ပဲ ဒါ...တကယ့်အဖြစ်အပျက်ပဲ"

အလင်းရောင်...တဲ့။ ဘယ်လောက် နှစ်သက်ကြည်မွေ့စရာ ကောင်းတဲ့ ဥပမာတစ်ခုလဲ သားရယ်။ ဟုတ်ပါ့မလား။ မေမေ အဲဒီအလင်းရောင်ကို တွေ့နေတာ ဟုတ်ပါ့မလား။

မေမေ့ သိစိတ်ထဲကနေ့ မယုံရဲရဲနဲ့ အတင်းငြင်းဆန်နေခဲ့တယ်။ ဟင့်အင်း ...အဲဒီအလင်းရောင်ကိုမရလို့ ရူးသွပ်သူတစ်ယောက် မေမေ...မဖြစ်ချင်ဘူး။ မေမေလေ တော်တော် ကြာကြာအထိ မမမြကို ဘာစကားမှ ပြန်မပြောမိဘူး။ မေမေတို့ရဲ့ထပ်ခိုးပေါ်မှာ တိတ်ဆိတ်မှုတွေ ခေတ္တကြီးစိုးသွားခဲ့တော့တယ်။

နောက်ဆုံးမှ မေမေ...စကားတစ်ခွန်းကို အတင်းကြိုးစားရှန်းကန်ပြီး ထုတ်ပြောလိုက်မိပါတယ်...သား။

"မမမြ...ဒီနေ့ သူဘာဖြစ်လို့ ရောက်မလာတာလဲဟင်"

မေမေ့မေးခွန်းအဆုံးမှာ မမမြရဲ့မျက်ခုံးနှစ်ဖက်က မြင့်တက်သွားကြတယ်။

"မင်းဆိုလိုတာ သူ့ကိုဒီနေ့ လာစေချင်နေတဲ့ သဘောလား...ခင်လေးရဲ့"

မေမေ ပြန်ဖြေလိုက်ပါတယ်။ အမှန်အတိုင်းပဲ မေမေဖြေလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အကောင်းဆုံးမိတ်ဆွေတစ်ဦးအနေနဲ့ ခင်လေး အားလည်းကိုးချင်ပါသေးတယ်၊ ရင်းနှီးမှုလည်း ရှိချင်ပါသေးတယ်...မမမြရယ်"

"ဒါဆို...ခင်လေးကို မနက်ဖြန် ဘုရားလိုက်ပို့ပေးပါဦး...လို့ သူ့ဆီကို ဖုန်းဆက်လိုက်ရမလားဟင်"

"မမမြဆီမှာ သူ့ဖုန်းနံပါတ် ရှိလို့လား"

မေမေက အဲဒီလိုမေးလိုက်တော့ မမမြကလေ ခုနကအပြုံးတွေထက် ပိုပြီးတောက်ပလွန်းတဲ့ အပြုံးတစ်ခုကို ပြုံးနေခဲ့တာပေါ့။ ကျေနပ်လွန်းစွာ ပြုံးလိုက်တဲ့အပြုံးမျိုး...။ ပြီးတော့မှ မေမေ့ကိုငုံ့ကြည့်ရင်း ခပ်ဖြည်းဖြည်း ပြောသွားခဲ့တယ်။

"သနားစရာကောင်းလိုက်တဲ့ မိန်းကလေး၊ လူတစ်ယောက်ရဲ့မေတ္တာကို သေသေချာချာမသိပဲ မျက်စိစုံမှိတ်ပြီး ငြင်းဆန်ခဲ့တာပဲနော်၊ သူကလေ မမမြကို ခင်လေးစိတ်ညစ်အောင် ဘာမှထပ်မပြောဖို့ မှာရင်းနဲ့ ပြောသွားခဲ့သေးတယ်၊ ခင်လေးရဲ့ကျန်းမာရေးအခြေအနေ တစ်ခုခုထူးခြားပြောင်းလဲမှုရှိရင် သူ့ဆီ အချိန်မရွေး ဖုန်းဆက်ခေါ်ပါတဲ့၊ ခေါင်းမူးခေါင်းကိုက်တာပဲဖြစ်ဖြစ်၊ အန်တာပျို့တာပဲဖြစ်ဖြစ်တဲ့၊ တကယ်လို့ စနေ၊ တနင်္ဂနွေမှာ ခင်လေးက ဘုရားကို သွားချင်သေးတယ်ဆိုရင်လည်း ဖုန်းဆက်ခေါ်ပါတဲ့၊ ဒါမှမဟုတ်ပဲ ခင်လေးက သူ့ကိုဘယ်တော့မှ မတွေ့ချင်တော့ပါဘူးလို့ ပြောရင်လည်း...အဲဒါ ကျွန်တော့် ကံတရားပဲပေါ့တဲ့၊ မမမြကို သူ...တစ်ခါတည်းကြိုပြီး နှုတ်ဆက်ခဲ့ပါရစေတဲ့လေ"

မမမြရဲ့စကားအဆုံးမှာ မေမေရုတ်တရက် ငိုင်ကျသွားခဲ့တယ်။ မေမေ့မျက်လုံးတွေ ချက်ချင်းရီဝေပြီး၊ နားတွေလည်း ချက်ချင်းထိုင်းသွားခဲ့သလိုပဲ။

မေမေဟာ အခုချက်ချင်း အခြားကမ္ဘာတစ်ခုထဲမှာ တစ်ယောက်တည်း ရောက်သွားရသလိုပဲ ခံစားလိုက်ရတယ်။ အဲဒါဘာကြောင့်လဲ မေမေမသိဘူး။

မမမြရဲ့ "ကိုယ်...သူ့ဆီ အခုဖုန်းဆက်လိုက်ရတော့မလား...ခင်လေး" ဆိုတဲ့စကားကိုတောင် မေမေ မကြားမိတော့ဘူး။ အဲဒါကြောင့် အဲဒီနေ့က မမမြ အဲဒီမေးခွန်းကို နှစ်ခါပြန်မေးခဲ့ရတယ်လေ။

## ၁၃

"ဆရာ...ကျွန်မဒီနေ့ ဘုရားမသွားချင်ဘူး၊ အင်းယားကန်ဘောင်ပေါ် သွားချင်တယ်၊ ကျွန်မကို လိုက်ပို့ပါလားဟင်"

အဲဒါကတော့ တနင်္ဂနွေနေ့ညနေမှာ မေမေ သူ့ကားပေါ်ရောက်ပြီး စပြောခဲ့တဲ့စကားတစ်ခွန်းပါပဲ။ သူ့မျက်နှာက မေမေ့စကားအပေါ် အံ့ဩဟန်လည်း မပြဘူး။ ဝမ်းသာဟန်လည်း မပြဘူး။ ပုံမှန်မျက်နှာထားမျိုးပဲ။

ဒါပေမယ့် တစ်ခုထူးခြားတာက သူဘာမှ မေမေ့ကို ပြန်မမေးခဲ့တာပဲ။ သူ စကားတစ်ခွန်းမှ အခုထိ ပြန်မပြောခဲ့ဘူး။ ပြီးတော့ မေမေပြောလိုက်တဲ့အတိုင်း သူ့ရဲ့ကားကို ဘုရားဖက်မမောင်းပဲ ပြည်လမ်းအတိုင်း အင်းယားကန်ဖက်ဆီကို ဦးတည်မောင်းနေခဲ့တာပေါ့။

သူ့မျက်နှာအမူအယာက စိတ်ကောက်နေတဲ့ပုံလည်း မဟုတ်ပါဘူး။ မေမေ့အပေါ် စိတ်ဆိုးငြိုငြင်တဲ့ပုံစံလည်း သူ့မျက်နှာမှာ တစ်စွန်းတစ်စမှ ရှာမရဘူး။ မေမေ့အထင်တော့ သူ အဲဒီနေ့က မေမေ့ကို ဘာစကားစပြောရမလဲ မသိခဲ့တာပဲ ဖြစ်မှာပါ။ မေမေ့စိတ်ထဲကတော့ သူ့ရဲ့အမူအယာကို ကျိတ်ပြီး ရယ်ချင်ပေမယ့် မရယ်ရက်ခဲ့ပါဘူး သားရယ်။

အင်းယားကန်စောင်းပေါ်ရောက်တော့ မိုးကနည်းနည်းအုံ့နေပြီး ပတ်ဝန်းကျင်တစ်ခုလုံးက လေပြင်းတွေ သိပ်တိုက်နေတယ်။ အဲဒါကြောင့် ထင်ပါရဲ့။ လူကလည်း ကန်ဘောင် ပတ်ဝန်းကျင်မှာ ရှင်းလင်းနေတယ်။

မိုးအကုန်ဆောင်းအကူး ဒီလိုနေရာမျိုးမှာ အအေးဓါတ်က လွှမ်းကဲနေတာတောင် အပေါ်ကထပ်ဝတ်လာတဲ့ ဂျင်းဂျာကင်ကို ဆွဲချွတ်နေတဲ့သူ့ကို မေမေ ပထမတော့ အံ့ဩသွားသေးတယ်။ မေမေရဲ့အံ့ဩမှုဟာ သူပြောလိုက်တဲ့ စကားကြောင့် ပိုပြီးအံ့ဩရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ယမင်းအနွေးထည်က သိပ်ပါးလွန်းတယ်၊ရော့…ဒါထပ်ဝတ်ထားလိုက်"

သူ့အသံက ပြတ်သားလွန်းပြီး အမိန့်သံပါနေခဲ့တယ်။ မေမေငြင်းဖို့ စဉ်းစားလိုက်သေးတယ်။ ဒါပေမယ့် မေမေ သူ့ရဲ့စေတနာကို နားလည်စွာနဲ့ အားနာနေခဲ့ပြန်ရော။ သူ့အသံက မေမေသာ သူပေးတဲ့ဂျာကင်ကို ထပ်မဝတ်ဘူးဆိုရင် အခုပဲ ဒီကန်ဘောင်ပေါ်က မေမေ့လက်ကိုဆွဲပြီး ချက်ချင်းလှည့်ပြန်မယ့်ပုံစံလေ။

မေမေ တစ်ခွန်းတော့ ပြန်မေးလိုက်မိပါသေးတယ်။

"ဒါဆို…ဆရာက ချမ်းနေမှာပေါ့"

"ဟင့်အင်း…ကျွန်တော့်ရှပ်အင်္ကျီအောက်မှာ သိပ်ထူတဲ့ တီရှပ်တစ်ထည်ခံဝတ်ထားသေးတယ်"

သူကပြောတာကို မေမေယုံကြည်လိုက်ပါတယ်။ ဒါကြောင့် ဂျာကင်ကို ထပ်ဝတ်လိုက်တယ်။ အဲဒီနေ့က သူဒီစကားကို လိမ်ပြောသလား။ မပြောဘူးလားဆိုတာ မေမေ ချက်ချင်းမသိနိုင်ခဲ့သေးပါဘူး။

မေမေတို့နှစ်ယောက်ကတော့ ကန်ဘောင်ပေါ်က လမ်းလေးအတိုင်း လျှောက်လာမိကြတာပေါ့။ ပြီးတော့ လွတ်နေတဲ့ ခုံတန်းတစ်ခုကို အတွေ့မှာ မေမေက "ဆရာ…ထိုင်ရအောင်"…လို့ပြောလိုက်တယ်။ မေမေက ခုံတန်းတစ်ဖက်စွန်းမှာ ထိုင်ချလိုက်ချိန်အထိ သူက လာမထိုင်ခဲ့သေးဘူး။မတ်တပ်ရပ်ရင်း ကန်ရေပြင်အလယ်ဆီကိုသာ ငေးကြည့်နေသေးတယ်။

အဲဒီအချိန်မှာ မေမေဟာ တိုက်ခန်းကလေးထဲမှာ အကြောင်းမရှိအကြောင်းရှာ ချန်နေရစ်ခဲ့တဲ့ မမမြကို သတိရလို့ ပြုံးမိသွားခဲ့တယ်။ မမမြက "ခင်လေး…ဘုရားပေါ်ရောက်မှ ကိုယ်ရောင်ပေးရမယ့်အတူတူ အခုကတည်းက နေခဲ့တော့မယ်ကွာ"လို့ပြောပြီး မရှိတဲ့အလုပ်တစ်ခုကို အကြောင်းပြ၊ နေခဲ့ပြီလေ။ အင်း…အခုတော့ ဘုရားလည်းမသွားဖြစ်ပဲ ကန်ဘောင်ပေါ်ကို မေမေနဲ့သူ နှစ်ယောက်တည်းရောက်လာခဲ့ရတာပေါ့။

တကယ်ကတော့ မေမေ သူ့ကို ပြောပြစရာတွေရှိလို့ ဒီနေရာကိုခေါ်လာခဲ့တယ်ဆိုတာ သူရိပ်မိမယ် ထင်ပါတယ်။ အဲဒီစကားဟာ သူ့အတွက် ဝမ်းသာစရာလား၊ ဝမ်းနည်းစရာလား၊ သူလည်း ထိတ်လန့်တုန်လှုပ်စွာ စောင့်စားနေလိမ့်မယ်ထင်ပါရဲ့။ ခက်တာက အဲဒီအဖြေကို မေမေကိုယ်တိုင်လည်း မသိခဲ့သေးတာပါပဲ။





မေမေ ပြောလိုက်တယ်။

"ဆရာ…ဆရာ့ကို ကျွန်မပြောပြစရာတွေရှိလို့ မမမြကို မှန်းဆက်အခေါ်ခိုင်းလိုက်တာပါဆရာ"

"ကျွန်တော်…ကြိုတွေးထားမိပါတယ်"

မေမေ ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့မှ ဆက်ပြောရတယ်။

"ဆရာနဲ့ကျွန်မတို့ရဲ့ဘဝတွေဟာ သိပ်ကိုကွာခြားလွန်းတယ်လို့ ကျွန်မပြောခဲ့ဖူးတယ်နော်၊ အဲဒါ အကြောင်းမဲ့ပြောခဲ့တာ မဟုတ်ပါဘူးဆရာ။ တကယ်ကို ပေါင်းစပ်ဖို့မဖြစ်နိုင်တဲ့အကြောင်းတွေ ရှိနေသေးလို့ ကျွန်မပြောခဲ့မိတာပါ၊ အခုတော့ ကျွန်မပြောရတော့မယ်လေ၊ ကျွန်မ နားလည်ပါတယ်ဆရာ၊ ဆရာလို ခွဲစိတ်အထူးကုဆရာဝန်တစ်ယောက်ဆိုတဲ့ ဂုဏ်ဒြပ်အပြည့်နဲ့ ကြွယ်ဝချမ်းသာတဲ့ ယောကျ်ားတစ်ယောက်က ကျွန်မလို သာမန်ဆံပင်ညှပ်သမလေးတစ်ဦးအပေါ် စေတနာအပြည့်နဲ့ ဂရုစိုက်ကြင်နာပေးတယ် ဆိုကတည်းက ဆရာ့မှာ လူတန်းစားခွဲခြားတတ်တဲ့ အမြင်ရှိမယ် မဟုတ်ဘူးလို့ဆိုတာ ကျွန်မရိပ်မိပါတယ်၊

ဒါပေမယ့်ဆရာ…ပတ်ဝန်းကျင်ရဲ့ရိုက်ခတ်မှုကို လူတော်တော်များက အရှုံးပေးခဲ့ကြရတယ်လေ၊ ဆရာနဲ့ကျွန်မ…တကယ်လို့ လက်ထပ်ဖြစ်ခဲ့တယ်ဆိုရင်တောင် ဆရာနဲ့ကျွန်မ တွဲသွားတွဲလာလုပ်တဲ့အခါ လူတွေက အမျိုးမျိုးဝေဖန်ပုတ်ခတ်ကြလိမ့်မယ်၊ ဆရာ ကိုမြင့်မိုရ်အမျိုးသမီးက ဘယ်လိုဘယ်ညာကဲ့ရဲ့ရှုတ်ချတဲ့သူတွေ အများကြီး ပေါ်လာလိမ့်ဦးမယ်၊ အဲဒါတွေကို ဆရာဘယ်လောက် ကြာအောင်ခံနိုင်မှာလဲ၊ ဆရာဘယ်လောက်ခံနိုင်ရည် ရှိလို့လဲ အခုအချိန်မှာ ဆရာလည်း မသိဘူး၊ ကျွန်မလည်း မသိဘူး၊ မသိနိုင်ဘူးဆရာ"

"ကျွန်တော်က…"

"ကျွန်မစကားကို ဆုံးအောင်နားထောင်ပေးပါဆရာ"

သူက မေမေ့စကားကို လက်မခံနိုင်သလို အတင်းဝင်ဖြတ်ပြောဖို့ ကြိုးစားခဲ့ပေမယ့် မေမေက ငြင်းဆန်လိုက်တယ်။ သူ့စကားက တစ်ပိုင်းတစ်စနဲ့ ရပ်တန့်သွားတာပေါ့။

မေမေသူ့ကို လက်ကာပြထားရင်းက စကားကိုဆက် ပြောလိုက်ပါတယ်။

"တကယ်လို့များ ဆရာ့ရဲ့ဇနီးဟာ တစ်ချိန်က သူများအိမ်မှာ အစေခံလုပ်ခဲ့ဖူးတဲ့သူဆိုရင် ဆရာ့ရဲ့ခံနိုင်ရည်တွေ အချိန်သိပ်တို တောင်းသွားလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ်"

မေမေရဲ့စကားကို သူသိပ်အံ့အားသင့်သွားလိမ့်မယ်လို့ မေမေယုံကြည်လိုက်တယ်။ ဒါပေမယ့် မေမေယုံကြည်သလို ဖြစ်မလာခဲ့ဘူး။သူ့မျက်နှာပေါ်က အမူအယာဟာ မေမေခုနကစကားကို မပြောခင်အချိန်ကလိုပဲ။ အံ့သြဖွယ်ရာကောင်းအောင် တည်ငြိမ်လွန်းနေတယ်။ သူဘာဖြစ်လို့ မေမေ့စကားအပေါ် မထိတ်လန့်သွားရတာလဲ။

ဒီနေ့ကျမှ ကျောက်ရုပ်တုတစ်ခုလို မျက်နှာမျိုးနဲ့ သူကဖြစ်နေရတာလဲ။ သူ့မျက်လုံးတွေက မျက်မှန်နောက်ကနေ မေမေ့ကို အေးစက်စွာ ပြန်စိုက်ကြည်နေတယ်။ မေမေ အံ့သြသွားရပြီပေါ့။ ပြီးတော့ ပဟေဠိဖြစ်စွာနဲ့ပဲ သူ့ကို မေမေ ဆက်ပြောခဲ့ရတယ်။

"ကျွန်မ...ဒါလီဆယ်ပြီး ပြောနေတာမဟုတ်ဘူးနော် ဆရာ၊ ကျွန်မရဲ့ တကယ့်အဖြစ်မှန်ပါ၊ ကျွန်မငယ်ငယ်က မိဘမဲ့ ကလေးပြုစုရေးဂေဟာတစ်ခုမှာ ကြီးပြင်းခဲ့ရတယ်၊ ကျွန်မမူလတန်းကျောင်းသူဘဝမှာ မေမေကြီးလို့ နောင်အခါ ကျွန်မခေါ်ဝေါ်ရမယ့် ဒေါ်မြင့်မြင့်စိန်ဆိုတဲ့ အန်တီကြီးတစ်ယောက် ကျွန်မတို့ဂေဟာကို ရောက်လာတယ်၊ သူက ကျွန်မကိုမြင်တာနဲ့ ချစ်စရာကောင်းလိုက်တာလို့ ပြောတယ်၊ ပြီးတော့ ကျွန်မကို သမီးအရင်းလေးတစ်ယောက်လို ပြုစုစောင့်ရှောက်မှာပါ၊ မွေးစားပါရစေလို့ ဂေဟာက လူကြီးတွေကိုပြောပြီး တောင်းယူခဲ့တယ်၊

တကယ်တော့ သူညာပြောသွားတာပါဆရာ၊ ကျွန်မရဲ့ဘဝဟာ သူ့အိမ်မှာ ကျောင်းဆက်နေရတာကလွဲပြီး အစေခံပါပဲ၊ နေတာကလည်း အလုပ်သမားတန်းလျားမှာပဲ နေရတယ်၊ မိုးလင်းကမိုးချုပ် သူတို့အိမ်က အလုပ်တွေကို မနားတမ်း ကျွန်မလုပ်ခဲ့ရတယ်၊ ကျောင်းထားပေးတယ်၊ ထမင်းကျွေးတယ်၊ အဝတ်အစားဆင်တယ်ဆိုပြီး ကျွန်မကို လခတောင်တစ်ပြားမှ မပေးခဲ့ဖူးဘူးလေ၊ ကျွန်မသိပ်ဝမ်းနည်းခဲ့တာပေါ့ဆရာ၊ ကျွန်မ အဲဒီဘဝမှာ ဘယ်ပျော်ပါ့မလဲ၊ ကျွန်မအတွက် ဘဝထွက်ပေါက်ဟာ ပညာရေးပဲဆိုတာသိလို့ ကျွန်မကျောင်းစာကိုလည်း ကြိုးစားသင်ပါတယ်၊ ကိုးတန်းအထိတော့ ကျွန်မလိုက်နိုင်ပေမယ့် ဆယ်တန်းမှာ ကျွန်မသင်္ချာသိပ်ညံ့သွားတယ်၊ သင်ပေးမယ့်သူလည်းမရှိဘူး၊ ကျူရှင်လည်း မတက်နိုင်တော့ နှစ်နှစ်စလုံး သင်္ချာနဲ့ကျွန်မ ဆယ်တန်းကျခဲ့ရတယ်ဆရာ၊





ကျွန်မလည်း ဆယ်တန်းနှစ်ခါကျရော မေမေကြီးက မိန်းခလေးပဲအေ ဒီလောက်တတ်လှ...တော်ပြီပေါ့၊ နောက်...လင်ရတော့ ညည်းလင်က တစ်ဝမ်းတစ်ခါးလှအောင် ဆင်လိမ့်မပေါ့လို့...ပြောပြီး ကျွန်မကို ကျောင်းက ထုတ်ခဲ့တယ်၊ အဲဒီအတိုင်း တကယ်ပြောပြီးထုတ်ခဲ့တာ၊ ကျွန်မ အဲဒီဒုတိယဆယ်တန်းနှစ် အောင်စာရင်းထွက်တဲ့ညက ငိုခဲ့ရတာပေါ့၊ ဒါပေမယ့် သိပ်မကြာခင်မှာပဲ ကျွန်မဘဝထဲမှာ ပထမဦးဆုံး အလင်းရောင်လေးကို ကျွန်မစတွေ့ခဲ့ပါတယ်"

မေမေအဲဒီလို ပြောလိုက်တဲ့အချိန်မှာ အလင်းရောင်ဆိုတဲ့ နာမ်စားလေးကို သင်ပေးတဲ့မမမြကို စိတ်ထဲက ကျေးဇူးတင်လိုက်မိသေးတယ်။ မေမေ့စကားကို စိတ်ဝင်စားစွာ နားစိုက်ထောင်နေပုံရတဲ့ သူ့ကို မေမေ ဆက်ပြောလိုက်ပါတယ်။

"အဲဒီအလင်းရောင်က မေမေကြီးရဲ့ချွေးမဖြစ်တဲ့ မနီနီဆိုတဲ့ အစ်မကြီးပဲ- ကျွန်မထက် ခုနစ်နှစ်လောက်ကြီးပါတယ်၊ သူက ငယ်ငယ်ကတည်းက ကျွန်မကို သိပ်သနားစာနာတတ်ပြီး အမြဲနားလည်ပေးတဲ့သူလေ၊ သူက ကျွန်မကို လာပြောတယ်၊ ကိုယ်တို့ လူတစ်ယောက်ရဲ့ဘဝကို အပိုင်ဝယ်မထားချင်ပါဘူးတဲ့၊ မင်း ဒီအိမ် ကခွာချင်မယ်ဆိုတာ ငါသိပါတယ်တဲ့၊ ဒီပိုက်ဆံကို ယူသွား၊ မင်းဘဝမပျက်အောင် အသက်မွေးဝမ်းကျောင်း ပညာတစ်ခုတော့ သွားသင်ဆိုပြီး...ကျွန်မကို ပိုက်ဆံလည်းပေး၊ အိမ်ကလည်းလွှတ်ခဲ့တယ်၊ အဲဒီအချိန်တုန်းက မေမေကြီးလို့ခေါ်တဲ့ သူ့ယောက္ခမက အိမ်မှာမရှိဘူးလေ၊ အင်္ဂလန်မှာ နှလုံးသွေးကြောကျဉ်းရောဂါ ခွဲဖို့ဆိုပြီး တစ်နှစ်လောက် သွားနေနေတဲ့အချိန်ပေါ့၊ မေမေကြီးမရှိတုန်းမို့ မနီနီကလည်း ကျွန်မကို ဒီလိုလွှတ်ရဲတာပါ၊ သူလည်း မေမေကြီးကို ကြောက်ရတာကိုး၊

အဲဒီလိုနဲ့ ကျွန်မဘဝတစ်ဆစ်ချိုးပြောင်းမယ့် ရန်ကုန်မြို့လယ်က ဆံပင်အလှပြင်ဆိုင်တစ်ခုကို ကျွန်မသင်တန်းသူဘဝနဲ့ ရောက်ခဲ့ရတာပေါ့ဆရာ၊ အဲဒီဆိုင်မှာပဲ မမမြနဲ့ကျွန်မ...စတွေ့ခဲ့ရတာလေ"

မေမေက မေမေရဲ့ဘဝအကြောင်း တစ်စိတ်တစ်ဒေသကို သူ့ကို ပြောပြအပြီး သူဘာများပြန်ပြောမလဲလို့ စောင့်ဆိုင်းနေခဲ့လိုက်ပါတယ်။ အဲဒီအချိန်မှာ သူက ခုံတန်းပေါ်မှာထိုင်နေတဲ့ မေမေ့မျက်နှာကို ငုံ့ကြည့်တယ်။သူ့မျက်မှန်နောက်က မျက်လုံးစူးရှရှတွေနဲ့ မေမေ့မျက်လုံးထဲကို သေသေချာချာ စိုက်ကြည့်တယ်။ အို...သူ မေမေ့ကို စိတ်မပျက်သေးဘူးလား။ မေမေ စိတ်ထဲက မေးနေမိတယ်။ သူက ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်...ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်တတ်အောင် ငယ်ငယ်ကတည်းက ကိုယ့်ကိုယ်ကို လေ့ကျင့်ထားတယ်၊ အခုလည်း ကျွန်တော့်ကို ပတ်ဝန်းကျင်က အမျိုးမျိုးပြောနေကြတာပဲ၊ ဒီကောင် ကျေးဇူးမသိတတ်တဲ့ကောင်၊ ကိုယ့်ကိုမွေးစားခဲ့၊ ကျောင်းထားပေးတဲ့ အဖိုးနဲ့အဖွားကိုတောင် ပြန်လှည့်မကြည့်တဲ့ကောင်၊ တစ်နှစ်နေလို့မှ တစ်ခေါက်ပြန်မလာဘူး...လို့ မိတ္တီလာကလူတွေ ကျွန်တော့်ကို အဲဒီလိုပြောနေကြတာပဲ၊ သူတို့က ကျွန်တော့် မျက်ရည်တွေကိုမှ မမြင်ဖူးကြဝီ၊ အိမ်ပေါ်ကအိမ်အောက်မဆင်းရတဲ့ ကျွန်တော့် ဘဝကို သူတို့မှမသိခဲ့ကြပဲ၊ ကျွန်တော်စာမေးပွဲမှာ အမှတ်မကောင်းရင် ထမင်းမကျွေးဘဲ အခန်းထဲတံခါးပိတ်ခံရတဲ့ ဘဝကို သူတို့မှ မမြင်ဖူးကြပဲ၊ အဲဒီတော့ ပတ်ဝန်းကျင်နဲ့ကျွန်တော့်ကြားမှာ တံခါးတစ်ချပ်က အလိုလိုရောက်နေပြီးသားဖြစ်နေပြီ...ယမင်းရဲ့"

"ဒါပေမယ့်...ဆရာဝန်တစ်ယောက်ဟာ အစေခံလုပ်ခဲ့ရတဲ့ မိန်းကလေးတစ်ဦးကိုတော့ လက်မထပ်သင့်ဘူး မဟုတ်လားဆရာ"

မေမေက အဲဒီလိုမေးလိုက်တဲ့အခါ သူက နှစ်ခြိုက်စွာပြုံးနေခဲ့တယ်သား။

"ကျွန်တော်က လက်ထပ်သင့်တယ်ထင်လို့ ရှေ့ဆက်ခဲ့တာပဲ ယမင်းရယ်၊ ပြီးတော့..."

သူစကားက ခေတ္တရပ်သွားပါတယ်။ ပြီးမှ...။

"ယမင်း...ခုနကပြောတဲ့ အကြောင်းတွေအားလုံးကို ယမင်းနဲ့ကျွန်တော် စတွေ့ခဲ့ရတဲ့နေ့မှာကတည်းက ကျွန်တော်သိထားပြီးပြီပဲ"

"ရှင်...."

ဒီတစ်ခါတော့ မေမေဟန်မဆောင်နိုင်လောက်အောင် အံ့သြသွားရတဲ့ အလှည့်ပါပဲ။ မေမေအံ့သြလွန်းပြီး သူ့ကိုပြောဖို့ ရည်ရွယ်ထားတဲ့ စကားတွေ အကုန်မေ့လျော့ကုန်တယ်။ မေမေသူ့ကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေစဉ်မှာ သူက လေသံခပ်အေးအေးနဲ့ ဆက်ပြောနေခဲ့တယ်။

"ဒီအကြောင်းတွေကို မမမြက ကျွန်တော့်ကိုပြောပြီးသား ယမင်းရဲ့၊ အဲဒီနေ့ကလေ ယမင်း...ဆရာကြီးရဲ့ရုံးခန်းထဲက ဒေါသတကြီးနဲ့ ထွက်သွားတဲ့နေ့ကပေါ့၊ ကျွန်တော် ယမင်းတို့တိုက်ခန်းကို ယမင်းထက်အရင် စောရောက်သွားလို့ မမမြနဲ့တွေ့ပြီး ယမင်းမှာ ဦးနှောက်အကျိတ်ရှိနေတယ်...လို့ ပြောလိုက်တော့ မမမြက ရှိုက်ကြီးတငင် ငိုချလိုက်တာလေ၊ သူ...ယမင်းကို





တော်တော်ချစ်တယ်၊ သိလား၊ ကျွန်တော်တောင် ဘယ်လိုချော့ပြောရမှန်းမသိဘူးဖြစ်သွားရတယ်၊ သူက ခင်လေး...သိပ်ကံဆိုးရှာပါတယ်လို့—ငိုရင်းနဲ့ အစချီပြီးပြောခဲ့တာ၊ ခင်လေးရဲ့ငယ်ဘဝတွေအကုန် သူဖွင့်ပြောခဲ့တာပေါ့၊ ကျွန်တော်သိထားတာ ကြာပြီလေ ယမင်းရယ်"

"ဆရာရယ်..."

မေမေ ညည်းတွားလိုက်မိပါတယ်။ သူ့ရဲ့ မေမေ့အပေါ်ထားခဲ့တဲ့ ကရုဏာတရားနဲ့ စေတနာတွေကို သိရပြီးတဲ့အခိုက်မှာ ဆက်ပြောဖို့ စကားတွေ နှုတ်ဆွံ့ကုန်တော့တယ်။ မေမေ ဘယ်လိုဆက်ပြီးရှင်း ပြချင်တော့မှာလဲလေး ဒါပေမယ့်...မေမေ ကိုယ့်ကိုယ်ကို အားတင်းလိုက်ပါတယ်သား။ လူတွေဟာ အမှန်တရားကို ရင်ဆိုင်ရတော့မယ်ဆိုရင် အလိုလိုသတ္တိရှိလာတတ်ကြတာ သား...တစ်ချိန်ချိန်မှာ သိလာမှာပါ။ မေမေ အဲဒီတုန်းကသူ့ကို တုန်ယင်နေတဲ့ အသံနဲ့ ထပ်ပြောခဲ့မိတယ်။

"ဒါပေမယ့်...ဆရာ..."

"ကဲ...ပြော၊ ယမင်းကျွန်တော့်ကို ဘာစိတ်ပျက်အောင် ပြောဦးမလဲ၊ ပြော"

မေမေရုတ်တရက် ခေါင်းကိုငုံ့ချလိုက်မိပါတယ်။ သူ့မျက်လုံးတွေကို မေမေ ဆက်မကြည့်နိုင်တော့ပါဘူး။ မေမေ့ မျက်ဝန်းတွေလည်း နာကျင်စွာ ပူနွေးလာခဲ့တယ်။

"ဆရာစိတ်ပျက်အောင် ပြောတာမဟုတ်ပါဘူး၊ ဒါပေမယ့် အခုဒီစကားကိုကြားရင် ကျွန်မကို ဆရာစိတ်ဆိုးသွားမှာတော့ သေချာပါတယ်၊ စိတ်ဆိုးပါဆရာ၊ ဆိုးသင့်ပါတယ်၊ ကျွန်မနားလည်နိုင်ပါတယ်၊ ကျွန်မ...ဆရာ့ကို လိမ်ခဲ့တာကိုး"

အဲဒီစကားအဆုံးမှာတော့ သူဟာ မေမေ့ကို အံ့သြထိတ်လန့်တဲ့ မျက်ဝန်းတွေနဲ့ ငေးကြည့်နေခဲ့တယ်သား။ မေမေနာကျင်စွာ ပြုံးလိုက်မိပါတယ်။

"ကျွန်မ...ဆရာ့ကိုပြောခဲ့ဖူးတဲ့ ကျွန်မနဲ့ ကျွန်မရဲ့အမျိုးသား ကွဲသွားကြပြီဆိုတာ မဟုတ်ဘူးဆရာ၊ တကယ်တော့ ကျွန်မတို့ကွဲသွားကြတာ မဟုတ်ဘူး၊ ကျွန်မတို့ လက်မထပ်ဖြစ်ခဲ့ဘူး၊ သူ...ထွက်ပြေးသွားတာ၊ လိမ္မာပါးနပ်စွာနဲ့ ကျွန်မဘဝထဲက သူရှောင်ထွက်သွားခဲ့တာ၊ အဲဒီတော့မှ ကျွန်မသစ္စာဖောက်ခံရမှန်း သိလိုက်တော့တာလေ၊ တကယ်တော့ ကျွန်မဟာ ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်မဟုတ်ဘူး...ဆရာ၊ ကျွန်မဟာ...ကျွန်မဟာ အင်မတန်မိုက်မဲတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့မှ ပြင်ဆင်လို့မရတဲ့ အမှားတစ်ခုကို ကျူးလွန်ခဲ့သူပါ၊ ကျွန်မဘဝမှာ အမည်းစက်တစ်ခုနဲ့ ညစ်ထေးနေတဲ့ ပြစ်ချက်တစ်ခုနဲ့ အချစ်ကို…ဘဝနဲ့လဲပြီး ရင်းယူခဲ့တဲ့ မိုက်မဲလွန်းတဲ့ မိန်းမတစ်ယောက်…"

"တော်တော့ ယမင်းရာ၊ တော်တော့…"

သူဟာ မေမေ့စကားတွေကို ဆက်လက်သည်းမခံနိုင်တော့သယောင် အော်ဟစ်လိုက်တယ်။ ပြီးတော့ မေမေ့လက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာ လာရောက်ဆုပ်ကိုင်ပြီး အသံကျယ်ကျယ်နဲ့မေးတော့တယ်။

"ယမင်းရယ်…ကျွန်တော့်ကို ဘာဖြစ်လို့ ဒီအကြောင်းတွေ လာပြောပြရတာလဲဗျာ၊ ကျွန်တော် သိပ်စိတ်ထိခိုက်ရတယ်၊ အဲဒါ…ဒီအကြောင်းတွေကို အခုမှ ကျွန်တော်သိရလို့ မဟုတ်ဘူး၊ ဒီအကြောင်းတွေကို ယမင်း ပြောပြရက်လို့၊ ယမင်း ကျွန်တော့်ကို လျှော့တွက်တယ်မဟုတ်လား၊ အထင်သေးတယ် မဟုတ်လား၊ ယမင်း ကျွန်တော့်အပေါ်…ကျွန်တော့်မေတ္တာအပေါ် ဒီလောက် အထင်သေးခဲ့လိမ့်မယ်လို့ ကျွန်တော်ထင်မထားမိဘူး ယမင်းရယ်၊ ကျွန်တော် ကလေ…"

သူ့စကားက အကြောင်းမဲ့ထစ်ငေါ့သွားခဲ့တယ်။ ပြီးမှ ဆို့နင့်နေတဲ့အသံ တစ်ခုနဲ့ သူပြောပြခဲ့ပါတယ်။

"ကျွန်တော်…ကျွန်တော် ဒီအကြောင်းတွေကိုလည်း သိပြီးပါပြီ ယမင်း ရယ်…"

"အို…"

မေမေဟာ တုန်လှုပ်လွန်းပြီး ကြက်သေသေသွားခဲ့ပါတယ်။ အဲဒီအချိန် မှာ သူကပျာပျာသလဲ သူ့စကားကို ဆက်ပြောခဲ့တယ်လေ။

"ဟင့်အင်း…ယမင်း၊ မမမြကို အထင်မလွဲပါနဲ့၊ သူကလေ…ဒီအကြောင်း တွေကိုပါ ကျွန်တော့်ကို ပြောပြခဲ့တာ ယမင်းကို နစ်နာစေချင်တဲ့သဘောနဲ့ မဟုတ်ပါဘူး၊ ကျွန်တော် ယမင်းနဲ့ လက်ထပ်ချင်တဲ့အကြောင်းကို အရင်ဆုံး မမမြဆီမှာ ခွင့်တောင်းခဲ့တာလေ၊ သိလားယမင်း၊ အဲဒီတုန်းက မမမြကလေ ကျွန်တော့်ကို အခု ယမင်းပြောပြသလို ယမင်းရဲ့အတိတ်တွေကို ပြောပြပြီး ဆရာပြန်စဉ်းစားပါဦးတဲ့၊ အဲဒါတွေကို ခွင့်လွှတ်နိုင်မှ ဆရာ…ယမင်းကို လက်ထပ်ပါတဲ့၊ တကယ်လို့ ခွင့်မလွှတ်နိုင်ဘဲ ကျွန်တော် အဲဒီကတည်းက နောက်ဆုတ်သွားမယ်ဆိုရင်လည်း သူနားလည်ပါတယ်တဲ့၊ ဒီအကြောင်းတွေ





ယမင်းကို ဘာမှသူပြန်မပြောပါဘူးတဲ့လေ၊

ယမင်းရယ်…ကျွန်တော်လေ အဲဒီတုန်းကလည်း မမမြရဲ့မေးခွန်းတွေကို တုန့်ဆိုင်းခြင်းလုံးဝမရှိပဲ ပြတ်သားစွာဖြေခဲ့တာပါပဲ၊ ကျွန်တော် အဲဒီတုန်း ကတည်းက ခေါင်းညိတ်ခဲ့ပါတယ်၊ ကျွန်တော် ဘယ်တော့မှ ယမင်းကို နာကျင် အောင်မလုပ်ပါဘူးလို့ မမမြကို ကတိပေးခဲ့တယ်၊ အခုလည်း ကျွန်တော် ယမင်းကို ထပ်ပြီးကတိပေးတယ်၊ ယမင်းယုံကြည်အောင် ကျွန်တော် ဘယ်လို ထပ်ပြီး ပြောပြရဦးမလဲဟင်၊ ကျွန်တော့်ရဲ့အချစ်ကို ဘာတွေနဲ့ သက်သေထပ်ပြ ရဦးမလဲ၊ ကျွန်တော့်ကို စိတ်ပျက်အောင်ပြောဖို့ ယမင်းမကြိုးစားပါနဲ့တော့ဗျာ၊ နော်…"

မေမေ ရုတ်တရက် ကြေကွဲဆို့နင့်စွာ ခေါင်းကိုခပ်ဖြည်းဖြည်းခါလိုက် မိတယ်။ သူ့မျက်နှာမှာ အံ့သြသွားတဲ့ အမူအယာတွေပေါ်လာတယ်။ မေမေဟာ အခုအချိန်မှာ မေမေနဲ့နီးကပ်စွာရှိနေတဲ့ သူ့မျက်နှာကိုငေးကြည့်ရင်း အင်မတန် ဝမ်းနည်းလာခဲ့တယ်။ မေမေ့မျက်လုံးတွေ စတင်ဝေဝါးလာကြတယ် သားရယ်။

"မဟုတ်သေးဘူး…ဆရာ၊ မဟုတ်သေးဘူး၊ ဆရာ…သိပ်မှားနေပါပြီ၊ တစ်ခုခုတော့ မှားယွင်းနေပါပြီ၊ ဆရာကျွန်မကို ဘာအတွက် လက်ထပ်ချင်ခဲ့ ရတာလဲဟင်…ဆရာ၊ ဘာရည်ရွယ်ချက်နဲ့များ ကျွန်မကို ရွေးချယ်ခဲ့ရတာလဲ၊ ကျွန်မဟာ ဆရာ့အတွက် ဘာမှအသုံးမဝင်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ ကျွန်မဟာဆရာ့အတွက် ဇနီးမယားကောင်းတစ်ယောက် ဖြစ်မလာနိုင်တဲ့သူပါ၊ ကျွန်မဟာ မကျန်းမာတဲ့ ရောဂါသည်တစ်ယောက်ပါ၊ ကျွန်မသက်တမ်းဟာ ဘယ်လောက်ရှိမလဲလို့ ကျွန်မ,မသိဘူး၊ ဆရာလည်း မပြောနိုင်ဘူး၊

ကျွန်မကို ဆရာလက်ထပ်ရင် ကျွန်မဆီက ဝတ္တရားကျေပွန်တဲ့ မယား တစ်ယောက်ရဲ့ပြုစုယုယမှုတွေကို ဆရာရရှိမှာမဟုတ်ဘူး၊ ကျွန်မအတွက်ပဲ ဆရာ့အချိန်တွေပေးဆပ်ရင်း ကုန်သွားလိမ့်မယ်၊ လူမမာတစ်ယောက်ကို လက်ထပ်သလိုပဲ ဆရာဖြစ်သွားလိမ့်မယ်၊ ပြီးတော့ တစ်ချိန်ချိန်မှာ ကျွန်မကို ဆရာ…အပြီးအပိုင် ဆုံးရှုံးချင်လည်း ဆုံးရှုံးသွားဦးမယ်၊ ကဲ…ပြောလေဆရာ၊ ကျွန်မကို လက်ထပ်လိုက်လို့ ကျွန်မဆီက ဆရာဘာပြန်ရမှာလဲ၊ ကျွန်မဟာ ဆရာ့အတွက် တကယ်လိုအပ်တဲ့သူ ဟုတ်လို့လား…ဆရာ"

"ယမင်းက…ကျွန်တော့်အတွက်ချည်းပဲ စဉ်းစားနေခဲ့သလား၊ ယမင်း အတွက် ယမင်းရော မစဉ်းစားတော့ဘူးလား၊ ယမင်းကရော ကျွန်တော့်ကို


www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်ဘူးလားဟင်"

မေမေ သူပြန်ပြောတဲ့စကားကြောင့် နာကျင်စွာပြုံးလိုက်မိပါတယ်။ မေမေ့နှုတ်ခမ်းတွေ တုန်ယင်ကောင်း တုန်ယင်နေပါလိမ့်မယ်။ မေမေ့အသံတွေ လှိုက်ခါနေချင်လည်း လှိုက်ခါနေပါလိမ့်မယ်။ ဒါပေမယ့် မေမေသူ့ကို ပြတ်သားစွာ ဖြေလိုက်မိပါတယ်။

"ဝမ်းနည်းပါတယ်...ဆရာ၊ ကျွန်မရဲ့ဘဝဟာ ဆရာရောက်မလာခင်ကလည်း တစ်ယောက်တည်း ရင်သန်ခဲ့ရတာပါပဲ၊ ကျွန်မ...ဆရာ့ကို မလိုအပ်ပါဘူး"

မေမေဟာ အဆမတန် နာကျင်စွာခံစားပြီး အဲဒီစကားလုံးတွေကို ထုတ်ပြောလိုက်မိတာပါ။ သူစိတ်ဆိုးသွားမယ်ဆိုတာ မေမေသိပါတယ်။ သူမေမေ့ကို နာကျည်းသွားမယ်ဆိုတာ မေမေသိပါတယ်။ တကယ်လည်းသူဟာ မေမေ့မျက်နှာကို ချက်ချင်းမျက်မှောင်ကျုံ့ကြည့်ရင်း နာကျင်အက်ကွဲနေတဲ့ သူ့မျက်လုံးတွေကို ဆတ်ကနဲ လွှဲပစ်လိုက်တော့တယ်။ ပြီးတော့ သူခေါင်းကိုခါတယ်။ အဲဒီနောက်သူဟာ ဒေါသသံတွေနဲ့ မေမေ့ကိုလှည့်မကြည့်ပဲ အော်ဟစ်လိုက်တော့တယ်။

"ယမင်း...ယမင်း...သိပ်အတ္တကြီးတယ်"

မေမေ အံ့သြလွန်းစွာ သူ့ကိုပြန်မေးလိုက်မိတယ်။

"ဆရာ...ကျွန်မကို ဘာကြောင့် ဒီလိုစွတ်စွဲနိုင်ရတာလဲ"

သူ မေမေ့ဘက်ကို ပြန်လှည့်လာတယ်။ အဲဒီအခါ မယုံကြည်နိုင်စရာကောင်းတဲ့ အရာတချို့ကို မေမေ စတွေ့လိုက်ရတော့တယ်...သား။ အဲဒါ သူ့မျက်ရည်တွေလေ...။

သူ့ရဲ့မျက်လုံးမှာ မျက်ရည်စတွေ အိုင်ထွန်းနေကြပြီ။ ဘုရား...ဘုရား။ မေမေ သူ့ကိုတကယ်ပဲ နာကျင်အောင် လုပ်ခဲ့မိပြီသားရယ်။

သူဟာ အင်မတန်ရီဝေနေတဲ့ မျက်လုံးတွေနဲ့ မေမေ့ကို စိုက်ကြည့်တယ်။ မေမေ့အသက်ရှူသံတွေ ရပ်တန့်ကုန်ကြတာပေါ့။ သူက ပြောလိုက်တယ်လေ။

"ယမင်းက ယမင်းအတွက်ပဲ ထည့်စဉ်းစားခဲ့သလား၊ ကျွန်တော်က...ကျွန်တော်ကတော့ ယမင်းတစ်ယောက်တည်းအတွက် စဉ်းစားခဲ့တာ မဟုတ်ဘူး ယမင်းရယ်၊ ယမင်းက ကျွန်တော့်ကို မလိုအပ်ပေမယ့် ယမင်းရဲ့...ယမင်းရဲ့ ရင်သွေးလေးက ကျွန်တော့်ကိုလိုအပ်လိမ့်မယ်လို့ ယမင်းမထင်ဘူးလားဟင်"





အဲဒီအချိန်ဟာ မေမေ့အသည်းနှလုံးတွေကို တစ်စစီဖြစ်အောင် သူဆွဲဆုတ်ညှစ်လိုက်တဲ့ အချိန်ပါပဲ။ မေမေ ရုတ်တရက် သူ့ရှေ့မှာ ပြိုလဲသေဆုံးသွားပါတယ်။ ဟင့်အင်း...မဟုတ်ဘူး။ တကယ်တော့ မေမေ ကျဆုံးသွားတာပါ။

မေမေ ငိုချလိုက်တယ်။ မေမေချက်ချင်း ရှိုက်ကြီးတငင် ငိုချလိုက်မိပါတယ်။ သူက မေမေ့ကို ဒီတစ်ခါတော့ မချော့တော့ဘူးသားရဲ့။ သိပ်ကို ကြေကွဲဆို့နင့်နေတဲ့ အသံမျိုးနဲ့ မေမေ့ကို ထပ်မေးခဲ့တယ်လေ။

"ကျွန်တော်ဟာ...သူ့အတွက် ဖခင်ကောင်းတစ်ယောက် မဖြစ်နိုင်ဘူးလို့...ယမင်း ထင်နေသလားဟင်"

မေမေ ခေါင်းခါလိုက်မိပါတယ်။ မဟုတ်ပါဘူးဆရာ၊ မဟုတ်ပါဘူးလို့ မေမေ့စိတ်ထဲက အော်ဟစ်နေမိပေမယ့် နှုတ်ဖျားက ဘာစကားသံမှ ထွက်မလာခဲ့ပါဘူး။ မေမေမျက်ရည်တွေကို သုတ်လိုက်မိတယ်။ သူ့ဆီက ဘာစကားသံမှ ထွက်မလာပဲ အသက်ရှူသံ ပြင်းပြင်းတွေနဲ့သာ မေမေ့ကို ငေးကြည့်နေခဲ့တယ်။

မေမေတို့အကြားမှာ မမျှော်လင့်စွာ တိတ်ဆိတ်မှုတွေ ဖုံးလွှမ်းသွားပါတယ်။ ခဏကြာမှ မေမေဆုံးဖြတ်လိုက်ပါတယ်။ မေမေသူ့ကို တစ်ခုခုတော့ ပြန်ပြောရတော့မယ်လေ။

မေမေသူ့ကို ရှိုက်သံတစ်ဝက်နဲ့ စကားတွေစပြောနေမိတယ်။

"ဆရာ...လောကကြီးမှာလေ လူတွေဟာ သူတို့ချစ်တဲ့သူတွေကို တစ်စုံတစ်ခုပဲဖြစ်ဖြစ်၊ သူတို့ဘဝတစ်ခုလုံးပဲဖြစ်ဖြစ် ပေးဆပ်ချင်ကြပါတယ်၊ ကျွန်မလည်း တစ်ခါတစ်လေကျတော့ ကိုယ်ချစ်တဲ့သူအတွက် ပေးဆပ်တဲ့သူဖြစ်ချင်တာပေါ့ဆရာ၊ ဒါပေမယ့်...ကျွန်မက..."

မထင်မှတ်ပဲ မေမေ့စကားတွေက ထစ်ငေါ့သွားခဲ့သေးတယ်။

"ဒါပေမယ့် ကျွန်မမှာ...ကျွန်မမှာလေ ဆရာ့အတွက် ပေးဆပ်နိုင်တဲ့ စွမ်းအားတွေ ဘာတစ်ခုမှ ရှိမနေခဲ့ဘူးဆရာ၊ ကျွန်မဘဝက ကွက်လပ်တွေချည်းပဲ၊ ကျွန်မဘဝက သုညတွေချည်းပဲ၊ ကျွန်မဘဝမှာ ဘာမှပေးဆပ်နိုင်စရာ မရှိဘဲ ဆရာ့ကို ကျွန်မ...မချစ်နိုင်ပါဘူး၊ အဲဒါကြောင့် ကျွန်မမှာဆရာ့ကိုပေးဖို့ တစ်စုံတစ်ခု...တစ်ခုခုရှိလာတဲ့နေ့ကျမှ ကျွန်မ ဆရာ့ကိုအဖြေပေးပါရစေ ဆရာ၊ အဲဒီလို နေ့ကလေးတစ်နေ့ကို ရောက်မှ..."

"ယမင်း..."



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားအဆုံးမှာ သူကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။ သူ့အသံဟာ ခုနကနဲ့လုံးဝမတူပဲ မယုံနိုင်စရာကောင်းလောက်အောင် ဝမ်းသာမှုတွေနဲ့ ပြည့်နှက်နေတယ်။ သူ့မျက်နှာကလည်း ချက်ချင်းကို ကြည်နူးအားတက်သွားတဲ့ပုံစံမျိုးနဲ့ မေမေ့လက်တွေကို လျင်မြန်စွာပဲ တင်းကျပ်စွာဆုပ်ကိုင်လိုက်တော့တယ်။

"ယမင်းရယ်..."

သူက တိုးတိတ်စွာ ညည်းတယ်။ ပြီးမှ...။

"ယမင်း...အဲ့ဒီစကားကို ကိုယ်ကြားလိုက်ရလို့ ဘယ်လောက် ဝမ်းသာရတယ်ဆိုတာ ယမင်းသိမှာမဟုတ်ဘူး၊ ဒါပေမယ့် ကိုယ်ကျေနပ်တယ်သိလား၊ ကိုယ်ကျေနပ်တယ်၊ ကိုယ်စောင့်ဆိုင်းနိုင် ပါတယ် ယမင်းရယ်၊ အဲဒီနေ့ဟာ ဘယ်နေ့ပဲဖြစ်ဖြစ် ကိုယ်စောင့်ဆိုင်းနိုင်ပါတယ်၊ ဒါပေမယ့်..."

သူက စကားကိုခဏရပ်ပြီး မေမေ့နားရွက်နားကို အတင်းတိုးကပ်ကာ တိုးတိုးကလေး ပြောပြခဲ့တယ်။

"ဒါပေမယ့်... အခုတော့ ကိုယ်တို့ လက်ထပ်ထားကြရအောင်နော်"တဲ့။

မေမေငိုချလိုက်မိတယ်။

မေမေ ဒီတစ်ခါအားပါးတရ ငိုချလိုက်မိတော့တယ်။

ဘာ့ကြောင့်လဲဆိုတော့ မေမေ့မျက်ရည်တွေကို သူသုတ်ပေးနေခဲ့ပြီကိုး။ ပြီးတော့ ငိုနေတဲ့မေမေ့မျက်နှာကိုလည်း သူ့ရင်ခွင်ထဲမှာ ထားရစ်လိုက်ပြီကိုး။ သားရယ်...မေမေဟာ အဲဒီလိုငိုကြွေးချဖို့ ရင်ခွင်တစ်ခုကို ရွေးချယ်ခဲ့တာ မေမေတစ်ယောက်တည်းအတွက် ရွေးချယ်ခဲ့တာမဟုတ်မှန်း...သားသိမယ် ထင်ပါတယ်နော်။ သား...သိလိမ့်မယ်လို့ မေမေထင်ပါတယ်ကွယ်။

သူဟာ အတားအဆီးမရှိ ဖိတ်လျှံကျလာတဲ့ မေမေ့မျက်ရည်တွေကို သူ့လက်ချောင်းတွေနဲ့ ညင်သာစွာသုတ်ပေးနေခဲ့တယ်။

ဒါပေမယ့် မေမေ့မျက်ရည်တွေဟာ သူ့အင်္ကျီရင်ပတ်ပေါ်မှာ စိုရွှဲသွားနေခဲ့ပါပြီ။ မေမေလည်း အဲဒီအချိန်ကျမှ သူ့ကို မကျေမနပ်နဲ့ စကားတစ်ခွန်း ပြန်ပြောလိုက်မိတော့တယ်။

"ဆရာ...၊ ဆရာ့ရဲ့ရုပ်အင်္ကျီအောက်မှာ ဘာမှလည်း ခံမဝတ်ထားပါဘူး"

မေမေ့စကားကိုကြားတော့ သူက တဟားဟားနဲ့ အော်ရယ်ခဲ့တယ်လေ။ သူရယ်တော့ မေမေတောင် မျက်ရည်တွေကြားက တစ်ချက်ထုတ်ရယ်လိုက်





မိသေးတယ်။

သူက ရယ်နေရင်းနဲ့ပြောတယ်။

"မေတ္တာတရားဆိုတာ တစ်ခါတစ်လေ လိမ်ညာတတ်ရတယ် ယမင်းရဲ့"

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

သားရေ…။

မေမေ့ဘဝမှာ မမြဟာ အရိပ်အာဝါသပေးခဲ့တဲ့ သစ်ပင်တစ်ပင်လို့ဆိုရင် သူကတော့ မေမေ့အတွက် ကောင်းကင်တစ်ခု ဖြစ်လာခဲ့တယ်လို့ ပြောရမှာပါပဲ သား။ သူဟာ မေမေ့ရဲ့ကမ္ဘာတစ်ခုလုံးကို အမြဲတစေ လွှမ်းခြုံပေးနိုင်မယ့် မေတ္တာကောင်းကင်တစ်ခုလို့ မေမေယုံကြည်လိုက်ပါတယ်။

မေမေ ပျော်ပါတယ်။ မေမေဟာ သူနဲ့ပတ်သက်သမျှ ပျော်ရွှင်မှုတွေကိုပဲ ရရှိခဲ့တာပဲ။ သူဟာ မေမေ့ဘဝထဲက ကွက်လပ်တွေအားလုံးကို ဖြည့်စွက်နိုင်အောင်ကြိုးစားရင်း မေမေ့ကို ပျော်ရွှင်အောင်လုပ်ပေးခဲ့သူပဲ။

မေမေ သူ့ကို လက်ထပ်လိုက်ပါတယ်။

မေမေနဲ့သူ့ရဲ့လက်ထပ်ပွဲကလေးဟာ မမျှော်လင့်စွာ ပျော်စရာကောင်းခဲ့တယ်သားရဲ့။ မေမေနဲ့သူ့ရဲ့ လက်ထပ်ပွဲကလေးကို သူ့ပတ်ဝန်းကျင်မှာရော၊ မေမေရဲ့ပတ်ဝန်းကျင်မှာရော၊ လူတွေမသိအောင် တိတ်တိတ်ကလေး ပြုလုပ်ခဲ့ရပေမယ့် မေမေ့အတွက် အရာအားလုံး ပြည့်စုံနေပါတယ်။

သူက လက်မထပ်ခင် တစ်ရက်ကပဲ မေမေ့ကို လာပြောတယ်။

"ကိုယ့်ရဲ့အဖိုးနဲ့အဖွားဆီကို စာရေးလိုက်တယ်၊ သိလား…ယမင်း၊ ကိုယ် မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်ပြီလို့၊ လက်ထပ်ပြီးရင် ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ ဓါတ်ပုံတစ်ပုံလည်း ပို့လိုက်ပါ့မယ်လို့ ရေးလိုက်တယ်၊ သူတို့ကတော့ ကျွန်တော့်ကို မင်းလုပ်ချင်တာလုပ်၊ ငါတို့ကို ဘာမှ လာပြောမနေနဲ့တော့…လို့ စိတ်ဆိုးဆိုးနဲ့ ပြောချင်နေမှာပဲ၊ ပြီးတော့ မြို့ကတခြားလူတွေကို သူတို့လိုက်ပြောနေကြမှာပေါ့…ယမင်းရယ်၊ ဟိုကောင်တော့ လုပ်သွားပြန်ပြီလို့၊ ယမင်း…ကိုယ်တို့လက်ထပ်ပွဲကို ကိုယ့်ရဲ့အဖိုးနဲ့အဖွား အသိအမှတ်





မပြုဘူးဆိုရင် ယမင်းကျေနပ်ရဲ့လား၊ ယမင်းကျေနပ်အောင် ကိုယ်ဘာထပ် လုပ်ပေးရမလဲ"

သူ့ရဲ့မေးပုံကြောင့် မေမေရယ်လိုက်မိသေးတယ်။ မေမေရယ်မောနေမိရင်း သူ့ကိုဖြေလိုက်ပါတယ်။

"ဆရာရယ်…၊ ကျွန်မဘဝမှာ လိုအပ်တာထက်တောင် ပြည့်စုံနေပြီပဲ၊ ကျွန်မ ကျေနပ်ပါတယ်၊ ကျွန်မတို့ တစ်ချိန်ချိန်မှာ သူတို့ကို သွားကန်တော့နိုင်အောင် ကြိုးစားကြမယ်လေ"…လို့ မေမေဖြေလိုက်တယ်။

ဒီတော့ သူက မေမေ့နားကပ်ပြီး တိုးတိုးကလေး ထပ်ပြောခဲ့သေးတယ်။

"ကိုယ်တို့ရဲ့ရင်သွေးကလေး မွေးပြီးတဲ့အချိန်ကျရင်ပေါ့…ဟုတ်လား"

သူ့စကားကြောင့် မေမေ့ရင်ထဲမှာ အတိုင်းအဆမသိ ကြည်နူးသွားခဲ့ပါတယ်…သား။ မေမေသူ့ကို တုန်ယင်နေတဲ့အသံလေးနဲ့ "ဟုတ်ကဲ့"…လို့ ပြန်ဖြေလိုက်ရပါတယ်။ ဒီတော့ သူ့မျက်နှာမှာ အရာရာကို ကျေနပ်အားရနေတဲ့ အမူအယာတွေနဲ့လေ။

မေမေလေ ဒီတစ်ခါတော့ မေမေ့ကံကြမ္မာကို အစမှအဆုံး ကျေးဇူးတင်နေမိပြန်ပါပြီ…သားရယ်။ မေမေ့ဘဝအတွက် အပြည့်အစုံ အလုံလောက်ဆုံး ဒေါက်တာမြင့်မိုရ်ဆိုတဲ့ အံ့ဩစရာသိပ်ကောင်းတဲ့ လူတစ်ယောက်ကို ဖန်ဆင်းပေးခဲ့လို့လေ။

တကယ့်ကို သူဟာ မေမေ့ဘဝအတွက် ဘာကိုမှထပ်ပြီး မလိုချင်လောက်အောင် ပြည့်စုံလွန်းတဲ့သူပဲ။ သူဟာ မေမေ့ဘဝအတွက် ကောင်းကင်တစ်ခုပဲ။ သူဟာ မေမေ့ဘဝအတွက် သူရဲကောင်းတစ်ဦးပဲ။ မေမေ့ဘဝကို ကယ်တင်ခဲ့တဲ့ သူဟာ သူပါပဲ။

မေမေတို့ဟာ လက်ထပ်ပွဲနေ့ကလေးမှာ တစ်ယောက်ရဲ့လက်ကို တစ်ယောက် တင်းကျပ်စွာဆုပ်ကိုင်ရင်း ပျော်ရွှင်နေခဲ့ကြတယ်။

မေမေတို့ လက်ထပ်တာကို သိတဲ့သူသိပ်မများပါဘူး။ ရုံးတက်ပြီး လက်မှတ်ထိုးရုံပဲမို့ အသိသက်သေအဖြစ် မေမေ့ဘက်က မမြရယ်၊ သူ့ဘက်က သူနဲ့အရင်းနှီးဆုံး ငယ်ငယ်ကတည်းက ပေါင်းလာတယ်ဆိုတဲ့ ဆရာဝန်တစ်ဦးရယ်ပဲ ပါတယ်သားရဲ့။

သူက ပြောခဲ့တယ်လေ။ မေမေတို့လက်ထပ်ပွဲကို သူနဲ့သိပ်ရင်းနှီးခင်မင်တဲ့ သူငယ်ချင်းတွေထဲက နှစ်ယောက်ကိုပဲ အသိပေးခဲ့တယ်တဲ့။ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ နယ်မြို့တစ်မြို့မှာ တာဝန်ထမ်းနေတဲ့ ဆရာဝန်တစ်ယောက်မို့ သူ့လက်ထပ်ပွဲကို နောက်တစ်ယောက်ပဲ လာလိမ့်မယ်လို့ မေမေ့ကို ပြောခဲ့ပါတယ်။

အဲဒီသူ့သူငယ်ချင်းဆရာဝန်ဟာ သူနဲ့အတော်ရင်းနှီးပုံရပါတယ်။ ပြီးတော့ မေမေ့ကိုလည်း အင်မတန်ဖော်ရွေသဘောကောင်းစွာ ဆက်ဆံတဲ့သူပဲ။ သူက သူငယ်ချင်းနဲ့မေမေ့ကို မိတ်ဆက်လို့လည်းပြီးရော သူ့သူငယ်ချင်းက အသံကျယ်ကျယ်နဲ့ မေမေ့ကို မေးတော့တာပဲ။

"မယမင်းခင်ရေ…ဒီကောင့်ကို လူပျိုကြီးဘဝက ကျွတ်အောင် ဘယ်လိုများ လုပ်လိုက်သလဲဗျာ၊ ကျွန်တော်က သူ့ကို ဒီတစ်သက်တော့ မစွံတော့ဘူး အောက်မေ့တာ"

မေမေက သူ့သူငယ်ချင်းပြောပုံကို မရယ်ဘဲမနေနိုင်တော့ပါဘူး။ ဒီကြားထဲ သူကဝင်ပြီးပြောသေးတယ်လေ။

"ဒီကောင်က ကလေးသုံးယောက်အဖေလေ ယမင်းရဲ့၊ နောက်ဆုံးနှစ်ကတည်းက အိမ်ထောင်ကျတာကိုး၊ သူတို့ကြားမှာတော့ ကိုယ်က သိပ်ညံ့နေတာပေါ့ ယမင်းရာ၊ ကိုယ့်ကို အမြဲတမ်းစတယ်…သိလား၊ စိတ်ပူမနေပါနဲ့တဲ့၊ သူ့သမီးအကြီးဆုံးနဲ့ ပေးစားပါမယ်တဲ့လေ၊ ဟော့ကောင် မင်းရဲ့သမီးအတွက် ငါစိတ်မကောင်းပါဘူးကွာ"

သူတို့သူငယ်ချင်းနှစ်ယောက်ရဲ့ တရင်းတနှီးနောက်ပြောင်နေသံတွေကြောင့် မေမေရော၊ မမမြရော အဲဒီနေ့က ရယ်သံတွေနဲ့ပေါ့။ သူ့သူငယ်ချင်းကလည်း အားကျမခံ သူ့ကို ပြန်ပက်ပါတယ်။

"အောင်မာ…မင်းလိုကောင်ကို ငါ့သမီးကကြိုက်မှာတဲ့လား၊ သိလား မယမင်း၊ ဒီကောင်က ငယ်ငယ်တုန်းကဆို မိန်းကလေးတွေနဲ့ ပတ်သက်လာရင် လုံးဝ အဖြစ်ရှိတဲ့ကောင်မဟုတ်ဘူး၊ မာကျောကျော ကျွတ်ဆတ်ဆတ်နဲ့၊ တစ်တန်းလုံးမှာရှိတဲ့ မိန်းကလေးတွေနဲ့ သူနဲ့မတည့်ဘူး၊ သူက အဲဒါလည်း ဂရုမစိုက်ဘူး၊ အင်း ဒီကောင့်ဒုက္ခတွေ အခု…မယမင်းတောင် ဘယ်လောက်ခံနေရပြီလဲဟင်၊ မယမင်းရေ…ခင်ဗျားတော်တော်သည်းခံရမယ်ထင်တယ်ဗျနော်"

သူ့သူငယ်ချင်းက အဲဒီလိုလည်းပြောရော သူက မခံချိမခံသာနဲ့ "ခွေးကောင်…ငယ်ကျိုးငယ်နာ မဖော်ကြေးလို့ ပြောထားတယ် မဟုတ်လား" လို့ အော်ပြီး သူ့သူငယ်ချင်း လက်မောင်းကို လိုက်ထိုးတော့တာပဲ။ သူတို့





နှစ်ယောက်ကို ကြည့်ရတာ တကယ့်ငယ်ငယ်တုန်းကဘဝကို ရောက်သွားနေတဲ့ အတိုင်းပဲ။

မေမေရော၊ မမမြရော အံ့သြပြီးရင်း အံ့သြနေရတာပဲပေါ့။

ဟုတ်တယ်လေ။ မေမေနဲ့မမမြတို့ နှစ်ယောက်စလုံးအတွက် တကယ့်ကို အံ့သြလောက်ဖွယ် စိတ်ရှည်သည်းခံလွန်းပြီး မေမေ့အပေါ် အင်မတန် နားလည်လွန်းစွာ စာနာဂရုစိုက်ခဲ့တဲ့ ဒေါက်တာမြင့်မိုရ်ဆိုတဲ့ လူတစ်ယောက်ဟာ ငယ်ငယ်တုန်းက အဲဒီလိုလူတစ်ယောက်ဆိုတာ မေမေဘယ်လိုလုပ် ယုံကြည်နိုင်မှာလဲ။ မာကျောကျော၊ ကျွတ်ဆတ်ဆတ်နဲ့ စိတ်တိုတတ်တဲ့သူတဲ့။ မေမေ ရယ်ချင်သွားတာပေါ့။

အခုတော့ မေမေနဲ့ပတ်သက်လာရင် စိတ်ရှည်သည်းခံပေးလွန်းတဲ့သူဟာ သူပဲဖြစ်နေပါပြီကော။

အဲဒီလက်ထပ်ပွဲနေ့ကလေးမှာပဲ မေမေဟာ မေမေ့ရဲ့သိပ်များများစားစား မရှိတဲ့ မမမြတိုက်ခန်းက ပစ္စည်းပစ္စယတွေကို သူ့ကားနဲ့တင်ပြီး သူ့အိမ်ကို ပြောင်းလာခဲ့ပါတယ်။

သူ့အိမ်က အလွန်နေချင်စဖွယ်ကောင်းတဲ့ သပ်သပ်ရပ်ရပ် တစ်ထပ်တိုက်အိမ်နဲ့ခြံဝင်းကလေးလေ။ သူက အဲဒီအိမ်ထဲမှာ သူနဲ့အတူနေရင်း ဝေယျာဝစ္စတွေလုပ်ဖို့ခေါ်ထားတဲ့ မောင်သိန်းဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့ မေမေ့ကို မိတ်ဆက်ပေးတယ်။

"ဟော့…အဲဒါမင်းရဲ့အိမ်ရှင်မပဲ၊ မယမင်း…တဲ့၊ မှတ်ထား၊ ပြီးတော့ ဒီနေ့ကစပြီး မင်းမီးဖိုချောင်ကို အပိုင်စီးရင်း ငါ့ကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဟင်းတွေ၊ ထမင်းတွေချက်ပေးနေတဲ့ အလုပ်ကို စွန့်လွှတ်လိုက်တော့၊ သူနိုင်းတာကိုပဲ မင်းလုပ်၊ ကြားတယ်နော် မောင်သိန်း"

သူပြောပုံကြောင့် မေမေရော၊ အဲဒီကောင်လေးရော ရယ်မိကြတာပေါ့။

အဲဒီနေ့က မေမေသူ့အိမ်ကို ပြောင်းလာတော့ မမမြက မေမေနဲ့အတူ ပစ္စည်းတွေ ကူသယ်ပေးဖို့ သူ့အိမ်အထိ လိုက်လာခဲ့ပါတယ်။ သူ့အိမ်မှာ မမမြကပဲ နေရာတကျဖြစ်တဲ့အထိ ထားသိုပေးသွားခဲ့တယ်။ မမမြဟာ မေမေ့အပေါ် ဘယ်လောက်ချစ်ခင်တွယ်တာခဲ့သလဲဆိုတာ အဲဒါကိုသာ ကြည့်ပါတော့သား။

နောက်ဆုံး ညနေစောင်းလို့ မေမေတို့ ဇနီးမောင်နှံနှစ်ယောက်စလုံးကို ပြန်တော့မယ်လို့ မမမြနှုတ်ဆက်တဲ့အခါ မမမြရဲ့မျက်လုံးမှာ မျက်ရည်စတွေ



www.burmeseclassic.com

www.burmeseclassic.com



အိုင်ထွန်းနေခဲ့ပြီလေ။

မမမြက ပြောသေးတယ်။

"မင်းတို့နှစ်ယောက်စလုံး အရမ်းပျော်နေကြမယ့် ဒီအချိန်မှာ ကိုယ်ငိုနေမိလို့ ကိုယ့်ကိုခွင့်လွှတ်ပါ ခင်လေးရယ်၊ ဆရာ ကျွန်မကို ခွင့်လွှတ်ပါနော်၊ ကျွန်မလေ...ခင်လေးကို ကိုယ့်ညီမအရင်းထက်တောင် ပိုချစ်နေမိတယ်ထင်ပါတယ်၊ ဒါပေမယ့် ကျွန်မကျေနပ်ပါတယ်ဆရာ၊ ကျွန်မ ကျေနပ်ပါတယ်၊ ခင်လေး အခုလိုဘဝမျိုးနဲ့ ကိုယ့်ကို ခွဲခွာသွားတာ ကိုယ်သိပ်ကျေနပ်ပါတယ် ခင်လေးရယ်"

အဲဒီအချိန်မှာ မေမေလေ...။

မမမြကို တအားပြေးပြီး ပွေ့ဖက်ထားလိုက်မိပါတယ်။ မေမေတို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာပွေ့ဖက်ထားမိရင်း တစ်ယောက်ရဲ့မျက်ရည်တွေကို တစ်ယောက်က သုတ်ပေးနေမိကြတယ်။ အဲဒီအချိန်မှာ သူကတော့ ခမ်းလှမ်းလှမ်းကရပ်ရင်း ဒီကမ္ဘာပေါ်က မိန်းမနှစ်ယောက်ရဲ့ အင်မတန်ကြီးမားခဲ့တဲ့ သံယောဇဉ်တွေကို ငေးကြည့်လို့နေတာပေါ့။

မေမေလည်း နောက်ဆုံးတော့ မမမြကို အကောင်းဆုံးနည်းလမ်းနဲ့ နှုတ်ဆက်ဖို့ ချက်ချင်းသတိရသွားပါတယ်။

မေမေ မမမြကိုထိုင်ပြီး ကန်တော့လိုက်ပါတယ်။

မမမြက ရုတ်တရက် အံ့သြသွားပြီး ဟင့်အင်း...ဟင့်အင်းလို့အော်ရင်း မေမေ့ကို အတင်းဆွဲထူပြီး ထခိုင်းသေးတယ်။ ဒါပေမယ့် မေမေ...မမမြကို ထိုင်ကန်တော့ဖြစ်အောင် ကန်တော့လိုက်ပါသေးတယ်။

ပြီးတော့ မေမေနှုတ်က ထုတ်ပြောလိုက်မိတယ်။

"မမမြရဲ့ကျေးဇူးတွေ များလွန်းလို့ ခင်လေးကို ဒီလောက်ကလေးတော့ ကျေးဇူးဆပ်ခွင့်ပြုပါ မမမြရယ်..."လို့လေ။ ဒီတော့ မမမြခမျာ မေမေ့ကို မျက်ရည်တွေကြားက ပြုံးကြည့်ရင်း မေမေကန်တော့တာကို ခံခဲ့ပါတယ်။

မမမြဟာ မေမေတို့ခြံဝင်းထဲကအထွက် ပြန်ခါနီးမှ မေမေ့နားနားကို ကပ်ပြီး တိုးတိုးလေးနဲ့ စကားတစ်ခွန်းကို ပြောသွားသေးတယ်။

"ကိုယ်ဆိုင်က ဟိုကောင်မလေးနှစ်ယောက်ကို ပြောထားတယ်၊ မယမင်းတော့ သူ့အမျိုးသားအိမ်နဲ့ ပြေလည်သွားလို့ သူ့အမျိုးသားနဲ့ အတူတူသွား





နေနေပြီလို့၊ သူတို့ကကိုယ့်ကို စိတ်ဆိုးနေကြတယ်၊ မယမင်းရဲ့အမျိုးသားကဆရာဝန်ဆိုတာ သူတို့ကို ဘာဖြစ်လို့ စောစောစီးစီးမပြောတာလဲတဲ့၊ မယမင်းကလည်း သိပ်လျှိုတာပဲတဲ့"

မမမြက အဲဒီလိုပြောတော့ မေမေ မျက်ရည်စတွေကြားကနေ ရယ်မိပါသေးတယ်။ သားရေ...ဟိုအရင်တုန်းကလည်း မေမေနဲ့မမမြဟာ လူတွေကို အဲဒီလို လိမ်ညာခဲ့ရလို့ မျက်ရည်တွေကြားကနေ ရယ်မောခဲ့မိကြတယ်နော်။ အခုလည်း ဒီအတိုင်းပါပဲ သားရယ်။

ဒါပေမယ့် အခုကျရတဲ့ မျက်ရည်တွေကတော့ အရင်တုန်းကနဲ့ တူနိုင်တော့မှာမဟုတ်ပါဘူး။ မေမေတို့ပျော်နေကြပြီလေ။ မေမေတို့ ကျေနပ်နေကြပြီ။ မေတ္တာတရားဆိုတာ တစ်ခါတလေတော့လည်း လိမ်ညာတတ်ရတယ်လို့ မေမေတို့ကိုယ်တိုင် နားလည်သဘောပေါက်သွားခဲ့ပြီ သားရဲ့။

မေမေ ညာခဲ့ရတယ်။ မေမေ လူတွေကိုလိမ်ညာခဲ့ရတယ်။ ဒါဟာ မေမေ့ရဲ့ဂုဏ်သိက္ခာ တစ်ခုတည်းအတွက်တင် မဟုတ်ဘူးဆိုတာ သားနားလည်လိမ့်မယ်ထင်ပါတယ်။

သားရေ...။

မေမေနဲ့သူ့ရဲ့ မင်္ဂလာဦးညကလေးဟာ အခြားသော မင်္ဂလာဦးဇနီးမောင်နှံတွေရဲ့ မင်္ဂလာဦးညနဲ့တော့ မတူခဲ့ပါဘူး။ ဒါပေမယ့် မေမေ့အတွက်တော့ သိပ်ကိုကျေနပ်စရာကောင်းပြီး ကြည်နူးပြည့်စုံဖွယ်ကောင်းတဲ့ သူ့ရင်ခွင်ထဲမှာမှီရင်း ကုန်ဆုံးခဲ့ရတဲ့ အဲဒီ မင်္ဂလာဦးညကို မေမေ မမေ့ခဲ့ပါဘူးသား။

မေမေနဲ့သူဟာ သူ့ရဲ့အိပ်ခန်းပြတင်းပေါက်ကနေ အပြင်ဖက်က မြူလိုလိုနှင်းလိုလို ဝေ့ဝဲနေတဲ့ ညရှုခင်းကလေးကို အတူတကွ ငြိမ်သက်စွာ ငေးနေခဲ့မိကြတယ်။ ကောင်းကင်မှာက ကြယ်တွေရော၊ လမင်းရော စုံလင်တဲ့ညမို့ သစ်ပင်၊ သစ်ရွက်တွေပေါ်မှာ အလင်းရောင်တွေ တလက်လက် ရောင်ပြန်ထနေတာကိုတောင် မေမေ မှတ်မိနေပါသေးတယ်။

နှိုဝင်ဘာလရဲ့အစပိုင်းလေထုဟာ ပတ်ဝန်းကျင်ကို အေးစက်နေအောင် တိုက်ခတ်နေတဲ့အချိန်ဖြစ်ပေမယ့် မေမေ့ရင်ထဲမှာတော့ နွေးနေခဲ့ပါတယ်။ မေမေ့ဘဝလေးဟာ လုံခြုံနေခဲ့ပါတယ်သား။ မေမေတို့နှစ်ယောက်စလုံးဟာ အိပ်လို့လည်း မပျော်ခဲ့ကြဘူး။ ပြီးတော့ စကားလည်းပြောဖို့ ဆွံ့အနေခဲ့ကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ မေမေတို့နှစ်ယောက်ရဲ့ အသက်ရှူသံတွေပဲ ဖုံးလွှမ်းနေပြီး တိတ်ဆိတ်နေခဲ့ရာက ပထမဦးဆုံး စကားစပြောလိုက်တဲ့သူက သူပါပဲ။ သူက ပြောတယ်။

"ကြည့်စမ်း...ယမင်းရယ်၊ ဟောဒီပြတင်းပေါက်က မြင်ရတဲ့ ညရှုခင်း တစ်ခုကို ကိုယ်နှစ်ပေါင်းတော်တော်ကြာ တစ်ယောက်တည်း အထီးကျန်စွာ ငေးနေခဲ့ရတာ ဘယ်လောက် အဓိပ္ပါယ်မဲ့နေခဲ့မှန်း အခုမှပဲ သိခွင့်ရတော့တယ်၊ ကိုယ့်ဘေးနားမှာ ကိုယ့်ချစ်သူကိုထားပြီး ကြည့်လိုက်ရင် အရာရာဟာ ပိုလှပသွားမှန်း ကိုယ်အခုမှသိပြီ ယမင်းရဲ့၊ ယမင်းကို လက်ထပ်ခဲ့တာ ကိုယ် သိပ်မှန်သွားပြီ...သိလား၊ဗျ"

မေမေ သူ့စကားကို နားထောင်ရင်း ပြုံးနေလိုက်ပါတယ်။ ပြီးတော့မှ နေ့လည်ကတည်းက မေမေ...သိပ်သိချင်နေတဲ့ မေးခွန်းတစ်ခု သူ့ကို ထုတ် မေးလိုက်မိတော့တယ်။

"ဆရာ...ယမင်းအတွက်ဆို ဆရာက အမြဲတမ်းကျေနပ်သွားအောင် ပြော တတ်တဲ့သူပဲ၊ အဲဒီလိုလူတစ်ယောက်ဟာ ငယ်ငယ်တုန်းက အမြဲစိတ်တို မာကျောပြီး မိန်းကလေးတွေနဲ့ အဆင်မပြေခဲ့ဘူးဆိုတာ ယမင်းတော့ မယုံ နိုင်အောင်ဖြစ်နေရပြီဆရာ၊ ဆရာ...ဘာဖြစ်လို့ ယမင်းနဲ့ကျမှ အင်မတန် စိတ်ရှည်သည်းခံတတ်နေတာလဲ...ဟင်၊ ယမင်းအတွက် ဘာကြောင့်များ ဒီ လောက်အထိ ပေးဆပ်စွန့်လွှတ်ခဲ့ရတာလဲ၊ တကယ်ကို အံ့ဩစရာ ကောင်းနေ ပါပြီ"

မေမေက အဲဒီလိုပြောတော့ သူက ခပ်တိုးတိုး ထုတ်ရယ်တယ် သားရဲ့၊ ပြီးတော့ မေမေ့ရဲ့ခေါင်းကို လက်နဲ့တစ်ချက် ခပ်ဖြည်းဖြည်း ပုတ်လိုက်သေး တယ်။ သူ့ပုံစံက အမေးအမြန်းသိပ်ထူတဲ့ ကလေးတစ်ယောက်ကို နှစ်သိမ့် ပေးတဲ့ ဖခင်တစ်ယောက်လိုပါပဲ။

သူက အင်မတန် တက်ကြွနေတဲ့လေသံနဲ့ မေမေ့အမေးကို ဖြေပြခဲ့တယ်၊

"ကိုယ့်ဘဝတစ်လျှောက်လုံးမှာလည်း ယမင်းလို မိန်းမမျိုးကို ကိုယ် မတွေ့ခဲ့ဘူးလေ...ယမင်းရဲ့"

သူ့အဖြေဟာ သိပ်ကိုတိုတောင်းပြီး သိပ်ရှင်းလင်းပြတ်သားလွန်းနေပါ တယ်။ မေမေလည်း သူ့အဖြေကြောင့် ရယ်လိုက်မိတယ်။ ဒါပေမယ့် သူ့စကား ကို သူကိုယ်တိုင်ပဲ ဖြည့်စွက်ပြီး နောက်ထပ်ပြောလိုက်ပါသေးတယ်။





"အထူးသဖြင့် ယမင်းလို မိခင်တစ်ယောက်ကို ကိုယ်မတွေ့ဖူးခဲ့ဘူး၊ ကိုယ့်ရင်သွေးလေးကို ကိုယ့်အသက်တောင်ပေးအပ်ပြီး ချစ်နေတဲ့ မိခင် တစ်ယောက်ကို ကိုယ်မတွေ့ခဲ့ဘူး...ယမင်းရယ်"

သူ့စကားအဆုံးမှာ မေမေ့ရင်တွေ လှုပ်ခါသွားတော့တယ်။

မေမေသူ့ကို ရုတ်တရက် တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိတယ်။ မေမေ သူ့ကို ဘာပြန်ပြောရမလဲသား။သူ့ရဲ့စကားဟာ အမှန်တရား တစ်ခုဆိုတာ မေမေသိပါတယ်။ သူ မေမေ့ကို သိပ်ချစ်တယ်ဆိုတာ မေမေသိပါတယ်။ အို ဟင့်အင်း...။ သူဟာ မေမေ့ရဲ့သားကိုလည်း သိပ်ချစ်မှာပါပဲ သားရယ်။

တိတ်ဆိတ်အေးစက်လွန်းနေတဲ့ညမှာ မေမေ ရုတ်တရက် သူ့ကို ထုတ် ပြောလိုက်မိတယ်။

"ဆရာ...ယမင်းလေ...၊ ယမင်း....မသေချင်သေးဘူး...ဆရာ"

"အို...ယမင်းရာ..."

သူက မေမေ့စကားကြောင့် ညည်းတွားပါတယ်။ ပြီးတော့ မေမေ့ နှုတ်ခမ်းတွေပေါ်မှာ သူ့လက်ချောင်းတွေနဲ့ ကန့်လန့်ဖြတ် လာပိတ်တယ်။ မေမေ သူ့လက်ချောင်းတွေကို ညင်သာစွာ ဖယ်ရှားလိုက်ပါတယ်။

"ယမင်းလေ...အစကတော့ သေရမှာ လုံးဝမကြောက်ပါဘူး...ဆရာ၊ ယမင်း...သူ့ကို မွေးဖွားပြီးရင် ယမင်းသေရဲသွားပြီလို့ ယုံကြည်ခဲ့တယ်၊ ယမင်းအတွက် လောကကြီးမှာ ဘာကိုမှ မက်မောစရာ မရှိလောက်အောင် လောကကြီးကို ယမင်းစက်ဆုပ်ခဲ့ပါတယ်၊ ယမင်း...အဲဒီအချိန်မှာ သေရဖို့ လုံးဝ ဝမ်းမနည်းပါဘူးဆရာ၊ ဒါပေမယ့်အခုတော့ ယမင်း...ယမင်း အဲဒါကို ရင်မဆိုင်ချင်တော့ဘူး၊ ယမင်း မသေချင်တော့ဘူး၊ ယမင်း နေချင်သေးတယ်၊ ယမင်း လောကကြီးထဲမှာ နေချင်ပါသေးတယ်ဆရာ၊ ယမင်းလေ..."

မေမေ ရုတ်တရက် သူ့ကို မော့ကြည့်လိုက်မိတယ်။

ပြတင်းပေါက်ကနေ ကျလာတဲ့လရောင်ကြောင့် သူ့မျက်လုံးတွေ တလက်လက် တောက်ပနေခဲ့တယ်။ သူငိုနေသလား။ မေမေမသိပါဘူး။ ဒါပေမယ့် မေမေ့စကားကို ဆက်ပြောလိုက်ပါတယ်။

"ယမင်းလေ...ဆရာ့အတွက် ဒီလောကကြီးထဲမှာ နေချင်ပါသေးတယ် ဆရာရယ်"

သူကချက်ချင်း မေမေ့ခေါင်းကို သူ့ရင်ခွင်ထဲကနေ လွှတ်ထွက်သွားမှာကို



www.burmeseclassic.com

www.burmeseclassic.com



စိုးနေသလို အတင်းဆွဲဝှက်ထားခဲ့လိုက်ပါတယ်။

အဲဒါကြောင့် သူ့မျက်လုံးတွေကို မေမေမမြင်ရတော့ဘူး။ သူငိုနေသလာ မေမေ မသိနိုင်တော့ပါဘူး။ သူက မေမေ့ခေါင်းပေါ်က ဆံမျှင်တွေ သူလက်ချောင်းတွေနဲ့ ညင်သာစွာဆွဲယူပွတ်သပ်ရင်း နမ်းနေတယ်။ သူ့အသ ရှုသံတွေကလည်း အပြင်းအထန်ကို လှုပ်ရှားကျယ်လောင်လွန်းပါတယ်။

"ယမင်း...မသေရဘူး၊ ယမင်း...ဒီလောကထဲမှာ နေကိုနေရဦးမယ် ဟုတ်တယ်၊ ယမင်း...နေရဦးမယ်၊ ယမင်း...ယမင်းရယ်၊ ကိုယ်ယုံကြ နေပါတယ်"

သူ့အသံတွေက အဖျားခတ်ပြီး တုန်ယင်သွားတယ်။ ပြီးတော့ တိုးလည် တိုးတိမ်သွားခဲ့တယ်။ ဒါပေမယ့် သူဆက်ပြောလိုက်တဲ့ စကားကို မေမေ ကြ လိုက်ရပါသေးတယ်။

"ယမင်း...ကိုယ့်အတွက်ရော...ယမင်းရဲ့ရင်သွေးလေးအတွက်ပါ အသ ဆက်ရှင်ပေးရဦးမယ်လေ၊ ဟုတ်တယ် မဟုတ်လားဟင်..."

မေမေ သူ့ကိုမော့ကြည့်ဖို့ မကြိုးစားတော့ပါဘူး။ မေမေ သူ့မျက်လုံး ကို ဆက်လက်ရင်ဆိုင်နိုင်ဖို့ စွမ်းအားမရှိတော့ပါဘူး...သား။ တစ်ခါတစ် ကျတော့ မေတ္တာတရားကြီးမားလွန်းတဲ့ မျက်လုံးတွေဟာ ကြည့်ရက်နိုင် အင်မတန် ခံယဉ်းလွန်းခဲ့ပါတယ်။

မေမေ သူ့ကိုမော့မကြည့်ပဲ ခပ်တိုးတိုးလေးရယ်နိုင်ဖို့ ကြိုးစားရ သူ့စကားကို ဖြည့်ပြောလိုက်ပါတယ်။

"သားအတွက်...ဆရာရဲ့...သားအတွက်၊ ကျွန်မက သားလိုချင်တာ

သီပ်ကိုနက်ရှိုင်းနေတဲ့ ညထဲမှာ မေမေတို့အတူတူ ရယ်မောခဲ့ကြပါတ လေ။

# ၁၅

သူနဲ့လက်ထပ်ပြီးတဲ့နောက်ပိုင်းမှာ မေမေ့ဘဝဟာ အရာရာကို မျှော်လင့် ချက်အသစ်တွေနဲ့ ပြန်လည်မွေးဖွားခဲ့ရတာပေါ့။

အဲဒီမျှော်လင့်ချက်တွေကို ဆရာ...လို့ မေမေခေါ်တဲ့သူတစ်ဦးကပဲ ဖန်ဆင်းပေးခဲ့တာပေါ့သားရယ်။ သူကလေ အစစအရာရာ နားလည်လွန်းစွာ မေမေ့ဘဝရဲ့ကွက်လပ်တွေကို ဖြည့်စွမ်းပေးခဲ့တယ်။

သူက မေမေနဲ့လက်ထပ်ပြီးတဲ့နောက်ပိုင်း သူ့ရဲ့ပုံမှန်အလုပ်တွေကို ပြန် လည်လုပ်ဆောင်ခဲ့ပါတယ်။

သူက မနက်ရှစ်နာရီဆို အိမ်ကထွက်၊ ဆေးရုံသွားရပြီး နေ့လည်စာကို မေမေနဲ့အတူ ပြန်လာစားတယ်။ မေမေနဲ့လက်မထပ်ခင်က သူဟာ ထမင်းချိုင့် သူချင်ယူ၊ မယူရင် အပြင်မှာပဲ ဝယ်စားတတ်တယ် ဆိုတဲ့သူဟာ အခုတော့ "ယမင်းချက်တဲ့ဟင်းကို ယမင်းမျက်နှာကြည့်ပြီး စားချင်တယ်"ဆိုတဲ့ အကြောင်းပြချက်နဲ့ အိမ်ကိုအမြဲ ပြန်လာတတ်ပါတယ်။

တကယ်တော့ အဲ့ဒါသူ့ရဲ့အကြောင်းပြချက်တစ်ခု သက်သက်သာဖြစ်ပြီး သူနေ့လည် အိမ်ပြန်လာရတဲ့ ရည်ရွယ်ချက်အစစ်အမှန်ကို မေမေရိပ်မိနေ ပါတယ်။ ရိပ်မိမှာပေါ့ကွယ်။

သူကလေ...နေ့လည်အိမ်ပြန်လာတာနဲ့ သူခဏလေး မရှိလိုက်တဲ့ အဲဒီ မနက်ခင်းအချိန်လေးမှာ မေမေ ဘာစားသလဲ၊ အန်သလား၊ ခေါင်းမူးသလား စတဲ့မေးခွန်းပေါင်းစုံကိုမေးပြီး ကျန်းမာရေးအခြေအနေကို စစ်ဆေးနေခဲ့ တာပဲကိုး။ ပြီးတော့ မေမေနဲ့အတူ ထမင်းစားနေရင်လည်း ယမင်းစားလို့ ကောင်းရဲ့လား၊ ဘာစားချင်သလဲ၊ စားချင်တာ မောင်သိန်းကို ဝယ်ခိုင်းနော်နဲ့ တဖွဖွ ဂရုတစိုက် ပြောနေတော့တာပဲလေ။ မေမေ့မှာ တစ်ခါတစ်လေကျတော့



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စွာနဲ့ ရယ်လည်းရယ်မိတယ်။ တစ်ခါတစ်လေကျ သူ့ကို မျက်စောင်းထိုးမိတယ် သားရဲ့။

သူက မေမေ့ကို အိမ်မှာနေရင်း ပျင်းနေမှာစိုးလို့ ဗီဒီယိုအခွေတွေ၊ စာအုပ်တွေကို အမြဲငှားငှားပေးထားတတ်ပြီး ခြံထဲကသစ်ပင်တွေ ပန်းပင်တွေကိုလည်း ရေပိုက်ကလေးနဲ့ လိုက်လောင်းဖို့ ပြောထားပေးခဲ့တယ်။ မေမေ့ကို သူက ပြောတယ်။

"ပန်းတစ်ပွင့်ကို ပြုစုပျိုးထောင်ရတာ ကလေးတစ်ယောက်ကို မွေးဖွားရတာနဲ့ အတူတူပါပဲ ယမင်းရယ်...နော်"တဲ့။ အဲဒီစကားနဲ့ မေမေ့ကို သူ့သစ်ပင်တွေအပေါ်မှာ ဂရုစိုက်လာအောင် ဆွဲဆောင်ခဲ့တယ်လေ။

ဒီတော့ မေမေလည်း အဲဒီကတည်းက သူချစ်တဲ့သစ်ပင်တွေ၊ ပန်းပင်တွေကြားမှာ စတင်ပျော်ရွှင်ခဲ့တာပေါ့။ သူ့ခြံထဲမှာကလေ အပင်တွေမျိုးစုံရှိတယ်။ စားပင်၊သီးပင်၊ပန်းပင်၊အရိပ်ပင်...အို...စုံလို့ပေါ့။ မေမေက "ဆရာ...ဒီလောက်များတဲ့အပင်တွေကို ဘယ်လိုလုပ်ပြီး တစ်ယောက်တည်းစိုက်နိုင်ခဲ့တာလဲဟင်"လို့အံ့ဩစွာ မေးမိတော့ သူကပြုံးတယ်။

ပြုံးပြီးတော့ ဖြေခဲ့တယ်လေ။

"အထီးကျန်တဲ့သူတွေဟာ သစ်ပင်စိုက်တတ်ကြတယ်၊ ယမင်း မကြားဖူးဘူးလား"...တဲ့။

မေမေ သူ့ကို သိပ်ကိုယ်ချင်းစာသွားမိပါတယ်သား။ သူ...အဲဒါ အမှန်တရားကို ပြောနေတယ်ဆိုတာ မေမေသိလိုက်ပါတယ်။ သူ့ခြံထဲက သစ်ပင်များစွာမှာရှိတဲ့ သစ်ရွက်တွေဟာ သူ့ရဲ့အထီးကျန်ခဲ့ရတဲ့ နေ့ရက်တွေနဲ့ အရေအတွက် တူညီပါလိမ့်မယ်။ သူဟာ အဲဒီသစ်ပင်တွေနဲ့ နှစ်ပေါင်းများစွာအပေါ်ပြုနေထိုင်ခဲ့ပါလိမ့်မယ်။

ငယ်ငယ်တုန်းက မာကျောကျော၊ ကျွတ်ဆပ်ဆပ်ဆိုတဲ့ လူငယ်လေးတစ်ဦးဟာ လူသားတွေနဲ့ အဖော်မဖြစ်ဘဲ သစ်ပင်တွေနဲ့ အပေါ်ဖြစ်ခဲ့မယ်ဆိုတာ မေမေနားလည်နိုင်ပါတယ်။

ဒါကြောင့် မေမေလည်း သူချစ်တဲ့သစ်ပင်တွေကြားမှာပဲ ပျော်ဝင်ရင်း စိတ်ချမ်းမြေ့စရာကောင်းတဲ့ ဘဝတစ်ခုကို ရရှိခဲ့တော့တယ်။

မေမေ သစ်ပင်တွေကို ရေလောင်းတယ်။ ပေါင်းသင်မြက်နုတ်၊ မြေဩဇာကျွေးတယ်။ ပန်းတွေ ခူးတယ်၊ အသီးတွေ ခူးတယ်။ သူနေ့လည်ပြန်လာရင်





မေမေက မေမေခူးထားတဲ့ပန်းတွေကိုပြပြီး ကြွားတယ်။ အသီးတွေရလာရင်လည်း မေမေတို့အတူတူ ခွဲစိတ်ပြီး စားကြတယ်။

နေ့လည်နေပူလို့ မေမေခြံထဲမဆင်းရင်လည်း ညနေစာအတွက် မေမေက မောင်သိန်းနဲ့အတူ မီးဖိုချောင်မှာ ဖွယ်ဖွယ်ရာရာဖြစ်အောင် စီမံတော့တာပဲ။ မောင်သိန်းက မေမေ့ကို "မမလေးထိုင်နေပါ၊ ကျွန်တော်ပဲ လုပ်လိုက်ပါ့မယ်၊ မမလေးလုပ်ချင်တာသာ ပါးစပ်ကပြော..."လို့ ပြောပေမယ့် မေမေကတော့ အတင်းရယ်မောပြီး ဝင်လုလုပ်တာပါပဲ။

သူက ပြောထားသားပဲလေ။ မေမေဟာ သူ့ရဲ့အိမ်ရှင်မတဲ့။ အိမ်ရှင်မဆိုတာ လင်ယောကျ်ားမရှိတဲ့အချိန်မှာ အိမ်တစ်အိမ်လုံးရဲ့ ကိစ္စဝိစ္စအားလုံးကို စီမံလုပ်ကိုင်နိုင်ရမှာပေါ့နော်။

မေမေဟာ သူ့အတွက် မယားဝတ္တရားကိုတော့ ကျေပွန်ရမှာ ပေါ့။ မေမေ ပျော်ရွှင်ပါတယ် သားရဲ့။ မေမေဟာ သူ့အတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ကိုင်ပေးနေသမျှ အရာအားလုံးမှာ ပျော်ရွှင်နေခဲ့ပါတယ်။ မေမေ့ကြောင့် သူပြုံးလိုက်တဲ့ အပြုံးတစ်ခုကို မြင်လိုက်ရရင် မေမေကျေနပ်နေပြီကိုး။ သူ့အပြုံး သူ့အရယ်တွေကို မေမေဖန်တီး ပေးချင်လာတာဟာ မေမေ့ရဲ့ အခုဘဝမျှော်လင့်ချက်တွေပေါ့ သားရယ်။

ဒီလိုနဲ့ သူ ညနေဆေးရုံကအပြန်၊ ဂျပန်ဘာသာသင်တန်း သွားတက်ပြီး ခြောက်နာရီကျော်ကျော်လောက် အိမ်ပြန်ရောက်လာရင် မေမေမှာ သူ့အတွက် အမောပြေ အအေးဖျော်ပေးရတာနဲ့၊ ရေချိုးပြီးဝတ်ဖို့ အင်္ကျီလုံချည် ထုတ်ပေးရတာနဲ့၊ ထမင်းပွဲကို ပြင်ပေးရတာနဲ့ မမောနိုင်ပါဘူး။ ညနေရောက်လို့ သူ ဂျပန်စာတွေ ကျက်ချင်ကျက်၊ ဒါမှမဟုတ် ဆေးစာတွေ ကျက်ချင်ကျက်နေတဲ့အချိန်မှာ မေမေက အမြဲကော်ဖီဖျော်တိုက်၊ လက်ဖက်သုပ်ပေးရင်း၊ သူ့အနားမှာထိုင်ပြီးစောင့်ရင်း၊ သူအိပ်ငိုက်တဲ့အချိန်ကိုလည်း သတိပေးနိုးရတတ်သေးတယ်လေ။

အဲဒါ မေမေ့ကို သူပေးအပ်ခဲ့တဲ့တာဝန်ပေါ့။ မေမေ သူ့ကို အဲဒီအရာတွေလုပ်ပေးတိုင်း ကျေနပ်စွာပြုံးနေတဲ့ သူ့အပြုံးကို မြင်ရတဲ့အခါ မေမေ ပျော်ရွှင်ရတာပေါ့။ ကျေနပ်ရတာပေါ့ကွယ်။

ဒါပေမယ့်...မေမေ့ရဲ့တာဝန်ကို သူက တဖြည်းဖြည်းနဲ့ပြန်ပြီး ရုတ်သိမ်းလာပြန်ရော...သားရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ယမင်း...ဒါမလုပ်နဲ့တော့၊ ယမင်း...အဲဒါချထားလိုက်၊ ယမင်း...ကိုယ့်ကို မစောင့်နဲ့၊ အိပ်တော့..."စတဲ့ စကားတွေကို သူပြောလာတဲ့အခါကျတော့လည်း မေမေကျေနပ်စွာနဲ့ ရယ်မောရပြန်ရောလေ။

သူက သူပြောတဲ့စကားကို မေမေ နားမထောင်ဘူးဆိုရင် မေမေ့ရဲ့ တင်းရင်းလာတဲ့ဝမ်းဗိုက်လေးကို လက်သီးနဲ့ ဖွဖွထိုးဟန်ပြုလုပ်ပြီး "ဒီကောင်လေးအတွက်၊ ဒီကောင်လေးအတွက်..."လို့ ပြောခဲ့တာကိုး။ မေမေရယ်မောမိတာပေါ့နော်။

သူက အဲဒီလိုလည်း မေမေ့ကိုနားဝင်အောင် ဆွဲဆောင်သိမ်းသွင်းတတ်သေးတယ်။ ဘာပဲဖြစ်ဖြစ် မေမေနဲ့သူ့ရဲ့ အရာရာပြည့်စုံနေပြီးတဲ့ ဘဝလေးထဲမှာ ပျော်စရာအကောင်းဆုံး အချိန်တစ်ချိန်ကတော့ သားဖွားနဲ့မီးယပ်အထူးကုဆရာဝန်မကြီးတစ်ဦးဆီမှာ မေမေ့ဗိုက်ကို သွားအပ်ကြတဲ့အချိန်ပဲပေါ့။

တယ်လီဗစ်ရှင်းခါတ်မှန်လို့ခေါ်တဲ့ Ultrasound စက်ကနေ မေမေ့ရဲ့ ရင်သွေးဟာ 'သား...သားလေးပါ"လို့ တိတိကျကျလည်း သိလိုက်ရရော မေမေပျော်လွန်းလို့ မျက်ရည်တွေတောင် ဝဲလာမိတယ် သားရယ်။

အို...ကံတရားက မေမေ့ကို မေမေလိုချင်တဲ့လက်ဆောင် ပေးခဲ့ပြီနော်၊ သားရေ...မေမေ့ရဲ့ကြည်နူးမှုကို တွေ့ရတဲ့ သူက..."ယမင်း၊ ယမင်းဘာဖြစ်လို့ ဒီလောက်တောင် ယောကျာ်းလေးကိုမှ လိုချင်ရတာလဲဟင်"လို့ အံ့ဩပြုံးရွှင်စွာ မေးခဲ့ပါသေးတယ်။

မေမေသဘောကျစွာ ရယ်မောလိုက်ရင်း "ကျွန်မက အထီး ကျန်တယ်လေ...ဆရာ၊ အထီးကျန်တဲ့မိန်းမတွေဟာ သူအားကိုးနိုင်ဖို့ သား ယောကျာ်းလေးကို လိုချင်တတ်ကြတယ်"လို့ဖြေလိုက်ပါတယ်။ သူက ဒီတော့မေမေ့ကို မျက်နှာစပ်ပုပ်ပုပ်နဲ့...။

"ဟောဗျာ...၊ ယမင်းမှာ အားကိုးစရာ ကိုယ်တစ်ယောက်လုံး ရှိသေးတယ်လေ" လို့ ခပ်မြန်မြန်ဖြတ်ပြောတော့ မေမေရယ်မိပြန်တာပေါ့။

မေမေက အဲဒီအခါ သူ့လက်တွေကို တင်းကျပ်စွာ တွဲဆုပ်ကိုင်လိုက်ရင်း ခပ်တိုးတိုးပြန်ဖြေလိုက်ခဲ့ပါတယ်။

"ဆရာရယ်၊ ဆရာနဲ့ယမင်း အသက်တွေကြီးလို့ ဆံတွေဖြူသွားတွေကျိုးတဲ့အချိန်ကျရင် အားကိုးရမယ့်သားလေ ဆရာရယ်၊ ယမင်းတို့နှစ်ယောက်လုံး အားကိုးရမယ့်သားပါ"လို့ ပြောလိုက်တော့ သူသဘောကျစွာ တဟားဟား

အင်ပါယာစာပေ



အော်ရယ်ခဲ့တာပေါ့။ သူ့မျက်လုံးတွေကလည်းကျေနပ်စွာနဲ့ ပြုံးရယ်နေခဲ့တာပဲ။ မေမေတို့အတူတူ ရယ်မောခဲ့ကြတယ်သားရဲ့...သိလား။

သားရေ...လူ့ဘဝဆိုတာ အဲဒီလိုပါပဲကွယ်။

မေမေတို့အခုလို ရယ်မောခဲ့နေစဉ်မှာ မေမေဟာ တစ်ချိန်က ငိုကြွေးခဲ့ရတဲ့ မျက်ရည်တွေအကြောင်းကို မေ့နေခဲ့ပါပြီ။ လူ့ဘဝဆိုတာ ငိုကြွေးမှုတွေချည်းပဲ ရှိခဲ့တာမှ မဟုတ်ပဲ။ ဒီလိုပျော်ရွှင်စွာ ရယ်မောသံတွေလည်း ရှိခဲ့ပါတယ်သား။ ဟုတ်တယ်နော်။

သားကြောင့် မေမေတို့ ပျော်ရွှင်ခဲ့ကြတယ်။ သားကြောင့် မေမေတို့ ရယ်မောခဲ့ကြတယ်။ သားအတွက် မေမေတို့ဘဝတွေ ရှင်သန်ခဲ့ကြတယ်။ မေမေတို့ရဲ့မျှော်လင့်ချက်တွေဟာ သားဖြစ်ခဲ့တယ်။

အဲဒါကို သား ဘယ်တော့မှ မမေ့လိုက်ပါနဲ့...သားရယ်။

တစ်ချိန်ချိန်မှာ မေမေ လူ့လောကထဲက ထွက်ခွာသွားရလိမ့်မယ် ဆိုရင်လည်း မေမေ့မျှော်လင့်ချက်တွေကို ဒီကမ္ဘာပေါ်မှာ ဆက်လက်ရှင်သန်စေချင်တယ်လေ။

အဲဒါ...သား...သားပဲပေါ့။

ဒီလောကထဲမှာ မေမေ့အစား ဆက်လက်ရှင်သန်ပေးမယ့်သူက သားပါပဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၆



မေမေတို့ရဲ့ ပျော်ရွှင်ငြိမ်သက်နေပြီဖြစ်တဲ့ ကမ္ဘာထဲကို ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်တစ်ခု စတင်ချဉ်းနင်း ဝင်ရောက်လာတဲ့နေ့ကို မေမေ ဘယ်တော့မှ မမေ့နိုင်ပါဘူးသား။

အဲဒီနေ့ဟာ သာမန်နေ့ကလေးတစ်နေ့ပါပဲ။

ဒါပေမယ့် မေမေတို့ရဲ့ဘဝကို စတင်ပြောင်းလဲလိုက်ဖို့ ကံတရားက သတ်မှတ်လိုက်တဲ့ နေ့တစ်နေ့ဖြစ်နေတယ်။ အဲဒီအရာ စတင်ဝင်ရောက်ရှိလာတဲ့အတွက် မေမေ ထိတ်လန့်တုန်လှုပ်ခဲ့ပါတယ်။ မေမေ မငြင်းပါဘူး။ မေမေ သိပ်ကြောက်ရွံ့ခဲ့ဖူးတယ်။

ဒါပေမယ့်မေမေ မငိုပါဘူးသားရယ်။ မေမေလိုချင်တာကို မေမေ ရရှိခဲ့ပြီးပြီလေ။ ဘာဖြစ်လို့ မေမေငိုကြွေးရမှာလဲ။

မေမေချစ်တဲ့ မေမေ့သားဟာ မေမေ့ဝမ်းထဲမှာ ရောက်ရှိနေတဲ့တစ်ချိန်လုံး မေမေ ဘယ်အရာကို ကြောက်ရွံ့ရမှာလဲ။ မေမေ ဘာကိုမှမကြောက်ရွံ့တော့ပါဘူးကွယ်။ မေမေရင်ဆိုင်နိုင်ပါပြီ။ သားကို လောကထဲ မွေးဖွားခွင့်ပေးနိုင်ပြီဆိုရင် မေမေ အရာအားလုံးကို ရင်ဆိုင်နိုင်ပါပြီ။

မေမေ့ရဲ့ သေခြင်းတရားကိုတောင် အပါအဝင်ပေါ့။

အဲဒီနေ့က ညပိုင်းအချိန်ကလေးမှာ သားရဲ့။

သူကထုံးစံအတိုင်း ဂျပန်ဘာသာစကားတွေကို ကက်ဆက်တစ်လုံးနဲ့ နားထောင်၊ လိုက်ပြောကျင့်နေတုန်း မေမေက သူ့အတွက် ကော်ဖီတစ်ခွက် ဖျော်ပြီးယူလာခဲ့တယ်။ သူက မေမေ့ကိုပြုံးပြီး ကော်ဖီခွက်ကို လှမ်းယူပါတယ်။ အဲဒီအချိန်မှာ မေမေ့စိတ်ထဲထင်လိုက်တာက သူကော်ဖီခွက်ကို ကိုင်လိုက်ပြီလို့ ထင်တာပါပဲ။ အဲဒါနဲ့ မေမေ ကော်ဖီခွက်ကိုလွှတ်လိုက်တော့ ကော်ဖီခွက်ဟာ အတားအဆီးမရှိ ကြမ်းပြင်ပေါ်ကို လွတ်ကျဆွဲသွားတော့တယ်။





မေမေရော၊ သူရော…လန့်ပြီး အော်လိုက်မိတာပေါ့။ ကော်ဖီပူပူတွေ သူ့ခြေထောက်ကိုတောင် သွားစင်ခဲ့လို့ မေမေက စိုးရိမ်တကြီး “ဆရာ…ဆရာ ပူသွားလားဟင်၊ ကျွန်မက ဆရာခွက်ကို လှမ်းယူလိုက်ပြီထင်လို့”…လို့ ပျာပျာ သလဲပြောမိတော့ သူက “ရတယ်…ရတယ်၊ ကိစ္စမရှိဘူး…ယမင်း၊ ဘာမှ မဖြစ် ဘူး”လို့ လက်ကာပြီး ငြင်းခဲ့တယ်။

အဲဒီနောက် သူက မှောက်ကျနေတဲ့ခွက်ကိုသိမ်းဖို့ မီးဖိုထဲက မောင်သိန်း ကို လှမ်းအော်ပြီး ခေါ်တော့တာပေါ့။ မောင်သိန်းကလည်း အသံကြားတာပြီး လို့နဲ့တူပါတယ်။မီးဖိုထဲကနေ အဝတ်စုတ်ကလေးကိုင်ပြီး ပြေးထွက်လာတယ်။

ဒါပေမယ့် သူပြေးထွက်လာပြီး ပြောလိုက်တဲ့စကားက မေမေရော ဆရာ ကိုပါ မျက်နှာပျက်သွားစေခဲ့တာပါပဲ။ မောင်သိန်းက ခွက်ကို ငုံ့ကောက်ပြီး ပြောလိုက်တယ်။

“မမလေး…လွှတ်ကျပြန်ပြီ မဟုတ်လား၊ ဒီနေ့ မမလေး ဘယ်လိုဖြစ်နေ လဲမသိဘူး…ဆရာ၊ မနက်ကလည်း ပန်းအိုးတစ်အိုးနဲ့ ဖန်ခွက်တစ်ခု ကျကွဲပြီး သွားပြီ”

သူ့စကားနောက်မှာ ဆရာ့ရဲ့ “ဟင်…”ဆိုတဲ့ အာမေဍိတ်သံတစ်ခု ထွက် လာခဲ့ပါတယ်။ ပြီးတော့ ဆရာက မေမေ့ကို စိုးရိမ်ပူပန်လွန်းတဲ့ မျက်လုံးတွေနဲ့ ဖျတ်ကနဲ လှမ်းကြည့်ပါလေရော။ မေမေတုန်လှုပ်သွားတယ်။ ပြီးတော့ ခေါင်းကိုလည်း ငုံ့ထားလိုက်မိတယ်။

သူက မေမေ့လက်ဖဝါးနှစ်ဖက်လုံးကို ချက်ချင်းဆွဲယူ ဆုပ်ကိုင်လိုက်ပြီး

“ယမင်း…ယမင်းလက်တွေ ဘာဖြစ်နေသလဲဟင်၊ ကိုယ့်ကို ပြောပြစမ်း ယမင်း ဘာကိုခံစားနေရသလဲ၊ ယမင်းခံစားနေရတာတွေကိုပြော…”လို့ ပျာပျာသလဲလေသံနဲ့ မေးတော့တာပါပဲ။

မေမေချက်ချင်း မျက်ရည်တွေဝဲလာပြီး သူ့ရဲ့စိုးရိမ်တကြီး မျက်နှာကို ငေးကြည့်နေမိပါတယ်သား။

မေမေ သူ့ကိုဘယ်လိုဖြေရမလဲဟင်။ မေမေ့နှုတ်ခမ်းတွေ သူ့ကို အမှန် အတိုင်း ဖွင့်ပြောပြဖို့ ဆွံ့အတုန်ယင်ကုန်ကြပါပြီ…သားရယ်။ ဒါပေမယ့် မေမေပြောပြရပါတော့မယ်။

မေမေပြောလိုက်ပါတယ်။

“ဆရာ…ကျွန်မ…ကျွန်မ…လက်တွေလေ တစ်ခုခုကို ကိုင်လို့ကိုင်မှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတော့ဘူးဆရာ၊ ကျွန်မလက်တွေ ထုံနေကြပြီ၊ ကျွန်မ...ဘာမှကို ထိတွေ့ခံစားမှုမရှိတော့ဘူး၊ အဲဒါ ကျွန်မ...ကျွန်မ...ဘယ်လိုလုပ်ရမလဲ"

မေမေ အဲဒီလိုပြောလိုက်တော့ သူ့မျက်နှာဟာ ချက်ချင်း တည်ငြိမ်သွားပါတယ်။ တကယ်တော့ သူတည်ငြိမ်ဟန် ဆောင်လိုက်တာပါသား။ သူဟာ အဲဒီလိုမျက်နှာကို ဖန်တီးယူခဲ့တာပါ။ မေမေ သိပါတယ်။ သူကတစ်ခွန်းတည်း ခပ်တိုးတိုးညည်းတယ်။

"ယမင်းရယ်..."တဲ့။

အဲဒီနောက်သူဟာ မေမေ့ကို ရှေ့မှာထိုင်နိုင်းပြီး ဆရာဝန်တစ်ယောက်ပီသစွာ မေမေ့လက်တွေကို စစ်ဆေးမှုပြုလုပ်တော့တယ်လေ။

သူက ပင်အပ်ကလေးတစ်ချောင်းကိုယူပြီး မေမေ့ရဲ့ လက်ချောင်းထိပ်များတွေကစလို့ လက်ဖျံ၊ လက်မောင်း၊ ပခုံးအထိ မနာကျင်အောင် ထိတို့တယ်ဆိုရုံလေး ထိုးပြီးစမ်းသပ်တယ်။ အဲဒီလို သူစမ်းတဲ့အချိန်မှာ မေမေက မျက်လုံးမှိတ်ထားရတာပေါ့။ သူ ပင်အပ်နဲ့ထိုးတယ်ဆိုရင် စူးသလားလို့မေးတယ်။ မေမေက စူးတယ်ဆိုရင် စူးတယ်လို့ပြောရတယ်။ ဘယ်နေရာမှာ စူးတာလည်းလို့လည်း ဖြေရတယ်။ စူးမှန်းမသိဘူး၊ ဘာကိုမှ ခံစားမှုမရှိဘူးဆိုရင် မေမေ ငြိမ်နေရတယ်။ ဘာမှ ပြန်မပြောရဘူး။

အဲဒီလိုနဲ့သူဟာ မေမေ့လက်ချောင်းတွေပေါ်က ထုံကျင်ပြီး ခံစားမှုအာရုံမရှိတဲ့အပိုင်းကို သိသွားတော့တယ်။

မေမေ့ရဲ့ညာလက်က လက်ညှိုးနဲ့လက်မဟာ ဘာကိုမှ ထိတွေ့ခံစားလို့မရအောင် ထုံနေခဲ့ကြပါပြီ။ အဲဒီလက်ညှိုးနဲ့လက်မဟာ အပူအအေး၊ အနာအကျင်၊ အကွေးအညွှတ်တွေကို ဘာမှမသိတော့လောက်အောင် ခံစားမှုတွေ ပျက်သုဉ်းနေကြပြီ။ မေမေသူ့ကို တုန်ယင်နေတဲ့ လေသံနဲ့...။

"ဆရာ...ကျွန်မဘာဖြစ်တာလဲဟင်၊ အဲဒါ စိုးရိမ်ရမယ့်အခြေအနေလား" လို့ တုန်လှုပ်စွာမေးမိတော့ သူကရယ်တယ်။

ရယ်ရင်းနဲ့ "အမလေး...ယမင်းရယ်၊ အဲဒါဘာမှမဟုတ်ပါဘူး၊ ဒီလိုမျိုး ဝေဒနာကလေးဟာ ယမင်းလို ဦးနှောက်အကျိတ်ရောဂါရှင် မပြောနဲ့၊ သာမန်လူကောင်းတွေမှာတောင် တစ်ခါတစ်ခါ ခံစားရတတ်သေးတာပဲ၊ ဘာမှ စိုးရိမ်စရာမရှိဘူး"...လို့ သူကဖြေခဲ့တယ်။

အို...တကယ်တော့ သူဘယ်လိုဖြေဖြေ မေမေ့အတွက် အရေးမကြီးတော့





ပါဘူး။ မေမေ့အတွက် အရေးကြီးတာက သူ့ရဲ့နှစ်သိမ့်အပြုံးတွေပါ။ သူ့ရဲ့ အားပေးစကားတွေပါ။

သူက မေမေ့ကို ဆက်တော့ပြောခဲ့တယ်။

"ဒါပေမယ့် ယမင်း၊ မနက်ဖြန်ကျရင် ယမင်းနဲ့ကိုယ် ဆေးရုံကိုသွားပြီး စီတီစကန်ဆိုတဲ့ ကွန်ပျူတာဓါတ်မှန်ကို နောက်တစ်ခေါက်သွားရိုက်ကြမယ် နော်၊ ယမင်းခေါင်းထဲက အကျိတ်ဟာ အရင်အတိုင်းပဲလား၊ ပိုကြီးလာသလား ဆိုတာကို ကိုယ်တို့တိတိကျကျ သိရအောင်ပါ"...လို့ ပြောလိုက်တယ်။ မေမေ ခေါင်းညိတ်လိုက်ပါတယ်။

မေမေ သဘောပေါက်ပါတယ်။ အခုအချိန်ဟာ ဘယ်လောက်အရေးကြီး တယ်ဆိုတာ မေမေသိပါတယ်သား။ ဘယ်လောက်ပဲ သေးမွှားတဲ့ ဝေဒနာ ကလေးပဲဆိုဆို ဒါဟာပြောင်းလဲမှုတစ်ခု မဟုတ်လား။ စတင်ဝင်ရောက်လာ မဟုတ်လား။ မေမေတို့ သတိအပြည့်နဲ့ အဆင်သင့်လုပ်ထားရမယ်လေ။ ဒါတို ရင်ဆိုင်ကာကွယ်ဖို့ မေမေတို့ ပြင်ဆင်ထားရမှာပေါ့နော်...ဟုတ်လား။

မေမေ သူ့ကို ခေါင်းညိတ်ပြပြီး မေးခွန်းတစ်ခုတော့ မေးလိုက်မိပါတယ်။

"ဆရာ...ဓါတ်မှန်ရိုက်ပြီးလို့ ယမင်းရဲ့အကျိတ်ဟာ ကြီးလာတယ်ဆိုရင် ကော ကျွန်မတို့ ဘာလုပ်ကြမလဲဟင်"

အဲဒီလိုမေးလိုက်တော့ သူ့မျက်နှာတစ်ချက် ပျက်သွားသေးတယ်။ ဒါပေ မယ့် ပျက်သွားတဲ့သူ့မျက်နှာဟာ အပြုံးတုတစ်ခုအောက်မှာပဲ ပျောက်ကွယ် သွားရပြန်ပါတယ်။

သူက...ပြုံးနေရင်းနဲ့ "အဲဒါဆိုလည်း ယမင်းကို ကိုယ်တို့ သောက်ဆေး တွေပဲ ပေးတိုက်ဦးမှာပါကွာ"...လို့ဖြေခဲ့တယ်။ မေမေပြုံးနေခဲ့မိတယ်။

နောက်ဆုံးတော့ မေမေလည်း ကိုယ့်ကိုယ်ကို အားတင်းပြီး အရဲစွန့် မေးခွန်းနောက်တစ်ခုကို ထပ်မေးလိုက်ရပါတော့တယ်။

မေမေ မေးရမှာပေါ့ကွယ်။ အဲဒါ အမေးသင့်ဆုံး မေးခွန်းတစ်ခုပဲ။

"ဆရာ... တကယ်လို့များ အဲဒီဆေးတွေ သောက်နေလျက်နဲ့ ကျွန်မခေါင်း ထဲကအကျိတ်ဟာ ဆက်ကြီးနေမယ်ဆိုရင် ကျွန်မဘာဖြစ်သွားနိုင်သလဲဟင် ကျွန်မ...ဘာတွေထပ်ပြီး ခံစားလာရမှာလဲ၊ ကျွန်မမှာဖြစ်ပေါ်လာမယ့် ဝေဒနာ တွေကို ဆရာအမှန်အတိုင်း ပြောပြပါလား..."လို့ မေမေ မေးလိုက်ပါတယ်

ဒီတစ်ခါတော့ သူ့မျက်နှာဟာ တိတိကျကျကြီးကို ဟန်ဆောင်လို့ မရ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ပျက်ယွင်းသွားတော့တယ်။

သူကချက်ချင်းပဲ မေမေ့ကိုမျက်မှောင်ကျုံ့ကြည့်ရင်း...။

"ဟာကွာ...ယမင်းရာ၊ အဲဒါတွေ မသိချင်ပါနဲ့၊ ကိုယ်မပြောချင်ဘူး"လို့ ခေါင်းတခါခါနဲ့ ငြင်းဆိုတော့တာပါပဲ။

ဒီတော့ မေမေရယ်မိတယ်။ ရယ်နေတဲ့မေမေ့မျက်နှာကို သူက နားမလည်ဟန်နဲ့ ငုံ့ကြည့်ခဲ့တာပေါ့။ မေမေ သူ့ကိုပြုံးပြီး ပြောလိုက်ပါတယ်။

"ဆရာရယ်...၊ ကျွန်မကလေ အဲဒါကို ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ပြီးထားတဲ့ မိန်းမတစ်ယောက်ပါ၊ ကျွန်မကြုံလာနိုင်တဲ့ အန္တရာယ်တွေကို ကြိုသိအောင် ဆရာပြောပြထားသင့်ပါတယ်၊ ကျွန်မကို ကျွန်မရဲ့ဝေဒနာအကြောင်း မခြွင်းမချန်ဘဲ ပြောပြပေးပါဆရာ၊ ကျွန်မ နားထောင်ရဲတဲ့ သတ္တိရှိပါတယ်၊ ပြီးတော့ လူနာ့တစ်ယောက်အနေနဲ့ မဟုတ်ဘဲ ဆရာစာသင်တာကို နားထောင်နေတဲ့ ဆေးကျောင်းသူလေး တစ်ယောက်အနေနဲ့ပေါ့ဆရာ၊ ကျွန်မနားထောင်နိုင်ပါတယ်"

မေမေ့စကားကို သူဟာ အံ့သြစွာငေးပြီးနားထောင်ရင်း ငိုင်တွေနေခဲ့တယ်။ သူတော်တော်နဲ့ မေမေ့မေးခွန်းကို မဖြေသေးပါဘူး။ အဲဒီနောက် သူ့ဆီက သက်ပြင်းရှည်ချသံတစ်ချက်ကို မေမေ ကြားရတယ်။ နောက်...မေမေ့ကို သူဟာ တင်းကျပ်စွာဆွဲဖက်လိုက်ရင်း မေမေ့ခေါင်းပေါ်ကဆံပင်တွေကို လက်နဲ့ သပ်နေသေးပါတယ်။ ပြီးတော့မှ ထုတ်ပြောခဲ့တယ်။

"ယမင်းရယ်...သူတို့ခံစားရတဲ့ ဝေဒနာတွေဟာ သိပ်ကိုကြောက်စရာကောင်းပါတယ်၊ ဒါပေမယ့် အဲဒီလိုမျိုး ယမင်းဘယ်တော့မှ မဖြစ်စေရဘူး၊ ကိုယ်ကတိပေးတယ်၊ ယမင်းကို ကိုယ်တို့အစွမ်းကုန် ကုသကြမယ်၊ ဒီဝေဒနာတွေ ပေါ်မလာခင်မှာ ယမင်းခေါင်းထဲကအကျိတ်ကို ကိုယ်တို့ခွဲထုတ်ပေးမယ်၊ ဒီနိုင်ငံမှာ မခွဲနိုင်ဘူးဆိုရင်တောင် ကိုယ်အခုဘွဲ့လွန်သွားယူမယ့် ဂျပန်နိုင်ငံအထိ ယမင်းကိုခေါ်သွားပြီး ခွဲစိတ်မယ်၊ သိလား၊ ကိုယ်ဆုံးဖြတ်ပြီးသွားပြီ"တဲ့။

သူအဲဒီလိုပြောတော့ မေမေထပ်ရယ်လိုက်မိတာပေါ့။

ပြီးတော့ မေးလိုက်တယ်။

"ဆရာ...ကျွန်မတို့ရဲ့သားလေးကိုရော အဲဒီကို ခေါ်သွားလို့ရရဲ့လားဟင်"လို့ မေမေမေးလိုက်တော့ သူပါ ဟန်မဆောင်နိုင်ဘဲ ရယ်မောတော့တာပေါ့။ ပြီးတော့ ရယ်သံစွက်ရင်း...။





"သိပ်ရတာပေါ့၊ သိပ်ရတာပေါ့...ယမင်းရဲ့"လို့ ဝမ်းသာအားရ ဖြေခဲ့ပါတယ်။ ပြီးတော့မှသူဟာ ခုနက မေမေမေးတဲ့ ဝေဒနာတွေအကြောင်းကို စတင်ထုတ်ဖော်ပြောတော့တယ်။

သူကအရင်ဆုံး မေမေ့ကို "ဒီဝေဒနာတွေဟာ ယမင်းခံစားရမယ့် ဝေဒနာတွေ မဟုတ်ဘူးနော်၊ အရင်က ကိုယ်တွေ့ဖူးခဲ့တဲ့၊ တချို့လည်း မတွေ့ဖူးပဲ စာအုပ်ထဲမှာသာ ဖတ်ခဲ့ရတဲ့အကြောင်းတွေပါ၊ ဒီဝေဒနာတွေကို ဦးနှောက်အကျိတ်ရောဂါရှင်တွေ တချိန်ချိန်မှာ ခံစားလာရနိုင်တယ်လို့ ဆေးစာအုပ်တွေက ရေးထားခဲ့တာပါ၊ ကိုယ်ပြောပြမယ်"လို့ စကားပလ္လင်ခံလိုက်သေးတယ်။

သူပြောသမျှကို မေမေက စိတ်ဝင်တစားနဲ့ ခေါင်းလေးမော့ပြီး နားထောင်နေတာတွေ့တော့မှ သူကမေမေ့ကို ဆက်ပြောပြခဲ့တယ်။

အဲဒီ ဦးနှောက်အကျိတ်ရောဂါရှင်တွေဟာ ပထမဆုံး မေမေဖြစ်ခဲ့သလိုပဲ အန်တာ၊ အော့တာ၊ ခေါင်းသိပ်ကိုက်တာတွေ ဖြစ်တတ်ပါတယ်တဲ့။ ပြီးတော့ တချို့ဆို ငယ်ငယ်ကတည်းက ခဏခဏတက်တတ်တဲ့ အကျင့်လည်း ရှိနေနိုင်သေးတယ်တဲ့။ သတိလစ်ပြီး လဲကျသွားတာမျိုး၊ လေဖြတ်သွားတာမျိုးလည်း ဖြစ်နိုင်တယ်တဲ့။ အဲ...နောက်ပြီး အခုမေမေခံစားရသလို လက်ကလေးတွေ ထုံပြီး ခံစားမှုမရှိတာတွေကိုလည်း တွေ့ရတတ်တယ်တဲ့။

အင်း...ဦးနှောက်ထဲကအကျိတ်ဟာ သိပ်ကြီးလာရင် အခုလို လက်ချောင်းတင်မကဘူး၊ လက်တစ်ဖက်၊ နှစ်ဖက်စလုံး၊ ဒါမှမဟုတ် ခြေထောက်တွေ၊ နောက်...ကိုယ်တစ်ခြမ်းလုံး ခံစားမှုတွေ ကင်းမဲ့သွားတတ်တယ်။ လှုပ်ရှားဖို့မလွယ်တော့ဘဲ ကိုယ်တစ်ပိုင်းသေသလိုလည်း ဖြစ်နိုင်တယ်လို့ သူက ပြောပြတယ်။ တော်တော့်ကိုဆိုးဝါးပြီး အန္တရာယ်သိပ်ကြီးမားတဲ့ ရောဂါတစ်ခုပါပဲသားရယ်။ ဒါပေမယ့် သူက မေမေ့ကို မကြောက်အောင် အားပေးသလိုလိုနဲ့...။

"အဲဒါတွေက ဒီအကျိတ်ကို မခွဲမစိတ်ပဲ ဒီအတိုင်းထားတဲ့၊ အရမ်းနောက်ကျပြီးမှ ဆေးရုံရောက်လာတဲ့ လူနာတွေသာ ဖြစ်တတ်တာပါ၊ နောက်ဆုံးအဆင့်ရောက်နေတဲ့ လူနာတွေပါ၊ ယမင်းဘယ်တော့မှ အဲဒီအဖြစ် မရောက်နိုင်ဘူး၊ ယမင်းကခွဲမှာပဲလေ၊ သားလေးကိုမွေးပြီးရင် ခွဲမှာပဲ"လို့ သူ ပြောရှာခဲ့ပါတယ်။

သူက ဆက်ပြောတယ်။ ဦးနှောက်ကအကျိတ်ဟာ ခန္ဓာကိုယ်ကို ထိခိုက်နိုင်တာတင်မဟုတ်ဘူး။ တွေးခေါ်စဉ်းစားရတဲ့ စိတ်စွမ်းအင်တွေပါ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်လေ ထိခိုက်နိုင်တယ်တဲ့။ တစ်ချို့က ရူးတောင်ရူးသွားနိုင်တယ်။ မရူးဘဲနဲ့ မှတ်ဉာဏ်တွေ ပျောက်ဆုံးသွားတာမျိုး၊ ကိုယ့်မိတ်ဆွေ အသိတစ်ယောက်ယောက်ကို လုံးဝမေ့လျော့သွားတာမျိုးတွေလည်း ဖြစ်တတ်တယ်လို့ သူက ပြောပြတယ်။

တချို့ဆိုရင် ကိုယ်နေ့စဉ်လုပ်နေကျ အလုပ်တွေကိုတောင် မေ့လျော့ပြီး သွားပွတ်တံကို ဘာခေါ်သလဲ၊ ဇွန်းနဲ့ခက်ရင်းမှာ ဘယ်ဟာကဇွန်းလဲ၊ ဘယ်ဟာက ခက်ရင်းလဲ...ဆိုတာတွေတောင် မေ့လျော့သွားတတ်ကြတယ်တဲ့။

အံ့ဩစရာကောင်းလိုက်တာ သားရယ်။ သူပြောပြနေတဲ့ အချိန်တွေမှာ မေမေဟာ အဲဒီ...သူပြောပြတာတွေကို စိတ်ဝင်စားလွန်းလို့ ကြောက်ရွံ့ဖို့ ကိုတောင် သတိမေ့လျော့နေခဲ့ပါရော။ သူပြောပြတဲ့ရောဂါအကြောင်း၊ ဆေးပညာအကြောင်းတွေကို မေမေ အံ့အားသင့်တကြီး နားထောင်နေခဲ့မိပါတယ်။

နားထောင်နေရင်းနဲ့လည်း သူ့အပေါ် အထင်ကြီးတဲ့စိတ်တွေ၊ အားကိုးမှီတွယ်ချင်တဲ့စိတ်တွေ တားမရအောင် ပေါ်လာခဲ့ပြန်တာပေါ့။ မေမေဟာ လူနာတစ်ယောက်ဆိုတာ ကိုယ့်ကိုယ်ကို မေ့သွားခဲ့တယ်။ ပြီးတော့ သူနဲ့လက်ထပ်ခဲ့တာဟာ မေမေ့အတွက် သိပ်ကိုမှန်ကန်ခဲ့တာပဲလို့ တွေးမိပြီး မေမေပြုံးလိုက်မိပါတယ်။

မေမေပြုံးတာကိုမြင်တော့ သူက မေမေရဲ့ခေါင်းကိုပုတ်ပြီး "ဘာပြုံးတာလဲ...ယမင်းရဲ့၊ ကိုယ်ပြောတာတွေက သိပ်ကို ဆန်းကြယ်နေလို့လား၊ ယမင်းအတွက် မယုံနိုင်စရာများ ကောင်းနေပြီလား"လို့မေးခဲ့တယ်။ ဒီတော့ မေမေ ခေါင်းခါပြရင်း သူ့ကို ဖြေလိုက်မိပါတယ်။

"မဟုတ်ပါဘူး၊ အခုမှ ယမင်းစဉ်းစားမိလို့ပါ၊ ယမင်းလည်း ဒီလောက်ဆေးပညာဗဟုသုတတော့ ရှိထားမှဖြစ်မှာပေါ့နော်...ဆရာ၊ ကျွန်မက ဆရာဝန်ကတော်ဖြစ်နေပြီပဲ"လို့ ဖြေလိုက်တော့ သူက သဘောကျစွာ ရယ်မောခဲ့သေးတယ်လေ။ ပြီးတော့ နှုတ်ကလည်း ကျေနပ်နေတဲ့အပြုံးနဲ့ တိုးတိုးလေး ဆက်ရေရွတ်နေခဲ့သေးတယ်။

"ဟုတ်တာပေါ့၊ ဟုတ်တယ်၊ ယမင်းက ကိုယ့်ဇနီးပဲ၊ ကိုယ့်လောက်နီးပါးတော့ သိထားရမှာပေါ့"တဲ့။ သူက ရယ်နေရင်းပြောခဲ့တယ်။

၁၇

ဒါပေမယ့် သားရယ်။ နောက်တစ်နေ့ကစပြီးတော့ မေမေတို့ရဲ့ ပျော်ရွှင်ရယ်မောခဲ့ရတာတွေဟာ အဆုံးသတ်ခဲ့ပါတော့တယ်။

မေမေတို့ဘဝထဲကို ကြောက်ရွံ့တုန်လှုပ်စရာကောင်းတဲ့ အရာတစ်ခု စတင်ဝင်ရောက်လာပြီလေ။

အဲဒါကတော့ မေမေရိုက်လိုက်တဲ့ ကွန်ပျူတာဓါတ်မှန်ပေါ်က မေမေ့ဦးနှောက်အကျိတ်ရဲ့ အရွယ်အစားပါပဲ။ အဲဒီအရွယ်အစားဟာ လွန်ခဲ့တဲ့လေးလကျော်က မေမေရိုက်ခဲ့ဖူးတဲ့ ဓါတ်မှန်ပြားဟောင်းနဲ့ ယှဉ်ကြည့်ရင် သိသာလောက်အောင်ကို ကွာခြားနေခဲ့ပြီတဲ့။ မမျှော်လင့်စရာကောင်းလောက်အောင် ကြီးမားနေခဲ့ပြီတဲ့...သားရယ်။ အဲဒီကွန်ပျူတာဓါတ်မှန်ပြားပေါ်က အကွက်ကလေးတွေကို သူနဲ့အတူ၊ သူ့ရဲ့ဆရာ (မေမေ့ကို တစ်ခါကကုခဲ့ဖူးတဲ့) ဆရာဝန်ကြီးတို့ ငုံ့ကြည့်ပြီး ဆွေးနွေးနေကြစဉ်မှာ မေမေ သူတို့မျက်နှာတွေ သေသေချာချာ အကဲခတ်နေခဲ့ပါတယ်။

သူတို့မျက်နှာတွေဟာ စိုးရိမ်တဲ့အမူအယာမျိုး မပြပါဘူး။ ဒါပေမယ့် ဝမ်းသာအားရမျက်နှာမျိုးလည်း မဖြစ်ခဲ့ဘူး။ သူတို့ မျက်နှာတွေဟာ ဘာတိုမှ အကဲခတ်မရလောက်အောင် ပကတိကျောက်သားမျက်နှာမျိုးနဲ့ သားရဲ့ အေးစက်ငြိမ်သက်လွန်းနေပါတယ်။

တကယ်တော့ ဆရာဝန်တွေဆိုတာ အဲဒီလိုမျက်နှာမျိုးတွေနဲ့သာ ပိုင်ဆိုင်ထားကြတယ်ဆိုတာ မေမေသိပါပြီ။

သူတို့ရဲ့ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်းတွေကို ဘယ်သူမှမသိနိုင်အောင် သိုဝှက်ထားဖို့ ခံစားချက်ကင်းမဲ့တဲ့ မျက်နှာမျိုးတွေ ဖန်တီးနိုင်တာဟာ ဆရာဝန်တွေရဲ့ အတတ်ပညာတစ်ခုပဲ။

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေ သူတို့ကို ငေးကြည့်ရင်း ဝမ်းနည်းလာပါတယ်။ သူတို့ကတော့ ထုံးစံအတိုင်း မေမေနားမလည်တဲ့ ဆေးပညာဝေါဟာရ အသုံးအနှုန်းတွေကို မေမေ့ရှေ့မှာ အင်္ဂလိပ်လို ပြောနေကြပြန်ရော။ ခဏကြာတဲ့အခါ မေမေလည်း စောင့်ဆိုင်းသည်းခံနိုင်ခြင်း မရှိတော့ပဲ "ဆရာ...ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ဟင်..."လို့ တုန်ရီစွာ မေးလိုက်မိတော့တယ်။

အဲဒီအခါ သူက အံ့အားသင့်ကြေကွဲသွားတဲ့ မျက်နှာနဲ့ မေမေ့အနားကို ချက်ချင်းကပ်လာပြီး မေမေ့ရဲ့လက်တွေကို ဆုပ်ကိုင်ထားလိုက်တော့တယ်။ ဆရာဝန်ကြီးက မျက်မှန်နောက်က မျက်လုံးတွေနဲ့ မေမေ့မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်တယ်။ ပြီးမှ နွေးထွေးတဲ့လေသံနဲ့ စပြောခဲ့တယ်။

"သမီး...ဘာမှကြောက်စရာ မလိုပါဘူး၊ သမီးရဲ့အကျိတ်ဟာ အရင်လေးလကထက် ကြီးလာတာကလွဲပြီး သမီးကို ဘာမှ အန္တရာယ်မပေးသေးဘဲ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်...သမီး"

ဆရာဝန်ကြီးက နွေးထွေးတဲ့အပြုံးတစ်ခု ပြုံးပြလိုက်ပြန်တယ်။ဒါပေမယ့် နောက်ထပ်သူပြောလိုက်တဲ့ စကားတွေကတော့ သိပ်ကိုပြတ်သားပြီး ရှင်းလင်းလို့ နေတာပေါ့။

"ဆရာတို့မှာ စောင့်ဆိုင်းဖို့အချိန် သိပ်မရှိတော့ဘူး၊ အခုသမီးကိုယ်ဝန်ဟာ ခြောက်လကျော်နေပေမယ့် သမီးရင်သွေးလေးကို ကိုးလလွယ်၊ ဆယ်လမွေးဆိုတဲ့ သဘာဝအတိုင်း မွေးဖို့ လုံးဝမဖြစ်နိုင်တော့ဘူး၊ ဆရာတို့ အဲဒီလောက် မစောင့်နိုင်တော့ဘူးသမီး"

မေမေ အံ့အားသင့်စွာ "ရှင်..."လို့ ရေရွတ်လိုက်မိပါတယ်။ အဲဒီတော့ ဆရာဝန်ကြီးက ချက်ချင်းလက်ကို ထောင်ပြလိုက်ပြီး...။

"မစောင့်နိုင်ပေမယ့် သမီးရဲ့ရင်သွေးလေးဟာ ခုနစ်လဆိုရင် လူ့လောကထဲမှာ အသက်ရှင်ရပ်တည်နိုင်ပြီ သမီးရဲ့၊ ဒါကြောင့် သမီးကိုယ်ဝန် ခုနစ်လပြည့်ပြီဆိုတာနဲ့ သမီးရဲ့အိုကျဲနဲ့ ဆရာတို့ညှိနှိုင်းပြီး သမီးရင်သွေးလေးကို ခွဲမွေးကြဖို့ အခု...ဆရာတို့ ဆုံးဖြတ်လိုက်ကြပြီ၊ သမီးရဲ့ရင်သွေးလေး ကျန်းမာစွာ အပြင်လောကထဲကို ရောက်လာပြီးမှ သမီးဦးနှောက်ကို ခွဲစိတ်ဖို့ စဉ်းစားကြမှာပါ၊ နောက်တစ်လပဲ...သမီး၊ အဲဒီတစ်လပဲ၊ ဆရာတို့ သမီးကို စောင့်ဆိုင်းနိုင်မှာ၊ တစ်လပြည့်လို့ သမီးကို ဗိုက်ခွဲမွေးပြီးတာနဲ့ ဆရာတို့က ဆေးပြင်းပြင်းတွေကိုလည်း သမီးကို စထိုးစကျွေးလုပ်ရတော့မှာလေ"





မေမေဟာ ဆရာဝန်ကြီးရဲ့စကားတွေကို နားထောင်ရင်း အံ့သြလွန်းလို့ ကြက်သေသေနေစဉ်မှာ အနားမှာရှိတဲ့ သူကပါမေမေ့ကို ကြင်နာစွာ ငုံ့ကြည့်ပြီး စကားခပ်တိုးတိုး ထုတ်ပြောခဲ့တော့တယ်။

"ယမင်း...ဘာမှမကြောက်ပါနဲ့၊ အခုခေတ်မှာ သဘာဝအတိုင်း မွေးနိုင်တဲ့ လူတွေတောင် ဗိုက်ခွဲမွေးဖို့ ဆုံးဖြတ်နေကြတယ်၊ ယမင်းရဲ့ရင်သွေးလေးကို ကိုယ်တို့ လောကထဲ ကောင်းကောင်းရှင်သန်ခွင့်ပေးနိုင်မှာပါ၊ ဒီနည်းလမ်းတစ်ခုပဲရှိတော့တယ်...ယမင်း၊ ယမင်းနဲ့အတူ ယမင်းရဲ့ရင်သွေးကလေး အသက်ကိုပါ ကယ်တင်နိုင်ဖို့ ကိုယ်တို့မှာ ဒီနည်းလမ်းတစ်ခုပဲ ရှိတော့တာ"

သူဟာ အဲဒီစကားတွေကိုပြောရင်း နောက်ဆုံးမှာအဖျားခတ်ပြီး အသံတွေ တုန်ယင်နေခဲ့တယ်။ မေမေချက်ခြင်း သူတို့ကို ဘာပြန်ပြောရမယ်ဆိုတာ သိလိုက်ပါတယ်သားရယ်။

"ကျွန်မ သဘောတူပါတယ် ဆရာကြီး၊ ဆရာကြီးတို့ ဆုံးဖြတ်ချက်ဟာ အကောင်းဆုံးပါပဲ၊ ခုနစ်လပြည့်ရင် သူ့ကိုဗိုက်ခွဲမွေးဖို့ ကျွန်မသဘောတူပါတယ်"

မေမေ့အဖြေစကားကို သူတို့နှစ်ယောက် ကြားကြတဲ့အခါ နှစ်ယောက်စလုံးရဲ့ နှစ်ထောင်းအားရမျက်နှာတွေ ချက်ချင်းပေါ်လာခဲ့ပါတယ်။

ဆရာကြီးက "ဝမ်းသာပါတယ်...သမီးရယ်၊ သမီးကံကောင်းပါစေ၊ ဒီတစ်လအတွင်းမှာ သမီးကျန်းမာပါစေ"လို့ ကရုဏာအပြည့်လေသံနဲ့မေမေ့ကို ဆုတောင်းပေးနေခဲ့တယ်။

တစ်လတဲ့...သားရယ်။ တစ်လတဲ့။ မေမေဟာ သားမျက်နှာကို မြင်တွေ့ရဖို့ တစ်လပဲ လိုအပ်တော့တယ်တဲ့ သားရယ်။ မေမေ့ရင်ထဲမှာ အဲဒီအချိန်က ဘယ်လောက် တုန်ယင်လှိုက်မောသွားတယ်ဆိုတာ သားသိမှာမဟုတ်ပါဘူး၊ ဘယ်လောက် ကြည်နူးသွားတယ်ဆိုတာ သားမြင်နိုင်မှာ မဟုတ်ပါဘူး။

အို...မေမေ ပျော်လိုက်တာ...သားရယ်။ မေမေ့သွေးနဲ့ မေမေ့မေတ္တာနဲ့ ပေါင်းစပ်ပြီး ပေါ်ပေါက်လာခဲ့တဲ့...သားဆိုတဲ့ လူသားတစ်ဦး ဟောဒီကမ္ဘာပေါ် ခြေချခွင့်ရပြီဆိုရင် မေမေကျေနပ်ပါပြီ။ မေမေ တစ်လောကလုံးကို ရင်ဆိုင်ရဲပါပြီ။ မေမေ သေပျော်ပါပြီသား။

အဲဒါ မိခင်တစ်ယောက်ရဲ့မေတ္တာပါပဲ။ မိခင်တစ်ယောက်ရဲ့တာဝန်ပါပဲ။ သားမြဲမြဲမှတ်ထားနော်။ သားကို မေမေမွေးခဲ့တယ်။ မေမေ မွေးဖွားပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က မေမေနဲ့သူဟာ ဆေးရုံကနေပြန်လာပြီး နောက်တစ်လ အကြာမှာ မွေးဖွားလာတော့မယ့် သားအတွက် ပျော်ရွှင်စွာ စိမ်ကိန်းတွေဆွဲရင်း ရယ်မောနေခဲ့ကြတာပေါ့။ သားကိုပေးမယ့် နာမည်တွေလည်း မေမေတို့ စဉ်းစားထားလိုက်ကြတာ အများကြီးပါပဲကွယ်။ ရယ်လည်းရယ်ရတယ်။ သားအတွက် နာမည်ရွေးရင်း မေမေတို့ငြင်းရခုံရသေးတယ်လေ။ နောက်တော့လည်း ဘယ်နေ့မှာမွေးမယ်မှန်း မသိသေးတဲ့သားအတွက် နာမည်ကြိုပေးထားတဲ့အလုပ်ကို မေမေတို့စွန့်လွှတ်လိုက်ကြပါရော။

သူက အားကျမခံ သူကြိုတင်ဝယ်ပြီး စုဆောင်းထားမယ့် ပစ္စည်းတွေ အကြောင်း မေမေ့ကို လာရွတ်ပြတယ်။

ကလေးပုခက်၊ ခြင်ထောင်၊ အနှီး၊ နို့မှုန့်ဗူး၊ နို့သီးခေါင်း၊ နို့ပုလင်း စတာတွေပြောတော့ မေမေနဲ့ ငြင်းရပြန်ရော။ မေမေက သားကို ကိုယ်တိုင်နို့တိုက်မှာပဲ၊ နို့မှုန့်ဗူးတွေ၊ နို့ပုလင်းတွေ မလိုဘူးလို့ပြောတော့ သူက မေမေ့ကို ပြုံးပြီးကြည့်ရင်း "ဩော်...ယမင်းရယ်၊ ယမင်းက ဦးနှောက်အကျိတ် ကို ခွဲစိတ်ကုသခံရဦးမှာလေ၊ ယမင်းဆေးရုံတက်နေတဲ့အချိန်ကျရင် ကိုယ် တစ်ယောက်တည်း ကလေးကိုနို့ရမှာ၊ ကိုယ်က ဘယ်နို့နဲ့ သွားတိုက်ရမှာလဲ" တဲ့။ ကြည့်လေ။ သူအဲဒီလိုပြောတော့ မေမေလည်း မရယ်ပဲနေနိုင်ပါ့မလား။

ရယ်ရင်းနဲ့သူ့ကို စိတ်တိုတိုနဲ့ ထုရိုက်မိပါရော။

"ဆရာကလည်း ပေါက်ပေါက်ရှာရှာ သိပ်ပြောတာပဲ၊ သွား...သွား" လို့ မေမေ ပြုံးပြီးပြောမိပါသေးတယ်။ သူကတော့ သဘောကျစွာနဲ့ တဟားဟား အော်ရယ်နေတာပေါ့။ အဲဒီတော့မေမေလည်း သူ့လိုပဲ မေမေ စဉ်းစားထားတဲ့ သားအတွက်ဝယ်ဖို့ ပစ္စည်းစာရင်းကို ပြန်ရွတ်ပြလိုက်တယ်။ ဒီဇင်ဘာကုန် ဇန်နဝါရီလထဲမှာ မွေးမယ့်သားဆိုတော့ သားအတွက် အနွေးထည်လေးတွေ၊ လက်အိတ်၊ခြေအိတ်၊ခေါင်းစွပ်လေးတွေ လိုမှာပေါ့နော်။ အသားမပတ်အောင် လိမ်းရမယ့် ကလေးစနိုးဘူးတွေ၊ ပေါင်ဒါတွေလည်း ဝယ်ရဦးမှာပေါ့။

ဩော်...သားကို လမစေ့ပဲ ခွဲမွေးရမယ်ဆိုတော့ သား...ကျန်းမာသန်စွမ်း စွာ ကြီးထွားလာနိုင်ဖို့အတွက် သိပ်ကောင်းတဲ့ အားဆေးတွေ ဗီတာမင်တွေ လည်း လိုဦးမှာပဲလို့ မေမေပြောမိတော့ သူက မေမေ့ကိုကြည့်ပြီး ရယ်ပြန်ရော သားရဲ့။ ပြီးတော့ ပြောတယ်။

"အောင်မယ်လေးဗျာ၊ ခင်ဗျားကတော့ ဆရာဝန်တောင် အရှုံးပေးရတော့





မယ်၊ ဈေးစပ်လိုက်တာ လွန်ပါရော" လို့ မေမေ့ခေါင်းကိုပုတ်ပြီး ပြောခဲ့တာပေါ့ လေ။

ဘာပဲဖြစ်ဖြစ် သူနဲ့မေမေဟာ အဲဒီတစ်လအတွက် သိပ်ကိုရင်ခုန်လှုပ်ရှား စွာ စောင့်ဆိုင်းခဲ့ကြရတာ အမှန်ပါပဲကွယ်။ သူရော၊ မေမေရော မေမေတို့ ဘဝထဲကို ရောက်ရှိလာမယ့် လူသားအသစ်ကလေးတစ်ယောက်အတွက် ပျော်ရွှင်ကြည်နူးစွာ စောင့်ကြိုနေကြတာ အမှန်ပါပဲ။ သားကို မေမေတို့ လိုချင်တပ်မက်စွာ မျှော်လင့်နေကြတယ်။ သားကို တွေးဖက်ရို့ မေမေတို့လက်တွေ ဆာလောင်မွတ်သိပ် နေခဲ့ကြတယ်။ သားငိုသံ ဒါမှမဟုတ် ရယ်သံလေးကိုကြားဖို့ မေမေတို့ အစွမ်းကုန်နားစွင့်ထားကြပါတယ်သားရယ်။

မေမေလေ အဲဒီအချိန်မှာ သိပ်အံ့ဩနေမိတာက မေမေနဲ့အတူ သူကပါ သားကို လိုချင်တပ်မက်လွန်းစွာ စောင့်မျှော်နေခဲ့တဲ့ အဖြစ်ကိုပါပဲ။ သူ ချစ်နေတယ်။ သူ...သားကို ချစ်နေတယ်တဲ့။ ဘယ်လောက် အံ့ဩစရာ ကောင်း လိုက်သလဲကွယ်။

ဒီလောကကြီးမှာ ဘဝတစ်ခုနဲ့တစ်ခု ဘာမှမသက်ဆိုင်ဘဲ ဒီလောက် ပေးဆပ်စွန့်လွှတ်ရဲစွာ ချစ်နေတဲ့အချစ်ဟာ အံ့ဩစရာ မကောင်းပေဘူးလား။ သား...ယုံကြည်ရဲ့လားဟင်။ သူ သားကိုချစ်ခဲ့တယ်ဆိုတာ သားယုံကြည်ရဲ့ လား။

သားယုံလိုက်ပါလို့ မေမေလေးနက်စွာ ပြောချင်ပါတယ်။ သား...ယုံရ လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေကိုယ်တိုင် သူ သားအပေါ်မှာထားတဲ့ မေတ္တာတရားကို မမျှော်လင့်စွာတွေ့ရှိပြီးခဲ့မှ မေမေယုံကြည်ခဲ့ရလို့ပဲ။

အဲဒီအဖြစ်အပျက်လေးဟာ ကြေကွဲစရာလည်းကောင်းတယ်။ ကြည်နူး စရာလည်းကောင်းတယ်။ မေမေ အဲဒီညနေကအဖြစ်ကလေးကို ဘယ်တော့မှ မမေ့ဝါဘူး။

သူဟာ အဲဒီနေ့ဆေးရုံကနေ မေမေနဲ့အတူ ကွန်ပျူတာခေါ်မှန်ရိုက်ပြီး ပြန်လာပြီးတဲ့နောက်၊ ညနေလည်းရောက်ရော...၊ ဆရာဝန်ကြီး ညွှန်ကြားလိုက် တဲ့ သောက်ဆေးတွေကို သူကိုယ်တိုင်သွားဝယ်တယ်။ ပြီးတော့ မေမေ့ကို အချိန်နာရီအတိအကျတွေနဲ့ သောက်ဖို့မှာတယ်။ ကိုယ်တိုင်လည်း ချက်ချင်းပဲ ရေတစ်ခွက်ခပ်ပြီး မေမေ့ကို ဆေးနာမည်တွေရှင်းပြ၊ ထုတ်ပြရင်း ဒါက ဘာအတွက်၊ ဒါက ဘာအတွက်လို့ပြောပြီး သောက်ခိုင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးတွေဟာ အရောင်အသွေးလည်းစုံ၊ ပုံစံလည်းစုံပြီး များပြားလွန်းလှတယ်...သားရယ်။ သူကပြောတယ်။

"ဒီတစ်လအတွင်းမှာ ယမင်းဦးနှောက်ထဲကအကျိတ်က ယမင်းကို ဘာအန္တရာယ်မှ မပေးနိုင်စေဖို့ ဒီလောက်တော့ ယမင်းသောက်ရလိမ့်မယ်"တဲ့။

မေမေလေ...အဲဒီတုန်းက ဆေးတွေကို မသောက်သေးပဲ ရုတ်တရက် ကြောင်ပြီး ငုံ့ငေးနေမိတယ်။ နောက်တော့ မေမေ မေးလိုက်မိတယ်။

"ဆရာ...ဆရာအခုပေးတဲ့ဆေးတွေက ယမင်းရဲ့ရင်သွေးလေးကိုလည်း ဘာမှ မထိခိုက်နိုင်ဘူးဆိုမှ ယမင်းသောက်ချင်တယ်..ဆရာ..."လို့လည်း မေမေ ပြောလိုက်ရော သူဟာချက်ချင်း မျက်လုံးတွေဝိုင်းစက်၊ နှုတ်ခမ်းတွေပွင့်ဟသွားပြီး တုန်လှုပ်လွန်းသွားတဲ့အသံနဲ့...။

"ဘာ..."လို့ ကျယ်လောင်စွာ အော်ဟစ်လိုက်တော့တယ်။

မေမေ သူ့အသံကို ထိတ်လန့်သွားလို့ နောက်ကိုတောင် ယိုင်သွားမိတယ် ထင်ပါတယ်။ သူ အဲဒီလောက် ဒေါသတကြီးဖြစ်သွားတဲ့ မျက်နှာကို မေမေ တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး။ သူ့လက်ထဲက ဆေးလုံး၊ ဆေးတောင့်တွေ၊ ဆေးကဒ်တွေဟာလည်း ကြမ်းပေါ်ကို ဖရိုဖရဲလွတ်ကျသွားတော့တယ်။

မေမေ ဘာပြောလိုက်မိလို့လဲ။ မေမေ ဘာမှားသွားလို့လဲ။ မေမေ့စကားတစ်ခွန်းကို သူဘာဖြစ်လို့ ဒီလောက်တောင် အံ့သြတကြီး ဒေါသထွက်သွားရတာလဲ...။ မေမေ ချက်ချင်းနားမလည်ခဲ့ပါဘူး။

သူဟာ မေမေ့မျက်နှာကို ကြေကွဲနေတဲ့မျက်နှာ၊ မျက်ရည်တွေ စိုနေတဲ့ မျက်ဝန်းတွေနဲ့ကြည့်ရင်း တုန်ရီစွာပြောတော့တယ်။

"ယမင်း...ယမင်းရယ်...ရက်စက်လိုက်တာဗျာ၊ ရက်စက်လိုက်တာ၊ ကျွန်တော့်ကို အဲဒီလိုပြောရက်တယ်နော်၊ ယမင်းနှုတ်က အဲဒီစကားကို ထွက်ရက်တာ ကျွန်တော်...အရမ်းအံ့သြတယ်၊ ဝမ်းလည်း အရမ်းနည်းတယ်၊ ကျွန်တော်...အဲဒီလို လုပ်ရက်လိမ့်မယ်လို့ ယမင်းက ထင်သလားဟင်"

မေမေသူ့ကို အံ့သြစွာ ကြောင်ငေးကြည့်နေတုန်း သူဟာ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ယင်လာရင်းက ဒေါသသံနဲ့ မေမေ့ကို အော်ဟစ်လိုက်ပါတယ်။

"အဲဒါ...ယမင်း တစ်ယောက်တည်းရဲ့သားမဟုတ်ဘူး၊ ကိုယ့်...သား၊ ကိုယ့်ရဲ့သား၊ ကိုယ်တို့နှစ်ယောက်စလုံးရဲ့ သား...ကွ၊ အဲဒါကို...ယမင်းမြဲမြဲ





မှတ်ထား၊ နားလည်ထားစမ်းပါ"

သူ့အသံတွေမှာ ကြေကွဲလွန်းလို့နဲ့တူပါရဲ့။ ရှိုက်သံတွေပါ ရောပြီးပါလာခဲ့တယ်။ မေမေနားထဲမှာ သူ့ရဲ့အဲဒီစကားဟာ မိုးတစ်လုံးလို ပေါက်ကွဲပြီး ကျယ်လောင်သွားတော့တယ်။

မေမေလေ...။ ရုတ်တရက် ရင်ထဲမှာလှိုက်ကနဲ နာကျင်ဆို့တက်သွားတယ်။ မေမေမှားသွားပြီ။ မေမေ သိပ်မှားသွားပြီ...သားရယ်။ သူ့ရဲ့မေတ္တာကို မေမေ သံသယထားခဲ့မိတာ အမှားကြီး မှားသွားခဲ့ပါပြီ။

မေမေ့ကို သူနာကျည်းသွားသလိုမျိုး ကျောခိုင်းလှည့်ထွက်သွားတယ်။

ပြတင်းပေါက်တစ်ခုအနီးကို သူ...တိတ်တဆိတ်သွားပြီး ရပ်တန့်လို့ အပြင်ကိုငေးကြည့်နေခဲ့တယ်။ မေမေသူ့ကို ဘယ်လိုပြန်ပြီး နှစ်သိမ့်ရမယ်ဆိုတာ အဖြေရှာမတွေ့တော့ပါဘူး။ မေမေလည်း အဲဒီအဖြစ်အပျက်ကို အံ့သြလွန်းစွာ မှင်သက်နေခဲ့မိတယ်။ နောက်...မေမေ ဝမ်းနည်းစွာ မျက်ရည်တွေ စို့တက်လာခဲ့တယ်။

မေမေ တိတ်တိတ်ကလေး သူ့နောက်မှာ သွားရပ်ပြီး သူ့ကို မဝံ့မရဲ ခေါ်လိုက်မိတယ်။

"ဆရာ ...."

သူမေမေ့ကို လှည့်မကြည့်ခဲ့ပါဘူး။ ဒါပေမယ့် မေမေ...ဆက်ပြီး တုန်ယင်နေတဲ့အသံကိုထိန်းလို့ ပြောထွက်လိုက်ရတယ်။

"ကျွန်မ...ကို ခွင့်လွှတ်ပါဆရာ၊ ကျွန်မ...သိပ်မှားသွားတယ်"

သူ...ဘာမှပြန်မပြောပဲ တိတ်ဆိတ်စွာ ရပ်တန့်နေဆဲပါပဲ။ မေမေ ဆက်ပြောခဲ့တယ်။

"ဟုတ်ပါတယ်...ဆရာ၊ သူဟာ...ကျွန်မတို့နှစ်ယောက်စလုံးရဲ့ သားပါ၊ သူ...သူ...ယမင်းတို့သားပါ"

မေမေ...အဲဒီစကားကိုပြောရင်း မျက်ရည်တွေကျလာပြီ တစ်ချက်ရှိုက်လိုက်မိသေးတယ် ထင်ပါတယ်။ ဒါပေမယ့် ရှိုက်သံခပ်တိုးတိုးကြားက မေမေ ပြုံးပြီး အားတင်းလို့ စကားတစ်ခွန်းကို ထပ်ပြောလိုက်မိတယ်။

"သူကြီးလာရင်...ဆရာ့ကို သူ...ဖေဖေလို့ခေါ်မှာပါ...ဆရာ၊ ကျွန်မ...ကတိပေးပါတယ်"

အဲဒီနောက်တော့ မေမေလည်း မျက်ရည်တွေ အတားအဆီးမရှိကျလာ



www.burmeseclassic.com

www.burmeseclassic.com

ရင်း မျက်ရည်တွေကို ဖွက်ထားချင်တဲ့အခါ မတုန်မလှုပ်ရပ်နေသေးတဲ့ သူ့ဆီ နောက်ကနေ ပြေးဝင်လို့ ဘာအားတင်းကျပ်စွာ ပွေ့ဖက်လိုက်မိတော့တယ်။ မေမေ ငိုချလိုက်တယ်။ သူ့ကျောပြင်ပေါ်ကို မေမေ့ပါးအပ်ရင်း ငိုချလိုက်မိတယ်။ သူကတော့မေမေ့ကို အခုထက်ထိ လှည့်မကြည့်ဘဲ မေမေ့ရဲ့လက်ထဲမှာ ကျောက်ရုပ်တစ်ရုပ်လို ရပ်တန့်တွေဝေနေဆဲပဲ။

နောက်...သူ့ဆီက သက်ပြင်းရှိုက်သံတစ်ချက်ကို ကြားရပြီး သူ့ကို ဖက်ထားတဲ့ မေမေ့လက်တွေကို နွေးထွေးစွာ ဆုပ်ကိုင်လိုက်တော့တယ်။

အပြင်ဘက်ကိုငေးရင်း သူ...သူလည်း မျက်ရည်တွေ ကျဆင်းနေခဲ့ပါတယ်သား။

အဲဒီနေ့ညက မေမေတို့နှစ်ယောက်စလုံး ငိုခဲ့ကြတယ်။ ဒါပေမယ့် မေမေတို့နှစ်ယောက်စလုံးဟာ သိပ်ကိုခိုင်မာတဲ့ ကြိုးတစ်ချောင်းနဲ့ ချည်နှောင်မိကြပြီဆိုတာ သိလိုက်ရလို့ မေမေရော...သူရော ပြုံးနေခဲ့ပါတယ်...သားရယ်။ ပြုံးနေခဲ့ကြတယ်။

# ၁၈

ဒါပေမယ့်...သားရေ...။

မေမေနဲ့သူ့အကြားက ကြိုးကလေးတစ်ချောင်းဟာ ခိုင်မာသလား၊ မခိုင်မာဘူးလား...ဆိုတာကို စမ်းသပ်မယ့်သူတစ်ယောက်က ပေါ်ပေါက်လို့လာသေးတယ်။ အဲဒီအဖြစ်အပျက်ဟာ မယုံနိုင်စရာကောင်းလွန်းလို့ မေမေတို့နှစ်ယောက်စလုံး အံ့အားသင့်ထိတ်လန့်ခဲ့ကြပါတယ်...သား။

အဲဒီအဖြစ်အပျက်ကို ကြိုတင်သယ်ဆောင်လာသူက မမမြပါပဲ။ မမမြကတော့ ပြောရှာပါတယ်။ သူ့...သိပ်မှားသွားတယ်၊ သူသိပ်မှားသွားတယ်...နဲ့ တတွတ်တွတ် တောင်းပန်ရှာတယ်။ တကယ်က မမမြကို မေမေ စိတ်မဆိုးပါဘူး။ နောက်အချိန်ကြာလာသည်နဲ့အမျှ မမမြကို မေမေတို့ ကျေးဇူးတင်နေကြရမှာပါ။

အဲဒီနေ့က မမမြဟာ နေ့လည်ခင်း ဆရာဆေးရုံသွားနေတဲ့အချိန်မှာ မေမေတို့အိမ်ကို သုတ်သီးသုတ်ပျာနဲ့ ရောက်ရှိလာခဲ့တယ်။ သူ့မျက်နှာကလည်း မေမေ့ကို စိုးရိမ်ပူပန်နေတဲ့ဟန်ရော၊ အားတုံ့အားနာဖြစ်နေတဲ့ဟန်ရောပေါင်းစုလို့ပေါ့။

သူက ရောက်ရောက်ချင်း မေမေ့ကို ပြောခဲ့တယ်။

"ခင်လေးရေ...ကိုယ်တော့ အမှားကြီးတစ်ခုကို လုပ်ခဲ့မိပြီ၊ ဒုက္ခပါပဲ၊ ဒုက္ခပါပဲ...ခင်လေးရယ်၊ ကိုယ်ကျိုးတွေတော့ နည်းကုန်တော့မှာပဲ၊ ခင်လေးကိုယ့်ကို စိတ်ဆိုးတော့မှာပဲ"လို့ တတွတ်တွတ်ပြောနေတော့ မေမေလည်း မမမြအမူအယာကို သဘောကျစွာ ရယ်မိရင်း "မမမြရယ်...ခင်လေးကို ဘာဖြစ်လာတာလဲ...ဆိုတာသာ ပြောစမ်းပါ၊ မမမြကို ဘာအကြောင်းနဲ့မှ စိတ်မဆိုးဘူး"လို့ စကားလမ်းဖွင့်ပေးလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မမမြလည်း မျက်စိပျက်၊ မျက်နှာပျက်နဲ့ မေမေ့ကို အကြောင်းစုံ ဖွင့်ပြောပြတော့တယ်။ သူပြောပြတဲ့ အကြောင်းအရာဟာ တကယ်လည်း အံ့သြစရာကောင်းပြီး ထိတ်လန့်တုန်လှုပ်ချင်စရာပါပဲ။

မမမြက ပြောတယ်။ သူ...မနေ့က ဗိုလ်ချုပ်ဈေးမှာ ဆံပင်ကောက်ဆိုင် ပစ္စည်းတွေသွားဝယ်ရင်းနဲ့ သူ့ကိုတွေ့ခဲ့တယ်...တဲ့။

သူ...ဆိုတာ...။

သူဆိုတာ တစ်ချိန်က...တစ်ချိန်က မေမေ့ရဲ့ချစ်သူပေါ့...သားရယ်။ မေမေက သိပ်ချစ်ခဲ့သလောက် မေမေ့အပေါ်မှာ လှည့်ဖျားထားရစ်ခဲ့တဲ့သူ၊ ရက်စက်ခဲ့တဲ့သူလေ။ မေမေ့အပေါ်မှာတင် မဟုတ်ဘူး။ သားအပေါ်မှာလည်း ရက်စက်ခဲ့တဲ့ သူတစ်ယောက်ပေါ့။

သူနဲ့မမမြက မထင်မှတ်ပဲ ဈေးလမ်းထောင့်တစ်ခုမှာ ဘွားခနဲ ရင်ဆိုင် တိုးမိတဲ့အခါ မမမြက သူ့ကို နှုတ်မဆက်ဘူးလို့ ဆုံးဖြတ်ထားပေမယ့် သူက အတင်း...မမမြကို လိုက်စကားပြောတယ်တဲ့လေ။ သူက မမမြကို ဆိုင်ရဲ့ အကြောင်းတွေမေး၊ သတိရကြောင်းတွေပြောပြီး နောက်ဆုံးမှာ သူက...အသံ ခပ်တိုးတိုးနဲ့ "ခင်လေးရော...နေကောင်းရဲ့လားဟင်..." လို့မေးခဲ့တယ်တဲ့။

မမမြစကားကို မေမေကြားရတဲ့အချိန်မှာ မျက်နှာကိုမဲ့လိုက်မိသလို မမမြ ကလည်း အဲဒီလိုသူမေးတဲ့အချိန်မှာ မျက်နှာကို မဲ့ပြလိုက်ပါတယ်...တဲ့။ ပြီးတော့မှ မမမြဟာ သူ့ကိုနာကျင်စေလိုတဲ့စိတ်နဲ့ အမှန်အတိုင်း ထုတ်ပြော လိုက်မိခဲ့တယ်တဲ့။

"ခင်လေးလား...၊ နေမကောင်းဘူး၊ သူ့ဦးနှောက်မှာ အကျိတ်တွေ့တယ် လို့ ဆရာဝန်တွေ မှတ်ချက်ချထားတာ ငါးလလောက်ရှိပြီ" လို့ မမမြက လေသံ ပြတ်ပြတ်နဲ့ ပြန်ဖြေမိခဲ့တယ်။

အဲဒီတော့ သူက ဗျာကနဲဖြစ်ပြီး အံ့အားသင့်သွားသေးတယ်တဲ့။ ပြီးတော့ စိတ်မကောင်းတဲ့မျက်နှာနဲ့ မမမြရှေ့မှာ သူအကြာကြီး တိတ်ဆိတ်စွာ ရပ်တန့် နေခဲ့တယ်...တဲ့။ ပြီးတော့မှ "ခင်လေး...အခု မမမြတိုက်ခန်းမှာပဲ နေသလား" လို့ မေးခဲ့တယ်တဲ့။

မမမြက အမှန်အတိုင်း သူ့ကိုဖြေလိုက်ပါတယ်။

"သူ့ကို ကုပေးတဲ့ ဒေါက်တာမြင့်မိုရ်ဆိုတဲ့သူနဲ့ အိမ်ထောင်တောင်ကျလို့ သူ့အိမ်မှာ လိုက်နေနေပြီ" လို့ မမမြက သူ့ကိုပြောချလိုက်တယ်။





သူသိပ်အံ့သြသွားပုံ ရတယ်...တဲ့။ သူဟာ မေမေ့ကို အဲဒီလိုမျိုး လုပ်သွား လိမ့်မယ်လို့ မျှော်လင့်ထားပုံမရဘူးနဲ့ တူပါတယ်။ သူ့ရဲ့အံ့အားသင့်တဲ့ အမူ အယာကိုကြည့်ပြီး အဲဒီတုန်းက မမမြဟာ စိတ်ထဲမှာ ကျိတ်ရယ်နေခဲ့မိတယ် တဲ့။

သူမေမေ့ကို မျှော်လင့်ထားမှာက သားရယ်...။

သူ ထားသွားတဲ့အချိန်မှာ မေမေဟာ မနူးမနပ်၊ မရင့်မကျက်သေးတဲ့ ကောင်မလေး။ သူ့ကိုဖွဲ့လမ်းရှူးသွပ်ပြီး သူ့နောက်ကို အသည်းအသန် လိုက် ရှာခဲ့တဲ့ကောင်မလေး။ သူထားခဲ့လို့ မျက်ရည်လည်ရွဲနဲ့ လွမ်းဆွတ်ဈွေနေခဲ့မယ့် ကောင်မလေးလို့ သူထင်ထားမိမှာကိုး။ အခုတော့ ဒီလိုမှမဟုတ်ပဲ။

မေမေဟာ တည်ငြိမ်ရင့်ကျက်တဲ့ အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်နေပြီ လေ။ မေမေ့ဘဝဟာ သူဖျက်ဆီးချင်သလို ပျက်ဆီးကြေမွသွားမယ့် ...နှင်း တစ်ပွင့် မဟုတ်ဘူးဆိုတာ သူတွေ့သွားရပြီ။ မေမေ...သူ့ကိုဘယ်လောက်အထိ ပြတ်သားမှန်းတီးမယ်ဆိုတာ သူတွေးမိသွားပြီ။ သူ အံ့သြရမှာပေါ့။

မေမေကျေနပ်ပါတယ်။ မမမြသူ့ကို အဲဒီလိုပြောပြလိုက်တဲ့အတွက် မေမေ ကျေနပ်ခဲ့တယ်။ ဒါပေမယ့်သူက အဲဒီလောက်နဲ့တင်မရပ်ပဲ ဆက်မေး လိုက်တဲ့ မေးခွန်းတစ်ခု ကြောင့် မေမေတို့အားလုံး ဒုက္ခရောက်ကုန်ရတော့... 

သူက မေးလိုက်တာကိုး။

"ဒါဆို...ခင်လေးရဲ့အကျိတ်ကို သူတို့ဘယ်လို ကုကြမှာလဲ"...တဲ့။

ဒီတော့ မမမြက ရုတ်တရက်လွှတ်ကနဲ ပြန်ဖြေလိုက်မိတယ်။ မမမြ အဖြေဟာ သိပ်ကိုကြောက်စရာကောင်းတဲ့ အဖြေတစ်ခုဖြစ်သွားခဲ့တာပေါ့။

မမမြ ပြန်ဖြေလိုက်တာက...။

"ခင်လေးက အကျိတ်ကိုခွဲထုတ်မှာ၊ ဒါပေမယ့်...နောက်လထဲ သူ...သား လေးမွေးမှာကို စောင့်နေကြတယ်၊ မွေးပြီးမှ..." လို့ပြောပြီး မမမြလည်း တုန်လှုပ် လွန်းစွာ တစ်ဝက်တစ်ပျက်ရပ်တန့်သွားတော့တယ်...တဲ့။

သေချာတယ်။ မမမြ မှားသွားပြီ။ မှားသွားမှန်းလည်း သူ့ကိုယ်သူ ချက်ချင်းသိလိုက်တယ်တဲ့။ အဲဒါကြောင့် အရှမ်းကိုထိတ်လန့်လွန်းပြီး မျက်လုံး တွေ ဝိုင်းစက်လို့ ကြောင်အသွားခဲ့ရတယ်...တဲ့။

မမမြစကားကို ကြားလိုက်ရတဲ့ 'သူ'ဟာလည်း ချက်ချင်း အဲဒီစကား အဆုံးသတ်မှာ ကြက်သေသေသွားပြီး ငြိမ်သက်တိတ်ဆိတ်သွားခဲ့တယ်...တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ...သိသွားပါပြီ။ ဟုတ်တယ်။ အဲဒါကို သူသိသွားခဲ့ပြီ။ အမှတ်မထင် လွှတ်ကနဲ ဖြေလိုက်မိတဲ့ မမမြစကားကို သူ...တိကျသေချာလွန်းစွာ နားလည်သွားခဲ့ပြီလေ။

သူ ရုတ်တရက် ကြေမွနာကျင်သွားတဲ့ မျက်လုံးတွေနဲ့ မမမြကို အော်ဟစ်မေးခဲ့တယ်...တဲ့။

"ဒါ...ဒါ...ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ သူ...သူ ကျွန်တော်နိုင်းတာကို မလုပ်ဘူးမို့လား၊ ဟင်...မမမြ၊ သူမလုပ်ဘူးမို့လား၊ အဲဒါ...ကျွန်တော့်သား မဟုတ်လား၊ အဲဒါ...ကျွန်တော်သား မဟုတ်လားဟင်" လို့ ပူလောင်စွာ မေးနေခဲ့တယ်တဲ့။

သားရေ...မမမြဟာ သူ့မေးခွန်းတွေကို နားမလည်ဟန်ဆောင်ပြီး ဖြောင်ဖြောင်းဆန်ဖို့ ကြိုးစားခဲ့ပါသေးတယ်။

"မင်းဘာတွေ လာပြောနေတာလဲ၊ ငါ...ဘာမှမသိဘူး၊ အဓိပ္ပါယ်မရှိတာတွေလာမပြောနဲ့စမ်း၊ ငါသိတာ မင်းသူ့ကိုလမ်းခွဲသွားတယ်၊ သူအခု...အခြားတစ်ယောက်ကို လက်ထပ်လိုက်တယ်၊ ဒါပဲသိတယ်၊ မင်းဘာတွေ လာပြောနေတာလဲ"လို့ မမမြသူ့ကို ပြန်ပြီးအော်ငေါက်ခဲ့ပါတယ်။

ဒါပေမယ့် နောက်ကျသွားပြီလေ။ အဲဒီအချိန်ဟာ ငြင်းဆန်ဖို့အတွက် သိပ်နောက်ကျသွားပြီပဲ။

သူ...အရာအားလုံးကို ရိပ်မိသိရှိသွားခဲ့ပြီ။ သူသွေးပျက်သွားမယ်ဆိုတာ မေမေယုံကြည်သလို မေမေလည်း အခုအချိန်မှာ သိပ်ကိုထိတ်လန့်တုန်လှုပ်သွားရပါပြီ။ မမမြကတော့ ပြောတယ်။

"ကိုယ့်ကို ခွင့်လွှတ်ပါခင်လေးရယ်၊ ကိုယ့်ကိုခွင့်လွှတ်ပါ"လို့ မျက်ရည်တွေဝဲပြီး ပြောနေရှာတယ်။

"အို...မမမြရယ်၊ ဘာဖြစ်လို့ခွင့်လွှတ်ရမှာလဲ၊ မမမြဘာမှမမှားဘူး၊ ဒါ...အမှန်တရားပဲ၊ မမမြပြောတာ မှန်နေသားပဲ၊ ခင်လေးတို့ အမှန်တရားကို တစ်ချိန်ချိန်မှာ ရင်ဆိုင်လာကြရမှာပဲ မမမြရယ်"လို့ပြန်ပြီး မမမြကို မေမေနှစ်သိမ့်ခဲ့ရပါတယ်။

ဒါပေမယ့် တကယ်ပဲ မေမေဟာ ရင်ဆိုင်ဖို့သတ္တိရှိရဲ့လား။ မေမေ အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကို မသိစုံပါဘူးကွယ်။ မမမြကတော့ ဆက်ပြောပြနေသေးတယ်။ သူဟာ မမမြပြောတာကို တယ်လိုမှယုံကြည်ပုံမရဘဲ ခေါင်းတခါ





ခါနှင့် ငြင်းဆန်ရင်း မျက်ရည်တွေဝဲလာပြီး ပြောသွားခဲ့တယ်တဲ့။

"ကျွန်တော်နဲ့ခင်လေးကွဲသွားတာ ငါးလခြောက်လပဲရှိသေးတယ်၊ နောက် လထဲမှာ မွေးမယ့်ကလေးဟာ ဘယ်နည်းနဲ့မှ ဒေါက်တာမြင့်မိုရ်သား မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"လို့ အရူးတစ်ယောက်လို အော်ဟစ်နေခဲ့တယ်တဲ့။

အို...အဲဒီသားဟာ တစ်ချိန်တုန်းက သူစွန့်ပစ်ခဲ့တဲ့..သား။ သူမလိုချင်ခဲ့တဲ့သား။ သူသတ်ဖို့ ကြိုးစားခဲ့တဲ့သားပဲ။ ဘာဖြစ်လို့ ဒီလောက်တောင် ကြေကွဲနာကျင်နေရသလဲ။ ဘာကြောင့် သူငိုရမှာလဲ...မမမြရယ်။ မလိုပါဘူး။

မေမေ့စိတ်ထဲက အဲဒီလို တွေးနေမိခဲ့တယ်။

မမမြကတော့ တုန်လှုပ်စွာ မှင်သက်နေတဲ့ မေမေ့ကို ကြည့်ပြီး...။

"ခင်လေး...တကယ်လို့များ အဲဒီမေးခွန်းကို သူ...ခင်လေးရှေ့မှာ လာအေးခဲ့မယ်ဆိုရင် ခင်လေးဘယ်လိုဖြေမှာလဲ..."တဲ့။ မမမြက မေးပါတယ်သား။ ကဲ...မေမေ ဘယ်လိုဖြေရမှာလဲဟင်။ မေမေ့ကိုဖြေပြပါဦး...သားရယ်၊ မေမေ့ ဝမ်းထဲကသား...အပြင်ကို ခဏလောက်ထွက်လာပြီး ဖြေပြစမ်းပါဦး။

မေမေ့ဦးနှောက်တွေ အခုအချိန်မှာ ပူလောင်လွန်းလို့ ကျွမ်းမြိုက်ကုန်ကြပြီ ထင်ပါရဲ့။

တစ်ခါတစ်လေကျတော့လည်း အမှန်တရားကို မေမေတို့မုန်းသင့်တယ် ထင်တယ်နော်...သား။

www.burmeseclassic.com

www.burmeseclassic.com

## ၁၉

အဲဒီနေ့က ဆရာဟာ ဆေးရုံကနေပြန်လာတော့ မျက်နှာက မှုန်ကုပ်ကုပ်နဲ့ တစ်ခုခုကို စိတ်ဆိုးဒေါသထွက်နေတယ်လို့တော့ မေမေ ထင်လိုက်မိသားပါပဲကွယ်။

ဒါပေမယ့် မေမေချက်ချင်း မရိပ်မိခဲ့ဘူး။ သူ...ဘာဖြစ်လာခဲ့သလဲဆိုတာ မေမေ မစဉ်းစားမိခဲ့ပါဘူး။ သူ့ကို "ဒီနေ့ဆရာ...ဂျပန်ဘာသာ မတက်ဘူးလား၊ ပြန်လာတာစောလို့"လို့ မေးလိုက်တော့လည်း သူက အသံခပ်ပြတ်ပြတ်နဲ့ "မတက်ဘူး..."လို့ ဖြေခဲ့သေးတယ်။

ညနေစာ အတူတူစားကြတဲ့အချိန်မှာမှ သူဟာ အရင်နေ့တွေလိုမဟုတ်ဘဲ စကားနည်းပါးစွာ စားသောက်နေတာကို မေမေအကဲခတ်မိပြီး...

"ဆရာ...ဒီနေ့အဆင်မပြေတာများ တွေ့လာသလားဟင်"လို့ မနေနိုင်ဘဲ ထုတ်မေးလိုက်မိတယ်။

အဲဒီတော့သူဟာ မေမေ့ကို ဖျတ်ကနဲမော့ပြီး ရူးရူးစိုက်စိုက် ကြည့်သေးတယ်။ တော်တော်ကြာအောင် စဉ်းစားပြီးမှ သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာတယ်။ ဒါပေမယ့် သူ့ရဲ့တင်းမာနေတဲ့ မျက်နှာကတော့ မပြေလျော့သေးပါဘူး။

သူက လေသံတိုးတိုးနဲ့ မေမေ့ကို စကားစပြောခဲ့ပါတယ်။

"နေ့လည်က ဆေးရုံမှာ ကိုယ့်ကို လူတစ်ယောက်လာတွေ့တယ်"

ဆရာ့လေသံက အေးစက်မာကျောနေတာကို မေမေက ဂရုမပြုမဘဲ မေးလိုက်မိသေးတယ်။

"ဘယ်သူနဲ့တွေ့လာတာလဲ...ဆရာ"

"သူက သူ့ကိုယ်သူ ယမင်းရဲ့ဆံပင်ဆိုင်မှာ ညှပ်ဖူးတဲ့ မိတ်ဆွေဟောင်းတစ်ဦးပါလို့ ကိုယ့်ကိုမိတ်ဆက်တယ်၊ ပြီးတော့ သူက မမြပြောလို့ ယမင်းရဲ့ကျန်းမာရေးအခြေအနေကို သူသိပြီးပါပြီလို့ ပြောတယ်၊ သူတကယ် စိတ်





မကောင်းပါဘူး...တဲ့၊ နောက်...ယမင်းကို ဘယ်လိုကုမှာလဲ၊ ယမင်းရဲ့သားအေးကိုရော ဘယ်တော့မွေးမှာလဲ စသဖြင့် စိတ်ဝင်တစားနဲ့မေးတယ်၊ ကိုယ်လည်း သူ့ကို အမှန်အတိုင်း ပြောပြလိုက်ပါတယ်၊ ဆရာ့အိမ်လိပ်စာ ပြောပြပါလား လို့ မေးတာနဲ့ ကိုယ်လည်း အမှန်အတိုင်း ပြောခဲ့မိတယ်၊ သူ...ယမင်းကို မနက်ဖြန်လာတွေ့ချင်ပါတယ်...တဲ့"

မေမေဟာ လုံးဝ လိမ္မာပါးနပ်မှုမရှိပဲ သူ့ကိုပြန်မေးလိုက်ခဲ့မိတယ်။

"ကျွန်မရဲ့မိတ်ဆွေဟောင်းဆိုတော့ သူ့နာမည်ကို ပြောသွားသေးလား—ဆရာ၊ ဘယ်သူတဲ့လဲ...ဟင်"

အဲဒီတော့ သူကပြုံးတယ်။ သူပြုံးနေပြီး မေမေ့မေးခွန်းကို ဖြေခဲ့တယ်။

"ကိုယ်လည်းယမင်းလိုပဲ သူ့နာမည်ကို နောက်ဆုံးမှမေးဖို့ သတိရခဲ့တယ်၊ အဲဒီတော့ သူကပြောတယ်၊ သူ့အကြောင်းကို ယမင်းက ကိုယ့်ဆီမှာ အစအဆုံးပြောပြထားမယ်ဆိုတာ သူမရိပ်မိရာဘူး၊ သူက...သူ့နာမည်ကို အမှန်အတိုင်း ပြောပြသွားတယ်လေ"

အဲဒီအချိန်မှာ မေမေ့နှလုံးသားတွေဟာ ရုတ်တရက်ရပ်တန့်ကုန်ကြတယ်။ မျက်လုံးတွေဝိုင်းစက်သွားပြီး နှုတ်ခမ်းတွေလည်းပွင့်ဟလို့ ဆရာ့ကို မေမေ ငေးကြည့်မှင်သက်သွားတော့တယ်။ ဒါတောင်မှဆရာဟာ ပြုံးပြီးမေမေ့ကို ပြန်ကြည့်နေနိုင်သေးတယ်။ သူပြုံးနေပေမယ့် သူ့မျက်ဝန်းမှာ မျက်ရည်စတွေကို မေမေနာကျင်စွာ မြင်တွေ့နေရပါတယ် သားရယ်။

သူက အေးချမ်းငြိမ်သက်တဲ့ လေသံတစ်ခုနဲ့ မေမေ့ကို ပြောတယ်။

"ယမင်းရဲ့ချစ်သူဟာ အဲဒီလောက်ငယ်ရွယ်ပြီး ချောမောလှပနေတဲ့ ယောကျ်ားတစ်ယောက်လို့ ကိုယ့်ကိုဘာဖြစ်လို့ စောစောကတည်းက မပြောခဲ့ဘာလဲ...ဟင်"

မေမေ့ရင်ထဲမှာ တင်းကျပ်ဆို့နင်လာတယ်။ မဟုတ်ဘူး...။

ပေါက်ကွဲလွင့်စဉ်သွားခဲ့တာပါ။ ဟင့်အင်း...မေမေလည်း ဘာမှမစဉ်းစားတတ်တော့ပါဘူးကွယ်။ မေမေ တစ်ကိုယ်လုံးတုန်ယင်သွားပြီး သူ့ကို ဘာပြန်ပြောရမလဲလို အသေအလဲ စဉ်းစားနေခဲ့ရတယ်။ မေမေ့နှုတ်ခမ်းတွေ လှုပ်ရှားနေရုံကလွဲပြီး စကားသံထွက်မလာခဲ့ဘူး။

သူ့ရဲ့ မျက်ရည်တွေဝေနေတဲ့ မျက်လုံးရယ်၊ မေမေ့ကို ပြုံးပြီးကြည့်နေတဲ့ သူ့မျက်နှာရယ်...။ အို...မေမေငိုချလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေငိုနေတာကို သူကမချော့ဘူး။ ငေးပြီးကြည့်နေတယ်။ မေမေတို့ နှစ်ယောက်တည်းရှိတဲ့ ထမင်းစားခန်းထဲမှာ မေမေ့ ရှိုက်သံသာ တစ်ခုတည်း ပေါ်ထွက်နေခဲ့တာပေါ့။

မေမေငိုရှိုက်ရင်းနဲ့သူ့ကို ရန်တွေ့သလို ပြန်ပြောမိတော့တယ်။

"ဆရာ...၊ ဆရာကသူ့ကို အိမ်လာလည်ဖို့ ဖိတ်ခဲ့သေးတယ်နော်၊ ဟုတ်လား၊ ဆရာငြင်းခဲ့ရမှာ၊ ဆရာသူ့ကို ဘာဖြစ်လို့ မလာနဲ့...လို့ မတားခဲ့တာလဲ ဆရာရယ်"

သူဟာ ငိုနေတဲ့မေမေ့ကို ထမင်းစားပွဲရဲ့တစ်ဖက်ကနေ ငေးကြည့်နေတယ်။ ပြီးတော့ လေသံတိုးတိုးနဲ့ ထပ်မေးခဲ့ပြန်တယ်။

"ယမင်း...သူ့ကို မတွေ့ချင်ဘူးလားဟင်..."

"ဘယ်လို...ဆရာ"

မေမေဟာ သူမေးလိုက်တဲ့မေးခွန်းကို မယုံကြည်နိုင်လွန်းလို့ အံ့အားသင့်စွာ ငေးကြောင်သွားတော့တယ်။ သူဘယ်လိုရည်ရွယ်ချက်နဲ့များ အဲဒီလို မေးရက်လိုက်ပါလိမ့်။ သူဟာ ဘယ်လိုလူစားမျိုးလဲ။ မေမေသူ့ကို နားမလည်နိုင်လွန်းလို့ ရှိုက်သံတွေကြားက ပြန်မေးမိတော့တယ်။

"ဘယ်လို...ဆရာ...၊ ကျွန်မက သူ့ကိုတွေ့ချင်ရမယ်၊ နေပါဦး၊ တွေ့ပြီး ကျွန်မ...သူ့ကို ဘာစကားတွေပြောရမှာလဲ၊ သူ့မေးခွန်းတွေကို ဘယ်လိုဖြေရမှာလဲဆရာ၊ သူကမေးတော့မယ်၊ ယမင်းရင်သွေးလေးရဲ့ဖခင်ဟာ ဘယ်သူလဲလို့ သူရက်ရက်စက်စက် မေးတော့မယ်၊ အဲဒါကိုဘယ်လိုများ ဆရာက ဖြေစေချင်နေတာလဲ၊ ကဲ...ပြောပါဦး...ဆရာရယ်"

"အမှန်အတိုင်းပြောပြလိုက်ပါ...ယမင်း"

သူ့အဖြေဟာ ပြတ်သားလွန်းလို့ မေမေသူ့ကို အံ့သြပြီး ငေးကြည့်မိတော့တယ်။ မေမေ ရတ်တရက်ရင်ထဲမှာ စူးနင့်စွာ နာကျင်လာတယ်။ ဘယ်သူ့အတွက် နာကျင်လာရတယ်ဆိုတာ မေမေ မသိခဲ့ဘူး။ မေမေ့အတွက်လား...၊ သူ့အတွက်လား ဒါမှမဟုတ်...၊ သားအတွက်လား။ အို...ကြေကွဲစရာ သိပ်ကောင်းတဲ့အဖြစ်အပျက်ပဲ။ မေမေ ဝမ်းနည်းစွာ မျက်ရည်တွေအတားအဆီးမရှိ ကျလာတော့ မေမေ့ကို ခပ်ယဲ့ယဲ့အပြုံးနဲ့ ကြည့်နေတဲ့ သူ့မျက်နှာဟာ မေမေ့ မျက်လုံးထဲ ဝေဝါးလို့သွားတယ်။

မေမေသူ့ကို အက်ကွဲကြေမွစွာ ထုတ်မေးလိုက်ရပါတယ်။





"ဆရာ...ဆရာဆိုလိုတာ ကျွန်မကို စွန့်လွှတ်နိုင်တယ်လို့ ပြောနေတာလားဟင်...၊ ဆရာဘယ်လို ရည်ရွယ်ချက်မျိုးနဲ့ အမှန်တရားကို ပြောနိုင်နေတာလဲ၊ ကျွန်မဘာလုပ်ရမှာလဲ၊ ဆရာ...ကျွန်မတို့နှစ်ယောက်ကို ပြန်ပြီးနီးစပ်အောင်လုပ်နေတာလား"

သူ မေမေ့အမေးကို ခေါင်းခါပြပါတယ်။ ပြီးတော့ သူထိုင်ရာက ထလာတယ်။ မေမေ့အနားမှာလာရပ်ပြီး မေမေ့ကို သူညင်သာစွာ ထွေးဖက်ထားခဲ့တယ်။ သူ့လက်ချောင်းတွေက ငိုနေတဲ့ မေမေ့မျက်နှာပေါ်မှာ မျက်ရည်တွေကို သုတ်ပေးရင်း ခပ်တိုးတိုးပြောခဲ့တယ်...သား။

"ကိုယ်ဆိုလိုတာ အဲဒီသဘောမဟုတ်ပါဘူး ယမင်းရယ်၊ ယမင်းရဲ့ဆုံးဖြတ်ခွင့်ကို အခုအချိန်မှာ ကိုယ်လွှတ်လပ်ခွင့်ပေးထားတဲ့ သဘောသက်သက်ပါ၊ ယမင်းဆုံးဖြတ်ချင်တာကို ဆုံးဖြတ်လို့ရတယ်၊ ယမင်းပြောချင်တာ သူ့ကို ပြောလို့ရတယ်၊ ကိုယ့်ကိုငဲ့မနေနဲ့နော်၊ ကိုယ်သိတာက...၊ ကိုယ်...သိထားတာ တစ်ခုကလေ..."

သူ့အသံတွေ အတိုင်းအဆမရှိ တုန်ယင်သွားပါတယ်။ သူ့မျက်လုံးကို မေမေ မော့မကြည့်ပဲနဲ့ သူငိုနေမယ်ဆိုတာလည်း မေမေသိပါတယ်။ သူက...သူ့စကားကို ရက်စက်စွာ ဆက်ပြောခဲ့တယ်။

"ယမင်း...သူ့ကိုသိပ်ချစ်ခဲ့တယ် မဟုတ်လား..."တဲ့။

မေမေ သူ့ကို မော့ကြည့်လိုက်တယ်။ အကြည့်ချင်းဆုံတော့ သူဟာ သူ့မျက်လုံးတွေကို မပြရဲစွာ မျက်နှာလွှဲလိုက်တယ်လေ။ မေမေ အမှန်အတိုင်း သူ့ကို ပြောပြလိုက်ပါတယ်။

"ကျွန်မတို့နှစ်ယောက်ကြားမှာရှိခဲ့တဲ့ ကြိုးကပြတ်တောက်သွားခဲ့ပြီဆရာ၊ ဘယ်လိုမှ ပြန်ဆက်လို့မရအောင် ပြတ်တောက်ခဲ့တာ၊ အဲဒါကို ဆရာမသိသေးဘူးလား...ဆရာရယ်"

"ကြိုး...ဟုတ်လား"

သူကအံ့သြစွာ မေမေ့ကို ပြန်မေးတယ်။ ပြီးတော့ သူမေမေ့ကို ကျောခိုင်းထားနေရာက...အက်ရှရှတစ်ချက်ရယ်တယ်။

"အဲဒီကြိုးဟာ သိပ်ခိုင်မာတယ်...ယမင်း၊ ဘယ်လိုမှ ပြတ်တောက်နိုင်မှာ မဟုတ်ဘူး၊ ယမင်း အဲဒီကြိုးလေးကို မမြင်ခဲ့ဘူးလား၊ အဲဒီကြိုးဟာ ယမင်း ဝမ်းဗိုက်ထဲက သားလေ...သား..."



www.burmeseclassic.com

www.burmeseclassic.com



မေမေ သူ့စကားကိုလက်မခံနိုင်စွာ ခေါင်းကိုတွင်တွင်ကြီး ခါလိုက်မိတယ်။ မေမေ သူ့စကားကြောင့် နာကျင်လှပါတယ်။ နာကျင်စွာနဲ့ပဲ မေမေ ငြင်းဆန်နေရတာပါ။ မေမေ သူ့ကိုအားတင်းပြီး ပြန်ပြောလိုက်တယ်။

"ဟင့်အင်း...၊ သားဟာ ဆရာနဲ့ကျွန်မရဲ့သား၊ ကျွန်မတို့နှစ်ယောက်ရဲ့ သား၊ ကျွန်မတို့နှစ်ယောက်ရဲ့ ကြိုး..."

သူမေမေ့ကို လှည့်ကြည့်ပါတယ်။ သူ့မျက်ဝန်းတွေကို မေမေ မြင်ရတဲ့ အခါမှာ မေမေနှုတ်ခမ်းတွေ ဆွံ့အသွားတော့တယ်။ သူ့မျက်ဝန်းတွေဟာ သိပ်ကိုပြတ်သား စူးရှနေကြပြီ။ သူကပြောတယ်။

"ယမင်းရယ်...ကိုယ်တို့ လောကကြီးတစ်ခုလုံးကို ညာလို့ရရင်ရမယ်၊ ကိုယ့်ကိုယ်ကိုလည်း ညာလို့ရရင်ရကြမယ်၊ အလွန်ဆုံးသူ့ကိုတောင် ညာလို့ ရနိုင်တယ်၊ ဒါပေမယ့်..."

သူ့စကားသံဟာ တုန်ယင်ပြီး တိုးတိမ်သွားခဲ့တယ်။ တိမ်ဝင်နေတဲ့ အဲဒီ အသံနဲ့ပဲ သူဟာ စကားကိုဆက်ပြောလိုက်ပါတယ်။

"ဒါပေမယ့်...ကိုယ်တို့...သားကို...မညာသင့်ဘူးယမင်း၊ သားဟာ သူ့ရဲ့ ဖခင်ကို ပိုင်ဆိုင်နိုင်ခွင့်ရှိတယ်၊ သားဟာ...သူ့ဖခင်ရင်းတစ်ယောက်ကို ရယူ ပိုင်ခွင့်ရှိတယ်၊ သားဟာ..."

မေမေ သူ့စကားတွေကို ဆက်လက်နားမထောင်နိုင်တော့လို့....။

"တော်ပါတော့...ဆရာ၊ တော်ပါတော့၊ ကျွန်မ...ကျွန်မ မကြားပါရစေနဲ့ တော့..."လို့ အော်ဟစ်ပြီး တားမြစ်လိုက်မိပါတယ်။

ဟုတ်တယ်။ မေမေ မကြားနိုင်တော့ပါဘူး။ မေမေဘယ်လိုမှ မခံစားနိုင် တော့ဘူး။ မေမေဟာ သားအတွက် အကောင်းဆုံးတွေကို ရွေးပြီးလုပ်ခဲ့တယ်။ သားဘဝအတွက် အစစအရာရာ ပြင်ဆင်ခဲ့တယ်။ သားအတွက် မေမေဟာ ဘဝတစ်ခုလုံးကို ရင်းနှီးပြီး ကြိုးစားနေရတယ်။ ဒါပေမယ့် အခုအချိန်ထိ အားလုံးဟာ လွဲမှားနေဆဲပဲ။

အဲဒါဘာဖြစ်လို့လဲ။ မေမေလည်း နားမလည်နိုင်တော့ပါဘူး။

သားအတွက် လောကကြီးဟာ လွဲမှားနေတုန်းပဲ ရှိသေးတယ်။

## ၂၀

အဲဒီမနက်ခင်းဟာ တော်တော့်ကို ရင်ဖိုထိတ်လန့်ဖွယ်ရာ မနက်ခင်းလေး တစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီနေ့ဆိုတာ ဆရာပြောထားတဲ့ 'သူ...' မနက်ဖြန် ယမင်းကို လာတွေ့လိမ့်မယ်ဆိုတဲ့ မနက်ခင်းလေးတစ်ခုလေ။

မေမေနဲ့ဆရာဟာ ညတုန်းက ပြောထားခဲ့မိတဲ့ စကားတွေကို မေ့လျော့ ချင်ဟန်ဆောင်ပြီး...၊ အဲဒီမနက်ခင်းမှာ နှစ်ယောက်စလုံး တိတ်ဆိတ်နေခဲ့ကြ တယ်။ ဘာစကားမှမပြောပဲ ထမင်းစားခန်းထဲမှာ ငြိမ်သက်စွာထိုင်ပြီး မနက်စာ စားနေကြတဲ့ မေမေတို့နှစ်ယောက်စလုံးကို မောင်သိန်းတောင် အကဲခတ်မိလို့ ထင်ရဲ့။ မျက်နှာမသာမယာ၊ မဝံ့မရဲအမူအရာနဲ့ မနက်စာကို ပြင်ဆင်ပေးနေ တယ်။

တိတ်ဆိတ်အေးစက်နေတဲ့အခန်းထဲမှာ စမြည်လာတဲ့ လူခေါ်ခေါင်း လောင်းသံဟာ မေမေတို့အတွက် သိပ်ကျယ်လောင်လွန်းနေတာပေါ့။ အဲဒီ ခေါင်းလောင်းသံက ခြံဝမှာတပ်ထားတဲ့ Bell ခလုတ်ကို နှိပ်လို့ ပေါ်လာတဲ့ အသံလေ။

မေမေနဲ့ဆရာဟာ တစ်ယောက်ကိုတစ်ယောက် ထိတ်လန့်တုန်လှုပ်စွာ စိုက်ကြည့်မိကြတယ်။ အဲဒီအချိန်မှာ မောင်သိန်းက အိမ်တံခါးဝကနေ အပြင် ထွက်ကြည့်ပြီး ပြန်လာပြေးပြောတယ်။

"ဆရာ...ဆိုင်ကယ်နဲ့၊ ဆံပင်တိုတိုနဲ့၊ လူငယ်တစ်ယောက်...ဆရာ၊ ဆရာ့ ဧည့်သည်လား၊ ကျွန်တော် တံခါးသွားဖွင့်ပေးလိုက်ရမလား"

"သွားဖွင့်ပေးလိုက်..."

သူ့အသံက ပြတ်သားစွာ ထွက်ပေါ်လာတဲ့အခါ မေမေ "အို..."လို့ အာမေ ဍိတ်သံပြုလိုက်မိပါတယ်။ မေမေ ထိတ်လန့်တကြား သူ့ကို ငြင်းဆန်လိုက်မိ တော့တယ်။

"အို...ဆရာ...၊ ကျွန်မ သူ့ကို မတွေ့နိုင်ဘူး၊ မတွေ့ချင်ဘူး"လို့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တခါခါနဲ့ပြောမိတော့ သူဟာ မေမေ့ကို စူးရှစွာပြန်ကြည့်ပါတယ်။ အဲဒီအချိန်မှာ ဘာမှနားမလည်တဲ့ မောင်သိန်းကတော့ ဘေးကနေ အကဲခတ်ရင်း မျက်နှာငယ်လေးနဲ့ ရပ်နေတာပေါ့။

သူကလေ...မေမေ့ကို တည့်တည့်စိုက်ကြည့်ရင်း တင်းမာလာတဲ့လေသံနဲ့ "ယမင်း...သူ့ကို တွေ့ရမယ်၊ သွားလေ...မောင်သိန်း၊ ငါပြောနေတယ် မဟုတ်လား၊ တံခါးသွားဖွင့်ပေးလိုက်"လို့ အော်ထုတ်လိုက်တော့ မောင်သိန်းလည်း "ဟုတ်ကဲ့..."လို့ဖြေပြီး ပြေးထွက်သွားတာပေါ့။

မေမေ အဲဒီအချိန်မှာ နှလုံးသားတွေ ပူလောင်ဆူပွက်လာသလို မျက်ရည်တွေ ဝဲလာခဲ့မိတယ်။ မေမေ သူ့ကို တုန်ယင်နေတဲ့လေသံနဲ့...။

"ကျွန်မ...သူ့ကို...သူ့ကို ဘာစကားပြောရမှာလဲ...ဆရာ"လို့ မေးလိုက်မိတယ်။ သူကလေ မေမေ့ကို လေးနက်စွာကြည့်တယ်။

ပြီးတော့ တည်ငြိမ်အေးစက်တဲ့ စကားတစ်ခွန်းကို ပြောလိုက်တယ်။

"ယမင်း...သူ့ကို တစ်ခုခုတော့ ပြောရမယ်၊ ယမင်းရဲ့ပြတ်သားမှုကို ကိုယ်တောင်းဆိုနေတာ၊ ယမင်းရဲ့သတ္တိကို ကိုယ်တောင်းဆိုနေတာ၊ ယမင်း...ဒီနေ့အားလုံးကို ဆုံးဖြတ်လိုက်မှရမယ် ယမင်း၊ ဒါကြောင့်...ကိုယ် သူနဲ့ယမင်းကို တွေ့ခိုင်းနေတာပါ...ယမင်းရယ်၊ ပြီးတော့...ယမင်း..."

သူ့စကားက မထင်မှတ်ပဲ ထစ်ငေါ့သွားပါတယ်။ ပြီးမှ...။

"ယမင်း...ဆုံးဖြတ်ချင်တာကို ဆုံးဖြတ်လို့ ရပါတယ်"တဲ့လေ။

သူဟာ အဲဒီစကားကိုပြောအပြီး အကြည့်ကို အဝေးသို့ လွှင့်လိုက်ခဲ့ပါတယ်။ မေမေလေ...သူ့ကိုနာကျင်စွာ စိုက်ကြည့်နေဆဲမှာပဲ အပြင်ကပြန်လာတဲ့ မောင်သိန်းက "ဆရာ...ဧည့်ခန်းထဲမှာ ဟိုလူထိုင်စောင့်နေပါပြီ"လို့ လာပြောလိုက်တော့တယ်။

မေမေ ထိုင်ရာက ဖြည်းညှင်းစွာ ထလိုက်ရတယ်။

အဲဒီအချိန်မှာ မေမေ့လက်ချောင်းလေးတွေ တုန်ယင်နေကြပြီ။ မေမေ့မျက်လုံးတွေလည်း ဝေဝါးနေကြပါပြီ။ မေမေ ထမင်းစားခန်းထဲက အလေးလံဆုံး ခြေလှမ်းတွေနဲ့ ထွက်ခွာလာတဲ့အချိန်မှာ ဆရာ့ကို သေသေချာချာ ငေးစိုက်ကြည့်ခဲ့ပါသေးတယ်။

သူ မေမေ့ကို ပြန်ကြည့်မနေခဲ့ပါဘူး...သား။ သူ့မျက်နှာဟာ အောက်ကို ငုံ့စိုက်ထားခဲ့တယ်။ မေမေရုတ်တရက် ဆို့နင့်သွားပါတယ်။





မေမေဟာ နေရာမှာတင် လဲပြိုကျသွားတော့မလောက် အားနည်းသွားခဲ့တယ်။ အို...ဟင့်အင်း။ မေမေ အဲဒီလိုလုပ်ဖို့ မဖြစ်နိုင်သေးဘူး။ ဟုတ်တယ်နော် ...သား။ မေမေရင်ဆိုင်ရဦးမယ်။ မေမေ ခွန်အားတွေကိုမွေးမြူရဦးမယ်၊ မေမေ သတ္တိရှိမှ ဖြစ်မှာပါ။

မေမေလေ...မေမေ့ဘဝတစ်ခုလုံးရဲ့ ကယ်တင်ရှင် ဆရာ့မျက်နှာကို မကြည့်ရက်စွာ လှဲ့ပစ်လိုက်တော့တယ်။ ပြီးတော့ မေမေအဲဒီအခန်းထဲက ထွက်လာလိုက်ပါတယ်။

မေမေ ဧည့်ခန်းထဲကို လှမ်းဝင်လိုက်တဲ့အချိန်မှာ မေမေ့နားထဲ ဘာသံကိုမှ မကြားတော့လောက်အောင် တိတ်ဆိတ်နေခဲ့ပါတယ်...သား။ မေမေ့မျက်လုံးတွေထဲမှာ မေမေနဲ့တစ်ချိန်က ဝင်သက်ထွက်သက်ချင်း ထိခတ်လောက်အောင် နီးကပ်ဖူးတဲ့ လူတစ်ယောက်ရဲ့မျက်နှာကို ချက်ချင်းတွေ့လိုက်ရတော့တယ်။

သူလေ...။ ဟုတ်တယ်။ အဲဒီ...သူပါပဲ။

မေမေကလည်း သိပ်ချစ်တယ်။ မေမေ့ကိုလည်း သိပ်ချစ်တယ်လို့ ပြောခဲ့ဖူးတဲ့ လူတစ်ယောက်ပေါ့။ သူ့ရဲ့ယောကျ်ားတန်မဲ့ ရွှန်းစိုနက်မှောင်နေတဲ့ မျက်ဝန်း၊ နီရဲထူအမ်းလွန်းတဲ့ နှုတ်ခမ်း၊ သူ့ရဲ့စိမ်းမြသွယ်လျနေတဲ့ မေးရိုးအောက်မှာ မေမေ အကြိမ်ကြိမ်အခါခါ ကျရှုံးဖူးတာပေါ့။ အခုရော ကျရှုံးဦးမှာပဲလား။ သူ့မျက်နှာဟာ ဘာမှ မပြောင်းလဲသေးပဲ။ အရင်အတိုင်းပဲလေ။

တစ်ခုပဲ ထူးခြားတာရှိပါတယ်။ အမြဲလိုလို မေမေ့အပေါ်မှာ အနိုင်ယူ အမိန့်ပေးနိုင်ခဲ့တဲ့ သူ့အကြည့်တွေဟာ အခုအခါမှာတော့ ရိဝေစွာ ဖျော့တော့နေကြကုန်ပြီလေ။ သူဟာ မေမေ့ကို အံ့အားသင့်စွာ၊ မယုံကြည်နိုင်စွာ ငေးကြည့်နေခဲ့တယ်။

သူ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ယင်နေကြပြီး ကြည့်နေတဲ့ အကြည့်တွေဟာလည်း မျက်ရည်တွေရစ်ဝိုင်းလို့ လာတာပေါ့။

သူ့မျက်လုံးတွေက မျက်ရည်တွေအပြည့်နဲ့လည်း လှပနေတာပါပဲ...သားရယ်။ သူကလေ ဗိုက်ဖုံးအင်္ကျီလေးနဲ့ တရွေ့ရွေ့လှမ်းလာတဲ့ မေမေ့ကို နာကျင်ကြေမွသွားတဲ့ အကြည့်မျိုးတွေနဲ့ ငေးကြည့်နေခဲ့တယ်။

မေမေတို့နှစ်ယောက်ဟာ အခုထက်ထိ စကားမပြောကြသေးဘူး။ မေမေလည်း သူ့ကို ဘယ်လိုစကားမျိုး ပြောရမယ်မှန်း မသိသေးဘူး။ ဧည့်ခန်းထဲမှာ အပ်ကျသံတောင် ကြားလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေခဲ့ပြီ...။



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး...."

သူ့အသံလေးတွေ အက်ရှနေကြတယ်။

ကြည့်စမ်း...။ တစ်ချိန်က အဲဒီအသံလေးကိုပဲ ကြားခွင့်ရချင်လွန်းလို့ မေမေဟာ မိုးသည်းသည်းထဲမှာ မိန်းကလေးတန်မဲ့ အရှုးအမူး သူ့ကိုရှာဖွေခဲ့ရတယ်။ အခု...အဲဒီတပ်မက်မှုတွေ ဘယ်မှာလဲ။ အံ့သြစရာကောင်းလိုက်တာ။ အချိန်ရဲ့ပြောင်းလဲမှုဟာ အဲဒီလောက်တောင်ပဲ မြန်ဆန်သလားဟင်။

"ခင်လေး...နေကောင်းရဲ့လား..."

မေမေ သူ့ကို ခေါင်းလည်းမညိတ်ပြဘူး။ ခေါင်းလည်း မခါခဲ့မိဘူး။ သူ့မျက်နှာကိုပဲ မျက်မမြင်တစ်ယောက်လို မေမေ ငေးစိုက်နေခဲ့ပါလိမ့်မယ်။ သူဟာ စိတ်မရှည်နိုင်သလို အသံတွေတုန်ယင်လို့က်ခါစွာနဲ့...။

"ခင်လေး...၊ အဲဒါ...ကိုယ့်သားမဟုတ်လားဟင်..."လို့ မေးချလိုက်တော့တယ်။

သူ့ရဲ့မေးခွန်းဟာ မေမေ့နားထဲမှာ ဟိုးအဝေးဆုံး ကမ္ဘာတစ်ခုက လှမ်းမေးတာကို ကြားလိုက်ရသလိုပဲ။ ခပ်သဲ့သဲ့လေးရယ်လေ။

မေမေ ချက်ချင်းငိုချလိုက်မိမလို ဖြစ်သွားခဲ့တယ်။ တကယ်က မေမေ လုံးဝ မငိုခဲ့ပါဘူး။ ငိုကြွေးမှုတွေ ပြီးဆုံးသွားတာပါ။ ဟုတ်တယ်။ အရာအားလုံးဟာ ပြီးဆုံးသွားတာပါ။ ခုနကလေးတင် သူ့မျက်နှာကို တွေ့လိုက်ရတဲ့ အချိန်မှာ အားလုံးပြီးဆုံးသွားတာပါ။

မေမေသိလိုက်ပြီ။ မေမေ...မေမေ့ရဲ့ဆုံးဖြတ်ချက်ကို ရွေးချယ်လို့ရသွားပါပြီ။

သူဟာ မေမေ့ဆီက အဖြေတစ်ခုကိုငံ့လင့်စွာ အားကိုးတကြီး မျှော်လင့်နေရင်း တစ်ကိုယ်လုံးတုန်ယင်စွာ တောင်းပန်တိုးလျှိုးတဲ့ အကြည့်တွေနဲ့ ကြည့်နေခဲ့တယ်။ လွန်ခဲ့တဲ့ ခြောက်လ...ခုနစ်လလောက်တုန်းကတော့ သူ့ရဲ့ အဲဒီလိုအကြည့်ကို မေမေခံယူရရင် မေမေ့ဒူးတွေခွေညွတ်ပြီး ပုံလဲကျသွားမလားပဲ။ ဒါပေမယ့်အခုတော့ အဲဒီအကြည့်တွေဟာ အကြည့်တစ်ခုသက်သက်ဖြစ်နေခဲ့ပြီ။ မေမေ့ခန္ဓာကိုယ်ထဲကို အဲဒီအကြည့်တွေ ထိုးဖောက်မဝင်ရောက်ခင် အပြင်မှာ ရပ်တန့်ကုန်ခဲ့ကြပြီလေ။

အဲဒါဟာ အဖြေပဲမဟုတ်လား။

မေမေဟာ မေမေလုပ်ရမယ့်အလုပ်ကို ဘိကျစွာ သိလိုက်တာနဲ့ တစ်ပြိုင်





တည်း ထမင်းစားခန်းဖက်ကို လှည့်ပြီး "ကိုရေ..."လို့ အော်ခေါ်လိုက်ပါတယ်။

ထမင်းစားခန်းဖက်က ချက်ချင်းအသံထွက်မလာခဲ့ပါဘူး။ အဲဒီအချိန်မှာ မေမေ့ရှေ့မှာ ရှိနေတဲ့လူကတော့ မေမေ့ကို နားမလည်နိုင်စွာ ကြည့်ရင်း အံ့အားသင့်လွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ မေမေ ထပ်ပြီး ခပ်ကျယ်ကျယ် အော်ခေါ်မိပြန်ပါတယ်။

"ကိုရေ..."

ထမင်းစားခန်းထဲက အခုမှ ချက်ချင်းထွက်လာတဲ့ ဆရာဟာ မေမေ့ကို အံ့အားသင့်စွာ ပြန်စိုက်ကြည့်နေခဲ့ပါတယ်။ တကယ်တော့ သူအံ့သြသွားမှာပဲလေ။ မေမေဟာ သူနဲ့လက်ထပ်ပြီးတဲ့ အချိန်ကစလို့ ဒီနေ့ထက်ထိ သူ့ကို ဆရာ...လို့ပဲ ခေါ်ဝေါ်သုံးစွဲခဲ့မိတာကိုး။ အခုသူ့ကို ခေါ်လိုက်တဲ့ နာမ်စားကို သူအံ့သြနေခဲ့မှာပဲပေါ့။ ဒါ...အံ့သြစရာပဲပေါ့။

မေမေ ပြုံးပြလိုက်ပါတယ်။ မေမေ့အပြုံးကို တုန်လှုပ်စွာ ဆရာရပ်ကြည့်နေရင်း ဧည့်ခန်းထဲကို မဝံ့မရဲ တစ်လှမ်းချင်း တိုးဝင်လာတယ်။ ပြီးတော့ မေမေနဲ့ မေမေ့ရှေ့မှာ မှင်သက်ရပ်တန့်နေတဲ့ ဧည့်သည်ကို တစ်ချက်စီ အထဲခတ်ကြည့်ရင်း ပဟေဠိမျက်ဝန်းတွေ ဖြစ်နေခဲ့ပါတယ်။

မေမေလေ...မေမေ့ဘေးနားမှာ နီးကပ်စွာရပ်နေကြတဲ့ ယောကျ်ားနှစ်ယောက်ကိုကြည့်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချလိုက်မိပါတယ်။ အဲဒီအချိန်မှာ မေမေ့ရင်ထဲကို သတ္တိတွေ ဘယ်သူက လာထည့်ပေးသွားသလဲ။ မေမေ့ကို အဲဒီလိုရဲရင့်အောင် ဘယ်အရာက သင်ကြားပေးသွားသလဲ။ သားပဲလား...ဟင်။ သားပဲ မေမေ့ကို ပြောင်းလဲစေခဲ့သလား။

မေမေဟာ မေမေ့ဘေးနားမှာ လာကပ်ပြီးရပ်တဲ့ ဆရာ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ရင်း...။

"ကို...သူက...ဘယ်သူလဲ...ဟင်..."လို့ မေးပြလိုက်ပါတယ်။

ယောကျ်ားနှစ်ယောက်စလုံးက အံ့အားသင့်တကြီး မေမေ့မျက်နှာကို ဝိုင်းငံ့ကြည့်ကြတယ်။

အဲဒီအချိန်မှာ မေမေဟာ ဟန်ဆောင်ထားတဲ့ ဘာကိုမှမသိ၊ နားမလည်တဲ့ အဖြူရောင်မျက်နှာလေးကလေးနဲ့ ဖြစ်နေလိမ့်မယ်လေ။ ချက်ချင်းပဲ သူတို့နှစ်ယောက်စလုံးဟာ မျက်လုံးတွေထဲမှာ မျက်ရည်တွေ ဝဲတက်လာကြပါရဲ့။

ဒါပေမယ့် မေမေ့ရဲ့...၊ မေမေ့ရဲ့ဆရာ...မျက်လုံးတွေကတော့ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တွေကြားထဲမှာ ပြုံးရယ်နေခဲ့ပါပြီလေ။

သူသိသွားပါပြီ။သူဟာ မေမေ့ဆုံးဖြတ်ချက်ကို သိသွားခဲ့ပြီလေ။ ဒါကြောင့် သူနဲ့မေမေ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်မိကြတဲ့အချိန်မှာ သူ့မျက်လုံးတွေဟာ အင်မတန်ကြည်နူးဆို့နင့် သွားတဲ့အကြည့်တွေဖြစ်နေကြောင်း မေမေသိလိုက်ရတာပေါ့။

အို...သူ့ရဲ့ အဲဒီအကြည့်တစ်ခုကို မေမေဘယ်တော့မှ မေ့မှာမဟုတ်ပါဘူးသားရယ်။ မေမေ့ကိုယ်မေမေ ဒီလိုဆုံးဖြတ်လိုက်တာ မှန်လိုက်တာလို့ ယုံကြည်မိသွားအောင် လုပ်ပေးလိုက်တဲ့ သူ့အကြည့်တစ်ခုပဲ။

'သူဟာ မေမေ့ကို ပြုံးရယ်နေတဲ့ မျက်လုံးတွေနဲ့ ငေးကြည့်နေရင်းက သူလုပ်ရမယ့် အလုပ်တစ်ခုကို သေသေချာချာ သိရှိသွားပုံရပါတယ်။မေမေ့ရှေ့မှာ ကြောင်ပြီးရပ်တန့်နေတဲ့ မေမေ့ရဲ့ ညှို့သည်ဖက်ကို လှည့်ပြီး တုန်ယင်ခြင်းကင်းမဲ့တဲ့ လေသံနဲ့ တည်ငြိမ်စွာ ပြောလိုက်တော့တယ်လေ။

"စိတ်မကောင်းပါဘူး...ညီလေးရယ်၊ ညီလေးကို သူက မမှတ်မိရှာဘူး"

မေမေ့ရဲ့ ညှို့သည်ဟာ နှုတ်ခမ်းက "ဗျာ..."လို့ တိုးတိုးလေး ထုတ်ရေရွတ်ခဲ့တယ်။ အဲဒီအချိန်မှာ ဆရာက အသက်သိပ်ဖါတဲ့ အပြုံးတစ်ခုကိုပြုံးနေပြီး...။

"ဟုတ်တယ်...ညီလေး၊ သူ့လို ဝေဒနာရှင်တစ်ယောက်ဟာ မှတ်ဉာဏ်ကို ထိခိုက်သွားနိုင်ပါတယ်ကွာ၊ တစ်ခါတစ်လေကျတော့ ကိုယ်နဲ့ သိပ်ရင်းနှီးပြီးသား အရာဝတ္ထုပစ္စည်းတစ်ခုခုကိုတောင် နာမည်ထုတ်ပြောဖို့ မေ့ချင်မေ့သွားတတ်ကြတာကွ၊ ဥပမာ...စီးကရက် တစ်လိပ်ကို ဘယ်နေရာမှာ အသုံးပြုရမှန်းမသိတော့တဲ့ မှတ်ဉာဏ်ချို့ယွင်းမှုမျိုးပေါ့၊ အစ်ကိုတို့ ဆေးပညာမှာ အဲဒါကို Dementia လို့ခေါ်တယ်၊ ယမင်းမှာ အဲဒီလိုဝေဒနာ ခံစားနေရပြီ၊ စိတ်မရှိပါနဲ့ကွာ၊ သူ့ကို အစ်ကိုတို့ ခွဲစိတ်ကုသပြီးတဲ့အခါ မင်းကို သူ...ပြန်မှတ်မိချင်မှတ်မိလာမှာပါ၊ အဲဒီအခါကျမှ ပြန်လာခဲ့ပေါ့နော်"

ဆရာ့စကားဟာ အံ့ဩစရာကောင်းလောက်အောင် လှပလွန်းလိုက်တာ ဆရာရယ်။ အဲဒီလိုပြောတတ်ဖို့ကိုရော ဆရာ့ကို ဘယ်သူများ သင်ကြားပေးသွားသလဲ။

မေမေလေ...အခုအချိန်မှာ ကျေနပ်သဘောကျလွန်းစွာ ဆရာ့ရဲ့စကားကို စိတ်ထဲက ထောက်ခံနေခဲ့မိတော့တယ်။

ဟုတ်တယ်...ဆရာ။ ဆရာပြောတာ သိပ်မှန်ပါတယ်။ အဲဒါ စီးကရက်





တစ်လိပ်လိုပဲ။ အရှုံးအမှုးတွယ်ငြိစွာ ဖွာရှိုက်ပြီးသွားတော့လည်း မီးခိုးငွေ့တွေပဲ ကိုယ့်အတွက် ကျန်ရစ်ခဲ့တယ်လေ။ ပြီးဆုံးသွားပါပြီနော်...အားလုံးကုန်ဆုံးသွားခဲ့ပြီ။ စီးကရက်တစ်လိပ်လိုပဲ လောင်ကျွမ်းကုန်ဆုံးသွားခဲ့ပြီ၊

ဆရာ့ရဲ့စကားအဆုံးမှာ မေမေ့ညှို့သည်လေးရဲ့ မျက်လုံးတွေ မခြင်းချင်းစရာကောင်းလောက်အောင် ကြေမွပျောက်ဆုံးကုန်ကြတော့တယ်။ သူဟာ မေမေ့ကို အံ့ဩတဲ့အကြည့်တွေနဲ့ ငေးကြည့်ရင်း မျက်ရည်တွေ စီးဆင်းကျလာတာပေါ့။ မေမေ သူ့ကို တည်ငြိမ်စွာ ပြန်ကြည့်လိုက်ပါတယ်။

အဲဒီအချိန်မှာ မေမေနဲ့သူ့ရဲ့ အကြည့်တွေဟာ ဆန့်ကျင်ဖက်အနက်တွေ ဖော်ဆောင်နေပါလိမ့်မယ်။ သူ့အကြည့်မှာက မီးလျှံတွေ။ မေမေ့အကြည့်မှာတော့ ရေခဲတောင်တွေ ဖြစ်နေခဲ့ကြပြီ။

သူ...တုန်ယင်စွာနဲ့ မေမေ့ဆီက အကြည့်မလွှဲဘဲ ပြောနေခဲ့ပါတယ်။

"ကျွန်တော်...ကျွန်တော်...နားလည်ပါပြီဆရာ၊ ကျွန်တော်... သွားတော့မယ်"

သူဟာ မျက်လုံးတွေကိုစုံမှိတ်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ဖိကိုက်လို့ မေမေ့ရှေ့က ချာကနဲ လှည့်ထွက်သွားတော့တယ်။ သူ့ကို မေမေရော၊ ဆရာရော ငေးကြည့်နေစဉ်မှာပဲ သူ့ဆီက ရှိုက်သံတစ်ချက်ကို ပီပီသသကြီး မေမေတို့ ကြားလိုက်ကြရတယ်။

သူဟာ အိမ်ထဲကထွက်ဖို့ တံခါးဝကို ရောက်သွားခိုက်မှာ ချက်ချင်းဖျတ်ကနဲလှည့်ပြီး၊ မေမေ့ကို ကြည့်ပါတယ်။

ဟင့်အင်း...။ သူ့အကြည့်ဟာ ဟိုးအဝေးကြီးကလာတဲ့အကြည့်မျိုး ဖြစ်သွားပြီ...သားရဲ့။ မေမေနဲ့သူ့အကြားမှာ နံရံထုထုကြီးတစ်ခု ခြားသွားခဲ့ပါပြီ။ သူကလေ မေမေ့ကို နောက်ဆုံးနှုတ်ဆက်စကားတစ်ခွန်း ပြောသွားခဲ့ပါတယ်။

သူက ခေါ်တယ်။ "ခင်လေး..."တဲ့။ သူ့အသံတွေဟာ သိပ်ကိုကြေကွဲစရာကောင်းပါတယ်။ သူ့ကို မေမေကိုယ်ချင်းစာလို့ ရပါတယ်။ သူဆက်ပြောလိုက်တယ်။

"ခင်လေး...ကျွန်တော့်ကို ကတိပေးစမ်းပါ၊ ကတိတစ်ခု ပေးလိုက်ပါနော်၊ ခင်လေး...ခင်လေးရဲ့သားကို ကျန်းမာစွာ မွေးဖွားလိုက်ပါ၊ ပြီးတော့...ပြီးတော့လေ..." ✍



www.burmeseclassic.com

www.burmeseclassic.com

သူ့ရှိုက်သံကြောင့် သူ့စကားဟာ ဗလုံးဗထွေး နည်းနည်းနိုင်တယ်။ ဒါပေမယ့် မေမေနားလည်ခဲ့ပါတယ်။

"ပြီးတော့…ခင်လေးရဲ့သားကို ကျွန်တော့်လို မိုက်မဲတဲ့ လူတစ်ယောက် မဖြစ်အောင်…၊ ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးပါ၊ အဲဒါ…အဲဒါပါပဲ၊ ကျွန်တော့်ကို သွား…ခွင့်…ပြု…ပါ"

သူ လှည့်ထွက်သွားပါတယ်။

ဟင့်အင်း…။ အဲဒါကို မေမေအနိုင်ရခြင်းလို့ ဘယ်တော့မှ မသတ်မှတ်ပါဘူး။ ဘယ်တော့မှ မယူဆပါဘူး…သားရယ်။

အဲဒါ…အဖြေတစ်ခုကို ရှာဖွေတွေ့ရှိခြင်းပါ။ အဲဒီအဖြေကို မေမေ ရှာဖွေခဲ့မိတဲ့အတွက် မေမေ့ကို သား…ကျေးဇူးတင်မှာလား။ ဒါမှမဟုတ်… နာကျည်းနေမှာလားဟင်။ သား…မေမေ့ကို ခွင့်လွှတ်မှာလား…သားရယ်။

အခုအချိန်မှာ မေမေ့ရဲ့ ဆုံးဖြတ်ချက်ကို မှားတယ်လို့ သားပြောချင်နေပြီလား။ ဒီစာတွေကို သားဖတ်နေတဲ့အချိန်မှာလေ။

မေမေကတော့ ပြတ်သားစွာ အဖြေတစ်ခုကို ရွေးချယ်ခဲ့ပြီးပြီ။

သူထွက်သွားတဲ့အချိန်မှာ မေမေနဲ့ဆရာတို့ဟာ မှင်သက်စွာ ငေးကြည့်ရပ်တန့်နေကြရင်း ဧည့်ခန်းထဲမှာ ငြိမ်သက်စွာ ကျန်ရစ်ခဲ့ကြတယ်။ ခဏအကြာ ဆရာကမေမေ့ကို နောက်ကနေ တင်းကျပ်စွာ ပွေ့ဖက်လိုက်ရင်း မေမေ့ဆံပင်တွေကို နမ်းတယ်။ ပြီးတော့ ငိုခဲ့တယ်။

ဆရာ့မျက်ရည်တွေဟာ မေမေ့ဆံနွယ်တွေကြားကို စီးဆင်း ပျောက်ကွယ်သွားတယ်။ သူကျိတ်ပြီး မေမေ့နောက်မှာ ရှိုက်နေခဲ့ပါတယ်။ ပြီးတော့ တိုးတိုးလေး ပြောတယ်။

"အဲဒီဆုံးဖြတ်ချက်ကို ယမင်းဘယ်သူ့အတွက် ဆုံးဖြတ်ခဲ့တာလဲ ဆိုတာကိုယ်သိပါတယ်၊ ကိုယ်လေ…ရက်ပေါင်းများစွာ စောင့်ဆိုင်းနေခဲ့တာ ဒီနေ့ကလေးပါပဲ၊ ယမင်းဆီက ကိုယ်တစ်စုံတစ်ခုကို ပြန်ရခဲ့ပြီလေ၊ ဟုတ်တယ်နော်၊ ယမင်းပေးချင်တဲ့…၊ ကိုယ့်ကိုယမင်းပေးချင်နေတဲ့…တစ်စုံတစ်ခု…၊ ယမင်း…ကိုယ့်ကိုပေးခဲ့ပြီ"

သူ့ရှိုက်သံတွေကြားမှာ မေမေရယ်မောလိုက်ပါတယ်။

## ၂၁

သူဟာ မေမေလုပ်သမျှကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေခဲ့တယ် သား။

မေမေ ဘီဒိုထဲမှာ သော့ခတ်ပြီးသိမ်းထားတဲ့ စာအုပ်အနက်ကလေးကို ထုတ်ယူလာတဲ့အခါ သူ့မျက်ဝန်းတွေက အံ့သြတဲ့ အရိပ်အယောင်တွေနဲ့ အဲဒီစာအုပ်လေးကို ကြည့်နေခဲ့တယ်။

မေမေ သူ့ကို အဲ့ဒီစာအုပ်လေး လှမ်းပေးလိုက်တယ်။ သူက နားမလည်တဲ့မျက်လုံးတွေနဲ့ အဲဒီစာအုပ်လေးကို ဖြည်းညှင်းစွာယူပါတယ်။ ပြီးတော့ အဖုံးကိုဖွင့်တယ်။ နောက်…ပထမဆုံး စာမျက်နှာကိုဖွင့်ပြီး တစ်ကြောင်းချင်းဖတ်တယ်။ သူ့မျက်လုံးတွေဟာ မေမေရေးထားတဲ့ စာကြောင်းတွေဆီကို လျင်မြန်စွာ ရွေ့လျားသွားတာပေါ့။

မေမေဟာ သူ အဲဒီစာအုပ်လေးကို ဖတ်နေတဲ့အချိန် တစ်လျှောက်လုံး သူ့မျက်နှာပေါ်က ဖျတ်ကနဲဖျတ်ကနဲပေါ်လာတဲ့ အမူအယာတွေကို ဖမ်းဆုပ်ပြီး အဓိပ္ပါယ်ခွဲနေခဲ့ပါတယ်။

သူဟာ ပထမတော့ အံ့အားသင့်တဲ့ အမူအယာနဲ့ ဖတ်နေတယ်။ နောက်တော့ နာကျင်တဲ့မျက်ဝန်းတွေ ဖြစ်လာကြပြန်ရော၊ တချို့အခန်းတွေကို ဖတ်နေရင်းနဲ့ မေမေ့ကို သူမော့မော့ကြည့်တယ်။ အဲဒီအခါ သူ့အကြည့်တွေဟာ မေမေ့အပေါ် သိပ်ဂရုဏာသက်သွားတဲ့ အကြည့်မျိုး။ တချို့အခန်းတွေကို ဖတ်နေတဲ့အချိန်မှာတော့ သူဟာ ငွေ့ငွေ့ကလေး ပြုံးနေခဲ့ပါတယ်။ သူ့မျက်နှာပေါ်က အရောင်တွေဟာ သူဖတ်နေတဲ့ စာမျက်နှာပေါ်က အဓိပ္ပါယ်တွေအလိုက် မျိုးစုံအလျင် အမြန်ပြောင်းလဲသွားခဲ့တယ်။ တချို့စာ မျက်နှာတွေကို ဖတ်နေရင်းနဲ့ သူ့မျက်လုံးတွေရီဝေစွာ မျက်ရည်စိုလာတာမျိုးလည်း ရှိသွားတယ်…သားရဲ့။

www.burmeseclassic.com



သူ...ဘာစာအုပ်ကို ဖတ်နေတယ်ဆိုတာ သားသိသလားဟင်။

အဲဒီစာအုပ်အနက်ရောင်လေးဟာ သားအခုဖတ်နေတဲ့ စာအုပ်ကလေး ပါပဲကွယ်။

မေမေ့လက်ရေးတွေနဲ့ မေမေကိုယ်တိုင် ရေးထားတဲ့စာအုပ်။ မေမေ့ဘဝထဲကို 'သား'...ဆိုတဲ့ အမည်နာမလေးတစ်ခု စတင်ဝင်ရောက်လာတဲ့ အချိန်က စလို့ မေမေခံစားရတာတွေ၊ မေမေတွေ့ ကြုံခဲ့ရတာတွေကို မခြွင်းမချန်ဘဲ ရေးထားတဲ့စာအုပ်။ ဒီစာအုပ်လေးဟာ မေမေ့ဘဝထဲက အရေးအကြီးဆုံးသော အစိတ်အပိုင်း အချိန်ကာလ။ မေမေပြောချင်တာ၊ သိစေချင်တာ၊ မျိုသိပ်ထားလို့ မရနိုင်တာတွေကို ရေးထားတဲ့ မှတ်တမ်းလေးတစ်ခု။

သားရေ...မေမေက သိပ်အထီးကျန်တယ်လေ။ မေမေ တစ်ယောက်တည်း မျက်ရည်တွေ သုတ်ခဲ့ရတဲ့အချိန့်မှာ မေမေဟာ ဒီစာအုပ်လေးကို အဖော်ပြုခဲ့ရတယ်။ ဒီစာအုပ်လေးထဲကတစ်ဆင့် မကြားနိုင်သေးတဲ့ သားကို မေမေတိုင်တည်ပြီး စကားတွေပြောခဲ့ရတယ်။ တစ်ချိန်ချိန်မှာတော့ မေမေ့ စကားလုံးတွေကို သားကြားလာနိုင်မလားလို့လေ။

အခုတော့ မေမေ့ရဲ့ဒီစာအုပ်လေးကို သားမဖတ်ခင်မှာ သူ့ကိုဖတ်ခွင့် မေမေ ပေးလိုက်မိပါပြီ။ မေမေ့ရင်ထဲက စကားလုံးတွေကို သူကြားအောင် မေမေ ပြောပြလိုက်မိပါပြီ။

သူဟာ အချိန်ကြာမြင့်စွာ အဲဒီစာအုပ်ကလေးကို အသေးစိတ် ဖတ်ရှုပါတယ်။ တချို့အခန်း၊ တချို့စာမျက်နှာတွေကို သူလှန်ပစ်လိုက်ဖို့ မေ့နေပြီး အချိန်တော်တော်ကြာ ငိုင်တွေနေခဲ့တယ်။ တချို့စာမျက်နှာတွေကျ တဖျတ်ဖျတ်နဲ့ သီချင်းဖောကြီးစွာ အမြန်လှန်လှောပစ်ပြန်တယ်။

နောက်ဆုံးတော့ သူ...စာအုပ်ကို ပိတ်လိုက်တယ်။

ပြီးတော့ မေမေ့ကိုမော့ကြည့်တယ်။ သူ့အပြုံးဟာ တောက်ပလို့နေတယ်။ သူက ပြောလိုက်တယ်။

"ယမင်း စာရေးဆရာမတစ်ယောက် ဖြစ်သင့်တယ်"တဲ့။

ဒီတော့ မေမေနာကျင်စွာနဲ့ပဲ ရယ်မောလိုက်မိသေးတယ်။ သူက ဆက်ပြောတယ်။

"ယမင်း...ဒီစာအုပ်ကို ဘယ်အချိန်ကရေးဖို့ စိတ်ကူးရသွားတာလဲဟင်" တဲ့။





မေမေ သူ့ကို အမှန်အတိုင်းဖြေလိုက်ပါတယ်။

"ကျွန်မ အစ်ကိုနဲ့ ပထမဆုံးစတွေ့တဲ့နေ့၊ ဆေးရုံကအပြန် ဘုရားကို ဝင်ခဲ့တယ်လို့ ကျွန်မပြောခဲ့တာ မှတ်မိသလားဟင်၊ အဲဒီနေ့က ဒီစာအုပ်လေးကို ဝယ်လာပြီး စရေးခဲ့တာပါ၊ ဒီစာအုပ်ကို ကျွန်မရေးမှ ဖြစ်မယ်လို့ ကျွန်မ အဲဒီနေ့က ဆုံးဖြတ်လိုက်မိလို့ပါ အစ်ကို"

သူက အံ့အားသင့်စွာ၊ နားမလည်နိုင်စွာနဲ့ "ဘာလို့အဲဒီလို ဆုံးဖြတ်မိသွားတာလဲဟင်"လို့ ထပ်မေးခဲ့ပါတယ်။ မေမေလေ သူ့လက်ထဲမှာ ကိုင်ထားတဲ့ အဲဒီဒိုင်ယာရီစာအုပ်အနက်လေးကို ငေးကြည့်ရင်း ရင်ထဲမှာ တင်းကျပ်ဆို့နင့်လာတယ်။ ချက်ချင်းပဲ မျက်ရည်တွေလည်း ဝဲတက်လာခဲ့တယ်။

ဒါပေမယ့် မေမေ သူ့မေးခွန်းကို ဖြေလိုက်ပါတယ်...သား။

"အဲဒီစာအုပ်လေးကို သားအတွက် ကျွန်မရေးထားခဲ့တာပါ၊ တစ်ချိန်ချိန်မှာ ဒါမှမဟုတ် သိပ်မကြာခင်မှာ ကျွန်မနဲ့သား..."

မေမေ့စကားတွေ တန့်ယင်သွားပြီး မျက်ရည်ပေါက်တွေ မေမေ့ပါးပေါ် လိမ့်ဆင်းကျလာပါတယ်။ သားရယ်...စကားအဖြစ် ပြောထွက်ဖို့ကိုတောင် မေမေ မပြောနိုင်ခဲ့ပါလား။ ဒါပေမယ့် မေမေအားတင်းပြီး ဆက်ပြောရပါတယ်။

"ကျွန်မနဲ့သား...ခွဲချင်ခွဲသွားရတော့မှာလေ"

သူ့နှုတ်ဖျားက "အို..."လို့ အာမေဍိတ်သံ ထွက်သွားတယ်။

မျက်နှာတစ်ခုလုံးလည်း ချက်ချင်းအိုစာသွားသလိုပဲ။ သူ တုန်ယင်စွာ ထိုင်ရာက ထလာပြီး မေမေ့ကိုပွေ့ဖက်လိုက်တယ်။ သူ့ရဲ့ သန်မာတဲ့ လက်တွေကြားမှာ မေမေငိုချလိုက်ပါတယ်။ မေမေ့ရှိုက်သံတွေကို သူနားလည်လိမ့်မယ်ထင်ပါရဲ့။

"အစ်ကိုရယ် ကျွန်မလေ ကျွန်မရဲ့အပြုံးတွေကို သားမြင်စေချင်တယ်၊ ကျွန်မရဲ့လက်ချောင်းတွေနဲ့ သားကို ထွေးဖက်ထားချင်တယ်၊ ကျွန်မရဲ့ မေတ္တာကို သူသိစေချင်တယ်၊ ကျွန်မရဲ့မျက်နှာကို သူမှတ်မိစေချင်တယ်၊ ဒါပေမယ့် အဲဒီအခွင့်အရေးတွေကို ကျွန်မ မရရှိနိုင်တော့ရင်တောင် ကျွန်မရဲ့ လက်ရေးတွေ...အဲဒီလက်ရေးတွေကို သူဖတ်နိုင်အောင် ကျွန်မ ဒီစာအုပ်ကို ရေးထားခဲ့တာပါ အစ်ကို၊ ကျွန်မ ဒီလောကထဲက ထွက်ခွာသွားရမယ်ဆိုရင် သူ့အတွက် ထားရစ်ခဲ့နိုင်တာ အဲဒီစာအုပ်တစ်ခုပဲ ရှိတော့တာပါ"

မေမေဟာ ရှိုက်သံတွေကြားက သူ့ကို အဲဒီစကားတွေပြောနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးတယ်။ ငိုနေတဲ့ မေမေ့ကို နှစ်သိမ့်သလို ခေါင်းပေါ်က ဆံမျှင်တွေကို ပွတ်သပ်ပေးနေတယ်။ ပြီးတော့ မေမေ့ကို လေသံအေးအေးလေးနဲ့ ထုတ်ပြောခဲ့တယ်။

"ဟင့်အင်း...ယမင်းရယ်၊ တစ်နေ့ကျရင် ယမင်းကိုယ်တိုင် ဒီစာအုပ်လေးကို သားဖတ်ဖို့ ရေး...ဆိုပြီး ထုတ်ပေးနိုင်မှာပါ၊ အဲဒီလို ထုတ်ပေးနိုင်အောင် ကိုယ်တို့နှစ်ယောက်စလုံး ကြိုးစားရမယ်လေ၊ ယမင်း သူနဲ့ ဘယ်တော့မှ မခွဲစေရပါဘူး"

မေမေ ရုတ်တရက် "ဟင့်အင်း..."လို့ ပျာပျာသလဲ ခေါင်းမော့ပြီး ငြင်းလိုက်မိတယ်။ သူက အံ့ဩစွာ မေမေ့ကို ငုံ့ကြည့်တယ်။ မေမေလေ... "မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူး"လို့ ရှိုက်သံတွေကြားက ငြင်းဆိုနေခဲ့မိတယ်။ ပြီးတော့ နာကျင်အက်ကွဲနေတဲ့ အသံတစ်ခုနဲ့ မေမေထုတ်ပြောလိုက်ပါတယ်။

"မဟုတ်ဘူး...အစ်ကို၊ ဒီစာအုပ်ကို သား...ဘယ်တော့မှ မဖတ်ရတော့ဘူး၊ ဒီစာအုပ်ကို ဖတ်ခွင့်ရလိုက်တာ အစ်ကိုတစ်ယောက်တည်းပါပဲ"

"ဘာ..."

သူတုန်လှုပ်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ မေမေ ဆက်ပြောလိုက်တယ်။

"ဒီစာအုပ်ကို အခု ကျွန်မ မီးရှို့ဖျက်ဆီးပစ်လိုက်တော့မှာ၊ သားကို ကျွန်မ ပေးမဖတ်နိုင်တော့ပါဘူး"

မေမေဟာ မျက်ရည်တွေကြားက သူ့မျက်နှာကို ပြုံးပြီး မော့ကြည့်လိုက်တယ်။ သူကတော့ အံ့ဩတုန်လှုပ်စွာနဲ့ မေမေ့ကိုငုံ့ကြည့်ရင်း အော်ကြီးဟစ်ကျယ် မေးမြန်းနေတော့တယ်။

"ဘာလို့ အဲဒီလိုလုပ်ရမှာလဲ၊ ဘာဖြစ်လို့ ဒီလိုလုပ်ရမှာလဲ၊ ယမင်း...ပြောစမ်း"ဆိုပြီး မေမေ့ကို ကိုင်လှုပ်မေးနေခဲ့တော့တယ်။ မေမေ ဒီတစ်ခါတော့ ရဲရင့်ပြတ်သားစွာ သူ့ကိုဖြေလိုက်တယ်။

"ဒီစာအုပ်ထဲမှာ သားရဲ့ဖေဖေဟာ အစ်ကိုမဟုတ်ဘူး...လို့ ကျွန်မရေးခဲ့မိတယ်လေ"

သူ့မျက်နှာဟာ အံ့အားသင့်လွန်းလို့ ကြက်သေသေသွားတယ်။ သူ့မျက်လုံးတွေဟာ ရုတ်တရက်ဘာကိုမှ မမြင်တော့သလို ကြောင်ငေးသွားတယ်။ သူ့နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာကြတယ်။ ဒါပေမယ့် သူ ဘာစကားမှ ပြောမထွက်ခဲ့ဘူး...သား။

အင်ပါယာစာပေ



မေမေ ကျေနပ်အားရစွာ ပြုံးလိုက်မိပါတယ်။ ပြီးတော့ မျက်ရည်တွေကို သုတ်ပစ်လိုက်တယ်။ အဲဒီနောက် သူ့လက်ထဲမှာ အခုထိကိုင်ထားတဲ့ စာအုပ်လေးကိုလှမ်းယူဖို့ ကြိုးစားရင်း...။

"အစ်ကိုကျွန်မကို အဲဒီစာအုပ်ပြန်ပေးပါ၊ ကျွန်မ အဲဒီစာအုပ်ကို ဖျက်ဆီးပစ်မှဖြစ်မှာပါ၊ ကျွန်မဆုံးဖြတ်ပြီးသွားပြီလေ၊ အဲဒါကျွန်မရဲ့ဆုံးဖြတ်ချက်ပါ"လို့ တတွတ်တွတ် ပြောလိုက်မိတယ်။

ရုတ်တရက် သူဟာ အံ့ဩစရာကောင်းလောက်အောင် ဖျတ်ကနဲ နောက်ကိုဆုတ်လိုက်ရင်း မေမေ့စာအုပ်ကို အပေါ်မြှောက်ကိုင်လိုက်တယ်။ ပြီးတော့ သူဟာ တုန်ယင်နေတဲ့ အသံတစ်ခုနဲ့...။

"မဟုတ်ဘူး၊ ဒီစာအုပ်ကို ယမင်းဘယ်တော့မှ မဖျက်ဆီးရဘူး၊ ယမင်း အခု ဒီစာအုပ်ကို အဲဒီလိုလုပ်မယ်ဆိုရင် ကိုယ်ပြန်မပေးနိုင်တော့ဘူး"

မေမေ အံ့အားသင့်လွန်းလို့ ခေါင်းခါလိုက်မိတယ်။

"ဟင်အင်း...အစ်ကို အဲဒီလိုမလုပ်နဲ့၊ ကျွန်မကို စာအုပ်ပြန်ပေးပါ၊ ကျွန်မ ...ကျွန်မ...ဖျက်ဆီးပါရစေ၊ ကျွန်မ...ဖျောက်ဖျက်ပါရစေ အစ်ကိုရယ်...ကျွန်မလေ"

မေမေ ကြေကွဲနင့်သည်းလာတဲ့အခါ မျက်ရည်တွေလည်း ချက်ချင်း ဖိတ်လျှံလာတယ်။ ငိုလည်း ငိုချလိုက်ပါတယ်။

"အစ်ကိုရယ်...ကျွန်မကို အဲဒီစာအုပ်ပြန်ပေးပါ"လို့ သူ့ကို တောင်းပန် ခဲ့ယပြောခဲ့တာတောင် သူပြန်မပေးခဲ့ပါဘူး...သား။

မေမေ ငိုရှိုက်နေရင်းနဲ့ ထပ်ပြောပြလိုက်ရပါတယ်။

"ကျွန်မ...ကျွန်မသားရဲ့ဖခင်ဟာ အစ်ကိုပဲဖြစ်သင့်တယ်၊ အစ်ကိုပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်ပြီးသွားပြီ၊ သားရဲ့ဖေဖေဟာ တစ်ယောက်တည်းပဲ၊ အဲဒါ အစ်ကိုပဲ၊ အစ်ကို...ကျွန်မကို စာအုပ်ပြန်ပေးနော်၊ ကျွန်မဒါကို ဖျက်ဆီးပါရစေ အစ်ကိုရယ်"

မေမေ့စကားအဆုံးမှာ သူက မေမေ့ကိုစိုက်ကြည့်နေတယ်။ မေမေ့ မျက်ရည်တွေကို စိုက်ကြည့်နေတယ်။ ပြီးတော့ ခပ်တိုးတိုးရယ်တယ်။ မေမေ အံ့ဩသွားပါတယ်။

သူကလေ...မေမေ့အသည်းနှလုံးထဲမှာ ဘယ်တော့မှ မမေ့နိုင်ဖို့ စကား တစ်ခွန်းကို တိုးတိုးလေး ပြောပြသွားပါတယ်။

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ယမင်းရယ်...လောကကြီးမှာ ဖခင်တစ်ယောက်လို့ အခေါ်ခံရဖို့ထက် မေတ္တာတရားကို ပေးဆပ်နိုင်ဖို့က ပိုအဓိကကျပါတယ်"

မေမေ သူ့ကိုကြည့်ရင်း သူ့မှုံရိပ်တွေက မေမေ့မျက်လုံးထဲမှာ ဝေဝါး တွန့်ခေါက်လာတယ်။ မေမေ သူ့အပြုံးကို ဆက်မကြည့်နိုင်တော့ပါဘူး။ မျက်လုံးကို စုံမှိတ်လိုက်ရတယ်။ ခေါင်းကိုလည်း ငုံ့ထားလိုက်မိတယ်။ သူက တည်ငြိမ်အေးချမ်းတဲ့ လေသံတစ်ခုနဲ့ စပြောခဲ့ပါတယ်။

"ယမင်းရယ်...ဒီစာအုပ်ထဲမှာ မိခင်တစ်ယောက်ရဲ့မေတ္တာတွေ၊ စွန့်လွှတ် အနစ်နာခံမှုတွေ၊ ဆုံးရှုံးမှုတွေ၊ ရင်းနှီးမှုတွေပါနေတယ်၊ အဲဒါတွေကို သား... သိကိုသိသင့်တယ်၊ ဒါကြောင့် ဒီစာအုပ်ကို သားဖတ်ရမယ်၊ ယမင်း ကိုယ့်ကို မထားပါနဲ့၊ ကိုယ့်တစ်ယောက်တည်းအတွက်နဲ့ မိခင်တစ်ယောက်ရဲ့မေတ္တာကို ကိုယ်မဖျက်ဆီးနိုင်ပါဘူး၊ ဒီမှာ...ယမင်း၊ ကိုယ့်ကိုကြည့်စမ်း"

သူဟာ မေမေ့အနားကို ကပ်လာရင်း ငုံ့နေတဲ့ မေမေ့မျက်နှာကို မော့ နိုင်းတယ်။ မျက်ရည်တွေနဲ့ မျက်လုံးနှစ်စုံဟာ အကြည့်ချင်းဆုံကြတယ်။ မေမေ သူ့မျက်နှာကိုအတွေ့မှာ ဟန်မဆောင်နိုင်ပဲ ကျိတ်ပြီး ရှိုက်မိပြန်ပါတယ်။ မေမေ့ ငိုသံတွေကြားကို သူ ဖြတ်ပြောတယ်။

"ဒီမှာ...ယမင်းရဲ့၊ ဒီစာအုပ်ကို သား ဖတ်မှဖြစ်မှာ၊ ဘာဖြစ်လို့လည်း သိလားဟင်"

မေမေခေါင်းခါပြတော့ သူက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သေးတယ်။ ပြီးမှ...။

"ယမင်းရယ်...ယမင်းရော၊ ကိုယ်ရော ...ငယ်ငယ်ကတည်းက မိခင်မဲ့ခဲ့တဲ့ သူတွေပါ၊ ကိုယ်တို့မိခင်တွေက ကိုယ်တို့ကို ချစ်ရဲ့လားလို့ ကိုယ်တို့နှစ်ယောက် စလုံး မေးချင်ခဲ့ကြတယ်၊ ကိုယ်တို့မမြင်ဖူးလိုက်တဲ့ အမေတွေဟာ ကိုယ်တို့ကို ချစ်ပါ့မလားလို့ သံသယတွေရှိခဲ့ကြတယ်နော်၊ ဒါပေမယ့် အခုကိုယ့်မှာ အဲဒီ သံသယမရှိတော့ဘူး၊ ဒီစာအုပ်ကို ဖတ်ပြီးတဲ့နောက်ပိုင်းမှာ ကိုယ်...အဲဒီလို မေးခွန်းမျိုးကို ဘယ်တော့မှမမေးချင်တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့လေ..."

သူ...တုန်ယင်လှိုက်ခါသွားတဲ့ အသံကို ခဏရပ်နားလိုက်ပါတယ်။ အဲဒီအချိန်မှာ မေမေ့ အသည်းနှလုံးတွေ နွေးထွေးစိမ့်ပျံ့သွားစေတဲ့ ထူးခြားတဲ့ ခံစားမှုတစ်ခု ဝင်ရောက်လာတော့တယ်။ မေမေ အသက်မရှုနိုင်တော့လောက် အောင်ဖြစ်သွားတဲ့အချိန်မှာ သူကဆက်ပြောတယ်။





"ဘာဖြစ်လို့လဲဆိုတော့ မိခင်တစ်ယောက်ရဲ့မေတ္တာဟာ ရင်သွေးတစ်ဦး ကို မွေးဖွားတော့မှ စတင်ခဲ့တာမဟုတ်ဘူး၊ အဲဒီထက်အရင် ပိုစောစီးစွာ ပေါ်ပေါက်ခဲ့တယ်လို့ ကျွန်တော် သိလိုက်ရလို့ပဲ၊ ဟုတ်တယ်၊ ကျွန်တော်တို့ အမေတွေဟာ ကျွန်တော်တို့ကို သိပ်ချစ်ခဲ့မှာပဲ၊ ယမင်းလိုပဲ သိပ်ချစ်ခဲ့မှာပါ၊ ဒါကြောင့် ကျွန်တော်တို့ကို လောကထဲရောက်အောင် မွေးဖွားပေးခဲ့တာ မဟုတ်လား၊ ကျွန်တော်အခု နားလည်သွားပြီ၊ ယမင်းလည်း နားလည်ပြီ မဟုတ်လားဟင်၊ အဲဒီလိုပဲ ကျွန်တော်တို့ရဲ့သားကို နားလည်စေချင်ပါတယ် ယမင်းရယ်၊ သူ နားလည်ရမယ်"

သူကလေ မေမေ့ရဲ့ဒိုင်ယာရီစာအုပ်လေးကို မေမေ့ပေါင်ပေါ်မှာ ညင်သာ စွာ လာတင်လိုက်ရင်း စကားကို ဆက်ပြောတယ်။

"တကယ်လို့များ တစ်နေ့နေ့တစ်ချိန့်ချိန်မှာ သားက ကိုယ့်ကို—ကိုယ့်ကို ဖေဖေ—မေမေဟာ ကျွန်တော့်ကို ချစ်ခဲ့ရဲ့လားဟင်လို့ သံသယကြီးစွာ မေးလာ တဲ့အခါ ကိုယ်...ဘယ်လိုဖြေရမှာလဲကွယ်၊ ကိုယ်ဖြေဆိုနိုင်ဖို့ အဲဒီစာအုပ်ကို ယမင်းရေးထားခဲ့မှရမယ်နော်...ဟုတ်လား၊ သားဖတ်ဖို့ ယမင်းထားခဲ့ရမယ်၊ ဒီအကြောင်းတွေကို သားသိသင့်တယ်၊ သားတစ်ယောက်တည်း မဟုတ်ဘူး၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ သားတွေတောင် သိသင့်ပါတယ် ယမင်းရယ်"

မေမေ့မျက်ရည်စက်တချို့ဟာ ဒိုင်ယာရီစာအုပ်လေးရဲ့ မျက်နှာဖုံးပေါ် ပေါက်ကနဲ ကျသွားတယ်။ ဒါပေမယ့် မေမေ ခေါင်းညိတ်ပြလိုက်ပါတယ်။

သူဟာ သိပ်ကိုကျေနပ်အားရသွားတဲ့ အသံမျိုးနဲ့ မေမေ့ကို တင်းကျပ်စွာ ပွေ့ဖက်လိုက်ရင်း "ကိုယ့်ကို ကတိပေးနော်၊ ဒီစာအုပ်ကို ယမင်း ဘယ်တော့မှ မဖျက်ဆီးပါဘူး၊ သိမ်းထားပါ့မယ်လို့ ကတိပေး...ဟုတ်လား" လို့ တောင်းဆို စကားတွေ ပြောနေတော့တယ်။

မေမေ တစ်ချက်ရှိုက်ရင်း သူ့ကို ပြန်ပြောလိုက်ပါတယ်။

"ဒီစာအုပ်ကို ကျွန်မမယူတော့ဘူး၊ အစ်ကိုပဲ သိမ်းထားလိုက်ပါ၊ ပြီးတော့ သားကြီးလာတဲ့အခါ...၊ ဒီစာအုပ်ထဲက စကားလုံးတွေကို သား နားလည်နိုင်ပြီ လို့ အစ်ကိုယူဆတဲ့အချိန်မှာ အစ်ကိုပဲ သားကိုပေးဖတ်လိုက်ပါ၊ ပြီးတော့ ဒီ စာအုပ်ကို သားမဖတ်သင့်ပါဘူးလို့ အစ်ကို ယူဆလာတဲ့အချိန်ကျရင်လည်း ဒီစာအုပ်ကို အစ်ကိုပဲ ဖျက်ဆီးပစ်လိုက်ပါ၊ ကျွန်မ...ကျွန်မ...ခွင့်ပြုပါတယ်၊ အဲဒါ ကို 'ကျွန်မ' နားလည်ပေးနိုင်ပါတယ်၊ အစ်ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူကလေ မေမေ့ကို ငေးကြည့်နေရင်း အပြုံးတစ်ခုကို နှစ်လိုစွာ ပြုံးခဲ့တယ်။ ပြုံးရင်းနဲ့ ခေါင်းခါပြပါတယ်။

"ဟင့်အင်း…၊ ကိုယ်ဒီစာအုပ်ကို ဘယ်တော့မှ မဖျက်ဆီးပါဘူး၊ အဲဒါကို ယမင်းယုံထားလို့ရတယ်၊ ကိုယ်ကလေ တစ်ချိန်ချိန်မှာ သားကို အဲဒီစာအုပ် ပေးဖတ်နိုင်လောက်တဲ့ သတ္တိရှိဖို့ တာဝန်ကျေတဲ့ ဖခင်တစ်ယောက် ဖြစ်လာအောင် ကြိုးစားရတော့မယ်လေ၊ ဖခင်ရင်းတစ်ယောက်နဲ့ ဘာမှ မကွာခြားရအောင် မေတ္တာတွေပေးဖို့ ကိုယ်ကြိုးစားရမယ်လေ၊ ဒီစာအုပ်ကို ကိုယ်က သားကို ပေးဖတ်နိုင်းလိုက်တဲ့အချိန်မှာ သားဟာ 'ဖေဖေ…' ဆိုတဲ့ အမည်နာမထက် မေတ္တာတရားဟာ ပိုအရေးကြီးကြောင်း နားလည်နေဖို့ ကိုယ်ကကြိုးစားထားရမှာပေါ့၊ အဲဒါကြောင့် ဒီစာအုပ်ကို မဖျက်ဆီးနိုင်ပါဘူး၊ ပြီးတော့ ဒီစာအုပ်ကို ယမင်းယူပါ၊ ဒီစာအုပ်ထဲမှာ ဒီနေ့လေးအကြောင်းကို ထည့်ရေးပြီးရင် နောက်နေ့တွေ၊ နောက်နေ့တွေအကြောင်းကိုပါထည့်ပြီး တွေ့ကြုံခံစားရတာကို ဆက်ရေးပါဦးကွာနော်…ယမင်း၊ ယမင်းမှာ သားကို ပြောချင်တာတွေ ရှိသေးတာ ကိုယ်သိပါတယ်"

မေမေ သူလှမ်းပေးတဲ့ စာအုပ်လေးကို တုန်ရီစွာ လှမ်းယူလိုက်ပါတယ်။ အို…သားရယ်။ ဒီစာအုပ်ကို မေမေဆက်ရေးရမယ်တဲ့လား။ မေမေဘယ်လို ခံစားချက်မျိုးနဲ့ ဆက်ရေးရမှာလဲဟင်။ မေမေ ဘာတွေကို ရေးရမှာလဲ။ မေမေ ဆက်ရေးဖို့ မလိုတော့လောက်အောင် အားလုံးဟာ ပြီးဆုံးသွားပါပြီကွယ်။

အခုအချိန်မှာ မေမေသိတာ တစ်ခုပဲရှိပါတယ်။ မေမေ သိပ်ကျေနပ်ခဲ့ပြီ။ မေမေ ပျော်ရွှင်သွားပြီ။ မေမေလိုချင်တဲ့အရာတွေ အားလုံး ပြည့်စုံသွားပြီလေ။ လောကကြီးဟာ မလှဲမှားခဲ့ပါဘူး။ မေမေ့အတွက်ရော၊ သားအတွက်ရော လောကကြီးဟာ လှပနေလိမ့်မယ်လို့ မေမေ ယုံကြည်တယ်။

ကမ္ဘာပေါ်မှာ ချစ်ခြင်းမေတ္တာတွေ ရှိနေသရွေ့ လှပနေလိမ့်ဦးမယ်ဆိုတာ မေမေ…ယုံတယ်သား။

၂၂

သားရေ…။

ဟော့ဒီစာအုပ်ထဲမှာ မေမေဆက်ရေးပြီး ပြောပြဖို့ မလိုလောက်အောင် သားဘဝဟာ ပြည့်စုံလုံလောက်သွားပြီလို့ မေမေယုံကြည်နေပါတယ်။

သားအတွက် အရာရာကို စွန့်လွှတ်အနစ်နာခံပြီး ပေးဆပ်မယ့်၊ သားရဲ့ အနာဂတ်အတွက် အကောင်းဆုံးလမ်းကို ညွှန်ပြပေးနိုင်မယ့်၊ သားဘဝတစ်ခုလုံးကို လုံခြုံစွာ မိုးကာပေးနိုင်မယ့်၊ ကောင်းကင်တစ်ခု သို့မဟုတ် ဖခင်တစ်ယောက်ကို သားရရှိခဲ့ပြီလေ။

သားဟာ အခုအချိန်မှာ 'ဖေဖေ'…လို့ ချစ်ခင်မြတ်နိုးစွာ ခေါ်နေမယ့် ဒေါက်တာဦးမြင့်မိုရ်ဆိုတဲ့ လူတစ်ယောက်ဟာ သားရဲ့ဖခင်ရင်းတစ်ယောက် မဟုတ်ဘူးလို့ သိနေလောက်ပြီနော်။ ဒါပေမယ့် အဲဒီအကြောင်းအရာကို မေမေတို့ ကွယ်ဝှက်ဖို့ စိတ်ကူးမရှိကြပါဘူး။ အဲဒီအကြောင်းအရာဟာ ကွယ်ဝှက်ဖို့ မလိုတော့လောက်အောင် မှေးမှိန်ခဲ့ပါပြီ သားရယ်။

အဲဒါ မှန်တယ်မဟုတ်လားဟင်။ အဲဒါကို မှန်တယ်လို့ သား…အခုအချိန်မှာ လက်ခံထားလောက်ပါပြီ။ တကယ်လို့များ သားနဲ့မေမေဟာ ဒီစာအုပ်လေးပေါ်က စာမျက်နှာတွေနဲ့သာ တွေ့ဆုံခဲ့ရပြီး နောက်ကို ဘယ်တော့မှ…၊ ဘယ်ဘဝမှာမှ…ပြန်လည်ဆုံတွေ့ခြင်း မရှိဘူးဆိုရင် သားအပေါ် သူဘယ်လို ပြုစုစောင့်ရှောက်မယ်၊ ဘယ်လိုမေတ္တာတွေပေးအပ်မယ်၊ ဘယ်လောက်အထိ ဂရုစိုက်မယ်ဆိုတာကို မေမေ မမြင်နိုင်ဘူး။ မေမေ မသိနိုင်တော့ဘူးကွယ်။

ဒါပေမယ့်…မေမေလေ။

မေမေရဲ့ရွေးချယ်မှုဟာ မှန်ကန်လိမ့်မယ်လို့ ယုံကြည်ချင်ပါတယ်။ ဘုတ်တယ် မဟုတ်လားဟင်။ မေမေရဲ့ရွေးချယ်မှုဟာ မှန်ကန်တယ်လို့ သား—



www.burmeseclassic.com

www.burmeseclassic.com

ထင်သလား။ သား မေမေ့ကို ခွင့်လွှတ်မှာလားကွယ်။ ပြောပါဦး။

မေမေဟာ သားကို ဖခင်ရင်းတစ်ယောက်နဲ့ ခွဲပစ်ရက်တယ်လို့ သား စိတ်ဆိုးနေမှာလား။

သား လိုချင်တာဟာ ဖခင်တစ်ယောက်လား။

ဒါမှမဟုတ် မေတ္တာတရားလား။

သား...အခု ဒီစာကိုဖတ်နေတဲ့အချိန်မှာ မေမေ့ကို နာကျည်းချင်နာကျည်းနေလိမ့်မယ်။ ဒါမှမဟုတ် ကျေးဇူးတင်ချင်လည်း တင်နေလိမ့်မယ်။ အဲဒါတွေအားလုံးကို မေမေသိနိုင်မှာ မဟုတ်တော့ပါဘူး။ ဒါပေမယ့် သားလေ...၊ မေမေနဲ့ပတ်သက်ပြီး ဘယ်လိုပဲ ခံစားရ၊ ခံစားရ မေမေ့ကို ရက်စက်တယ်လို့ပဲ အပြစ်တင်တင်၊ မေမေသားကို အရာအားလုံးမှာ ခွင့်လွှတ်ခဲ့ပြီးသားပါကွယ်။

မေမေ တစ်ခုပဲ သားကိုမှာခဲ့ချင်တယ်။ မေမေရဲ့ဆုံးဖြတ်ချက်၊ မေမေရဲ့ ရွေးချယ်မှုဟာ သားကိုသိပ်ချစ်လွန်းတဲ့ မေတ္တာတရားနဲ့ လုပ်ခဲ့တယ်လို့ သားကို သိစေချင်တာ တစ်ခုပါပဲ။

မိခင်တစ်ယောက်ရဲ့မေတ္တာဟာ သားတစ်ယောက်အတွက် ဖခင်တစ်ဦးကို ရွေးချယ်ပေးခွင့်ရှိတယ်လို့ သားယုံကြည်လိုက်ပါနော်။

အဲဒီလို ရွေးချယ်ပေးလိုက်ရတဲ့အတွက် မေမေလေ...သားကို လောကထဲမှာ ထားခဲ့ရမယ်ဆိုလည်း စိတ်ချလက်ချ ထားရစ်ခဲ့နိုင်ပြီ။ မေမေ ကျေနပ်ပါပြီသား။ ဘာဖြစ်လို့လည်းဆိုတော့ သားအတွက် မေမေ့ကိုယ်စား သူ့ကို သားအနားမှာ ထားခဲ့နိုင်လို့ပဲ။

မေမေ့ကိုယ်စား သားကိုသိပ်ချစ်မယ့် သူတစ်ယောက်ကို မေမေ ထားရစ်ခဲ့တယ်နော်သား။ အဲဒါကို သားကျေနပ်ရမယ်။ သားနှစ်သိမ့်နိုင်ရမယ်။

သားကို မေမေဟာ ဟောဒီလောကအလယ်မှာ ဘာဖြစ်လို့ ခွဲသွားတာလဲလို့ သားမေမေ့ကို မမေးပါနဲ့။ သားဟာ အခုအချိန်မှာ မေမေ့ကို လွမ်းဆွတ်စွာ ငိုကြွေးနေမလား။ သားမျက်ရည်တွေကို သားက ဖေဖေ...လို့ ခေါ်မယ့်သူက သုတ်ပေးနေမလား။

ဒါမှမဟုတ် သူကိုယ်တိုင်က မေမေရဲ့အကြောင်းကို ပုံပြင်လေးတစ်ပုဒ်လိုပြောပြပြီး မျက်ရည်တွေကျနေခဲ့မလား။ ဒါမှမဟုတ် သားကပဲ သူ့ကို "မငိုပါနဲ့...ဖေဖေရယ်"...လို့ ပြောနေခဲ့ရပြီလားဟင်။

မေမေလေ...သားနဲ့သူ့ရဲ့ပုံရိပ်တွေကို မျက်စိထဲမှာ မြင်ယောင်ကြည့်လိုက်





တဲ့ အခါမှာတောင် ကြည်နူးနေခဲ့ပါတယ်။ ကျေနပ်နေခဲ့ပါတယ်။

အခု...ဒီစာကိုရေးနေတဲ့အချိန်မှာ မေမေဟာ ဆေးရုံပေါ်က အခန်းလေးတစ်ခန်းကို ရောက်နေတယ်သားရဲ့။ မစိုးရိမ်ပါနဲ့...သား။ အဲဒါ ဗဟိုအမျိုးသမီးဆေးရုံကြီးက ပုဂ္ဂလိကလူနာဆောင် အခန်းတစ်ခုပါ။

မေမေဟာ အဲဒီအခန်းလေးထဲကို ရောက်လာတာ လေးရက်ရှိ နေခဲ့ပါပြီ။ သားကိုမွေးဖွားနိုင်ဖို့အတွက် မေမေ့ရဲ့ခန္ဓာကိုယ်ကို အကောင်းဆုံး အခြေအနေမှာရှိအောင် ဆရာဝန်တွေက ဂရုတစိုက် ပြင်ဆင်ပေးနေခဲ့တာ 'ဒီနေ့နဲ့ဆို လေးရက်ရှိသွားပြီ။ သူတို့က အခုတော့ ဆုံးဖြတ်လိုက်ကြပြီလေ...သားရဲ့။

မနက်ဖြန်မှာ သူတို့ဟာ သားကို ကျန်းမာသန်စွမ်းစွာ မွေးဖွားပေးနိုင်တော့မယ်လို့ မေမေ့ကိုပြောခဲ့ပြီးပြီလေ။

'မနက်ဖြန်'...တဲ့။

မနက်ဖြန်တဲ့...သားရယ်။ မနက်ဖြန်မှာ သားမျက်နှာကို မေမေ မြင်တွေ့ခွင့်ရတော့မယ်တဲ့။

အဲဒီမနက်ဖြန်ကို မေမေဘယ်လောက်တောင် စောင့်စားမျှော်လင့်ခဲ့ရတယ်ဆိုတာ သားသိတယ်မဟုတ်လား။ အဲ့ဒီမနက်ဖြန်ဆိုတာ မေမေ့မျှော်လင့်ချက်တွေ အကုန်ပြည့်ဝတော့မယ့်နေ့။ မနက်ဖြန်ဟာ မေမေရဲ့ကမ္ဘာတစ်ခုလုံးလုပတော့မယ့်နေ့။ အဲဒီနေ့ဟာ သားကိုသိပ်ချစ်တဲ့ မေမေ့ရဲ့မေတ္တာတွေကိုသက်သေပြနိုင်တဲ့နေ့ သားရဲ့။

သား...သိပ်အံ့သြနေမလားဟင်။ မနက်ဖြန်ဟာ နောက်နှစ်ပေါင်းများစွာကြာတဲ့အထိတိုင်အောင် လူတကာကို သားပြောပြနေရမယ့် သားရဲ့မွေးနေ့ မွေးရက်ကလေးပေါ့။

အဲဒီမွေးနေ့လေးတစ်ခုကစပြီး ရှင်သန်ကြီးပြင်းလာမယ့် လူသားလေးတစ်ဦးရဲ့မျက်နှာဟာ ဘယ်လိုပုံပန်းမျိုး ရှိနေလိမ့်မလဲလို့ မေမေသိချင်တယ် သားရယ်။

သားဟာ လူချောလေးတစ်ဦးလား။ ဒါမှမဟုတ် မှုန်ကုပ်ကုပ်နဲ့ ပုံဆိုးပန်းဆိုး ကောင်လေးတစ်ယောက်လား။ သားရဲ့ဖေဖေ ဆရာဝန်ကြီးလို မျက်မှန်လေးတစ်လက်နဲ့ နှစ်လိုဖွယ်ရာ အပြုံးမျိုးကို ပြုံးတတ်မယ့်သူလား။

အဲဒီလို သားရဲ့ရုပ်သွင်ကိုမြင်ရဖို့ မေမေ့ကို ကံကြမ္မာက ခွင့်မပေးတော့ပါဘူး။ ခွင့်မပေးနိုင်ခဲ့ဘူး...သားရေ။ အဲဒါ သိပ်ကိုသေချာတဲ့ အရာတစ်ခုပါ။


www.burmeseclassic.com

www.burmeseclassic.com



မေမေလေ…အခုဒီစာကို ရေးနေတဲ့ အချိန်မှာ မေမေနဲ့သား ခွဲခွာရတော့မယ့် အဖြစ်အပျက်ကို မျက်ဝါးထင်ထင် မြင်နေခဲ့ပါပြီ။ မေမေသိနေခဲ့ပြီ သားရဲ့။

သား…မေမေ့အတွက် မငိုနဲ့နော်။

အခုမေမေ ဒီစာကိုရေးနေတဲ့အချိန်မှာ မေမေ့လက်တွေဟာ ဘာခံစားမှုကို မှမသိဘဲ လှုပ်ရှားလို့ရတယ်ဆိုရုံလေး လှုပ်ရှားနေခဲ့တာပါ…သား။ ပြီးတော့ မေမေ့ခြေထောက်တွေဟာလည်း လေကားထစ်တွေ ဒူးအကွေးအညွှတ်တွေမှာ လှုပ်ရှားနိုင်စွမ်းမရှိလောက်အောင် အားအင်ချိနဲ့နေကြပြီ။ မေမေ ဘီးတပ် ကုလားထိုင်တစ်ခုနဲ့ သွားနေခဲ့ရပြီလေ။

အဲဒီအဖြစ်အပျက်တွေဟာ သားကိုမမွေးဖွားခင် နှစ်ပတ်အတွင်းလောက် မှာ သိပ်ကိုမြန်ဆန်စွာ ရောက်ရှိလာခဲ့တာပါသား။ ခန္ဓာကိုယ်တစ်ခုလုံးဟာ မေမေ့ရဲ့ဦးနှောက်ထဲကအကျိတ်ကြောင့် အဲဒီလောက်အထိ ပြောင်းလဲသွားခဲ့ပြီ လေ။ မေမေ ဒီအကြောင်းတွေကို အသေးစိတ် မရေးပြချင်တော့ပါဘူး။သားကို လည်း မသိစေချင်ပါဘူး။ အဲဒီ မေမေ့ဝေဒနာတွေဟာ မေမေ့အတွက် ဘာမှ မပြောပလောက်ပါဘူး…သားရယ်။

မေမေက အရာရာကိုရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးသားပဲ။ မေမေ့ရဲ့ကျန်းမာရေး အခြေအနေ လျင်မြန်စွာ အဆိုးဖက်ကိုပြောင်းလဲသွားတော့ သားရဲ့ဖေဖေက မေမေ့ကို မကြောက်ရွံ့အောင် အစွမ်းကုန် အားပေးနှစ်သိမ့်ရှာပါတယ်။

“ယမင်း…ယမင်း အခုဖြစ်ပေါ်လာတဲ့ ချို့ယွင်းမှုတွေအားလုံး ကိုယ့်ရဲ့ အကျိတ်ကိုခွဲထုတ်ပြီးတဲ့အခါ လုံးဝပျောက်ကွယ်သွားမှာပါ၊ ယမင်း…ဘာမှ မဖြစ်ဘူး၊ အားလုံးအကောင်းပကတိ ပြန်ဖြစ်စေရမှာပါ”တဲ့။ သူပြောခဲ့ဖူးတယ်။

ဒါပေမယ့်…ဒါပေမယ့်လေ…။

အခုအချိန်မှာ မေမေဝမ်းအနည်းဆုံးတစ်ခုက မေမေ့မျက်လုံးတွေ မပီ ဝိုးတဝါး ဖြစ်သွားကုန်ခဲ့ရတဲ့အဖြစ်ကိုပါ…သား။ မေမေ့အမြင်တွေ မကြည် လင်တော့ဘူး။ မေမေဟာ ကိုယ့်ရှေ့သုံးလေးပေအကွာက လူတစ်ယောက်ရဲ့ မျက်နှာကိုတောင် မသဲကွဲတော့ဘူး။ အဲဒါ ဘယ်သူလဲဆိုတာ မေမေ မခွဲခြားနိုင် တော့ဘူး။ အခုမေမေရေးနေတဲ့ စာကြောင်းတွေကို မျက်လုံးနဲ့စာရွက် နီးကပ်စွာ ထားပြီး ဝိုးတဝါးမျဉ်းကြောင်းတွေပေါ်မှာ မနည်းဖြောင့်တန်းအောင် မေမေ ကြည့်ရေးနေခဲ့ရပြီလေ။

မေမေ…မမြင်သာတော့ဘူး။ မေမေ မမြင်နိုင်တော့ပါဘူးကွယ်။ ရှိပါ





စေတော့။ မေမေလေ…ဒီကမ္ဘာပေါ်က ဘယ်သူ့ကိုမှ၊ ဘယ်အရာကိုမှ မမြင်ရ လည်း အရေးမကြီးခဲ့ပါဘူး။ မစိုးရိမ်ခဲ့ပါဘူး။

ဒါပေမယ့် မနက်ဖြန်မှာ မွေးဖွားလာမယ့် သားရဲ့မျက်နှာလေးကို တွေ့မြင်ခွင့်မရမှာပဲ မေမေစိုးရိမ်မိခဲ့တယ်။ ဝမ်းနည်းခဲ့မိတယ်…သားရယ်။ မေမေ့ဘဝနဲ့၊ မေမေ့အသက်နဲ့၊ မေမေရဲ့မျှော်လင့်ချက်တွေ စုပုံထားခဲ့တဲ့ သား ကိုတောင် လောကကြီးက မေမေနဲ့တွေ့ခွင့်မပေးတော့ဘူးလားကွယ်…ဟင်။

မေမေလေ…တစ်ရက်ပြီးတစ်ရက် အိပ်ရာကနိုးလာတိုင်း မြင်ကွင်းတွေ ဝါးဝါးလာတဲ့အဖြစ်ကို ရင်ဆိုင်ရတဲ့အခါ ကြောက်လန့်တကြား ငိုယိုခဲ့မိတယ်။ သားဖေဖေရဲ့လက်ကို အတင်းအကျပ် ဆွဲဆုပ်ကိုင်ပြီး မေမေငိုရှိုက်ရင်း ပြောခဲ့ မိတယ်။

“အစ်ကို…အစ်ကို…ကျွန်မ သားကိုတွေ့ချင်တယ်၊ သားမျက်နှာကိုတော့ တွေ့သွားချင်တယ်၊ သားကို ကျွန်မ…မြင်ရပါတော့မလားဟင်၊ သားငိုသံလေး ကိုပဲ ကျွန်မ ကြားခွင့်ရတော့မှာလား…အစ်ကိုရယ်”လို့ ဝမ်းပန်းတနည်း အော် ဟစ်မေးမိတိုင်း သူဟာ တိတ်ဆိတ်ငြိမ်သက်စွာ မေမေ့နှုတ်ခမ်းတွေကို လက်နဲ့ လာဖိကပ်ပိတ်ခိုင်းပါတယ်။

သူမဖြေနိုင်ပါဘူး။ သူမဖြေခဲ့ဘူး…သား။

မေမေနဲ့သူဟာ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ရင်း ငိုခဲ့မိကြတယ်။ သူ့ရဲ့ငိုသံတွေဟာ မေမေခံစားနေရတဲ့ ဝေဒနာတွေကို မြင်ရလွန်းလို့ ပေါက်ကွဲထွက်လာခဲ့တဲ့ ခံစားချက်တွေပါ။

သူငိုပါစေ။ သူ…သူ့မျက်ရည်တွေကို သွန်ချလိုက်ပါစေ။ သူ…မေမေ့ ရှေ့မှာမငိုမိဖို့ ရက်ပေါင်းဘယ်လောက်ကြာအောင် ထိန်းချုပ် စောင့်ဆိုင်းခဲ့ရ သလဲဆိုတာ မေမေ မသိခဲ့ပါဘူး။ သူ ကြေကွဲမှုတွေကို ဘယ်တုန်းကတည်းက သိုဝှက်ထားခဲ့ရသလဲ။ မေမေမှ မသိခဲ့ပဲ။

အခုတော့ သူငိုပါစေကွယ်။ သူ့မျက်ရည်တွေကိုတောင် မေမေမြင်မှ မမြင်သာတော့တာ။ သူ…မေမေရှေ့မှာ ကြိုက်သလောက် အားရပါးရ ငိုကြွေး ပါစေတော့။

ငိုနေတဲ့သူ့ကို မေမေအဲဒီတုန်းက ဘယ်လိုနှစ်သိမ့်ဖြောင်းဖျရမှန်း မသိ တဲ့အခါ စကားတစ်ခွန်း ပြောခဲ့မိတယ်။

“မငိုပါနဲ့အစ်ကိုရယ်၊ မိခင်တစ်ယောက်ရဲ့မေတ္တာအတွက် အစ်ကိုမငိုဝါနဲ့



www.burmeseclassic.com

www.burmeseclassic.com

တော့နော်”လို့ မေမေပြောခဲ့ရတယ်။ ပြီးတော့ ရှိုက်ရွဲအေးစက်နေတဲ့ သူ့မျက်နှာ ပါးပြင်ပေါ်က မျက်ရည်တွေကို လက်နဲ့သုတ်ပေးလိုက်ရင်း မေမေသူ့ကို ဝန်ခံစကားစပြောလိုက်ပါတယ်။

“ကျွန်မလေ…ငယ်ငယ်တုန်းက ယောကျ်ားလေးတစ်ယောက် သိပ်ဖြစ်ချင်ခဲ့တာ အစ်ကိုရယ်၊ ကျွန်မရရှိခဲ့တဲ့ မိဘမဲ့တစ်ကောင်ကြွက် နိုကိုးရာမဲ့ဘဝဟာ ယောကျ်ားတစ်ယောက်ဖြစ်မယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ ကျွန်မ ဘာကိုမဆိုရင်ဆိုင်နိုင်မှာပဲလို့တွေးပြီး ယောကျ်ားတစ်ယောက်ရဲ့ဘဝကို အရူးအမူး လိုချင်ခဲ့ဖူးတယ်၊ ဒါပေမယ့် ကျွန်မအခု ယောကျ်ားတစ်ယောက် မဖြစ်ချင်တော့ပါဘူး၊ ကျွန်မကျေနပ်သွားပြီလေ၊ လူသားတစ်ယောက်ကို မွေးဖွားပေးနိုင်တဲ့ မိခင်တစ်ယောက်ရဲ့ဘဝကို ကျွန်မ အရမ်းကြည်နူးသွားတတ်ခဲ့ပြီ အစ်ကို…သိလား”

သူကလေ…“အို…ယမင်းရယ်”လို့ ကရုဏာသက်စွာ ငြီးတွားပြခဲ့တယ်။ မေမေ ပြုံးလိုက်မိပါတယ်။ ပြီးတော့ သူ့ကိုမေမေ အခုခံစားနေရတဲ့အတိုင်း ဆက်ပြောပြလိုက်ပါတယ်။

“ယမင်း…နောက်ထပ်ဘဝတစ်ခုမှာ လူသားဖြစ်ခွင့်ရရင်လည်း မိန်းမ တစ်ယောက်ပဲ ဖြစ်ချင်ပါသေးတယ် အစ်ကိုရယ်၊ ယမင်းလေ နောက်ဘဝမှာ မိခင်တစ်ယောက်ပဲ ဖြစ်ချင်ပါတယ်၊ အဲဒီမိခင်တစ်ယောက်ဟာ သူ့သားရဲ့ မျက်နှာလေးကို မြင်တွေ့ခွင့်ရမယ်၊ သူ့သားလေးကို ကြီးပြင်းအရွယ်ရောက်တဲ့ အထိ ရင်အုပ်မကွာစောင့်ရှောက်ပေးနိုင်မယ်၊ သူ့သားလေး ကျောင်းသွားတဲ့ အခါ ရေချိုးပေး၊ သနပ်ခါးလိမ်းပေးမယ်၊ သူ့သားကို စာကျက်ဖို့ အနားမှာ ကပ်ပြီး တုတ်တစ်ချောင်းနဲ့ အော်ဟစ်ဟိန်းဟောက်တတ်မယ်၊ နောက် သူ့သားနဲ့ တွဲလျှောက်လာတဲ့ မိန်းကလေးတစ်ယောက်ကို ခေါင်းအစ ခြေအဆုံး အကဲခတ်နေမယ့် မိခင်တစ်ယောက်…၊ အဲဒီလို အမေတစ်ယောက် ဖြစ်ချင်သေးတယ်…အစ်ကို၊ အခုဘဝမှာ မဖြစ်ရလည်း နောက်ဘဝမှာတော့ ယမင်း…ယမင်း ဖြစ်ချင်ပါသေးတယ်”

အဲဒီအခါ သူကလေ…။ သားရဲ့ဖေဖေကလေ မေမေ့ကို ကြေကွဲဆို့နင့်နေတဲ့ အသံတစ်ခုနဲ့ အားပေးခဲ့ဖူးသေးတယ်။

“ဒီဘဝမှာပဲ…ယမင်းဖြစ်ချင်တာတွေ ဖြစ်စေရမှာပေါ့ ယမင်းရယ်၊ ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ဖြစ်ကိုဖြစ်ရမယ်၊ ယမင်းလုံးဝအရှုံးမပေးရဘူး၊ ကိုယ်လည်း





အရှုံးမပေးဘူး၊ အဲဒါတကယ်ဖြစ်လာမှာ၊ ယမင်းဖြစ်ချင်တာတွေ အဘုန် တကယ်ဖြစ်လာမှာပါ”…တဲ့။

မေမေ သူ့ကို ခပ်ယဲ့ယဲ့ပြုံးလိုက်မိတယ်။ ပြီးတော့ တည်ငြိမ်စွာ မေမေ ပြုံးပြီးပြောလိုက်ခဲ့မိတယ်။

“ညာပါအစ်ကိုရယ်၊ ညာပါ၊ မေတ္တာတရားဟာ တစ်ခါတစ်လေကျတော့ လည်း လိမ်ညာတတ်ရတယ်တဲ့၊ ကျွန်မကို တစ်ယောက်ယောက် ပြောဖူးတယ် ထင်ပါတယ်”

အဲဒီအခါ သူ့ရှိုက်သံတိုးတိုးကို မေမေ စတင်ကြားရသလိုပါပဲ။

မကြားပေမယ့်လည်း…ဒါမှမဟုတ်၊ မမြင်ပေမယ့်လည်း…၊ သူငိုနေမယ်ဆိုတာ မေမေ့ရင်ထဲက သိနေတယ်။

သိနေပြီးသားပါ သားရယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ၂၃

BURMESE CLASSIC .com

သားရေ...။

မေမေနဲ့သားဟာ ဘယ်အချိန်မှာ ခွဲခွာရမယ်ဆိုတာကို မေမေကြိုပြီး သိနှင့်နေခဲ့တဲ့အချိန်မှာ နောက်ဆုံးပဲဖြစ်ဖြစ် နှုတ်ဆက်စကားလေးတွေကိုတော့ ပြောပြချင်ပါသေးတယ်...သား။

မေမေရဲ့မျက်လုံးတွေဟာ သိပ်ကိုဝေဝါးလွန်းနေကြလို့ အခု ဒီစာလုံးတွေတောင် မပီမသ၊ မညီညာခဲ့ဘူးဆို ခွင့်လွှတ်နော်...သား။ ဒီစာကိုရေးနေတဲ့အချိန်ဟာ ည...ဆယ့်တစ်နာရီကျော်နေပါပြီ။ မနက်ဖြန်မနက်ဆိုရင် မေမေ့ကို ခွဲစိတ်ခန်းမတစ်ခုထဲခေါ်သွားပြီး မေမေ့ခန္ဓာကိုယ်ထဲက သားကို သူတို့ထုတ်ယူကြတော့မယ်လေ။

မနက်ဖြန်မနက် အိပ်ရာက ထတဲ့အခါ မေမေ့မျက်လုံးတွေ ဒီထက်ပိုပြီး ဝိုးတဝါးဖြစ်ချင် ဖြစ်သွားနိုင်တယ်။ ဒါကြောင့် အခု မေမေ့လက်ရေးတွေဟာလည်း မေမေ့ဒိုင်ယာရီစာအုပ်ထဲက နောက်ဆုံးစာမျက်နှာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်...သား။

အခုအချိန်မှာ မေမေ့ရဲ့ဆေးရုံအခန်းထဲ ညစဉ်လာစောင့်ပြီး အတူအိပ်တဲ့ သားရဲ့ဖေဖေ...။ သူဟာ မေမေ့ကုတင်ဘေးက ပက်လက်ကုလားထိုင်မှာ နစ်မြိုက်စွာ အိပ်ပျော်နေခဲ့ပြီလေ။

သူအိပ်ပါစေ...သားရယ်...နော်။

သူပင်ပန်းနေရာပြီ။ ပြီးတော့သူဟာ မေမေ မရှိတဲ့နောက်ပိုင်းမှာ သားအတွက်ဆက်ပြီး ပင်ပန်းရာဦးမယ်လေ။ သူ...အခု အိပ်မော်ကျနေပါစေကွယ်။

မေမေလေ...သားကိုမေးချင်နေတယ်။





သား...ဒီစာကို ဖတ်နေတဲ့အချိန်မှာ သားရဲ့အသက်ဟာ ဘယ်လောက်ရှိနေမလဲဟင်။ သားဟာ ဘယ်လိုလူမျိုးတစ်ယောက် ဖြစ်နေခဲ့မလဲ။ သားဟာ သားရဲ့အဖေလိုပဲ ခွဲစိတ်ကုပညာရပ်ကို ဝါသနာပါတဲ့ ဆေးကျောင်းသားလေး တစ်ယောက်ယောက် ဖြစ်နေမလား။

သားဟာ ကဗျာတွေ၊ စာတွေစပ်တတ်တဲ့ စာရေးဆရာလေး တစ်ယောက်ယောက်များဖြစ်နေမလား။ ဒါမှမဟုတ် ကွန်ပျူတာတစ်လုံးနဲ့ အမြဲအလုပ်ရှုပ်နေတဲ့ ချာတိတ်ကလေးလား။

ဒါမှမဟုတ် ဖခင်ဖြစ်တဲ့သူက အလိုလိုက်လွန်းလို့ လေလွင့်ပျက်စီးပြီး စီးကရက်လက်ကမချတဲ့ ဆံပင်ရှည်ရှည်နဲ့ လမ်းသူရဲလေးများ ဖြစ်နေမလား။

ရက်ပ်သီချင်းတွေကို အရူးအမူးကြိုက်ပြီး အုတ်ခုံပေါ်မှာ ဂစ်တာတီးနေတဲ့ ကောင်လေးတစ်ယောက်လား။ ဒါမှမဟုတ်ပဲ မေမေငယ်ငယ်က သိပ်ဖြစ်ချင်ခဲ့ဖူးတဲ့ လေယာဉ်မှူးကြီး တစ်ယောက်များ ဖြစ်နေပြီလား...ဟင်။ မေမေသိချင်လိုက်တာ။

သား...မေမေ့ကို ပြောပြချင်မှာပါ။

ဒီစာအုပ်ကလေးကိုဖတ်ပြီး မေမေရေ...လို့လည်း လှမ်းအော်ပြီး ပြောပြချင်နေမှာပါ။ ဒါပေမယ့် ပြောပြခွင့်မရတော့တဲ့အတွက် သား...မငိုပါနဲ့နော်။ မငိုလိုက်ပါနဲ့...သားရယ်။

ပြီးတော့...မေမေကသားကို ဒီလောကထဲမှာ ပစ်ထားခဲ့ရက်တယ်လို့လည်း တွေးပြီးမငိုပါနဲ့ဦး။ မေမေ့ကို ကိုယ်လွှတ်ရုန်းပြီး ထွက်သွားခဲ့တယ်လို့လည်း မထင်ပါနဲ့...သား။

ဒီလောကကြီးဟာ တစ်ခါတစ်လေကျတော့ သိပ်ရက်စက်တယ်...သား၊ သားဟာ ဆိုးညစ်တဲ့လူတွေနဲ့ တွေ့ချင်တွေ့မယ်။ ကောက်ကျစ်တဲ့ လူတွေနဲ့လည်း တွေ့ချင်တွေ့မယ်။ သားအပေါ်မှာ လိမ်ညာခဲ့၊ အနိုင်ကျင့်ခဲ့တဲ့ လူတွေနဲ့လည်း တွေ့ချင်တွေ့လိမ့်မယ်။ သားဟာ အဲဒီလောကရဲ့လမ်းတွေပေါ်မှာ လျှောက်သွားရင်းနဲ့ အကြိမ်ကြိမ်လဲပြိုကျတဲ့အခါ ကျလိမ့်မယ်။ ရှုံးနိမ့်တဲ့အခါလည်း ရှုံးနိမ့်မှာပေါ့ကွယ်။

ဒါပေမယ့် သား...မငိုပါနဲ့။ သားငိုနေတဲ့အခါ ထွေးပွေ့အားပေးမယ့် သားရဲ့မျက်ရည်တွေကို ဝိုင်းကူသုတ်ပေးမယ့် မေမေ့လက်တွေ မရှိတော့သို့လည်း သားဝမ်းမနည်းပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



သားအတွက် မေမေ့ရဲ့ခွန်အားတွေ၊ မေတ္တာတရားတွေ၊ စိတ်ဓါတ်တွေကို မေမေ ဒီစာအုပ်ထဲမှာ ထားခဲ့တယ်။ သား...ငိုချင်လာတဲ့အခါတိုင်း မေမေရဲ့ ဟောဒီစာအုပ်ကလေးကို ဖတ်ပါ။ ဖတ်ကြည့်စမ်းပါ...သားရယ်။ သားဖတ်နေစမ်းပါ။

မေမေရဲ့လက်ရေးတွေက သား...ပါးပေါ်ကမျက်ရည်တွေကို သုတ်ပေးနေလိမ့်မယ်။ ။

(မျှဝေခံစားနားလည်ပေးနိုင်ပါစေ)

မိုးနီလွင်
အောက်တိုဘာလ (၁) ရက်၊ ၁၉၉၇ ခုနှစ်။
နံနက် (၁) နာရီ၊ (၂၀) မိနစ်။

BURMESE CLASSIC .com

"ဟောဒီလို ငိုစ်မော်ဒန်ရာစုသစ်ထဲမှာ မိန်းမတွေ အသည်းကွဲရင် ခေါင်းအုံးပေါ် မျက်ရည်တွေမှုက်ပြီး ကျရမယ့်ခေတ် မရှိတော့ဘူး။ အသည်းကွဲတာကို ကြော်ငြာပစ်ရမှာ...."

# မိုးနီလွင်

# အသည်းကွဲပြတိုက်

လုံးချင်းဝတ္ထုသစ်

ဗကြာမီ

အင်ပါယာစာပေမှ ထွက်ပါတော့မည်

www.burmeseclassic.com